The **Commerce** Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ

VOL. 19, NO. 7 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | February 18, 2019

# Trading Across Borders Indicator အဖွဲ့၏ Public-Private Dialogue ဆွေးနွေးပွဲမှသည် Doing Business Ranking တိုးတက်မှုဆီသို့

စာမျက်နှာ - ၁၈ ➤




## စိုက်ပျိုးရေး ကဏ္ဍ၏ ပြည်တွင်းထုတ်လုပ်မှု မြင့်မားရေးမှ နိုင်ငံ့စီးပွား တိုးတက်ရေးဆီသို့ . . . .

စာမျက်နှာ - ၁၂ ➤

## ပြည်ပစျေးကွက်အလားအလာရှိသည့် ထောပတ်သီးထွက်ကုန်များ စဉ်ဆက်မပြတ်ထုတ်လုပ်နိုင်ရေးအတွက် ကွင်းဆင်းဆောင်ရွက်

စာမျက်နှာ - ၁၁ ➤



## အညာတခွင်နှင့် လျှော်ဖြူပင်

စာမျက်နှာ - ၁၃ ➤



# မြန်မာ အပြည်ပြည်ဆိုင်ရာ လယ်ယာသုံးစက်ကိရိယာ ပြပွဲ ၂၀၁၉

# MYANMAR INT'L AGRIMACH EXPO 2019

March 1-2-3 , 2019, Tatmadaw Hall , U Wisarya Road, Yangon, Myanmar.

## MIAME 2019

the best of its kind in Myanmar

မြန်မာနိုင်ငံ ဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများအသင်းမှ ကြီးမှူး၍ တောင်သူလယ်သမားများကို ဂုဏ်ပြုသောအားဖြင့် လက်မှုလယ်ယာမှစက်မှုလယ်ယာသို့ ကူးပြောင်းရာတွင် တောင်သူလယ်သမားများအတွက် အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ " မြန်မာအပြည်ပြည်ဆိုင်ရာ လယ်ယာသုံးစက်ကိရိယာပြပွဲ ၂၀၁၉" ကို ကျင်းပမည်ဖြစ်ပါသည်။ ယင်းပြပွဲတွင် ပြည်တွင်းပြည်ပကုမ္ပဏီများ၊ အဖွဲ့အစည်းများမှ ကမ္ဘာ့အဆင့်မီလယ်ယာသုံးစက်ကိရိယာ၊ နည်းပညာများနှင့်မျိုးစေ့၊ ထွန်ထယ်ကိရိယာ၊ မြေဩဇာစသည့်သွင်းအားစုများကို ခင်းကျင်းပြသမည်ဖြစ်ပါသည်။ စီးပွားရေးဆိုင်ရာတွေ့ဆုံပွဲ၊ ပညာပေးဟောပြောပွဲ နှင့် ပြိုင်ပွဲ စသည်များပါဝင်ပြီး ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးမှ တောင်သူလယ်သမားများဖိတ်ကြား၍ လယ်ယာကဏ္ဍဖွံ့ဖြိုးရေးအသိပညာပေး ဆောင်ရွက်ရန်ဖြစ်ပါသည်။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်း ရှင်များအသင်းချုပ်နှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တို့၏ လမ်းညွှန်မှုဖြင့် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ပြခန်းနေရာ ရယူလိုသော ကုမ္ပဏီအဖွဲ့အစည်းများသည် မြန်မာနိုင်ငံဆန်စပါးစိုက်ပျိုး ထုတ်လုပ်သူများအသင်း နှင့်ဆက်သွယ်ညှိနှိုင်းရယူနိုင်ပါသည်။




Main Sponsor & Event Manager

MPPA

**Endorsed By:**

Ministry of Commerce

Myanmar Rice Federation

UMFCCI
THE REPUBLIC OF THE UNION OF MYANMAR FEDERATION OF CHAMBERS OF COMMERCE & INDUSTRY

Enjoy Free Live Performances & Contest!

**Gold Sponsors**

MYANMAR AGRIBUSINESS PUBLIC CORPORATION LIMITED

MYANMAR ACME PRODUCTION CO.,LTD.

Creating the Future SATAKE

MEDIA Sponsor
PISSAYA

**Organized by**

MPPA

မြန်မာနိုင်ငံ ဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများအသင်း
Myanmar Paddy Producers Association
Office 2&4, Level 5, UMFCCI Office Tower, No.29, Min Ye Kyaw Swar Road, Lanmadaw Township, Yangon, Myanmar.

Tel : +(95) 1 2314841, 2314842, 2314843 Fax: +(95) 1 2314955
e-mail : mppa@mptmail.net.mm, swhlaing06@gmail.com
www.facebook.com/myanmarpaddyproducersassociation
Contact : +(95) 9 96 50 22970, +(95) 9 86 00219

FREE ENTRY



# KAUNG SU Co., Ltd.

Tel : 01 9010324, 01 397154

No.220-222(3rd Flr),Botahtaung Pagoda Road,Pazundaung Township,Yangon.


Dealing in Rice,Pulses & Beans,Dall,Spices,Oil Products like Bitumen,Base oil & Wax



PULSES




TIGER BRAND GROCERY ITEMS



DALL





SPICES



RICE




BLACK PEPPER



BITUMEN




WAX



BASE OIL

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့၌ မြန်မာသံအမတ်ကြီးအဖြစ်ခန့်အပ်ပြီးဖြစ်သော ဦးသန့်စင်အားလက်ခံတွေ့ဆုံ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့ရှိ မြန်မာသံရုံး၌ သံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်ရန် ခန့်အပ်ပြီးဖြစ်သော ဦးသန့်စင်အား ဖေဖော်ဝါရီ ၁၁ ရက် ၁၄:၀၀ နာရီတွင် နေပြည်တော်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးရုံး၌ လက်ခံတွေ့ဆုံခဲ့သည်။

တွေ့ဆုံစဉ် မြန်မာနှင့် ကိုရီးယားနှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်နိုင်ရေး၊ နှစ်နိုင်ငံ ကုန်သွယ်မှုဆိုင်ရာ မူဘောင်ဖြစ်ပေါ်ရေး၊ မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှု အလားအလာနှင့် အခွင့်အလမ်းကောင်းများအား ကိုရီးယားနိုင်ငံမှ ကုမ္ပဏီများ ပိုမိုသိရှိပြီး မြန်မာနိုင်ငံသို့ ရင်းနှီးမြှုပ်နှံမှုများပိုမိုဝင်ရောက်လာရေး၊ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု မြှင့်တင်ရေးနှင့် ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်ရေးအတွက် သံတမန်နည်းလမ်းများဖြင့် ဆက်လက်ဆောင်ရွက်သွားနိုင်မည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။



အဆိုပါ တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

MOC (IR)

# အငယ်စား၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ ဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး ဗဟို MSME အေဂျင်စီနှင့် ကယားပြည်နယ် MSME အေဂျင်စီတို့ တွေ့ဆုံညှိနှိုင်းအစည်းအဝေးတက်ရောက်

အငယ်စား၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ ဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးသည် ဖေဖော်ဝါရီ ၁၄ ရက် နံနက် ၈ နာရီတွင် ကယားပြည်နယ်၊ လွိုင်ကော်မြို့ရှိ ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သည့် ဗဟို MSME အေဂျင်စီနှင့် ကယားပြည်နယ် MSME အေဂျင်စီတို့ တွေ့ဆုံညှိနှိုင်း အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။



အဆိုပါ တွေ့ဆုံညှိနှိုင်းဆွေးနွေးပွဲသို့ ကယားပြည်နယ်MSMEအေဂျင်စီနာယက၊ ကယားပြည် နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို တက်ရောက်အဖွင့်အမှာစကားပြောကြားခဲ့ပြီး ဒုတိယဝန်ကြီး ဦးအောင်ထူးက အမှာစကား ပြောကြားခဲ့ကာ တက်ရောက်ကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကူးခဲ့ကြသည်။

ဒုတိယဝန်ကြီးက အမှာစကား ပြောကြားရာတွင် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို နိုင်ငံတော်အစိုးရမှ အလေးထားဆောင်ရွက်နေပါကြောင်း၊ ကယားပြည်နယ်အနေဖြင့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အလားအလာကောင်းများ ရှိနေပါကြောင်း၊ အထူးသဖြင့် ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်တို့အကြား ခရီးသွားလုပ်ငန်း ကဏ္ဍတိုးတက်ရေး ပူးပေါင်းဆောင်ရွက်နိုင်မည့်အလားအလာများရှိပါကြောင်း၊ ကယားပြည်နယ်တွင် Contract Farming စနစ်ဖြင့် ပြောင်းစိုက်ပျိုးခြင်း၊ ရိုးရာအထည်နှင့် အမှတ်တရလက်ဆောင်ပစ္စည်း ထုတ်လုပ်သည့် လုပ်ငန်း၊ ချဉ်ပေါင်ဖာလာ စိုက်ပျိုးရေး လုပ်ငန်း၊ ပိုးအပင် မွေးမြူထုတ်လုပ်သည့်လုပ်ငန်း၊ ဂရင်းနိုက်မာဘယ်ကျောက် တန်ဖိုးမြင့် ထုတ်လုပ်သည့် လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမည့် အလားအလာများရှိသဖြင့် ရေရှည်စီမံချက်ချမှတ်ပြီး စနစ်တကျ အကောင်အထည်ဖော်သင့်ပါကြောင်း၊ MSME လုပ်ငန်းများ၏ ချေးငွေရရှိမှုအပိုင်းနှင့်ပတ်သက်၍ မိမိတို့ဗဟိုအေဂျင်စီအနေဖြင့် ကြိုးစားဆောင်ရွက်နေပါကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် လွိုင်ကော်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပပြုလုပ်သည့် ကယားပြည်နယ် MSME အေဂျင်စီ Action Plan ဖော်ထုတ်ရေး အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်အဖွင့်အမှာစကား ပြောကြားခဲ့ပြီး အလုပ်ရုံဆွေးနွေးပွဲ ဖြစ်မြောက်ရေး အကူအညီပေးခဲ့သည့် Strategy First Institute မှ တာဝန်ရှိသူအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ခဲ့ သည်။

နေ့လယ်ပိုင်းတွင် ဒုတိယဝန်ကြီးသည် မယ်စဲ့ နယ်စပ်ကုန်သွယ်ရေးစခန်းသို့ သွားရောက်ကာ အဆိုပါစခန်းရှိ ကုန်စစ်ဂိတ် တည်ဆောက်ထားရှိမှု အခြေအနေအား ကြည့်ရှုစစ်ဆေးခဲ့သည်။ ထို့နောက် မယ်စဲ့မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရိပ်သာ၌ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ မြန်မာ-ထိုင်း နှစ်နိုင်ငံအကြား Sister Cities အဖြစ် ထူထောင်ထားရှိသည့် မယ်ဟောင်ဆောင်နှင့် ကယားပြည်နယ်မြို့များအကြား ကုန်သွယ်မှုကဏ္ဍနှင့် ခရီးသွားကဏ္ဍဆိုင်ရာ ကိစ္စရပ်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် လိုအပ်ချက်များအပေါ် ကယားပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြဆောင်ရွက် သွားနိုင်ရေး ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သတင်းရရှိသည်။

MOC (IR)

# ဆီထွက်သီးနှံကဏ္ဍ ပို့ကုန်ဝင်ငွေတိုးမြှင့်ရေး စီမံကိန်းအပြီးသတ် အလုပ်ရုံဆွေးနွေးပွဲကျင်းပ




အမျိုးသားပို့ကုန်မဟာဗျူဟာအရ အကောင်အထည်ဖော် ဆောင်ရွက်သည့် ဆီထွက်သီးနှံတန်ဖိုး ကွင်းဆက်တစ်လျှောက် ပို့ကုန်ဝင်ငွေ တိုးတက်ရေးအတွက် အစားအစာ ဘေးကင်းလုံခြုံရေးနှင့် လူ၊ တိရစ္ဆာန်နှင့် အပင်ပိုးမွှားရောဂါကင်းရှင်းရေး အစီအမံများလိုက်နာကျင့်သုံးရေး စီမံကိန်း (STDF/ PG/ 486) စီမံကိန်းအပြီးသတ် အလုပ်ရုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁၉ ရက်တွင် ရန်ကုန်မြို့ နိုဗိုတယ်ဟိုတယ်တွင် ကျင်းပပြုလုပ်ခဲ့သည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးအောင်စိုးက အဖွင့်အမှာစကားပြောကြားခဲ့ပြီး စီမံကိန်းတွင် ပါဝင်လုပ်ဆောင်ခဲ့သူများအားလုံးကို ရလဒ်ကောင်းများ ရရှိခဲ့ခြင်းနှင့် ဆီထွက်သီးနှံကဏ္ဍတွင် အပေါင်းလက္ခဏာဆောင်သည့်အပြောင်းအလဲများကို ရေရှည်ထိန်းသိမ်းဆောင်ရွက်ကြပါရန် တိုက်တွန်းပြောကြားခဲ့ပါသည်။ ထို့နောက် စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးလှမြင့်အောင်နှင့် နိုင်ငံတကာကုန်သွယ်ရေးဗဟိုဌာနမှ

စာမျက်နှာ ၄ သို့

Commerce JOURNAL

**အတိုင်ပင်ခံစာတည်း**
မြင့်လွင်
မင်းမင်း
ဦးဦးဟန်
မြတ်ထွန်းကျော်

**စာတည်းမှူးချုပ်**
သိန်းထွန်းဦး

**တာဝန်ခံစာတည်း**
-

**အုပ်ချုပ်ရေးမှူး**
အေးအေးမော်

**စာတည်းအဖွဲ့**
ကြည်သာသစ်နိုင်

**လက်ထောက်စာတည်း**
ယဉ်ယဉ်အေး၊ မော်မော်အောင်၊
ခင်မိုးသူ၊ သီတာဝင်း

**သတင်းထောက်များ**
သန်းထိုက်အောင်(ပြင်ပ)၊ စုမြတ်လှိုင်(ပြင်ပ)
ရီလင်းထွင့်(မုံရွာ)၊ မင်းမင်းဦး(ပုသိမ်)၊
ကြည်နိုင်ဦး(အင်းတော်) မင်းဇော်မွန်(ဖျာပုံ)၊
မြင့်ဦး(ပခုက္ကူ) ခင်ဆွေဝင်း(ပြည်)၊
ဝေဝေမင်း(ပြည်)၊ နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ စန္ဒာစိုးလွင်(မကွေး)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်

**ကြော်ငြာတာဝန်ခံ**
ထွန်းထွန်းဝင်း (ဖုန်း-၀၉-၄၂၃၇၃၇၅၃)
မြင့်ဇင်ညွန့် (ဖုန်း-၀၉-၇၃၀၅၃၅၃၁)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်-၂၂၈/၂၄၀၊ ကမ်းနားလမ်း၊
ပန်းဘဲတန်းမြို့နယ်။ ဖုန်း-၂၅၁၁၉၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
ဇော်ဝင်း၊ မျိုးဇော်၊ အောင်မျိုး၊
အုန်းခင် (၀၉-၄၃၀၄၁၇၄၉)

**ကွန်ပျူတာ**
ဝင်းမာသိန်း
သင်းသီရိအောင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

# ကုန်သွယ်ရေးစခန်းများမှ ဆန်နဲ့ဆန်ကွဲ တင်ပို့မှုလျော့ကျ

ဖေဖော်ဝါရီ၂ ရက်မှ ၈ ရက်အထိ သီတင်းတစ်ပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်နဲ့မြန်မာဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိကုန်သွယ်ရေးစခန်းများမှအမေရိကန်ဒေါ်လာ၄ဒသမ၀၆၅သန်းတန်ဖိုးရှိဧည့်မထဆန် ၁၃၀၄၅ တန်ခန့်တင်ပို့ခဲ့တယ်လို့သိရပါတယ်။

မြန်မာ-တရုတ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ တင်ပို့မှုများမှာ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ၁၂၇၄၂ တန်၊ ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှ တန်ချိန် ၃၀၀ တင်ပို့ခဲ့ပါတယ်။ မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ မောင်တော ကုန်သွယ်ရေးစခန်းမှ ၂တန် ကျော် တင်ပို့ခဲ့ပြီး ယခင်တစ်ပတ် ကုန်သွယ်ရေးစခန်းများရဲ့ ဆန်တင်ပို့မှုနဲ့နှိုင်းယှဉ်ပါက ယခုတစ်ပတ်မှာ ၉၆၃၈တန် အပို့လျော့ကျခဲ့ကြောင်းသိရပါတယ်။ ယခင်တစ်ပတ်က အပို့ရှိခဲ့တဲ့လွယ်ဂျယ်နဲ့ ကန်ပိုက်တီစခန်းမှ ယခုတစ်ပတ်မှာတင်ပို့မှုမရှိကြောင်းနဲ့ တစ်ဖက်နိုင်ငံမှာ ရိုးရာနှစ်သစ်ကူးပွဲတော်ကျင်းပတဲ့အချိန်ဖြစ်လို့ တင်ပို့မှုလျော့ကျတာဖြစ်ကြောင်းသိရပါတယ်။ ယခုတစ်ပတ်မှာ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှဆန်ရော ဆန်ကွဲပါ တင်ပို့မှုမရှိကြောင်းသိရပါတယ်။

ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ဖေဖော်ဝါရီ၃ ရက်မှ၉ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၂ဒသမ ၂၁၀သန်း တန်ဖိုးရှိ ဧည့်မထဆန်နဲ့ ပေါင်းဆန် တန်ချိန်၆၄၁၀ တင်ပို့ခဲ့ကြောင်းသိရပါတယ်။

ယခုတစ်ပတ် ဆန်တင်ပို့မှုများမှာ ဖိလစ်ပိုင်နိုင်ငံသို့ တန်ချိန် ၃၃၀၀၊ စင်ကာပူနိုင်ငံသို့၆၂၅တန်၊ဗီယက်နမ်နိုင်ငံသို့ တန်ချိန်၇၅၀၊ မက်ဒါဂါစကား နိုင်ငံသို့တန်ချိန်၂၆၀၊ အီးယူနိုင်ငံများသို့၁၄၇၅တန်တင်ပို့ခဲ့တာဖြစ်ကြောင်းသိရပါတယ်။ ယခင်တစ်ပတ် ဆန်တင်ပို့မှုနဲ့နှိုင်းယှဉ်ပါက ယခုတစ်ပတ်မှာ တန်ချိန်၁၉၇၀ တင်ပို့မှုလျော့ကျခဲ့တယ်လို့သိရပါတယ်။

ယခုတစ်ပတ်မှာ အမေရိကန်ဒေါ်လာ ၃ဒသမ ၁၇၉ သန်းတန်ဖိုးရှိဆန်ကွဲ ၁၁၆၂၅တန်တင်ပို့ခဲ့ပြီး ဗီယက်နမ်နိုင်ငံသို့ ၈၂၅ တန်၊ အင်ဒိုနီးရှားနိုင်ငံသို့ တန်ချိန် ၂၅၀၀၊စင်ကာပူနိုင်ငံသို့ ၃၇၅ တန်၊ တရုတ်နိုင်ငံသို့တန်ချိန် ၁၅၀၀ နဲ့ အီးယူနိုင်ငံများသို့ ၆၄၂၅ တန် တင်ပို့ခဲ့ကြောင်းသိရပါတယ်။ ယခင်တစ်ပတ်တင်ပို့မှုနဲ့နှိုင်းယှဉ်ပါက ယခုတစ်ပတ်မှာ ၈၇၅တန် ပိုမိုတင်ပို့ခဲ့ကြောင်းသိရပါတယ်။

ယခုတစ်ပတ် ဆန်တင်ပို့မှုစုစုပေါင်းမှာ ၁၉၄၅၅တန်ဖြစ်ပြီး ဆန်ကွဲတင်ပို့မှုစုစုပေါင်းမှာ ၁၁၆၂၅တန် ဖြစ်ပါတယ်။ ကုန်သွယ်ရေးစခန်းများမှဆန်နဲ့ ဆန်ကွဲတင်ပို့မှုလျော့ကျခဲ့သော်လည်း ရေကြောင်းမှဆန်ကွဲပိုမိုတင်ပို့နိုင်ကြောင်း သိရပါတယ်။

**ယဉ်ယဉ်အေး**

# ဆန်ချောနဲ့ ဆန်ကြမ်း တချို့ ဈေးအနည်းငယ်တက်

ယခုတစ်ပတ် ရန်ကုန်ဆန်ဈေးကွက်မှာ ဆန်ချောနဲ့ ဆန်ကြမ်းတစ်တချို့အနည်းငယ်ဈေးတက်ကြောင်း သိရပါတယ်။

ရန်ကုန်ဝါးတန်းဆန်ကုန်စည်ရဲ့ဆန်လက်ကားဈေးနှုန်းများအရ ဖျာပုံပေါ်ဆန်းဆန် ထိပ်စတစ်အိတ်ကိုကျပ်၄၀၀၀၀ နဲ့လတ်စတစ်အိတ်ကို ကျပ်-၃၈၀၀၀၊ ပုသိမ်၊ မြောင်းမြပေါ်ဆန်းဆန်ထိပ်စတစ်အိတ်ကို ကျပ်၄၂၀၀၀နဲ့လတ်စ တစ်အိတ်ကို၄၀၀၀၀၊ ကျိုက်လတ်ပေါ်ဆန်းဆန်ထိပ်စတစ်အိတ်ကိုကျပ် ၃၆၀၀၀နဲ့လတ်စတစ်အိတ်ကိုကျပ် ၃၄၀၀၀၊ ရွှေဘိုပေါ်ဆန်းဆန်တစ်အိတ်ကို ကျပ် ၄၈၀၀၀-၅၀၀၀၀၊ ပေါ်ဆန်းဆန်အသစ်တစ်အိတ်ကို ကျပ် ၃၃၀၀၀-၃၆၀၀၀၊ ကျားပျံပေါ်ဆန်းဆန်တစ်အိတ်ကိုကျပ်၃၇၀၀၀-၄၀၀၀၀၊ မွှေးကြီးရှယ်တစ်အိတ်ကို ကျပ် ၂၅၅၀၀-၂၆၀၀၀ရှိပြီး ဖျာပုံပေါ်ဆန်းနဲ့ ပေါ်ဆန်းအသစ်တစ်အိတ်ကို ကျပ်၁၀၀၀မှ၂၀၀၀ခန့်အထိ ဈေးတက်ပြီး ကျန်အမျိုးအစားများက ဈေးငြိမ်နေကြောင်း သိရပါတယ်။

ယခုတစ်ပတ်မှာဆန်အဝင်ပုံမှန်ရှိသော်လည်းအရောင်းအဝယ်ပါးကြောင်း သိရပါတယ်။ တစ်ပတ်အတွင်း ဆန်ဈေးအတက်အကျများရှိပြီး ဧည့်မထ ၂၅မှတ် တစ်အိတ်ကို ကျပ် ၁၈၅၀၀-၁၉၀၀၀၊ ရက် (၉၀)ဆန်တစ်အိတ်ကို ကျပ် ၂၉၀၀၀-၃၁၀၀၀၊ သီးထပ်ရှယ်တစ်အိတ်ကို ကျပ် ၂၄၀၀၀-၂၅၀၀၀၊ အကြမ်းရှယ်တစ်အိတ်ကိုကျပ်၂၀၅၀၀-၂၁၅၀၀ရှိပြီး သီးထပ်ရှယ်နဲ့ အကြမ်းရှယ်တစ်အိတ်ကို ကျပ် ၅၀၀မှ ကျပ်၁၀၀၀ ခန့် ဈေးတက်ကြောင်း ဝါးတန်းကုန်စည်ရဲ့ ဆန်လက်ကားဈေးနှုန်းများအရ သိရပါတယ်။

**ယဉ်ယဉ်အေး**

# ဧရာဝတီတိုင်း ဖျာပုံခရိုင်တွင် ပေါ်ဆန်းဆန်ဈေး အနည်းငယ်မြင့်တက်

ဧရာဝတီတိုင်းအတွင်း ဆန်စပါးဈေးကွက်မှာ ဖေဖော်ဝါရီလ ဒုတိယပတ်ဖျာပုံခရိုင်အတွင်းရှိ ဖျာပုံ၊ ကျိုက်လတ်၊ ဘိုကလေးမြို့နယ်များတွင်ဒေသတွင်း အရောင်းအဝယ်သွက်လာသော ပေါ်ဆန်းဆန်ဈေးနှုန်းများ အနည်းငယ် မြင့်တက်လာပြီး ယခင်ပေါ်ဆန်းဆန်တစ်အိတ်ကို ကျပ် ၃၆၀၀၀-၃၇၀၀၀ မှ ယခုဆန်တစ်အိတ်ကို ကျပ် ၃၇၀၀၀-၃၈၀၀၀ ဈေးဖြစ်သွား၍ဆန် တစ်အိတ်ကို ကျပ် ၁၀၀၀ ဈေးနှုန်းမြင့်တက်သွားကြောင်း ဈေးကွက် သတင်းများမှသိရသည်။

တိုင်းအတွင်း မိုးစပါးသစ် ဧည့်မထ၊ ပေါ်ဆန်းရင်၊ ပေါ်ဆန်းကြီး စပါး/ဆန်ဈေးနှုန်းမှာပုသိမ်ခရိုင်၊ ဟင်္သာတခရိုင်၊ မြောင်းမြခရိုင်များတွင်ဈေးနှုန်းတည်ငြိမ်၍ အရောင်းအဝယ်ပုံမှန်ရှိပြီး ယခုအချိန် ယခင်နှစ်က စပါးဟောင်းများလည်း ကုန်သလောက်ရှိ၍ဆန်သစ်ဈေးကွက်မှာရန်ကုန်နှင့်အဓိကအထက် အညာဒေသများမှ ဝယ်လိုအားရှိလျှင် အရောင်းအဝယ်သွက်လာနိုင်ကြောင်း ဆန်စပါးဈေးကွက်နှင့်စက်ပိုင်၊ကုန်သည်များအသိုင်းအဝိုင်းမှ သိရသည်။ **မင်းမင်းဦး(ပသ)**

**စာမျက်နှာ (၃) ဆီထွက်သီးနှံကဏ္ဍ . . . မှအဆက်**

အကြီးတန်းအကြံပေးပုဂ္ဂိုလ် Mr. Khamraj Ramful တို့မှ စီမံကိန်းအပေါ် မှတ်ချက်ပြုခြင်းများ ပြုလုပ်ခဲ့ကြပါသည်။ ဆွေးနွေးပွဲတွင် ဝန်ကြီးဌာနများမှကိုယ်စားလှယ်များ၊ စီမံကိန်း အကျိုးခံစားခွင့်ရှိသူများနှင့် သင်တန်းဆရာများ၊ နိုင်ငံတကာ ကုန်သွယ်ရေးဗဟိုဌာနမှ ပညာရှင်များ၊ အဝယ်တော်များ၊ ဆီထွက်သီးနှံကဏ္ဍမှ အဖွဲ့အစည်းများ၊ FDA၊ ဓာတ်ခွဲခန်းများနှင့် ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများသည် စီမံကိန်း အကောင်အထည်ဖော်ဆောင်သည့် ကာလတစ်လျှောက်တွင် ကြုံခဲ့ရသော အတွေ့အကြုံများကို ဖလှယ်ရန်နှင့် ရေရှည်တည်တံ့သောရလဒ်များကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ကြရန် တက်ရောက်ဆွေးနွေးခဲ့ကြပါသည်။ ထို့အပြင် နိုင်ငံတကာ ကုန်သွယ်ရေးဗဟိုဌာနမှ မြန်မာနိုင်ငံတွင် အကောင်အထည်ဖော် ဆောင်ရွက်ဆဲနှင့် ဆက်လက်ဆောင်ရွက်မည့် စီမံကိန်းများနှင့် စားသောက်ကုန်အန္တရာယ် ကင်းရှင်းရေးနှင့် တစ်နိုင်ငံလုံးရှိ သက်ဆိုင်ရာ အဖွဲ့အစည်းများကို ခိုင်မာအောင် ဆောင်ရွက်ရာတွင် ဝိုင်းဝန်းပူးပေါင်း၍ ချိတ်ဆက်လုပ်ဆောင်နိုင်စေရန် ဆွေးနွေးခဲ့ကြပါသည်။

စီမံကိန်းကို ၂၀၁၅ ခုနှစ် စက်တင်ဘာလမှ ၂၀၁၉ ခုနှစ် မတ်လအထိ စစ်ကိုင်း၊ မန္တလေးနှင့် မကွေးတိုင်းဒေသကြီးများတွင် ဆီထွက်သီးနှံကဏ္ဍ အစား အစာဘေးကင်းလုံခြုံရေးနှင့် အပင် ပိုးမွှားရောဂါကင်းရှင်းရေး အစီအမံများ ဆောင်ရွက်ခြင်းဖြင့် ပို့ကုန်ဝင်ငွေ တိုးတက်စေရန်ရည်ရွယ်၍ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။ **NES UNIT**

# အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၁၅-၂-၂၀၁၉ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀ % | ၃၉၅ | ၃၉၀ | ▽ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၃၈၅ | ၃၈၀ | ▽ | ၃၃၅ | ၃၃၅ | □ | ၃၈၀ | ၃၇၀ | ▽ | ၃၅၃ | ၃၅၀ | ▽ |
| ဆန်ဖြူ ၁၀% | ၃၈၄ | ၃၇၉ | ▽ | ၃၃၂ | ၃၃၃ | △ | - | - | - | ၃၄၀ | ၃၄၅ | ▽ |
| ဆန်ဖြူ ၁၅% | ၃၈၂ | ၃၇၇ | ▽ | ၃၂၉ | ၃၃၀ | △ | - | - | - | ၃၄၃ | ၃၄၀ | ▽ |
| ဆန်ဖြူ ၂၅% | ၃၇၄ | ၃၇၀ | ▽ | ၃၂၅ | ၃၂၃ | ▽ | ၃၆၅ | ၃၅၀ | ▽ | ၃၁၀ | ၃၂၁ | △ |
| ပေါင်းဆန် | ၄၂၀ | ၄၁၇ | ▽ | - | - | - | ၃၈၃ | ၃၇၀ | ▽ | ၄၀၀ | ၄၀၀ | □ |

***Source: liverice***

# ပြည်တွင်းမြို့ကြီးများ၏ (၁၅-၂-၂၀၁၉)ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| ဆန်ပိုဒေသများ | | | | | | | | |
| ပြည် | ၅၄၀၀ | □ | ၂၂၅၀၀ | □ | ၉၃၀၀၀ | △ | ၄၃၀၀၀ | △ |
| ပုသိမ် | ၅၄၀၀ | □ | ၂၁၅၀၀ | □ | ၉၀၀၀၀ | □ | ၃၀၀၀၀ | □ |
| ပဲခူး | ၅၄၀၀ | □ | ၂၂၀၀၀ | □ | - | - | ၄၃၀၀၀ | □ |
| ရွှေဘို | ၇၅၀၀ | △ | ၃၃၀၀၀ | △ | ၁၃၅၀၀ | △ | ၄၂၀၀၀ | □ |
| စစ်တွေ | ၅၂၀၀ | △ | ၂၂၀၀၀ | □ | ၈၆၀၀ | △ | ၃၀၀၀၀ | △ |
| ဆန်လိုဒေသများ | | | | | | | | |
| နေပြည်တော် | ၆၅၀၀ | □ | ၂၅၀၀၀ | △ | - | - | ၄၆၀၀၀ | △ |
| ရန်ကုန်(ဝါးတန်း) | ၅၃၀၀ | △ | ၂၀၅၀၀ | □ | - | - | ၃၄၀၀၀ | □ |
| မန္တလေး | ၆၅၀၀ | □ | ၂၄၀၀၀ | □ | - | - | ၅၀၀၀၀ | □ |
| မကွေး | ၆၅၀၀ | □ | ၂၂၀၀၀ | ▽ | - | - | ၅၀၀၀၀ | □ |
| မော်လမြိုင် | ၆၁၀၀ | □ | ၂၂၀၀၀ | □ | ၁၁၀၀၀ | □ | ၃၀၀၀၀ | □ |
| လှိုင်ကော် | ၈၆၉၀ | △ | ၄၀၀၀၀ | △ | - | - | ၆၆၀၀၀ | △ |
| မြိတ် | ၆၅၀၀ | □ | ၂၃၀၀၀ | □ | - | - | ၃၉၀၀၀ | □ |
| ဘားအံ | ၅၅၀၀ | □ | ၂၁၅၀၀ | □ | - | - | ၄၇၀၀၀ | □ |

မှတ်ချက်။ ။ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊ လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နွေ(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးဈေးမှာ သန်လျင် မြို့နယ်၏ စပါးဈေးနှုန်းဖြစ်ပါသည်။

**၁၁-၂-၂၀၁၉ မှ ၁၅-၂-၂၀၁၉ ထိ CO Form များ ထုတ်ပေးမှုစာရင်း**
**ရန်ကုန်တိုင်းဒေသကြီးရုံး**

| Sr.No. | Forms | Copies | Total Value (US$) |
|---|---|---|---|
| 1 | Form A | 240 | 15,844,221.920 |
| 2 | Form D | 145 | 5,030,061.382 |
| 3 | Form E | 117 | 5,037,591.640 |
| 4 | Korea GSP | 9 | 258,971.830 |
| 5 | Form AK | 83 | 8,586,365.623 |
| 6 | Form AJ | 5 | 365,109.930 |
| 7 | Form AI | 27 | 1,464,685.760 |
| 8 | Form AANZ | 12 | 328,071.440 |
| 9 | Form DFTP | 3 | 522,648.000 |
| 10 | Form CHINA | 1 | 172,517,270 |
| Grand Total | | 642 | 37,610,244.795 |

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၁၅-၂-၂၀၁၉ ကျပ်/ပိဿာ

| ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ၈/၂ | ၁၅/၂ | ပြောင်းလဲမှု | ၈/၂ | ၁၅/၂ | ပြောင်းလဲမှု | ၈/၂ | ၁၅/၂ | ပြောင်းလဲမှု | ၈/၂ | ၁၅/၂ | ပြောင်းလဲမှု |
| မတ်ပဲ | ၁၀၀၉ | ၉၉၉ | ▼ | ၁၀၈၃ | ၁၀၈၃ | ■ | ၁၀၀၀ | ၁၀၅၀ | ▲ | ၉၅၀ | ၉၅၀ | ■ |
| ပဲစင်းငုံ | ၁၃၉၄ | ၁၃၅၁ | ▼ | ၁၃၁၇ | ၁၂၆၇ | ▼ | ၁၃၁၅ | ၁၂၇၅ | ▼ | ၁၃၃၀ | ၁၂၆၅ | ▼ |
| ပဲတီစိမ်း | ၁၅၈၀ | ၁၅၈၀ | ■ | ၁၈၆၇ | ၁၈၆၇ | ■ | ၁၆၈၄ | ၁၇၁၀ | ▲ | ၁၆၃၀ | ၁၆၃၀ | ■ |
| ကုလားပဲရိုးရိုး | ၁၈၂၅ | ၁၈၀၀ | ▼ | ၁၂၅၈ | ၁၂၉၃ | ▲ | ၁၂၈၉ | ၁၃၀၅ | ▲ | ၁၂၇၅ | ၁၃၄၅ | ▲ |
| ပဲလွန်းဖြူ | ၉၁၅ | ၉၃၀ | ▲ | ၁၂၁၇ | ၁၁၆၇ | ▼ | ၁၃၉၄ | ၁၃၉၄ | ■ | ၁၁၈၅ | ၁၂၂၅ | ▲ |
| ထောပတ်ပဲ | ၂၂၆၀ | ၂၂၆၀ | ■ | ၂၁၃၃ | ၂၁၃၃ | ▲ | ၁၇၈၉ | ၁၈၄၂ | ▲ | ၁၇၄၀ | ၁၈၄၅ | ▲ |

＊ မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် | ယခုတစ်ပတ် | (၁.၁.၁၉) မှ |
| | (၂.၂.၁၉)ထိ | (၉.၂.၁၉)ထိ | (၉.၂.၁၉) ထိ |
| မတ်ပဲ | ၆၉၂၃၄ | ၉၁၂ | ၇၀၁၄၆ |
| ပဲတီစိမ်း | ၁၂၇၈၅ | ၃၄၂၇ | ၁၆၂၁၂ |
| ပဲစင်းငုံ | ၂၂၂၇၄ | ၁၈၀ | ၂၂၄၅၄ |
| ကုလားပဲ | ၆၇၈၁ | ၂၅၀ | ၇၀၃၁ |
| ပဲလွန်းဖြူ | ၁၁၁၉ | ၃၉၃ | ၁၅၁၂ |
| မြေထောက်ပဲ | ၂၃၄ | ၈၀ | ၃၁၄ |

## ပြည်ဈေးကွက်တွင် မြေပဲဆန်ဈေးပြန်မြင့်

ယခုတစ်ပတ် ပြည်ဈေးကွက်တွင် မြေပဲဆန်ဈေး အနည်းငယ်မြင့်လာတာ တွေ့ရပါတယ်။ ဝင်ရောက်မှုမှာ တစ်နေ့လျှင် အိတ် ၅၀၀ ခန့် အဝင်ရှိနေသေးတဲ့အတွက် ဈေးကွက်တွင် မြေပဲဆန် နေ့စဉ်အရောင်းအဝယ်ဖြစ်တာတွေ့ရပါတယ်။ ရန်ကုန်၊ မန္တလေးဝယ်လက်များက လုံးဆန်များကို အဝယ်ရှိပြီး မြို့တွင်းဆီစက်များက ဆီဆန်ကို အဝယ်ရှိနေတဲ့အတွက် မြေပဲဆန် ဆီဆန်ရောလုံးဆန်ပါဈေး အနည်းငယ်မြင့်တက်လာတာ တွေ့ရပါတယ်။

ယခုတစ်ပတ် မြေပဲဆန်ဈေးများမှာ ဆီဆန် (အဖြူ) တစ်ပိဿာလျှင်ကျပ် ၂၅၅၀၊ (အနီ) တစ်ပိဿာလျှင် ကျပ် ၂၈၀၀ နှင့် မြေပဲဆန် လုံးဆန် (အဖြူ) တစ်ပိဿာလျှင် ကျပ်၂၇၂၅နှင့်(အနီ)တစ်ပိဿာလျှင် ကျပ် ၃၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။

**ဝေဝေမင်း(ပြည်)**

## သာယာဝတီဈေးကွက်တွင် မတ်ပဲဈေး ပြန်လည်မြင့်တက်

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင် ပဲမျိုးစုံဈေးကွက်တွင် အဓိကအရောင်းအဝယ်ဖြစ်နေတဲ့ မတ်ပဲများမှာ ယခင်သီတင်းပတ်အတွင်းတွင် အရောင်းအဝယ်မဖြစ်ဘဲ ဈေးနှုန်းများ ကျဆင်းလျက်ရှိရာ ပိဿာ ၂၀ တစ်တင်းလျှင် ကျပ် ၁၈၇၀၀ ခန့်သာရှိပြီး ယခုသီတင်းပတ်တွင် ပိဿာ ၂၀ တစ်တင်းလျှင် ကျပ် ၂၁၁၀၀ ခန့်ထိ ဈေးပြန်လည်မြင့်တက်လာသည်ကိုတွေ့ရှိရပါတယ်။ ထိုသို့မြင့်တက် လာရခြင်းမှာ အရောင်းအဝယ်ဖြစ်မှုနည်းပါးသော်လည်း မတ်ပဲသိုလှောင်သူများဟာ ဈေးနှုန်းမြင့်တက်ချိန်ကိုမျှော်၍ ဝယ်ယူသိုလှောင်ခြင်းကြောင့်ဖြစ်တယ်လို့ လေ့လာသိရှိရပါတယ်။

**ဝေဝေဖြိုး(သာယာဝတီ)**

## ပြည်ပဲစင်းငုံသစ် အရောင်းအဝယ်သွက်လျက်ရှိ

ပြည်ဈေးကွက်အတွင်း ပဲစင်းငုံသီးနှံသစ်များ ဝင်ရောက်မှုများလာခဲ့တဲ့အတွက် တစ်ရက်အိတ် ၃၀၀/၄၀၀ ကျော် ဝင်ရောက်ခြင်းဖြစ်ပြီး ပြည်အနီးတစ်ဝိုက်ဒေသများမှ ဝင်ရောက်ခဲ့ကြတာတွေ့ရပါတယ်။

ပဲသစ်များ နေ့စဉ်ဝင်ရောက်ခဲ့သလို ပဲဟောင်းလက်ကျန်များလည်း ရှိနေတဲ့အတွက် ပဲဟောင်း/ပဲသစ်များ ရောင်းချရပြီး တစ်ရက်အိတ် ၃၀၀/၄၀၀ ကျော် ရန်ကုန်ဝယ်လက်ဝယ်ယူလျက်ရှိခဲ့ပါတယ်။ ပဲစင်းငုံဈေးမှာ ပဲသစ် တစ်တင်းကျပ် ၂၆၀၀၀၊ ပဲဟောင်း တစ်တင်း ကျပ် ၂၂၀၀၀ ဖြင့် အသီးသီးရရှိပြီး ယခင်တစ်ပတ်ထက် ဈေးအနည်းငယ်ပိုလာခဲ့သလို မတ်ပဲသီးနှံထက်လည်း ဈေးပိုရနေကြောင်း သိရှိရပါတယ်။

**ခင်ဆွေဝင်း(ပြည်)**

## ကယားပြည်နယ်အတွင်း ကုန်စည်စီးဆင်းမှုအခြေအနေများ

၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီ ၂ ရက်မှ ၈ ရက်အတွင်း မယ်စဲ့နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းဖြစ်သော ကယားပြည်နယ်၊ လွိုင်ကော်မြို့မှ ထိုင်းနိုင်ငံ၊ မယ်ဟောင်ဆောင်သို့ ကုန်ပစ္စည်းတင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၂၆၁၈၇ ဒသမ ၅၀တန်ဖိုးရှိ ငရုတ်သီးခြောက် ၁၂၅၀၀ ကီလိုဂရမ် ကုန်သွယ်မှုပြုနိုင်ခဲ့ကြောင်း မယ်စဲ့ကုန်သွယ်ရေးစခန်းစာရင်းများအရ သိရှိရပါတယ်။


ဖေဖော်ဝါရီလ ၁ ရက်မှ ၁၄ ရက်အတွင်း ကယားပြည်နယ်မှ မန္တလေးမြို့သို့ ဒေသထွက် ဧည့်မထဆန်အိတ်စုစုပေါင်း ၁၆၅၅ အိတ် တန်ချိန်အားဖြင့် ၈၃ ဒသမ ၁၀ တန်ခန့် တင်ပို့ခဲ့ကြောင်း၊ ရန်ကုန်မှ လွိုင်ကော်သို့ ဆန်တင်သွင်းမှုမှာ ၄၇၆၉ အိတ်၊ မန္တလေးမြို့မှ ၁၀၇၀ အိတ်၊ ရွှေဘိုမြို့မှ ၁၅၉၅အိတ်တင်သွင်းခဲ့ရာ ဆန်အိတ်စုစုပေါင်း ၇၄၃၄ အိတ် တန်ချိန်အားဖြင့် ၃၇၃ ဒသမ ၂၇ တန် တင်သွင်းခဲ့ကြောင်း သိရှိရပါတယ်။

ပြောင်းတင်ပို့မှုအနေဖြင့် ကယားပြည်နယ်မှ မန္တလေးနှင့်အခြားမြို့ကြီးများသို့ စုစုပေါင်း ပြောင်း ၅၂၄၈၆ အိတ် တန်ချိန်အားဖြင့် ၂၅၇၁ ဒသမ ၁၂ တန်တင်ပို့ထားပြီး အာလူးတင်ပို့မှုအနေဖြင့် ကယားပြည်နယ်မှ အောင်ပန်းမြို့သို့အဓိကတင်ပို့ခဲ့ပြီး တင်ပို့မှုအနေဖြင့် စုစုပေါင်း ၂၈၇၀ အိတ် တန်ချိန်အားဖြင့် ၁၄၀ ဒသမ ၅၉ တန်တင်သွင်းခဲ့ကြောင်း ပြည်နယ်အထွက်ဂိတ် စာရင်းများအရ လေ့လာသိရှိရပါတယ်။

လက်ရှိပြောင်းဈေးနှုန်းများမှာ ပြောင်း(ခြောက်)တစ်ပိဿာလျှင် ကျပ် ၄၂၀၊ အာလူး တစ်ပိဿာလျှင် ကျပ် ၁၁၀၀၊ ငရုတ်သီးခြောက်အရှည် တစ်ပိဿာလျှင် ကျပ် ၇၀၀၊ ငရုတ်သီးခြောက်အပု တစ်ပိဿာလျှင် ကျပ် ၁၇၀၀၊ စပါးဈေးနှုန်းများမှာ ဧည့်မထ (မိုး) စပါးတင်း (၁၀၀)လျှင် ကျပ် ၈၆၉၀၀၀၊ ဆန်ဈေးနှုန်းများမှာ ပေါ်ဆန်း ဆန်တစ်အိတ်လျှင် ကျပ် ၆၆၀၀၀၊ ဧည့်မထဆန် တစ်အိတ်လျှင် ကျပ် ၄၀၀၀၀၊ ငစိန်ဆန် တစ်အိတ်လျှင် ကျပ် ၂၆၀၀၀ ဈေးရှိကြောင်း ကယားပြည်နယ် စားသုံးသူကုန်ဈေးနှုန်းသတင်းများအရ သိရှိရပါတယ်။

**ဖြိုးဝေအောင်(လွိုင်ကော်)**

## ပြည်ပဲတီစိမ်း အရည်အသွေးလိုက်၍ ဈေးကွာခြားမှုရှိ



ယခုတစ်ပတ် ပြည်ပဲဈေးကွက်မှာ အရောင်းအဝယ်သွက်နေခဲ့သော ဆောင်းပဲသီးနှံတစ်မျိုးက ပဲတီစိမ်းသီးနှံ ဖြစ်နေခဲ့တာကို တွေ့ရပါတယ်။ ပေါင်းတလည်၊ ပေါက်ခေါင်းနှင့် ပြည်ပတ်ဝန်းကျင်ဒေသများမှ နေ့စဉ်ဝင်ရောက်နေပြီး အိတ် ၃၀၀/၄၀၀ ကျော်ဝင်ရောက်ခဲ့တာကြောင့် ဝယ်လက် မန္တလေး/ရန်ကုန်လိုင်းသမားများမှ အဝင်ရှိသလောက် ဝယ်ယူနေခဲ့ကြပါတယ်။

ပဲတီစိမ်းသီးနှံဟာ မတ်ပဲ၊ ပဲစင်းငုံသီးနှံတို့ကဲ့သို့ တစ်နှစ်ပတ်လုံးရောင်းဝယ်နေကြတဲ့ ပဲသီးနှံမဟုတ်ဘဲ ပဲအထွက်လှိုင်ချိန်ကာလများတွင်သာ အရောင်းအဝယ်သွက်တဲ့ပဲသီးနှံဖြစ်ခဲ့ပါတယ်။ ပဲဈေးမှာ ထိပ်စ တစ်တင်းကျပ် ၃၄၀၀၀၊ ရိုးရိုးစ တစ်တင်းကျပ် ၃၁၀၀၀ တို့ဖြင့် အရည်အသွေးလိုက်၍ ဈေးကွာခြားခဲ့တာကို တွေ့ရပါတယ်။

**ခင်ဆွေဝင်း**

## ရေနံချောင်းမြို့နယ်ထွက် မြေပဲများ အသစ်ဝင်ရောက်ပြီး အဝယ်လိုက်

ရေနံချောင်းမြို့နယ်ရှိကိုင်းမြေစိုက်သည့်မြေပဲများအသစ်ပေါ်လာပြီဖြစ်ရာ ပဲခွဲစက်၊ ဆီစက်များအပြင် ဆားလှော်လုပ်ငန်းက ဝယ်ယူနေကြောင်း တောင်သူများနှင့်ပွဲစားများထံက သိရသည်။

“မြေပဲကို ကိုင်းမြေများ၌အဓိကထားပြီး တောင်သူများစိုက်ပျိုးကြကာယခုနှစ်တွင် အထွက်မှာလည်း မြေပဲဆန်တစ်တင်းမျိုးချ (ခန့်မှန်းတစ်ဧကခွဲ)လျှင် မြေပဲ တင်း ၇၀ ထွက်ရှိပါတယ်။ ဈေးကလည်းယခင်နှစ်က မြေပဲတစ်တင်းကျပ်၁၁၀၀၀သာရှိပါတယ်။ ဒီနှစ်ဈေးကောင်းတယ်”ဟု ရေနံချောင်းမြို့နယ် ရှားတစ်ပင်ရွာက တောင်သူတစ်ဦးက ပြောသည်။

“မြေပဲသစ်ပေါ်နေပါပြီ။ ပဲကိုတော့လက်ရှိပဲခွဲစက်ရယ် မြေပဲဆားလှော်လုပ်ငန်းတွေက ဝယ်တာပါ။ ဈေးကွက်မှာ တစ်တင်းကျပ်၁၄၀၀၀ဈေးပေါက်တယ်။တောင်သူအချို့ကလည်း ဇွန်လမှာမျိုးမြေပဲအဖြစ် အဆန်ခွဲပြီး ရောင်းဖို့ဝယ်နေတာလည်း တွေ့ရတယ်”ဟုပွဲစားတစ်ဦးက ပြောသည်။ရေနံချောင်းမြို့နယ်တွင် မြေပဲစိုက်ဧကလျာထားချက် ၂၇၀၀ရှိပြီး စိုက်ဧက ၂၃၅၆ ရှိကြောင်း လျာထားချက်ထက်ပိုမိုစိုက်ပျိုးကြောင်းရေနံချောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနစာရင်းအရသိရသည်။ **ရွှေစင်(ရေနံချောင်း)**

## ပြည်စားတော်ပဲသစ် နှစ်စဉ်လိုလိုဈေးကောင်းရ

ပြည်ဈေးကွက်သို့ ဆောင်းပဲသစ်များ ဝင်ရောက်လာလျက်ရှိရာ စားတော်ပဲသစ်များလည်း စတင်ဝင်ရောက်လာပြီဖြစ်ပါတယ်။ နေ့စဉ်အဝင်ရှိသော်လည်း အိတ်အနည်းငယ်သာ ဝင်ရောက်ခဲ့ခြင်းဖြစ်လို့ လက်လီသမားအချို့ဖြင့်သာ ရောင်းဝယ်မှုဖြစ်ခဲ့ပါတယ်။

ပဲဟောင်းလက်ကျန် အနည်းငယ်ရှိခဲ့တဲ့အတွက် ပဲဟောင်း/ ပဲသစ် နှစ်မျိုးစလုံး နေ့စဉ်အရောင်းအဝယ်ဖြစ်ခဲ့ပြီး ပဲဈေးမှာ တစ်တင်းကျပ် ၃၀၀၀၀ ဖြင့် ဈေးဖွင့် ရောင်းဝယ်နေခဲ့တာကို တွေ့ရပါတယ်။ စားတော်ပဲဈေးမှာ နှစ်စဉ် ဈေးကောင်း ရရှိခဲ့လို့ ယခင်နှစ်ကလိုပဲ ကျပ် ၃၀၀၀၀ ဈေးရရှိနေတာကြောင့် အခြားလက်လီပဲများထက် ဈေးကောင်းပိုရခဲ့ကြောင်း သိရပါတယ်။

**ခင်ဆွေဝင်း(ပြည်)**

## ဘိုကိတ်ပဲသီးနှံ ပြည်ပဲဈေးကွက်မှာ လက်လီ/လက်ကား အရောင်းအဝယ်ဖြစ်

ပြည်ဈေးကွက်သို့ ဘိုကိတ်ပဲသစ်များ နေ့စဉ်ဝင်ရောက်လျက်ရှိပြီး အိတ် ၁၅၀/၂၀၀ ကျော် ဝင်ရောက်ခဲ့တာကို တွေ့ရပါတယ်။ ဝယ်လက်ကလည်း လက်လီ/လက်ကား ဝယ်ယူမှုရှိတာကြောင့် ဝင်ရောက်လာသမျှ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ပဲဈေးမှာ တစ်တင်းကျပ် ၁၈၅၀၀ဖြင့် ဈေးငြိမ်ရောင်းဝယ်လျက်ရှိပြီး ပဲသစ် ဝင်စအချိန်က ဈေးအတက်အကျ ပြောင်းလဲမှုမရှိဘဲ ရောင်းဝယ်နေခဲ့တာကို တွေ့ရပါတယ်။ ယခင်နှစ်က တစ်တင်းကျပ် ၂၄၅၀၀ ရရှိခဲ့တဲ့အတွက် ယခုနှစ် ဘိုကိတ်ပဲ သီးနှံဈေးဟာ ယခင်နှစ်ဈေးကိုမမီဘဲ ဈေးအေးနေခဲ့ကြောင်း သိရပါတယ်။

**ခင်ဆွေဝင်း**

# မြန်မာ့ပဲဈေးကွက်မြင့်မားစေရန် ဈေးကွက်သစ်ရှာဖွေရန် လိုအပ်

ဧပြီလတွင် မတ်ပဲစိုက်ဧက ၈၀ ရာခိုင်နှုန်းမှ တန်ချိန်လေးသိန်းကျော်ထွက်ရှိမည်ဖြစ်သည့်အတွက် အိန္ဒိယက ပဲတင်ပို့မှု ပြန်လည်ဖွင့်ပေးရန် နှောင့်နှေးပါက ပြည်တွင်းပဲဈေးပြန်ကျမည်ကို တောင်သူများ စိုးရိမ်နေကြပါတယ်။ အိန္ဒိယဘက်က သူတို့တောင်သူအကျိုးစီးပွားကာကွယ်ဖို့ သူတို့ပြည်တွင်းဈေးတက်စေချင်တဲ့အတွက် အခုလိုပိတ်ခဲ့ခြင်းဖြစ်တယ်။

တောင်သူတွေအနေနဲ့ မတ်လမှာ ပဲတီစိမ်း၊ ပဲစင်းငုံ စထွက်ပြီး မတ်ပဲက ဧပြီလကုန်လောက်ထိကို တောက်လျှောက်လှိုင်လှိုင်ထွက်မယ်ဆိုတော့ သူတို့ဘက်က နှောင့်နှေးမှုရှိရင် ပြည်တွင်းဈေးမလိုအပ်ဘဲ ပြန်ကျတာမျိုးဖြစ်မှာကို တောင်သူများစိုးရိမ်နေကြပါတယ်။ အိန္ဒိယကိုတင်ပို့တဲ့ မတ်ပဲ၊ ပဲစင်းငုံက ဈေးနှုန်းကျတဲ့အတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှာပဲမျိုးစုံ တန်ချိန် ၁၃ သိန်းကျော်လောက် တင်ပို့တာ အမေရိကန်ဒေါ်လာသန်း ၈၈၀ ကျော်ရခဲ့ပါတယ်။

ယခင်က တန်ချိန် ၁၃ သိန်းကျော်၊ ၁၄ သိန်းလောက်တင်ပို့တယ်ဆိုရင် (ကျပ်သန်းပေါင်း ၁၃၀၀ ကျော် ၁၄၀၀ ) လောက်ရရှိပါတယ်။ ၂၀၁၇-၂၀၁၈ ခုနှစ်မှာ တင်ပို့နိုင်တဲ့ ပမာဏကျမသွားဘဲ ဝင်ငွေအရမ်း လျော့သွားခဲ့ပါတယ်။ ၂၀၁၈ ခုနှစ် ဩဂုတ်လမှ ၂၀၁၉ ခုနှစ် ဇန်နဝါရီလကုန်အထိ ပြည်ပသို့ ပဲမျိုးစုံ တန်ချိန် ၁၁ သိန်းနီးပါးခန့်တင်ပို့နိုင်ခဲ့ပြီး ယခုနှစ်တွင် မြင့်တက်လာနိုင်ကြောင်းနှင့် မတ်ပဲနှင့်ပဲစင်းငုံတို့မှာ ဈေးပြန်တက်ခဲ့သော်လည်း ယခင်လောက်ဈေးရရှိရန် ခက်ခဲမည်ဖြစ်ကြောင်းသိရပါတယ်။

ပဲဈေးကွက်တည်ငြိမ်ရေးနှင့်အကြောင်း အားလျော်စွာ ပဲဈေးကျဆင်းခဲ့ပါက ကောင်းမွန်စွာ ဖြေရှင်းနိုင်ရန်အတွက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ပဲနှမ်းအသင်းကုန်စည်ဒိုင်တို့ ညှိနှိုင်းဆွေးနွေးမှု မူကြမ်းအရ အိန္ဒိယနိုင်ငံသို့ ကိုတာစနစ် သီးသန့်ရရှိရေး တောင်းဆိုရန်၊ ပြည်တွင်း၌ ငွေကြေး လိုအပ်ချက်များအရ အက်စ်အမ်အီးချေးငွေများကို နိုင်ငံတော်အစိုးရက ချပေးနိုင်ရန်နှင့် ပဲဈေးများကျဆင်းခဲ့ပါက ကုန်သည်များက ပဲဈေးကို ထိန်းညှိဝယ်ယူရေး တို့ကိုပြင်ဆင်လျက်ရှိကြောင်းသိရပါတယ်။ အိန္ဒိယနိုင်ငံအစိုးရက ၂၀၁၇ ခုနှစ် ဩဂုတ်လမှ စတင်ကာ ပြည်ပပဲတင်သွင်းခွင့်ကိုကန့်သတ်ခဲ့ရာ မြန်မာပဲတောင်သူများနှင့် ပဲကုန်သည်များ အခက်တွေ့ခဲ့ပြီး ယခုအခါ မြန်မာနိုင်ငံမှ အိန္ဒိယနိုင်ငံသို့ တရားဝင်ပဲတင်ပို့ခွင့်ရရှိရေး နှစ်နိုင်ငံအစိုးရချင်း နားလည်မှုစာချွန်လွှာ အမြန်ဆုံးရေးထိုးနိုင်ရေး ဆောင်ရွက်လျက်ရှိတယ်လို့လည်း သိရပါတယ်။

မြန်မာ့ပဲဈေးကွက် ချဲ့ထွင်နိုင်ရန် တရုတ်နိုင်ငံအရှေ့ဘက်နှင့် မြောက်ဘက်ပြည်နယ်များသို့ ချိတ်ဆက်ဆောင်ရွက်မည်ဟုလည်းသိရပါတယ်။ တရုတ်ဘက်က ထောပတ်ပဲနဲ့ စားတော်ပဲတို့ကို အဝယ်များသောကြောင့် ယခင်က ယူနန်ဘက်ကို ပဲဈေးကွက်ရှာခဲ့ပြီး ယခုယူနန်အလွန် တရုတ်နိုင်ငံအရှေ့ဘက် ပြည်နယ်နဲ့ မြောက်ဘက်ပြည်နယ်တွေကို ချိတ်ဆက်ဖို့ လုပ်နေသလို တရုတ်(တိုင်ပေ) ဈေးကွက်အပြင် တခြား ဈေးကွက်တွေကိုလည်း ထပ်ပြီး ရှာနေတယ်လို့ သိရပါတယ်၊ တရုတ်နိုင်ငံသည် မြန်မာနိုင်ငံမှ ပဲတီစိမ်း၊ မြေပဲ၊ ပဲလွန်းဖြူ၊ ပဲကြီး စသည့် ပဲအမျိုးမျိုးတို့ကို ပုံမှန်တစ်နှစ်လျှင် တန်ချိန်တစ်သိန်းနီးပါးခန့် ဝယ်ယူလျက်ရှိပြီး ပဲတီစိမ်းနှင့်ပဲထောပတ်တို့ကို အဓိကအားထား ဝယ်ယူလျက်ရှိကြောင်း၊ ပြီးခဲ့သည့် နှစ်အနည်းငယ်မှစတင်ကာ ပဲပင် ပေါက်ဖောက်သည့် မတ်ပဲများကိုလည်း တဖြည်းဖြည်းတိုးမြှင့် ဝယ်ယူလာကြောင်းသိရပါတယ်။

လက်ရှိတွင် ပဲတီစိမ်းမှာ တစ်ကမ္ဘာလုံးသို့ရောင်းချနိုင်သော်လည်း တရုတ်နိုင်ငံဘက်က ပဲထောပတ်ကိုသာ ပိုမိုဝယ်ယူလာသည့်အတွက် ပဲလုပ်ငန်းအဖွဲ့အနေဖြင့် ပြန်လည်သုံးသပ်ပြီး စိုက်ပျိုးသည့် ပဲအမျိုးအစားပြောင်းလဲရန်ရှိတယ်လို့လည်း သိရပါတယ်။

**ခင်မြနွယ်** MYANTRADE (TIR)

# CP ပြောင်းဖူး စိုက်ပျိုး တောင်သူများ ဝင်ငွေတိုး



CPပြောင်းဖူးကို မြန်မာနိုင်ငံအလယ်ပိုင်းဒေသ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နယ်ရှိ ကျေးရွာများတွင် စီးပွားဖြစ် စိုက်ပျိုးလျက်ရှိသည်ကို တွေ့ရှိရပါတယ်။ မြေတစ်ဧကကို ပြောင်းဖူး မျိုးစေ့ ၁ထုပ်စိုက်ပျိုးရပြီး ပြောင်းမျိုးစေ့အများအပြားရှိသော်လည်း ၃၆၂နှင့် ၈၈၈ မျိုးများကိုသာ အများ ဆုံးစိုက်ပျိုးလျက်ရှိကြောင်း၊ မျိုးစေ့ ၁ထုပ် ၄၂၀၀၀ ပေးဝယ်ရကြောင်း၊ မြေတစ်ဧကလျှင် ထွန်ယက်ခ တစ်မနက် ၅၀၀၀ကျပ်နှုန်းဖြင့် ထွန်ယက်ရကြောင်း၊ စိုက်ပျိုးပြီး တစ်လကျော်လျှင် လူငှား ယောကျ်ားလေး ၁၀ယောက်ဖြင့် တစ်မနက် ၂၅၀၀ကျပ်နှုန်း၊ တစ်နေကုန် ၇၅၀၀ကျပ်နှုန်းဖြင့် ငှားရမ်းရကြောင်း၊ စိုက်ပျိုးပြီး အပင်ပေါက်တစ်လကျော်လျှင် ပိုးသတ် ဆေး၊ အပင်ဖြစ်ဆေး ဆေးဖျန်းပေးရကြောင်း၊ မြေဆီဖိုး ခြောက်သောင်းကျော်ကုန်ကျကြောင်း၊ မြေတစ်ဧကစိုက်ပျိုးလျှင် အပြီးအစီး နှစ်သိန်းဝန်းကျင်ခန့် ကုန်ကျကြောင်း သိရှိရပါတယ်။ CP ပြောင်းကို ရာသီမရွေး ရေတင်စိုက်ပျိုးနိုင်ပြီး စစိုက်ပျိုးချိန်မှ ရိတ်သိမ်းချိန်ထိ ရေ ၅ခါတင်ပေးရကြောင်း၊ နွေရာသီစိုက်လျှင် ရက် ၁၀၀ ကြာပြီး ရေ ၅ ခါတင်ပေးရကြောင်း၊ ဆောင်းရာသီစိုက်ပျိုးလျှင် ရက်ပေါင်း ၁၁၀ မှ ၁၂၀ ထိ ကြာပြီး ရေ ၃ ခါတင် ပေးရကြောင်း စတင်စိုက်ပျိုးချိန်မှာ စက်တင်ဘာလနှင့် အောက်တိုဘာလများတွင် စတင်စိုက်ပျိုးပြီး ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလများတွင် ရိတ်သိမ်းရကြောင်း၊ ဆောင်းရာသီစိုက်ပျိုးလျှင် အမြတ်ပိုရရှိကြောင်း၊ အဖူးရိတ်သိမ်းချိန် ရောက်လျှင် တစ်ဧကကို လူငှား ၁၀ ဦး ငှားပြီး တစ်မနက် မိန်းကလေး ကျပ် ၁၅၀၀၊ ယောကျ်ားလေး အထမ်းအသယ် ကျပ် ၂၅၀၀ ပေးရကြောင်း၊ အဖူးကိုခြွေစက်ဖြင့် ခြွေလှေ့ပြီး တစ်တင်း ကျပ် ၃၀၀ ပေးရပြီး တစ်တင်းကို ကျပ် ၇၀၀၀ ကျော်မှ ၈၀၀၀ ကျော် ရောင်းချရကြောင်း၊ CP ပြောင်းဖူးတစ်တင်းလျှင် ၁၈ ပိဿာရှိကြောင်း၊ တစ်ဧကအထွက်နှုန်း တင်း ၁၀၀ ထွက်ရှိပြီး နွေရာသီတွင် တင်း ၇၀ မှ ၈၀ ဝန်းကျင်ခန့် ထွက်ရှိကြောင်း၊ ပြောင်းဖူးစေ့များကို ဒေသခံပွဲရုံများသို့ ရောင်းချခြင်း၊ မုံရွာပွဲရုံများသို့ ကိုယ်တိုင်ကိုယ်ကျရောင်းချခြင်းများရှိကြောင်း၊ တောင်သူအချို့မှာ ပြောင်းကို ၃/၄ ဧကစိုက်ပျိုးကြပြီး တောင်သူတချို့မှာ တစ်ပိုင်တစ်နိုင် ၁ ဧက/ ၂ ဧက ဝန်းကျင်ခန့် စိုက်ပျိုးလျက်ရှိကြောင်း၊ CP ပြောင်းသည် မုံရွာမြို့နယ်ရှိ ကျေးရွာများတွင် ကြက်စာနှင့် ငုံးစာများအဖြစ် အသုံးပြုကြကြောင်း၊ ဈေးပေါ် မူတည်သော်လည်း အရှုံးမရှိဘဲ အောင်မြင်ဖြစ်ထွန်းလျှင် ပို၍အမြတ်အစွန်း ရရှိကြောင်း CP ပြောင်း စိုက်ပျိုးသူတစ်ဦးထံမှ သိရှိရပါတယ်။

**သင်းသင်းအေး**

## မြန်မာ့ဆိပ်ကမ်းတွင် ၁၄.၂.၂၀၁၉ နေ့ ကုန်တင်ကုန်ချသင်္ဘောများစာရင်း

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းများတွင် ကုန်တင်/ကုန်ချဆဲနှင့် ရောက်ရှိမည့် ကုန်သင်္ဘောများ၊ ကုန်သေတ္တာသင်္ဘောများစာရင်းကို ကြည့်ရှုနိုင်ရန် ဖော်ပြလိုက်ပါတယ်။

### (က) ကုန်တင်ကုန်ချဆောင်ရွက်နေသောသင်္ဘောများ

| ဆိပ်ကမ်းအမည် | သင်္ဘောအမည် | ကုန်တင်/ကုန်ချအခြေအနေ |
|---|---|---|
| ထီးတန်းဆိပ်ကမ်း(၁) | -UNI AMPLE | TEU ၆၁၅ တင်ဆဲ |
| ထီးတန်းဆိပ်ကမ်း(၂) | -IAL-001 | TEU ၄၄၀ တင် ၄၆၅ ချဆဲ |
| အေးရှားဝေါလ်ဆိပ်ကမ်း(၁) | -CAPE FLORES | TEU ၅၂၂ တင်ဆဲ |
| စက်မှုဆိပ်ကမ်း(၃) | -TOVE MAERSK | TEU ၆၁၆ တင်ဆဲ |
| ဆူးလေဆိပ်ကမ်း(၇) | -THAI BINH-688 | Urea(In Bulk) ၁၂၀၀၀ ချဆဲ |
| သီလဝါဆိပ်ကမ်း(၁) | -KOTA HARTA | TEU ၈၃ တင် ၁၄၀ ချဆဲ |
| သီလဝါဆိပ်ကမ်း(၄) | -HAI PHUONG SUN | Wire Rod Steel ၃၁၀၀ ချဆဲ |
| သီလဝါဆိပ်ကမ်း(၅) | -SEVEN SEA MARINER | PAX 651 Nos |
| WILMAR JETTY | -BANOS-A | Coal(In Bulk) ၃၀၈၀၀ ချဆဲ |
| ELITE JETTY | -MT YU DONG | Mogas (92Ron) ၁၇၀၄၇ ချဆဲ |

### (ခ) ကုန်တင်ကုန်ချရန် စောင့်နေသောသင်္ဘောများ

| သင်္ဘောအမည် | ကုန်အမျိုးအစား | လာ/သွားရောက်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| SERENE JESSICA | ဆန် ၁၁၀၀၀ ကုန်တင်ရန် | - | ၁၄.၂.၂၀၁၉ |
| GLOBAL CARRIER | G/C 86 ကုန်ချရန် | RUSSIA | ၁၅.၂.၂၀၁၉ |
| SHENG CHENG HAI | Steel Product ၂၆၀၀၀ ကုန်ချရန် | CHINA | ၁၇.၂.၂၀၁၉ |
| LEF KONIKO | Steel ၁၄၃၆၀ ကုန်ချရန် | CHINA | ၁၈.၂.၂၀၁၉ |
| WORLD ODYSSEY | Nos Cruise Vessel PAX ၆၉၈ | VIETNAM | ၁၈.၂.၂၀၁၉ |
| VIKING SEA | Unite Vehicle(RO RO ) ၁၀၇ကုန်ချရန် | JAPAN | ၁၉.၂.၂၀၁၉ |
| ELHANA YA | Coal (In Bulk)၃၀၈၀၀ ကုန်ချရန် | SINGAPORE | ၁၉.၂.၂၀၁၉ |
| BORKUN | 5Unit Contr&Steel Bars ၄၇၅၀ ကုန်ချရန် | UAE | ၂၀.၂.၂၀၁၉ |
| JY PROGRESS | Steel ၂၃၀၀၀ ကုန်ချရန် | CHINA | ၂၂.၂.၂၀၁၉ |
| BILLES BORG | Steel Plates&Pilot Boat ၁၆၁၉ ကုန်ချရန် | JAPAN | ၂၄.၂.၂၀၁၉ |

### (ဂ) ဝင်ရောက်မည့် ကုန်သေတ္တာ သင်္ဘောများစာရင်း

| သင်္ဘောအမည် | လာမည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| OCEAN PROBE | SINGAPORE | စက်မှုဆိပ်ကမ်း | ၁၄.၂.၂၀၁၉ |
| NINOS | SINGAPORE | သီလဝါ/အေးရှားဝေါလ်ဆိပ်ကမ်း | ၁၇.၂.၂၀၁၉ |
| PACAO | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၇.၂.၂၀၁၉ |
| XETHA BHUM | SINGAPORE | စက်မှု/သီလဝါဆိပ်ကမ်း | ၁၇.၂.၂၀၁၉ |
| AS FLONA | SINGAPORE | သီလဝါ/အလုံဆိပ်ကမ်း | ၁၉.၂.၂၀၁၉ |
| MCC SHANG HAI | SINGAPORE | သီလဝါ/ဗိုလ်အောင်ကျော်ဆိပ်ကမ်း | ၂၀.၂.၂၀၁၉ |
| SINAR BINTAN | SINGAPORE | အေးရှားဝေါလ်/အလုံဆိပ်ကမ်း | ၂၁.၂.၂၀၁၉ |

### (ဃ) ဆိုက်ရောက်ရန် မျှော်လင့်လျက်ရှိသော စက်သုံးဆီ/စားအုန်းဆီ သင်္ဘောများစာရင်း

| သင်္ဘောအမည် | ကုန်ပစ္စည်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ရောက်မည့်ခန့်မှန်းရက် |
|---|---|---|---|
| MT.FLY GURNARD | Diesel | - | ၁၅.၂.၂၀၁၉ |
| MT.OCEAN GOBY | Diesel | SINGAPORE | ၁၆.၂.၂၀၁၉ |
| MT.OCEAN PORPOISE | Diesel | SINGAPORE | ၁၇.၂.၂၀၁၉ |
| MT.YU HAI | Diesel | SINGAPORE | ၁၈.၂.၂၀၁၉ |
| MT.OCEAN PROGRESS MOGAS | ( 92RON) | SINGAPORE | ၁၉.၂.၂၀၁၉ |
| MT.PHUBAI PATTRA-2 | Diesel | SINGAPORE | ၂၁.၂.၂၀၁၉ |
| MT.PROM ROSE | P.Oil(In Bulk) | INDONISIA | ၂၅.၂.၂၀၁၉ |

## အရောင်းအဝယ်ပုံမှန်ဖြစ်ပြီး ဈေးပြန်မြင့်လာတဲ့ ပြည်နှမ်း

ပြည်ဈေးကွက်တွင် ယခုတစ်ပတ် နှမ်းဈေးအနည်းငယ် ပြန်မြင့်လာတာတွေ့ရပါတယ်။ မန္တလေးဝယ်လက် အဝယ်အနည်းငယ်ပြန်လိုက်လာတဲ့အတွက် နှမ်းဈေးမှာယခင်တစ်ပတ်ကထက် ပြန်မြင့်လာတာဖြစ်ပါတယ်။ နှမ်းအဝင်နည်းသွားပေမယ့် လှောင်ထားတဲ့နှမ်းများကြောင့် ဈေးကွက်တွင် နေ့စဉ်အရောင်းအဝယ်ဖြစ်ပေမယ့် အိတ် ၅၀၀လောက်သာ အရောင်းအဝယ်ဖြစ်တာတွေ့ရပါတယ်။ နှမ်းနီမှာ ဈေးကွက်တွင် မရှိသလောက်ရှားပါးတဲ့အတွက် ဆီစက်သမားများက ဆီကြိတ်ရန် နှမ်းနက်ကို ဝယ်ယူကြိတ်ခွဲရသဖြင့် နှမ်းနီကိုကြိတ်သလောက် ဆီမထွက်ခြင်း၊ နှမ်းနက်ကို ဈေးမြင့်၍ ဝယ်ယူရခြင်းကြောင့် ဆီဈေးမှာ တစ်ပိဿာလျှင် ကျပ် ၇၈၀၀ မှ ၈၀၀၀ အထိရှိလာတာ တွေ့ရပါတယ်။ ယခုတစ်ပတ် နှမ်းဈေးများမှာ နှမ်းနီတစ်တင်းလျှင် ကျပ်၅၃၀၀၀၊နှမ်းနက်တစ်တင်းလျှင် ကျပ် ၅၆၀၀၀ နှင့် စမုံနက်နှမ်း တစ်တင်းလျှင် ကျပ် ၇၅၀၀၀ဖြင့် ယခင်တစ်ပတ်ကထက် ဈေးမြင့်လာတာတွေ့ရပါတယ်။ **ဝေဝေမင်း(ပြည်)**

## ကြက်သွန်

# ပြည်ဈေးကွက်အတွင်း ကြက်သွန်နီ ဝင်ရောက်မှု များပြား

ယခုတစ်ပတ် ပြည်ဈေးကွက်အတွင်းသို့ ရေနံချောင်း၊ ပခုက္ကူ ဆိပ်ဖြူ တောင်တွင်း စတဲ့နယ်ဘက်မှ အရည်အသွေးကောင်းပြီး ဈေးနှုန်းချိုသာသော ကြက်သွန်နီများ ပိဿာ ၃၀ ဝင်အိတ် ၈၀၀-၁၀၀၀ ခန့်ထိ နေ့စဉ် ဝင်ရောက်မှု ရှိနေကြောင်း သိရပါတယ်။

ယခင်တစ်ပတ်က အိတ် ၆၀၀-၇၀၀ နေ့စဉ်ဝင်ရောက်မှုနှင့်နှိုင်းယှဉ်လျှင် ယခုတစ်ပတ်မှာ အိတ် ၂၀၀-၃၀၀ ခန့် ပိုမိုဝင်ရောက်မှုရှိနေတာတွေ့ရပါတယ်။ ယခုတစ်ပတ်တွင် ဝင်ရောက်မှုလည်း ပိုမိုများပြားနေသလို အရောင်းအဝယ်အနေဖြင့်လည်း ဈေးကွက်အတွင်း ပွဲရုံများတွင် ပုံမှန်ဒေသတွင်း ဝယ်လက်များအပြင် နယ်အိတ်ဆွဲဝယ်ရောင်းသမားများနှင့် ဧရာဝတီတိုင်း၊ ရခိုင်ပြည်နယ်တို့မှ နယ်ကျော်အိတ်ဆွဲဝယ်ရောင်းသမားများ အဆွဲများလာမှုကြောင့် ဝင်ရောက်မှုရဲ့ လေးပုံသုံးပုံခန့် အရောင်းအဝယ်ဖြစ်နေကြောင်း ပွဲရုံလုပ်ငန်းရှင်များ၏ ပြောကြားချက်အရ သိရပါတယ်။

ဈေးနှုန်းများအနေနဲ့ ပွဲရုံများတွင် ကြီးလတ် အမျိုးအစားမခွဲခြားဘဲ တစ်ပိဿာကို (ကြီး/လတ်) ကျပ် ၅၅၀-၆၀၀၊ (သေး) ကျပ် ၅၀၀-၅၃၀ နှုန်းတို့ရှိပြီး လက်လီဈေးအသေးများတွင်လည်း ကြီးလတ်အမျိုးအစားများကို တူညီသော ဈေးနှုန်းများဖြင့် ရောင်းချကာ တစ်ပိဿာကို (ကြီး/လတ်) ကျပ် ၈၀၀-၉၀၀-၁၀၀၀၊ (သေး) ကျပ် ၅၅၀-၆၀၀-၇၀၀ နှုန်းတို့ဖြင့် အသီးသီး ရောင်းဝယ်လျက်ရှိကြောင်း သိရပါတယ်။

**ဝင်းလဲ့ဝါ(ပြည်)**



# ဥစိုက် ကြက်သွန်နီရေနံချောင်း၌ ဈေးငြိမ်ဝယ်လက်အေး

မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်နှင့် ချောက်မြို့နယ်ကထွက်ရှိသောဥစိုက်ကြက်သွန်နီများ ယခုတစ်ပတ်တွင် ဈေးငြိမ်နေကြောင်းတောင်သူနှင့်ပွဲစားများထံက သိရသည်။

"ရေနံချောင်းမြို့ ကြက်သွန်ဈေးကွက်တွင် နယ်ဝယ်လိုအားနည်းနေပါတယ်။ ဒေသတွင်းဝယ်လက်ပဲရှိနေပြီး ရုံဖန်ရုံခါ ရန်ကုန်၊ ပြည်၊ မန္တလေးပို့ရတယ်။ မကွေး ကျောက်ပန်းတောင်းမြို့ကိုလည်း တင်ပို့ရတယ်"ဟု ပွဲစားဦးစိုးလွင်က ပြောပါသည်။

ယခုလက်ရှိကြက်သွန်နီတစ်ပိဿာကျပ်၃၅၀သာရှိပြီး ယခင်တစ်ပတ်က ဖြစ်ပေါ်ခဲ့သောဈေးအတိုင်း ကျဈေးနှင့်တန့်(ငြိမ်)နေကြောင်း ၎င်းကပြောသည်။

"ရွာမှာက ကြက်သွန်နီသောင်းပြောင်းအရွယ်စုံဈေးက တစ်ပိဿာကျပ် ၂၈၀ကနေ ကျပ်၃၀၀ပဲရှိတယ်။ မြို့ဈေးကွက်မှာ ကျပ် ၃၅၀ရှိတယ်။ တောင်သူကတော့ငွေလိုသူပဲ ရောင်းတယ်။ အချို့ကတော့ မရောင်းဘဲထားတယ်။ နောက်အသစ်ကလည်း ဧပြီ မှပေါ်မှာမို့ အဟောင်းကလည်းမရှိဘူးဈေးတက်နိုင်တယ်"လို့ သုံးသပ်သူတွေလည်းရှိကြောင်း ကျေးရွာအုပ်စုမှ တောင်သူတစ်ဦးက ပြောသည်။

**ရွှေစင်(ရေနံချောင်း)**

# တောင်ငူဈေးကွက်အတွင်း ကြက်သွန်နီ လက်ကားဈေးအခြေအနေ

တောင်ငူမြို့နယ်အတွင်းသို့ တောင်သာ၊ မြင်းခြံ၊ မြစ်သားမြို့နယ်တို့မှ တစ်လလျှင် ကြက်သွန်နီ ပိဿာချိန် ၅ သောင်းခန့် ဝင်ရောက်လျက်ရှိကြောင်းသိရပြီး ဈေးနှုန်းအနေဖြင့် ပင်ဖြတ်အသေးမှာ တစ်ပိဿာလျှင် ကျပ် ၅၀၀ နှင့် အကြီးတစ်ပိဿာလျှင် ကျပ် ၇၀၀ ဖြစ်ပြီး၊ ပင်သေမှာ အသေးတစ်ပိဿာလျှင် ကျပ် ၆၀၀ နှင့် အကြီးတစ်ပိဿာလျှင် ကျပ် ၈၀၀ ဖြစ်ကြောင်း ကြက်သွန်နီလက်လီလက်ကားရောင်းချသူတစ်ဦးထံမှ သိရှိရပါသည်။

**လှလှထွေး(တောင်ငူ)**

## ပြောင်း

# တရုတ်နှစ်သစ်ကူးကာလ ပြောင်းလျော့နည်းတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်၊ လွယ်ဂျယ်နဲ့ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းများမှ ဖေဖော်ဝါရီ ၂ ရက်မှ ၈ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၃၈၇ သန်းတန်ဖိုးရှိ ပြောင်း ၆၉၆၄ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။

စခန်းအလိုက်တင်ပို့မှုမှာ မူဆယ်မှ ၅၆၆၄ တန်ကျော်၊ လွယ်ဂျယ်မှတန်တစ်ထောင်နဲ့ ချင်းရွှေဟော်မှ တန်သုံးရာဖြစ်ပါတယ်။ ယခင်တစ်ပတ်က အဆိုပါစခန်းသုံးခုမှပြောင်း ၂၈၂၂၇ တန်ကျော်တင်ပို့နိုင်ခဲ့လို့ ယခုတစ်ပတ်ပြောင်းတန်ချိန်နှစ်သောင်းကျော် လျော့နည်း တင်ပို့ခဲ့ပါတယ်။

မူဆယ်ကုန်စည်ဒိုင်မှာ ဖေဖော်ဝါရီ ၂ ရက်မှ ၈ ရက်အတွင်း ပြောင်းတစ်တန်ဈေး ၃၀၃၂၉၇ ကျပ်ဖြင့် ဈေး ပြောင်းလဲမှုမရှိကြောင်း၊ မူဆယ်သို့ပြောင်းကားစီးရေ ၁၆၉ စီးသာ ဝင်ရောက်ခဲ့ကြောင်း၊ တရုတ်နှစ်သစ်ကူးကာလဖြစ်လို့ တစ်ဖက်နိုင်ငံမှာ နှစ်သစ်ကူးပွဲတော်ကျင်းပနေတာကြောင့် ယခုလိုကုန်သွယ်မှုလျော့နည်းရတာဖြစ်ကြောင်း သိရပါတယ်။ အဆိုပါသီတင်းပတ်အတွင်း မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၂၇၇၂၀ တန်ဖိုးရှိ ပြောင်း ၁၃၂ တန်ကို ထိုင်းနိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။

**မော်မော်အောင်**

## နှမ်း

# ဒီတစ်ပတ် နှမ်းတန်ချိန် ၉၀ကျော်တင်ပို့

ဖေဖော်ဝါရီ ၃ ရက်မှ ၉ ရက် သီတင်းပတ်အတွင်း နှမ်း ၉၅ ဒသမ ၀၂ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ် အင်ဒိုနီးရှားနိုင်ငံသို့ ၃၀ ဒသမ ၅၀ တန်၊ မလေးရှားနိုင်ငံသို့ တန်ချိန် ၂၀၊ ယီမင်နိုင်ငံသို့ ၁၆ ဒသမ ၅၂ တန်နဲ့ အိန္ဒိယနိုင်ငံသို့ ၂၈ တန်တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် အင်ဒိုနီးရှားနိုင်ငံသို့ အများဆုံးတင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က နှမ်း၁၃၁ တန်တင်ပို့ခဲ့တာကြောင့် ဒီတစ်ပတ်တင်ပို့မှုနဲ့ နှိုင်းယှဉ်ရင် တန်ချိန် ၃၀ ကျော် တင်ပို့မှုလျော့နည်းခဲ့တယ်လို့ သိရပါတယ်။ နှမ်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂၉၄၅၇ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**

## မန်ကျည်း

# ဒီတစ်ပတ် မန်ကျည်း တန်ချိန် ၈၀၀ကျော်တင်ပို့

ဖေဖော်ဝါရီလ ၃ ရက်မှ ၉ ရက်အထိ သီတင်းပတ်အတွင်း မန်ကျည်း ၈၁၇ ဒသမ ၇၅ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ် အင်ဒိုနီးရှားနိုင်ငံသို့ ၂၅ တန်၊ မလေးရှားနိုင်ငံသို့ တန် ၅၀၊ ပါကစ္စတန်နိုင်ငံသို့ ၃၄၅ တန်၊ စင်ကာပူနိုင်ငံသို့ ၄၇ ဒသမ ၇၅ တန်၊ ထိုင်းနိုင်ငံသို့ ၂၅တန်နဲ့ ဗီယက်နမ်နိုင်ငံသို့ ၃၂၅ တန် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပါကစ္စတန်နိုင်ငံသို့ အများဆုံးတင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တင်ပို့ခဲ့တဲ့ မန်ကျည်း တန်ချိန် ၃၄၀ ကျော်နဲ့နှိုင်းယှဉ်ရင် တန်ချိန် ၄၆၀ ကျော် ပိုမိုတင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် မန်ကျည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂၆၄၃၂၀ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**

## ချင်း

# ဒီတစ်ပတ် ချင်းတန်ချိန် ၁၄၀၀ ကျော်တင်ပို့

ဖေဖော်ဝါရီ ၃ ရက်မှ ၉ ရက်အထိ သီတင်းပတ်အတွင်းချင်း ၁၄၀၂ ဒသမ ၅၄ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ် ဩစတြေးလျနိုင်ငံသို့ သုည ဒသမ ၀၄တန်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ၁၁၅၃ ဒသမ ၅၀ တန်၊ အိန္ဒိယနိုင်ငံသို့ ၄၇ တန်၊ မလေးရှားနိုင်ငံသို့ ၁၃၅ တန်နဲ့ စင်ကာပူနိုင်ငံသို့ ၆၇ တန်တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တင်ပို့ခဲ့တဲ့ချင်းတန်ချိန် ၁၀၁၀ ကျော်နဲ့ နှိုင်းယှဉ်ရင် တန်ချိန် ၃၈၀ ကျော် ပိုမိုတင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ချင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂၈၈၂၃၉ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**



## နေကြာ

# မကွေးတိုင်းတွင် နေကြာအသစ် အရောင်းအဝယ်ဖြစ်

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်နှင့်ရေနံချောင်းမြို့နယ်မှ နေကြာများ အသစ်ဝင်ရောက်လျက်ရှိပြီး အရောင်းအဝယ်ဖြစ်ကာ ဈေးကောင်းရနေကြောင်း ဒေသခံများထံက သိရသည်။

ပွင့်ဖြူမြို့နယ်နှင့် ရေနံချောင်းမြို့နယ်တွင် နေကြာကိုဒေသမျိုးအပြင် ရေဆင်းနေကြာမျိုးများကိုလည်း စိုက်ပျိုးကြပြီး အထွက်နှုန်း တစ်ဧက ၁၅ တင်း ထွက်ရှိကြောင်းသိရသည်။ "ပွဲစားတွေကနေကြာတစ်ပိဿာ ကျပ် ၁၄၀၀ နှင့် ဝယ်တယ်။ တစ်တင်းကျပ်၁၃၀၀၀ရတယ်။ တောင်သူများအနေနှင့် တွက်ခြေကိုက်ပါတယ်။ ဘာလို့လဲဆိုတော့နေကြာက အလုပ်သမား ငှားရတာသက်သာတယ်။ ပြီးတော့ နေကြာဆီအဖြစ် ကြိတ်ခွဲဖို့ ဝယ်နေကြသလို နေကြာဆီတစ်ပိသာလျှင်ကျပ် ၅၀၀၀ နဲ့ ရောင်းရတယ်"ဟုရေနံချောင်းမြို့နယ် ဒေသခံဈေးကွက်က သိရသည်။

နေကြာအသစ်တွေပေါ်ချိန် ယခင်နှစ်ကာလတူက နေကြာတစ်ပိဿာကျပ် ၁၀၀၀ ဝယ်ခဲ့ကြောင်း ယခုနှစ်ဈေးကောင်းရကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။

**ဆန်းညွန့်(ရေနံချောင်း)**

# ပြည်တွင်းပဲဈေးနှုန်းများ ကျဆင်းမှုမရှိစေရေးဆက်လက်ဆောင်ရွက်ရမည့်ကိစ္စနှင့်ပတ်သက်၍ အစည်းအဝေးကျင်းပ

အိန္ဒိယနိုင်ငံမှ တရားရုံးခွင့်ပြုချက်ဖြင့် တင်သွင်းနေသည့် မတ်ပဲနှင့်ပဲစင်းငုံတို့အား အိန္ဒိယနိုင်ငံ အကောက်ခွန်ဌာနမှ ရပ်ဆိုင်းလိုက်ခြင်းကြောင့် ပြည်တွင်းပဲဈေးနှုန်းများ ကျဆင်းမှု မရှိစေရေး ဆက်လက်ဆောင်ရွက်ရမည့်ကိစ္စနှင့်ပတ်သက်၍ ပဲမျိုးစုံတင်ပို့မှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအထူးလုပ်ငန်းအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို အလုံမြို့နယ်၊ ကမ်းနားလမ်း၊ Shwe Zabu River View Complex ၌ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီ ၉ ရက်တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါ အစည်းအဝေးသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် ဦးအောင်စိုး ဦးဆောင်၍ ဌာနဆိုင်ရာအရာရှိကြီးများ၊ ပညာရှင်များ၊ UMFCCI မှ တာဝန်ရှိသူများ၊ ပဲအခြေခံစားသောက်ကုန်လုပ်ငန်းမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံပဲမျိုးစုံနှင့်နှမ်းကုန်သည်များအသင်းမှ တာဝန်ရှိသူများ၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး နှင့်ဧရာဝတီတိုင်းဒေသကြီးမှ ပဲစိုက်ပျိုးထုတ်လုပ်သူတောင်သူ ကိုယ်စားလှယ်များ စုစုပေါင်း ၂၃ ဦး တက်ရောက်ခဲ့ပါသည်။



အစည်းအဝေးတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် ဦးအောင်စိုးက အမျိုးသားပို့ကုန်မဟာဗျူဟာတွင် ပဲမျိုးစုံကိုထည့်သွင်းထားပါကြောင်း၊ ပဲမျိုးစုံမှာ ပြည်တွင်းစားသုံးမှုနည်းပြီး Export ကို အားထားသည့် သီးနှံဖြစ်ကြောင်း၊ ပဲတင်သွင်းမှုများအပေါ် အိန္ဒိယက ကန့်သတ်မှုများရှိလာသည့်အတွက် ရေတို/ရေရှည်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ ချမှတ်နိုင်ရေး အကြံပြုဆွေးနွေးပေးကြရန် အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။

အစည်းအဝေးတက်ရောက်လာသူများက ဆွေးနွေးရာတွင် ၂၀၁၈ ခုနှစ်၊ ဩဂုတ်လတွင် ပဲနှင့်ပတ်သက်၍ Forum ကျင်းပခဲ့ပြီး မတ်ပဲ၊ ပဲစင်းငုံလျှော့စိုက်ရန် ဆုံးဖြတ်ခဲ့ကြကြောင်း၊ ပဲစင်းငုံလျှော့စိုက်ပြီး နှမ်းသီးနှံအစားထိုးစိုက်ပျိုးခဲ့သည့် တောင်သူများ အဆင်ပြေကြောင်း၊ မတ်ပဲ မစိုက်မီဈေးအနည်းငယ် ပြန်တက်လာသည့်အတွက် တောင်သူများ၏ ယခုနှစ်မတ်ပဲစိုက်ပျိုးမှုသည် ယခင်နှစ်စိုက်ပျိုးမှု၏ ၈၀ ရာခိုင်နှုန်းထိ စိုက်ပျိုးခဲ့ကြောင်း၊ ယခုနှစ်မတ်ပဲ အထွက်တန်ချိန် ၅ သိန်းကျော်ထွက်မည်ဟုခန့်မှန်းကြောင်း၊ မတ်ပဲ အထွက်တန်ချိန် ၃ သိန်းခွဲ (၄)သိန်းထိန်း၍ စိုက်ပျိုးလျှင် ဈေးကွက်တည်ငြိမ်နိုင်ကြောင်း၊ ရေတိုအတွက် နိုင်ငံတော်နှင့် ပဲ/နှမ်းအသင်းတို့ ပူးပေါင်းပြီး Short term loan တစ်ခုခုဖြင့် ပဲဝယ်နိုင်ရေး စီမံဆောင်ရွက်ရန်၊ အိန္ဒိယအစိုးရနှင့် G to G ရောင်းချနိုင်ရေးညှိနှိုင်းရန်၊ ရေရှည်အတွက် အစားထိုးသီးနှံများစိုက်ပျိုးရန်၊ ပြည်ပဈေးကွက်တိုးချဲ့ရှာဖွေရန်၊ တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး ဘက်ပေါင်းစုံမှ အားပေးရန်၊ ဆက်သွယ်ရေးကောင်းမွန်သော ဒေသများတွင် ခေတ်မီပဲသိုလှောင်ရုံကြီးများ တည်ဆောက်ပြီး သီးနှံအာမခံစနစ်မျိုးထားနိုင်ရန်၊ မျိုးကောင်း/မျိုးသန့်ဖြန့်ဖြူးရန်၊ တစ်နိုင်ငံလုံး လွှမ်းခြုံသည့် အလေးချိန်၊ ယူနစ်တစ်ခုသုံးရန် စသည်ဖြင့် ရေတို/ရေရှည်ဆောင်ရွက်ရန် နည်းလမ်းလုပ်ငန်းစဉ်များဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **ထားလှိုင်(ရန်ကုန်)**

# ဧရာဝတီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီမှ ပြည်တွင်း/ပြည်ပရင်းနှီးမြှုပ်နှံမှု လုပ်ငန်း(၃)ခု ခွင့်ပြုမိန့်ချထားပေး

ဧရာဝတီတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ၁/၂၀၁၉အစည်းအဝေးမှ ၂၀၁၉ ခုနှစ်အတွင်း ပထမဦးဆုံးအကြိမ်ပြည်တွင်း/ပြည်ပရင်းနှီးမြှုပ်နှံမှုလုပ်ငန်း သုံးခုအား ခွင့်ပြုမိန့်ချထားပေးခဲ့ကြောင်း သိရသည်။

ငွေဆောင်မှာ ၂၀၁၈ ခုနှစ်အတွင်း ဧရာဝတီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုပြပွဲကျင်းပပြုလုပ်၍ပြည်တွင်းပြည်ပရင်းနှီးမြှုပ်မှုလုပ်ငန်းများကိုချပြခဲ့ပြီး လုပ်ငန်းရှင်များမှ စိတ်ဝင်စားမှု မြင့်တက်ခဲ့ကြောင်း တိုင်းအတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများလာရောက်လုပ်ကိုင်ရာတွင် အိမ်ရာစီမံကိန်းလုပ်ငန်းနှင့်စက်မှုလက်မှုလုပ်ငန်းများ အများဆုံးဖြစ်ပြီး လက်ရှိမှာလည်း ပုသိမ်မြို့နယ် ချောင်းသာအနီးပြည်တွင်း ကုမ္ပဏီတစ်ခုမှတည်ဆောက်မည့် အိမ်ရာဆောက်လုပ်ငှားရမ်းခြင်းလုပ်ငန်း၊ မအူပင်မြို့နယ် ဝါးတောင်ကျေးရွာတွင်ပြည်ပကုမ္ပဏီတစ်ခုမှရင်းနှီးမြှုပ်မည့်အထည်ချုပ်လုပ်ငန်း၊ပုသိမ်မြို့နယ်တွင်အုန်းဆံမျှင်များအား ဘလောက်တုံးများပြုလုပ်၍ ပြည်ပသို့ တင်ပို့မည့်ရင်းနှီးမြှုပ်မှု လုပ်ငန်းသုံးခုအား ထပ်မံခွင့်ပြုမိန့်ပေးခဲ့ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။ **မင်းမင်းဦး(ပုသိမ်)**

# ရမည်းသင်းမြို့တွင် ကုန်စည်(သို့)ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ စားသုံးသူဥပဒေရေးရာအကြောင်း သိကောင်းစရာ ဟောပြောဆွေးနွေးပွဲကျင်းပ

စားသုံးသူရေးရာဦးစီးဌာန(မန္တလေးတိုင်းဒေသကြီး)နှင့် မြန်မာနိုင်ငံ စားသောက်ကုန် ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း(မန္တလေး)တို့ ပူးပေါင်း၍ ဖေဖော်ဝါရီလ ၇ရက်တွင် ရမည်းသင်းခရိုင် ရမည်းသင်းမြို့သီလဝခန်းမတွင် ကျင်းပပြုလုပ်သည့် ကုန်စည်(သို့)ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍စားသုံးသူ ဥပဒေရေးရာ အကြောင်းသိကောင်းစရာဟောပြောဆွေးနွေးပွဲကို ကျင်းပပြုလုပ်ခဲ့ပါသည်။

ဆွေးနွေးပွဲတွင် စားသုံးသူရေးရာဦးစီးဌာန(မန္တလေးတိုင်းဒေသကြီး)ဦးစီးမှူးနှင့် ရမည်းသင်းခရိုင် ခေတ္တခရိုင်အုပ်ချုပ်ရေးမှူးတို့မှ အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ စားသောက်ကုန်ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း (မန္တလေးတိုင်းဒေသကြီး) ဥက္ကဋ္ဌနှင့် စားသုံးသူရေးရာဌာနခွဲတာဝန်ခံအရာရှိတို့မှ ကုန်စည်(သို့)ဝန်ဆောင်မှုနှင့် စပ်လျဉ်း၍ စားသုံးသူဥပဒေရေးရာအကြောင်း သိကောင်းစရာများနှင့် ထုတ်ကုန်ပစ္စည်းများမြန်မာဘာသာ(သို့) မြန်မာဘာသာနှင့် အခြားဘာသာတွဲလျက်ထုတ်လုပ်ဖြန့်ဖြူးရောင်းချရန် ညွှန်ကြားချက်တို့အား အကျယ်တဝင့် ဆွေးနွေးခဲ့ကြပါသည်။

ဆွေးနွေးပွဲသို့ လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်နှင့်မြို့ နယ်အဆင့်ဌာနဆိုင်ရာအကြီးအကဲများ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ စီးပွားရေးလုပ်ငန်းရှင်များ စုစုပေါင်းအင်အား ၁၈၀ ဦးတက်ရောက်ခဲ့ပါသည်။ **မူမူသန်း(မိတ္ထီလာ)**

# ကျောက်ဆည်မြို့ အေးမြကြည်လင်ဈေးမှ သုံးစွဲရန် မသင့်သည့်ပစ္စည်းများ ဖျက်ဆီး

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့၊ အေးမြကြည်လင်ဈေးရှိ စားသုံးသူပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစေရန်၊ သုံးစွဲရန် မသင့်သည့် အစားအသောက်များ ရောင်းချခြင်းရှိ/ မရှိကွင်းဆင်းစစ်ဆေးခြင်းနှင့် စီးပွားရေးလုပ်ငန်းရှင်များကို စားသုံးသူအကာအကွယ်ပေးရေးဗဟိုကော်မတီမှ ထုတ်ပြန်ထားသောအမိန့်ကြော်ငြာစာ ၁/၂၀၁၈ နှင့် ၁/၂၀၁၉ ရှင်းလင်းပြောကြားခြင်းများကို ဇန်နဝါရီလ ၃၀ ရက်က ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။

ကွင်းဆင်းဟောပြောဆွေးနွေးပွဲအပြီးတွင် ပူးပေါင်းအဖွဲ့ဖြင့် ကွင်းဆင်းစစ်ဆေးရာ အများပြည်သူသုံးစွဲရန် မသင့်သည့် ကျင်ထုံခြင်ဆေးခွေ(၇၀)ဘူးနှင့် အရောင်တင်မှုန့်(၂) ပိဿာတွေ့ရှိခဲ့သဖြင့် အဖွဲ့ဖြင့်သိမ်းဆည်းပြီး အဆိုပါသုံးစွဲရန် မသင့်ပစ္စည်းများကိုခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့သို့ တင်ပြခဲ့ရာ ဖေဖော်ဝါရီ ၆ ရက်တွင် အေးမြကြည်လင် စည်ပင်သာယာဈေးအနီးတွင် အဖွဲ့ဖြင့် မြေမြှုပ်ဖျက်ဆီးခဲ့ကြောင်းသတင်းရရှိပါသည်။ **စပယ်လှိုင်(ကျောက်ဆည်)**

# ရာမညကုန်သွယ်မှုဗဟိုဌာနတွင် ကျေးရွာဖွံ့ဖြိုးရေး ရန်ပုံငွေစီမံခန့်ခွဲမှုသင်တန်း ဖွင့်လှစ်ကျင်းပ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ရာမညကုန်သွယ်မှုဗဟိုဌာနသည် ပြည်တွင်းကုန်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသထွက်ကုန်ပြခန်း ဖွင့်လှစ်ထားရှိခြင်း၊ ပို့ကုန်အလားအလာရှိသောကုန်စည်များအား လေ့လာ၍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခြင်း၊ စီးပွားရေးလုပ်ငန်းရှင်အသင်းအဖွဲ့များ၊ ကုမ္ပဏီများ၊ အခြားအဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်ခြင်းကိစ္စရပ်များ ဆောင်ရွက်လျက်ရှိပါတယ်။

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ရာမညကုန်သွယ်မှုဗဟိုဌာနတွင် မုတ္တမပင်လယ်ကွေ့စီမံချက် (Gulf of Mottama Project 'GoMP' ) မှ ကျေးရွာဖွံ့ဖြိုးရေးရန်ပုံငွေ စီမံခန့်ခွဲမှုသင်တန်းအား ကျင်းပခဲ့ပါတယ်။

Gulf of Mottama Project 'GoMP' သည် စီမံချက်ပါအတိုင်း ဆောင်ရွက်ရန် မွန်ပြည်နယ်အတွင်းရှိ ကျိုက်ထို၊ သထုံ၊ ပေါင်၊ ဘီးလင်း၊ ချောင်းဆုံ (၅)မြို့နယ်နှင့် ပဲခူးတိုင်းအတွင်းရှိ ဝေါ၊ သနပ်ပင်၊ ကဝ (၃)မြို့နယ် စုစုပေါင်း (၈) မြို့နယ်တွင် စီမံကိန်းဧရိယာ Sector (၃)ခုအဖြစ် ကျိုက်ထိုမြို့နယ်၊ မော်လမြိုင်မြို့နယ်၊ သနပ်ပင်မြို့နယ်များတွင် ရုံး(၃)ရုံးခွဲ၍ ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါတယ်။



အဆိုပါ Sector(၃)ခုအနက် မွန်ပြည်နယ်၊ မော်လမြိုင်မြို့နယ်ရုံးမှ ကျေးရွာဖွံ့ဖြိုးရေးရန်ပုံငွေ စီမံခန့်ခွဲမှုသင်တန်းအား ရာမညကုန်သွယ်မှုဗဟိုဌာနတွင် ဖေဖော်ဝါရီလ ၁၃ ရက်မှ ၁၅ ရက်အထိ ဖွင့်လှစ်ကျင်းပခဲ့ပြီး ကျေးရွာပေါင်း ၁၆ ရွာမှ သင်တန်းသူ/သင်တန်းသား ၅၀ ကျော် တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိပါတယ်။ Win Myat -**ရာမည**

# မူဆယ်မှ ဝါဂွမ်းတန် ၃၀၀ကျော် တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ ဖေဖော်ဝါရီ ၂ ရက်မှ ၈ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၆၈၂၀၀၀ တန်ဖိုးရှိငွေချည်-၆- ဝါတန် ၃၁၀ ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က တန်ချိန် ၁၀၀၀ တင်ပို့ခဲ့လို့ ယခုတစ်ပတ်တန် ၇၀၀ ခန့် လျော့နည်းခဲ့တာတွေ့ရပါတယ်။ တစ်ဖက်နိုင်ငံရဲ့နှစ်သစ်ကူးပွဲတော်ကာလဖြစ်လို့ တင်ပို့မှုလျော့နည်းရတာလို့ သိရပါတယ်။ တရုတ်နိုင်ငံက ယခုလိုပုံမှန်ဝယ်ယူမှုကြောင့် ဝါစိုက်တောင်သူတွေအတွက် အခြေအနေကောင်းကြောင်း၊ ဝါစိုက်ပျိုးမှုကို တောင်တွင်းကြီး၊ ပျော်ဘွယ်၊ ရမည်းသင်း၊ စလေ၊ချောက်၊ အောင်လံ၊ ပေါင်းတည်နဲ့ ဝက်ထီးကန်ဒေသတွေမှာ အများဆုံးစိုက်ပျိုးကြကြောင်း သတင်းရရှိပါတယ်။ **မော်မော်အောင်**

## ဒီတစ်ပတ် ဓာတ်ဆီရောဒီဇယ်ပါ အဝင်လျော့

ဖေဖော်ဝါရီလ ၃ ရက်မှ ၉ ရက်အထိသီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁၃၁၂၈၈၃၀တန်ဖိုးရှိ ဓာတ်ဆီ ၃၀၇၃၃ ဒသမ ၆၉တန်နဲ့ အမေရိကန်ဒေါ်လာ ၁၁၈၄၀၁၄၀ တန်ဖိုးရှိ ဒီဇယ် ၂၃၉၅၃ ဒသမ ၀၇ တန်၊ စုစုပေါင်း ၅၄၆၈၆ ဒသမ ၇၆ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ဒီဇယ်တန်ချိန် ၆၄၂၃၀ ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ ဒီဇယ်တန်ချိန် ၄၀၂၇၀ ကျော် တင်သွင်းမှုလျော့နည်းခဲ့သလို ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ဓာတ်ဆီတန်ချိန် ၅၅၄၇၀ ကျော်နဲ့ နှိုင်းယှဉ်ရင်တန်ချိန် ၂၄၇၃၀ကျော် တင်သွင်းမှုလျော့နည်းခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ဒီဇယ်ရောဓာတ်ဆီပါ တင်သွင်းမှု လျော့နည်းခဲ့ပါတယ်။

နယ်စပ်စခန်းဖြစ်တဲ့ မြိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၂၃၇၉၁၅၀ တန်ဖိုးရှိ ဒီဇယ် ၄၃၉၉ ဒသမ ၇၃ တန်ကိုတင်သွင်းခဲ့သလို တာချီလိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၄၁၃၆၈၂ တန်ဖိုးရှိ ဒီဇယ် ၂၉၁ ဒသမ ၃၆ တန်နဲ့ အမေရိကန်ဒေါ်လာ ၂၄၀၃၃၆ တန်ဖိုးရှိဓာတ်ဆီ ၅၁၀ ဒသမ ၂၈၆ တန်တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ **သီတာဝင်း(DOT)**

## တရုတ်နှစ်သစ်ကူးပွဲတော်အတွက် တင်ပို့တဲ့ကြံ

၂၀၁၉ ခုနှစ် ဖေဖော်ဝါရီပထမပတ်မှာကျရောက်တဲ့ တရုတ်နှစ်သစ်ကူးပွဲတော်အတွက် မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်နဲ့ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းများမှ ဖေဖော်ဝါရီ ၂ ရက်မှ ၈ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၅၈၄ သန်းတန်ဖိုးရှိ ကြံတန်ချိန် ၇၃၀၀ ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက်တင်ပို့မှုမှာ မူဆယ်မှတန် ၃၀၀ နဲ့ ချင်းရွှေဟော်မှ တန် ၇၀၀၀ ဖြစ်ပါတယ်။ ယခင်တစ်ပတ်က လွယ်ဂျယ်မှ တန် ၁၀၀၀ နဲ့ ချင်းရွှေဟော်မှ တန်၁၀၀ တင်ပို့ခဲ့ပါတယ်။ နှစ်သစ်ကူးချိန်မှာ တရုတ်လူမျိုးတွေရဲ့ လာဘ်ကောင်းစေရန် ဆုတောင်းတဲ့အနေနဲ့ မိမိတို့နေအိမ်များနဲ့ဘုံကျောင်းတွေမှာစိုက်ထူတဲ့ အလေ့အထရှိတာမို့ ယခုလိုနှစ်သစ်ကူးကာလအတွင်း ကြံကိုတင်ပို့မှုရှိတာလို့ သိရပါတယ်။ **မော်မော်အောင်**

## ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဝါးပိုမိုတင်ပို့

ဖေဖော်ဝါရီ ၂ ရက်မှ ၈ ရက်အထိ ရက်သတ္တပတ်အတွင်း မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ မောင်တောကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၄၄၀၄ တန်ဖိုးရှိဝါးလုံးအကြီး ၅၅ တန်ခွဲတင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၁၅ တန်နဲ့ နှိုင်းယှဉ်ပါက တန် ၄၀ ကျော် ပိုမိုတင်ပို့နိုင်တာတွေ့ရပါတယ်။ မောင်တောဆိပ်ကမ်းမှဝါးလုံးများကို အကြီး/အသေးအလိုက် ဝါးဖောင်များဖွဲ့ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့ကြတယ်လို့ သိရပါတယ်။ **မော်မော်အောင်**

## ထိုင်းနိုင်ငံသို့ ပျားရည်တင်ပို့

ဖေဖော်ဝါရီ ၂ ရက်မှ ၈ ရက်အထိ ရက်သတ္တပတ်အတွင်း မြန်မာ-ထိုင်းနယ်စပ်ရှိမြဝတီကုန်သွယ်ရေးဇုန်မှတစ်ဆင့် ထိုင်းနိုင်ငံသို့ အမေရိကန်ဒေါ်လာ ၃၀၀၀၀ တန်ဖိုးရှိ ပျားရည်တန် ၃၀ တင်ပို့ခဲ့ပါတယ်။

မြန်မာနိုင်ငံတွင် ပျားမွေးမြူရေးလုပ်ငန်းကို မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနဲ့ရှမ်းပြည်နယ်တို့တွင် အများဆုံးလုပ်ကိုင်လျက်ရှိကြောင်း၊ ပျားရည်တွင်ဆီးပျားရည်၊ လဲမှိုပျားရည်၊ နေကြာပျားရည်နဲ့ပန်းနှမ်းပျားရည်ဆိုပြီး မှီတွယ်ရတဲ့သစ်ပင်အမျိုးအစားအလိုက် ပျားရည်မျိုးကွဲများရရှိကာ ဈေးကွက်သို့ တင်ပို့ကြရကြောင်း သိရပါတယ်။ **မော်မော်အောင်**

## ပြည်တွင်းရွှေဈေး အမြင့်တန်းမှာ ဈေးငြိမ်နေခဲ့တဲ့ ရက်သတ္တပတ်

ပြည်တွင်းရွှေဈေးနှုန်းသည် ဖေဖော်ဝါရီဒုတိယပတ်အတွင်း ကျပ်ဆယ်သိန်းခုနှစ်သောင်းကျော်ဖြင့်သာ အရောင်းအဝယ်ရှိခဲ့ပြီး ဈေးငြိမ်နေခဲ့ကြောင်းသတင်းရရှိသည်။ ဖေဖော်ဝါရီပထမပတ်တွင် ပြည်တွင်းရွှေဈေးမှာ အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၁၀၇၁၀၀၀ဖြင့်ရှိခဲ့ရာမှ ဖေဖော်ဝါရီဒုတိယပတ်တွင် ကျပ်၁၀၇၃၀၀၀ သို့ ထပ်မံမြင့်တက်ခဲ့ကြောင်း သိရသည်။

"ပြည်တွင်းရွှေဈေးက အမြင့်တန်းမှာပဲ ဆက်ရှိတယ်။ အရောင်းအဝယ်လည်း ပုံမှန်ပဲရှိတယ်။ ဒါပေမယ့်လည်း ရွှေက ဆက်တိုက်မြင့်တက်နေတော့ ဈေးကွက်သဘာဝအရ ပြန်ကျလာရင်လည်း အကျမကြမ်းစေချင်ဘူး။ အဲ့ဒါဆိုရင် ရင်းနှီးထားတဲ့သူတွေပဲ နစ်နာနိုင်တယ်။ ရွှေကို နိုင်ငံတကာထိ တင်ပို့ရောင်းချဖို့ကလည်း ဥပဒေပြင်ဆင်မှုကို စောင့်ရဖို့ရှိနေသေးသလို ဒေါ်လာကလည်း တက်မယောင်နဲ့ ပြန်ကျလာတာတွေက ရွှေဈေးအပေါ် သက်ရောက်မှုရှိခဲ့တယ်"ဟုပြည်တွင်းရွှေအရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်နေသူတစ်ဦးက ဆိုသည်။

ပြည်တွင်းရွှေဈေးကွက်တွင် ဖေဖော်ဝါရီ ၁၁ ရက်က အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၁၀၇၆၀၀၀ရှိခဲ့ရာမှ ဖေဖော်ဝါရီ၁၃ရက်တွင်အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ်၁၀၇၃၀၀၀သို့ ကျဆင်းခဲ့ပြီး ဖေဖော်ဝါရီ ၁၅ရက်တွင်လည်း ကျပ် ၁၀၇၃၀၀၀ဖြင့် ဈေးပိတ်ခဲ့ကြောင်း သိရသည်။ ကမ္ဘာ့ရွှေဈေးကွက်မှာတော့ ဖေဖော်ဝါရီ၁၁ရက်က ရွှေတစ်အောင်စလျှင် ၁၃၀၇အမေရိကန်ဒေါ်လာရှိခဲ့ရာမှ ဖေဖော်ဝါရီ ၁၃ရက်တွင် တစ်အောင်စလျှင် ၁၃၁၁အမေရိကန် ဒေါ်လာသို့ မြင့်တက်ခဲ့ပြီး ဖေဖော်ဝါရီ ၁၅ရက်တွင် ရွှေတစ်အောင်စလျှင် ၁၃၁၇အမေရိကန်ဒေါ်လာသို့ ဆက်လက်မြင့်တက်ခဲ့ကြောင်း သိရသည်။ **သန်းထိုက်အောင်**

## ပြည်တွင်းငွေလဲနှုန်း အနည်းငယ်ကျလာ

ပြည်တွင်းငွေလဲဈေးကွက်သည် ဖေဖော်ဝါရီဒုတိယပတ်အတွင်း ဈေးနှုန်းအနည်းငယ်ကျဆင်းလာခဲ့ကြောင်း စုံစမ်းသိရှိရသည်။မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကလည်း ရည်ညွှန်းငွေလဲနှုန်းကို ဇန်နဝါရီနောက်ဆုံးပတ်တွင် အမေရိကန်တစ်ဒေါ်လာလျှင် ၁၅၃၈ ကျပ်သတ်မှတ်ခဲ့ ရာမှ ဖေဖော်ဝါရီပထမပတ်တွင် ၁၅၃၁ ကျပ်သို့ ပြောင်းလဲသတ်မှတ်ခဲ့ကြောင်း သိရသည်။

အမေရိကန်စီးပွားရေး ကောင်းမွန်လာခြင်း၊ ကမ္ဘာ့ရေနံဈေးနှုန်းတန့်နေခြင်း၊ ဂလိုဘယ်စီးပွားရေး တုံ့ဆိုင်းနေခြင်းအပြင် အမေရိကန်ဗဟိုဘဏ်အတိုးနှုန်းများ ဆက်လက်မြင့်တက်ရန် အလားအလာကောင်းနေခြင်းများကြောင့် နိုင်ငံတကာဈေးကွက်တွင် ဒေါ်လာမှာ မျက်နှာပန်းလှနေကြောင်း၊ ပြည်တွင်းဈေးကွက်တွင်လည်း ဒေါ်လာငွေလဲလှယ်နှုန်းမှာ အမြင့်တန်းပင်ရှိနေသော်လည်း ပြည်တွင်းရွှေဈေးမြင့်တက်နေခြင်းကြောင့် ရွှေအပေါ် ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားမှုမြင့်တက်နေကြောင်း၊ ဒေါ် လာငွေကြေးတန်ဖိုးတက်နေခြင်းကြောင့် ကမ္ဘာ့ကုန်သွယ်ရေးလောကအတွင်း ဒေါ်လာငွေရှားပါးရာမှ ပဋိပက္ခများဖြစ်ပေါ်လာနိုင်သည့် အလားအလာများရှိနေကြောင်း ပြည်တွင်းငွေကြေးအရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်နေသူတစ်ဦးက ပြောသည်။

ပြည်တွင်းငွေလဲနှုန်းဈေးကွက်တွင် ဖေဖော်ဝါရီ၁၁ရက်က အမေရိကန်တစ်ဒေါ်လာ ရောင်းဈေး ၁၅၂၇ကျပ်၊ ဝယ်ဈေး ၁၅၂၃ကျပ်မှ ဖေဖော်ဝါရီ ၁၃ရက်တွင် ရောင်းဈေး ၁၅၂၄ကျပ်၊ဝယ်ဈေး ၁၅၂၀ကျပ်သို့ရောက်ရှိခဲ့ပြီး ဖေဖော်ဝါရီ ၁၅ ရက်တွင် ရောင်းဈေး ၁၅၂၂ကျပ်၊ ဝယ်ဈေး ၁၅၁၇ကျပ်သို့ ကျဆင်းခဲ့ကြောင်း သိရသည်။ **သန်းထိုက်အောင်**

## Building Wealth in Stock Investment ဟောပြောပွဲပြုလုပ်မည်

Myanmar Securities Exchange Centre Co.,Ltd(MSEC) မှ " Building Wealth in Stock Investment" ခေါင်းစဉ်ဖြင့် စတော့ရှယ်ယာ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဟောပြောပွဲ ပြုလုပ်မည်ဖြစ်ရာ စတော့ရှယ်ယာဈေးကွက် စိတ်ပါဝင်စားသူများ၊ စတော့ဈေးကွက်တွင် ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်လိုသူများ တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။

ယခု ဟောပြောပွဲအခမ်းအနားကို အမှတ် ၂၃၉၊ပြည်လမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့ရှိ Strategy First Pyay Campus၌ ဖေဖော်ဝါရီ ၂၄ ရက်၊ ညနေ နှစ်နာရီမှ ငါးနာရီအထိ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ဟောပြောမည့် အကြောင်းအရာများ မှာ MSECအကြောင်း မိတ်ဆက်ခြင်း၊ စတော့ဈေးကွက်အခြေခံနှင့် အားသာချက်များ၊ဂျပန်နိုင်ငံစတော့ဈေးကွက်ဖြစ်ပေါ်လာပုံသမိုင်းကြောင်း Video Presentation၊ စတော့ဈေးကွက်မှတစ်ဆင့် ကြွယ်ဝချမ်းသာမှုတည်ဆောက်ရန် နည်းလမ်းများတင်ပြခြင်း၊ အွန်လိုင်းမှတစ်ဆင့် စတော့ရှယ်ယာရောင်းဝယ်ခြင်း စသည်တို့ကို MSECမှ တင်ပြဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

ဟောပြောပွဲသို့ တက်ရောက်လိုသူများအနေဖြင့် ဖုန်း- ၀၁ ၃၇၆၈၂၂ လိုင်းခွဲ (၀)နှင့် e-mailလိပ်စာ- rsvp @msecmyanmar.comသို့ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **သန်းထိုက်အောင်**

## Currency Exchange Rate

February 15, 2019
Base Currency is United States Dollar - USD

| Currency Unit | | Units per USD |
|---|---|---|
| AUD | Australia Dollars | 1.41 |
| BDT | Bangladesh Taka | 83.96 |
| CAD | Canada Dollars | 1.33 |
| CNY | China Yuan Renminbi | 6.78 |
| EUR | Euro | 0.89 |
| H KD | Hong Kong Dollars | 7.85 |
| I NR | India Rupees | 71.30 |
| I DR | Indonesia Rupiahs | 14122.65 |
| JPY | Japan Yen | 110.37 |
| MYR | Malaysia | 4.08 |
| PKR | Pakistan Rupees | 139.69 |
| PHP | Philippines Pesos | 52.48 |
| RUB | Russia Rubles | 66.63 |
| SGD | Singapore Dollars | 1.36 |
| KRW | South Korea Won | 1128.69 |
| LKR | Sri Lanka Rupe | 178.64 |
| THB | Thailand Baht | 31.30 |
| GBP | United Kingdom Pounds | 0.78 |
| VND | VietnamDon | 23257.03 |

*Source:xe.com*

## World Gold Price

February- 2019 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 11 | 1313 | 1313 | 1313 |
| 12 | 1317 | 1316 | 1314 |
| 13 | 1317 | 1316 | 1314 |
| 14 | 1312 | 1310 | 1310 |
| 15 | 1317 | 1316 | 1315 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 11-2- 2019 | 1076.50 | 1076.00 |
| 12-2- 2019 | - | - |
| 13-2- 2019 | 1074.50 | 1074.00 |
| 14-2- 2019 | 1073.50 | 1073.00 |
| 15-2- 2019 | 1070.50 | 1070.00 |

## နယ်စပ်ငွေလဲလှယ်နှုန်း

ဖေဖော်ဝါရီလ ၂၀၁၉ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 11 | 6.77 | 31.47 | 83.89 | 71.15 |
| 12 | 6.76 | 31.25 | 83.92 | 70.47 |
| 13 | 6.76 | 31.30 | 83.98 | 70.61 |
| 14 | 6.76 | 31.38 | 83.91 | 70.92 |
| 15 | 6.78 | 31.30 | 83.96 | 71.30 |

## Energy NYMEX

15-2-2019

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 54.56 | 0.15 | 0.28 |
| Brent Crude Futr (USD/bbl) | 64.78 | 0.21 | 0.33 |
| Gasoline Rbob Fut (Cent/gal) | 151.35 | 0.50 | 0.33 |
| Natural Gas Futr (USD/MMBtu) | 2.55 | -0.02 | -0.82 |
| Heating Oil Futr (Cent/gal) | 197.72 | 0.56 | 0.28 |

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 11 -Febuary | 15.72 | 2693.29 | 1858.19 | 6197.65 | 791.00 |
| 12 -Febuary | 15.67 | 2631.58 | 1851.14 | 6129.10 | 790.00 |
| 13 -Febuary | 15.71 | 2655.82 | 1855.99 | 6132.63 | 790.00 |
| 14 -Febuary | 15.59 | 2630.03 | 1842.32 | 6150.70 | 785.00 |
| 15 -Febuary | 15.57 | 2596.09 | 1830.86 | 6113.24 | 784.00 |

## ဘိလပ်မြေ

# ဒီတစ်ပတ် ရေလမ်းရောနယ်စပ်လမ်းပါ ဘိလပ်မြေအဝင်လျော့

ဖေဖော်ဝါရီလ ၃ ရက်မှ ၉ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁၀၂၅၀၅ တန်ဖိုးရှိ ဘိလပ်မြေ ၂၆၀ ဒသမ ၄၂၉ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှတင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် ထိုင်းနိုင်ငံဘက်မှသာ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်ကတင်သွင်းခဲ့တဲ့ ဘိလပ်မြေ တန်ချိန် ၆၂၇၀ ကျော်နဲ့ နှိုင်းယှဉ်ရင် တန်ချိန် ၆၀၀၀ ကျော် တင်သွင်းမှုလျော့နည်းခဲ့ တယ်လို့ သိရပါတယ်။

ဖေဖော်ဝါရီလ ၂ ရက်မှ ၈ ရက်အထိ သီတင်းပတ်အတွင်း နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်မှာ၈၆၅၀ တန်ရှိခဲ့ပြီး ယခင်သီတင်းပတ်က ဘိလပ်မြေအဝင်မှာ တန်ချိန် ၁၃၅၇၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၄၉၂၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းရော နယ်စပ်လမ်းမှပါ အဝင်လျော့ခဲ့ပါတယ်။

# ဘိလပ်မြေဈေးကွက်အရောင်းပုံမှန်ရှိ

**မော်လမြိုင်ဘိလပ်မြေဈေးကွက်မှာ** အရောင်းအဝယ်ပုံမှန်ရှိပြီး ဈေးငြိမ်နေတယ်လို့ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင်မြန်မာ ကျပ် ၅၀၅၀၊ ဆင်(ထိုင်း) ကျပ် ၅၇၅၀၊ ကြံ့(မြန်မာ-လက်သစ်) ကျပ် ၄၇၅၀၊ ကြံ့နှစ်ကောင် (အနီ) ကျပ်၄၇၀၀၊ ကြံ့နှစ်ကောင် (အစိမ်း) ကျပ် ၄၄၀၀၊ စိန်(ထိုင်း) ကျပ်၅၅၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းသိရှိရပါတယ်။

**မန္တလေးဘိလပ်မြေဈေးကွက်မှာ** အရောင်းအဝယ်ပုံမှန်ရှိပြီး ဈေးငြိမ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ အေသုံးလုံး ကျပ် ၄၅၀၀၊ ကြံ့နှစ်ကောင် ကျပ် ၄၉၀၀၊ အယ်လ်ဖာ ကျပ် ၄၆၀၀၊ ဘလူးဒိုင်းမွန်း ကျပ် ၄၈၀၀၊ ခရောင်းကျပ် ၅၀၀၀၊ အပါချီကျပ် ၄၂၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းသိရှိရပါတယ်။

**မကွေးဘိလပ်မြေဈေးကွက်**မှာ အရောင်းအဝယ်က ပုံမှန်ထက်တော့ နည်းနည်း ပိုပြီးရောင်းရပါတယ်။ ဈေးနှုန်းကငြိမ်နေတယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး ဆိုင်မှ တာဝန်ရှိသူတစ်ဦးမှ ပြောပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာဆင်မြန်မာ ကျပ်၄၉၀၀၊ ကြံ့ကျပ် ၄၈၅၀၊ ဆင် (ထိုင်း) ကျပ် ၆၅၀၀၊ကမ္ဘောဇ ကျပ် ၄၃၀၀၊ အပါချီ ကျပ်၄၈၀၀၊ ဘလူးဒိုင်းမွန်း ကျပ် ၄၃၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** အရောင်းအဝယ်ပုံမှန်ရှိတယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ တာဝန်ရှိသူတစ်ဦးက ပြောပါတယ်။ ဒီတစ်ပတ် ကမ္ဘောဇ ဘိလပ်မြေက ကျပ် ၁၀၀ ဈေးမြင့်ခဲ့ပြီး ကျန်ဘိလပ်မြေများက ယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ စိန်(ထိုင်း) ကျပ် ၇၇၀၀၊ အေသုံးလုံး ကျပ် ၅၂၀၀၊ အပါချီ ကျပ် ၄၀၀၀၊ ကမ္ဘောဇ ကျပ် ၄၀၀၀၊ နဂါးကျပ်၄၃၀၀၊ ဆင်(ထိုင်း)ကျပ်၆၄၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**သီတာဝင်း(DOT) စုစည်းသည်**

## ဓာတ်မြေသြဇာ

# ဒီတစ်ပတ် မြေသြဇာတန်ချိန် ၃၀၀၀၀ ကျော်ဝင်

ဖေဖော်ဝါရီ ၃ ရက်မှ ၉ ရက် သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁၀၄၃၉၄၅၃ တန်ဖိုးရှိ မြေသြဇာ ၃၁၆၉၆ ဒသမ ၅၈၅ တန်ကိုပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် ဘီလာရုစ်နိုင်ငံမှ ၁၄၈၅ တန်၊ ကနေဒါနိုင်ငံမှ ၁၅၂၅ တန်၊ တရုတ်နိုင်ငံမှ ၁၂၅၇ ဒသမ ၅၀ တန်၊ ဂျာမနီနိုင်ငံမှ ၁၀၅၃ တန်၊ ကိုရီးယားနိုင်ငံမှ ၃၆၆၄ ဒသမ ၂၉ တန်၊ မလေးရှားနိုင်ငံမှ ၁၂၆၅၃ ဒသမ ၄၆ တန်၊ နော်ဝေနိုင်ငံမှ ၅၉၄ ဒသမ ၅၈ တန်၊ ရုရှားနိုင်ငံမှ ၂၀၂၄ ဒသမ ၈၇၃ တန်၊ ထိုင်းနိုင်ငံမှ ၇၀၀၉ ဒသမ ၆၉၅ တန်၊ နယ်သာလန်နိုင်ငံမှ ၁၂၉ ဒသမ ၁၈၇တန်နဲ့ဗီယက်နမ်နိုင်ငံမှ တန်ချိန် ၃၀၀ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ တင်သွင်းခဲ့တဲ့အမျိုးအစားများမှာ ပိုတက်၊ အမိုးနီးယမ်းဆာလဖိတ်၊ အာမို (၁၆း၁၆း၈)၊ ကွန်ပေါင်း(၁၅း၁၅း၁၅)၊ ပိုတက်ဆီယမ်ကလိုရိုဒ်၊ ဓာတ်ဆား၊ အော်ဂဲနစ်တို့ ဖြစ်ပါတယ်။ ယခင်သီတင်းပတ်က မြေသြဇာတန်ချိန် ၁၅၇၂၀ ကျော် တင်သွင်းခဲ့တာကြောင့် ဒီတစ်ပတ်တင်သွင်းမှုနဲ့နှိုင်းယှဉ်ရင် တန်ချိန် ၁၅၉၆၀ ကျော် ပိုမို တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

# မြေသြဇာဈေးကွက်အရောင်းအေး

ဖေဖော်ဝါရီလ ၂ ရက်မှ ၈ ရက်အထိ နယ်စပ်လမ်းမှမြေသြဇာအဝင်မှာ တန်ချိန် ၁၂၁၆၀ ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်က အဝင်မှာ တန်ချိန် ၁၀၂၂၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာတန်ချိန် ၁၉၃၀ ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ပြည်တွင်းဈေးကွက်များဖြစ်တဲ့ မော်လမြိုင်၊ တောင်ကြီးနဲ့ မကွေးမှာ အရောင်းအေးတယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ဒီတစ်ပတ်မှာလည်း အရောင်းအဝယ်အေးသလို ဈေးလည်းငြိမ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာပုလဲ-အကြီး(ထိုင်း)မြင်းပျံ ကျပ် ၃၁၅၀၀၊ ပုလဲ-မြန်မာ(အမ်ပီအီး) ကျပ် ၂၈၅၀၀၊ ပုလဲ-မြန်မာ(ရွှေတောင်-တရုတ်)ကျပ် ၂၉၀၀၀၊ ကွန်ပေါင်း (အစိမ်း) (၁၅း၁၅း၁၅) ကျပ် ၅၀၀၀၀၊ ကွန်ပေါင်း (ရွှေကောမတ်)(ထိုင်း)ကျပ် ၃၉၀၀၀၊ ကွန်ပေါင်း (၁၆း၁၆း၈)(မြင်းပျံ-ထိုင်း) ကျပ် ၃၁၅၀၀၊ တီစူပါ၄၆%(သံကွင်း-တရုတ်) ကျပ် ၂၅၀၀၀၊ ပိုတက် (မြန်မာသြဘာ)ကျပ် ၃၅၀၀၀၊ တီစူပါ (၁၂း၁၃) (မြွားကမ္ဘာ) ကျပ် ၁၃၅၀၀၊ ပိုတက် (အာမို) ကျပ် ၃၁၅၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းသိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** အရောင်းအဝယ်ကအေးတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာယူရီးယား-ပုလဲ(ပန်းဖူး)က ကျပ် ၅၀၀၊ မြွားကမ္ဘာက ကျပ် ၁၂၀၀ ဈေးလျော့ပြီး ဆိုက်ပါက ကျပ် ၅၀၀ ဈေးမြင့်ကာ ကျန်မြေသြဇာများက ယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ (ကမ္ဘာလုံး-တရုတ်) ကျပ်၃၂၀၀၀၊ ယူရီးယား (ရွှေတောင်-တရုတ်) ကျပ် ၂၈၇၀၀၊ ယူရီးယား (ပန်းဖူး-တရုတ်) ကျပ်၂၈၂၀၀၊ တီစူပါ၂၀% (တရုတ်) ကျပ် ၁၄၀၀၀၊ ပိုးသတ်ဆေး ကျပ် ၂၂၀၀၊ တီစူပါ ၁၅ ပတ်လည် (တရုတ်) ကျပ် ၄၀၅၀၀၊ တီစူပါ ၁၀း၁၀း၅ (တရုတ်) ကျပ် ၁၈၀၀၀၊ ဓာတ်ဆား (တရုတ်) ကျပ် ၁၇၅၀၀၊ ပိုတက်(တရုတ်) ကျပ်၂၉၅၀၀၊ ယူရီးယား (ယူအေအီး) ကျပ် ၂၉၅၀၀၊ မြွားကမ္ဘာကျပ် ၁၇၄၀၀၊ ရွက်ဖျန်းကျပ် ၃၀၀၀၊ ဆိုင်ကလုန်း ကျပ် ၃၀၀၀ ၊ ဆိုက်ပါ ကျပ် ၆၀၀၀ ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရပါတယ်။

**မကွေးဈေးကွက်မှာ** ဒီတစ်ပတ်မှာ အရောင်းအေးတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ယူရီးယား(ပုလဲ-ပန်းဖူး၊ ရွှေတောင်)က ကျပ် ၈၀၀ ဈေးကျပြီး ကျန်မြေသြဇာများက ယခင်ဈေးနဲ့အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ မြွားကမ္ဘာ-တရုတ်(၁၂း၁၃) ကျပ် ၁၇၈၀၀၊ ဆင် ၁၀း၁၀း၅ ကျပ် ၁၈၀၀၀၊ အာမို ၁၅း၁၅း၁၅ ကျပ် ၄၁၀၀၀၊ အာမို ၁၆း၁၆း၈ ကျပ် ၃၈၅၀၀၊ အာမို ၁၀း၁၀း၅ ကျပ် ၁၉၅၀၀၊ သီးစုံ (ဝါစိမ်းပြာ) ကျပ် ၁၇၈၀၀၊ ယူရီးယား-ပုလဲ (ပန်းဖူး-တရုတ်) ကျပ် ၂၈၀၀၀၊ ယူရီးယား-ပုလဲ (ရွှေတောင်-တရုတ်) ကျပ် ၂၈၀၀၀၊ ဇာမနီကျပ် ၁၉၃၀၀၊ အောင်ကမ္ဘာ ၁၀း၁၀း၅ ကျပ် ၁၉၃၀၀၊ မြွားကမ္ဘာ (၁၅း၇း၈) ကျပ် ၂၀၅၀၀၊တီစူပါ ကျပ် ၂၄၀၀၀၊ တောင်သူမ ကျပ် ၁၈၈၀၀ ၊ တက်တိုးကျပ် ၂၂၃၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

## နို့ဆီ/နို့မှုန့်

# ဒီတစ်ပတ် နို့ဆီအဝင်လျော့ပြီး နို့မှုန့်အဝင်ပို

ဖေဖော်ဝါရီလ ၃ ရက်မှ ၉ ရက် သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၄၂၇၁၁၀ တန်ဖိုးရှိ နို့ဆီ ၃၆၇ ဒသမ ၆၁၀ တန်ကိုပင်လယ်ရေကြောင်း ကုန်သွယ်မှု လမ်းမှတင်သွင်းခဲ့ပါတယ်။

ဒီတစ်ပတ် မလေးရှားနိုင်ငံမှ ၁၄၈ ဒသမ ၇၃ တန်နဲ့ စင်ကာပူနိုင်ငံမှ ၂၁၈ ဒသမ ၈၈ တန်တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ တင်သွင်းခဲ့တဲ့တံဆိပ်များမှာ အိုကေ၊ အယ်လ်ပိုင်းနဲ့ မာရီဂိုး တံဆိပ်တို့ဖြစ်ပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ နို့ဆီတန်ချိန် ၄၄၀ ကျော်နဲ့နှိုင်းယှဉ်ရင် တန်ချိန် ၇၀ ကျော် တင်သွင်းမှုလျော့နည်းခဲ့တယ်လို့ သိရပါတယ်။

အမေရိကန်ဒေါ်လာ ၉၂၆၈၁၇ တန်ဖိုးရှိ နို့မှုန့်တန်ချိန် ၄၄၀ ကို တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်နယူးဇီလန်နိုင်ငံမှ တန်ချိန် ၁၄၀ နဲ့ အိန္ဒိယနိုင်ငံမှ တန်ချိန် ၃၀၀ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ နို့မှုန့် တန်ချိန် ၂၇၀ ကျော်နဲ့ နှိုင်းယှဉ်ရင်တန်ချိန် ၁၇၀ ကျော် ပိုမို တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ နို့ဆီအဝင်လျော့ပြီး နို့မှုန့်အဝင်ပိုခဲ့ပါတယ်။

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၂/၂ မှ ၈/၂ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၆/၁ မှ ၁/၂ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | - | ၁၀၃.၃၉ | (-) | ၁၀၃.၃၉ |
| ၂။ | လွယ်ဂျယ် | - | - | | - |
| ၃။ | ချင်းရွှေဟော် | - | - | | - |
| ၄။ | ကန်ပိုက်တီး | - | - | | - |
| ၅။ | တာချီလိတ် | ၃၀၀၀.၀၀ | ၁၀၅၅၀.၀၀ | (-) | ၇၅၅၀.၀၀ |
| ၆။ | မြဝတီ | - | - | | - |
| ၇။ | ကော့သောင်း | - | - | | - |
| ၈။ | မြိတ် | ၅၆၅၀.၀၀ | ၉၂၅.၀၀ | (+) | ၂၇၂၅.၀၀ |
| | စုစုပေါင်း | ၈၆၅၀.၀၀ | ၁၃၅၇၈.၃၉ | (-) | ၄၉၂၈.၃၉ |

မော်မော်အောင်

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေသြဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၂/၂ မှ ၈/၂ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၆/၁ မှ ၁/၂ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၃၉၈၃.၈၅ | ၁၀၆၃.၅၀ | (+) | ၂၉၂၀.၃၅ |
| ၂။ | လွယ်ဂျယ် | - | ၁၄၆.၀၀ | (-) | ၁၄၆.၀၀ |
| ၃။ | ချင်းရွှေဟော် | ၅၇.၇၅ | ၂၄၂၄.၀၅ | (-) | ၂၃၆၆.၃၀ |
| ၄။ | ကန်ပိုက်တီ | - | ၁၉၃. ၀၀ | (-) | ၁၉၃.၀၀ |
| ၅။ | မြဝတီ | ၂၉၇၃.၂၅ | ၄၁၀၀.၂၇ | (-) | ၁၁၂၇.၀၂ |
| ၆။ | ကော့သောင်း | - | - | | - |
| ၇။ | မြိတ် | - | - | | - |
| ၈။ | ရိုဒ် | ၅၁၀၀.၀၀ | ၂၃၀၀.၀၀ | (+) | ၂၈၀၀.၀၀ |
| ၉။ | တမူး | ၅၀.၀၀ | - | (+) | ၅၀.၀၀ |
| | စုစုပေါင်း | ၁၂၁၆၄.၈၅ | ၁၀၂၂၆.၈၂ | (+) | ၁၉၃၈.၀၃ |

ခင်မိုးသူ

# ပြည်ပဈေးကွက်အလားအလာရှိသည့် ထောပတ်သီးထွက်ကုန်များ စဉ်ဆက်မပြတ်ထုတ်လုပ်နိုင်ရေးအတွက် ကွင်းဆင်းဆောင်ရွက်

[ စောမောင်(တောင်ကြီး) ]

ကမ္ဘာပေါ်ရှိ ဈေးကွက်စီးပွားရေးစနစ်ကျင့်သုံးသည့် နိုင်ငံတိုင်းသည် မိမိတို့နိုင်ငံအတွင်း စိုက်ပျိုးထုတ်လုပ်နိုင်သည့်သီးနှံနှင့်သစ်သီးဝလံများမှ ပြည်ပဈေးကွက်အလားအလာရှိသည်များကိုသာ စိုက်ပျိုးထုတ်လုပ်မှသာ ပြည်ပဝင်ငွေရရှိနိုင်မည်ဖြစ်သည်။

သို့ဖြစ်၍ ရှမ်းပြည်နယ်မှ ပြည်ပဈေးကွက်အလားအလာရှိသည့် ထောပတ်ပင်စိုက်ပျိုးမှုများပြားလာစေရေးအတွက် ပြည်နယ်ဝန်ကြီးချုပ် ဦးတင့်လွင်ဦး၏ ဦးဆောင်မှုဖြင့် ကွင်းဆင်းဆွေးနွေးမှုများကို အရှိန်အဟုန်မြှင့်ပြုလုပ်လျက်ရှိတယ်လို့သိ ရပါတယ်။ ညောင်ရွှေမြို့နယ် သလဲဦးကျေးရွာအုပ်စု သပြေကုန်းနှင့် လယ်ဆောင်းကျေးရွာများသည် တိုင်းရင်းသား ပအိုဝ်းလူမျိုးများအများစု နေထိုင်ကြပြီး တောင်ယာလုပ်ငန်းများဖြင့်အသက်မွေးမြူကြပါတယ်။ ဖော်ပြပါကျေးရွာများသို့ တောင်ကြီး-နောင်ကားသွားလမ်းမှလည်းကောင်း၊ တောင်ကြီး-အေးသာယာစက်မှုဇုန်-သလဲဦးကျေးရွာအုပ်စုမှလည်းကောင်း သွားရောက်နိုင်ပါတယ်။

ပို့ကုန်မြှင့်တင်နိုင်ရေးအတွက် အဆိုပါကျေးရွာများသို့ ဇန်နဝါရီလ (၂၆)ရက်နေ့က တောင်ကြီး-နောင်ကားလမ်းမှ သွားခဲ့ရာ အမြင့်ပေ ၅၆၀၀ကျော်သော တောင်စဉ်တောင်တန်းများကို တစ်တောင်ဆစ်ချိုးများ ချိုးကာကွေ့ကာ ပတ်ကာဖြင့်သွားကြရပါတယ်။ လမ်းဦးစီးဌာနမှ ယာဉ်များသွားလာမှုအဆင်ပြေစေရန် လမ်းပိုင်းအလိုက်လမ်းချဲ့ထွင် ဆောင်ရွက်နေခြင်းများက ကျေးလက်ဒေသထွက်ကုန်များကို ဈေးကွက်ပို့ဆောင်ရန် အခြေအနေကောင်းများပင်ဖြစ်ကာ လမ်းတိုးချဲ့ခြင်း မရောက်နိုင်သေးတဲ့နေရာတွေမှာတော့ ယာဉ်တစ်စီးနဲ့ဆိုင်ကယ် တိမ်းရုံလောက်သာရှိသာမို့ ပတ်ဝန်းကျင်ရဲ့ အလှအပတွေမှာ စီးမျှောမသွားနိုင်ဘဲ ကားဆရာကိုသာ သတိမလွတ်အောင် ပြောပြီးသွားကြရပါတယ်။

ပတ်ဝန်းကျင်ရဲ့တောင်စဉ်အထပ်ထပ်နဲ့အလှတရားတွေက ဥရောပခရီးစဉ်တစ်ခုသွားနေရသည့်ပမာပင်။ မိမိတို့အဖွဲ့သွားရမည့်နေရာနဲ့ တောင်ကြီးမြို့ကတော့ မိုင်(၃၀) ခန့်ကွာဝေးပါတယ်။ တစ်ခါတစ်ရံတောင်ထိပ်တွေရောက်တော့ ဘေးပတ်လည်နဲ့ရှေ့နောက်ကိုကြည့်လိုက်တော့ ဟိုအဝေးဆီမှ ကတ္တရာလမ်းကလေးများကို ရေးရေးမြင်နေရပါတယ်။ အမြင့်ပေကိုမေးကြည့်တော့ ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၅၆၀၀ ကျော်နေပြီတဲ့။ ပြာသိုလဆိုတော့ တောင်နံရံများတွင် ဟိုတစ်စုသည်တစ်စုနဲ့သူ့ထက်ငါ အလှချင်းပြိုင်ကာ ပွင့်နေကြသည့် ချယ်ရီပင်အိုပင်ပျိုများ၊ ပေါင်လုံးတိုင်လုံးပမာဝါးပိုးပင်များနှင့်သစ်ပင်ကြီးငယ်မျိုးစုံတို့က ပင်ချင်းယှက်၍ မိုးသို့မျှော်နေကြပါတယ်။

တောင်ခါးပန်းတစ်လျှောက် ငှက်ပျော၊ ထောပတ်၊ ကော်ဖီစိုက်ခင်းများ၊ လျှိုမြောင်များအတွင်းမှ အစောင့်တဲကလေးများနှင့်စပါးအပြီး စိုက်ပျိုးထားသော တစ်မျှော်တစ်ခေါ် လှေကားထစ်ပုံသဏ္ဌာန် ကြက်သွန်ဖြူစိုက်ခင်းများ၊ တောင်ခါးပန်းများမှစီးထွက်နေသော သဘာဝရေထွက်များမှာ မြို့ပြများကဲ့သို့တမင်ဖန်တီးလုပ်ဆောင်စရာမလိုဘဲ ခရီးသွားလုပ်ငန်းများအတွက် အဖိုးမဖြတ်နိုင်သော သဘာဝအလှတရားများကား ပန်းချီအကျော်အမော်များရှုံးလောက်စရာပင်။

ကွင်းဆင်းသည့်အဖွဲ့တွင်ရှမ်း(တောင်)ထောပတ်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းနှင့်အတူ သွားရောက်ခဲ့ကြခြင်းဖြစ်ပါတယ်။ သပြေကုန်းကျေးရွာထောပတ်စိုက်တောင်သူတစ်ဦး၏နေအိမ်မှာ သပြေကုန်းနှင့်လယ်ဆောင်း ထောပတ်စိုက်တောင်သူများကိုစုစည်းပေးထားပါတယ်။

ထောပတ်အသင်းမှ ထောပတ်စားသုံးမှုပြင်ဆင်ဖွယ်ရာချက်ပြုတ်နည်းသင်ကြားပို့ချခြင်းနှင့် မိမိတို့စားသုံးသူရေးရာဦးစီးဌာနမှ ပြည်ပပို့ကုန်တိုးမြှင့်နိုင်ရေးအတွက် ယခုဒေသမှာ ပူးပေါင်းလာရောက်ကြခြင်းဖြစ်ပါတယ်။



ထောပတ်စိုက် တောင်သူများအား ထောပတ်စားသုံးမှုပြင်ဆင်ဖွယ်ချက်ပြုတ်နည်းများကို သင်တန်းဆရာ/ဆရာမများက ပို့ချအပြီးမှာတော့ ထောပတ်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချမှုများအကြောင်းကို အပြန်အလှန်မေးခွန်းတွေမေးကြ၊ ဖြေကြားကြနဲ့ အတော်ကိုဆွေးနွေးပွဲက မြိုင်မြိုင်ဆိုင်ဆိုင်ရှိခဲ့ပါတယ်။ ပြည်တွင်း/ ပြည်ပထောပတ်ပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေးအတွက် အုတ်မြစ်ချပေးခဲ့တဲ့ပွဲဆိုလည်းမမှားပါဘူး။ တက်ရောက်လာသော ထောပတ်စိုက်တောင်သူတစ်ဦးက ထောပတ်မျိုးစေ့စိုက်အပင်များ (၂)နှစ်သားခန့်ရှိပြီဖြစ်၍ ကိုင်းဆက်လိုကြောင်းမေးမြန်းမှုအပေါ် ထောပတ်အပင်သက်တမ်းအနှစ် ၂၀ ရှိစေကာမူ မျိုးမကောင်း၍ကိုင်းဆက်လိုပါက ကိုင်းဆက်၍ရနိုင်ကြောင်း၊ အပင်မြေရင်းမှ ရင်ခေါင်းလောက်ခွာဖြတ်ကာ အတက်များ ထွက်လာပါက အတက်၄တက်ခန့်ချန်ထားပြီး ကိုင်းဆက်ပါ။ အပင်သက်တမ်းရပြီးဖြစ်၍ အပင်ကြီးထွားမှုမြန်ဆန်ပြီး အသီးအထွက်နှုန်းများပြားနိုင်ပါကြောင်း၊ ကိုင်းဆက်ရာတွင်အပင်ကြီးဆိုပါက အစိုဓာတ်များသည့် ဇူလိုင်၊ ဩဂုတ်လများတွင် အကောင်းဆုံးအချိန်ဖြစ်ပါကြောင်း၊ ပျိုးပင်များကို ကိုင်းဆက်ပါက တစ်နှစ်လုံးဆက်နိုင်ပါကြောင်း၊ အပင်ကြီးမှကိုင်းများတက်လာသည့်အခါ လေဒဏ်ခံနိုင်ရန် ဝါးဖြင့် ထောက်ပေးရပါကြောင်း ဆွေးနွေးခဲ့ကြပါတယ်။

တက်ရောက်လာသောထောပတ်စိုက်တောင်သူတစ်ဦးက စိုက်ခင်းတွင်တစ်ပင်နှင့်တစ်ပင်(၁၂)ပေခြား စိုက်ပျိုးထားက အဆင်ပြေနိုင်ပါမည်လားဆိုသည်နှင့်ပတ်သက်၍ ထောပတ်ပင်ကြီးလာပါက အဆင်မပြေနိုင်၍ ယခုအကွာအဝေးထက်ပို၍ထားသင့်ကြောင်း၊နေရောင်ခြည်မရပါက ရောဂါပိုးများခိုအောင်းလာနိုင်ပါကြောင်း၊ ပင်စည်ထိုးပိုးဝင်ပါက ကြောက်စရာကောင်းကြောင်း၊ အပင်ကြီးများကို နေရောင်ခြည်ရရန် ခေါင်ဖွင့်ပေးရန် လိုအပ်ပါကြောင်း၊နေရောင်ခြည်ကောင်းစွာမရပါကလည်း မှိုရောဂါဝင်တတ်ပါကြောင်း၊ လူအတွက် အစာအာဟာရပြည့်ဝမှရှင်သန်နိုင်သလို ထောပတ်တွင်လည်း အစာရေစာလိုအပ်ပါကြောင်း၊ အပင်များများစိုက်ထား၍အပင်ကြီးလာပါက အစာရေစာကို လုစားရပါကြောင်း၊ အစာရေစာပြည့်စုံမှ အပင်အားကောင်းပြီး အသီးအထွက်နှုန်းကောင်းပါကြောင်းဆွေးနွေးခဲ့ကြပါတယ်။

တက်ရောက်လာသောထောပတ်စိုက်တောင်သူတစ်ဦးက မျိုးရွေးချယ်မှုကိစ္စနှင့်ပတ်သက်၍ မေးမြန်းမှုအပေါ် နိုင်ငံတကာဈေးကွက်ကို သွားမယ်ဆိုရင်အနေတော်ပုံစံကို မျိုးရွေးတတ်ဖို့ လိုအပ်ပါတယ်။ အရွယ်ညီရန်လည်း လိုအပ်ပါတယ်။ ထောပတ်မျိုးကိုလူတစ်ယောက်တစ်ခါစားကောင်းပါတယ်။ ထောပတ်မျိုးကို ယခု (၂၃)မျိုး MFVPမှရွေးပေးထားပါတယ်။ အသီးကို ကြိုက်ရင် နိုင်ငံခြားက တန်ထောင်/သောင်းချီပြီး မှာတတ်ပါကြောင်း၊ ရွေးချယ်ထားသော (၂၃)မျိုးတွင် ချင်းပြည်နယ်မှ (၈)မျိုးနှင့် ရှမ်းပြည်နယ်မှ(၁၇)မျိုးပါရှိခဲ့ပါကြောင်း၊ ထိုအထဲက အကောင်းဆုံး(၃)မျိုးကို နိုင်ငံခြားသားများလည်း ပါဝင်ပြီး ရွေးချယ်ပေးခဲ့၍ ပင်လောင်းမှတစ်မျိုး၊ ပင်းတယမှ တစ်မျိုး၊ ရပ်စောက်မှတစ်မျိုးဖြစ်ပါကြောင်း၊ ဆုရအပင်က တစ်ပင်၊နှစ်ပင်သာရှိ၍ အပင်ကြီးရန် မျိုးကိုင်း ၅၀၀၀ ရရှိနိုင်ပြီး သုံးလကို တစ်ခါမျိုးကိုင်းဖြတ်ယူရရှိနိုင်ပါကြောင်း ဆွေးနွေးခဲ့ကြပါတယ်။

**စာမျက်နှာ - ၂၇ သို့**

## ပြည်တွင်းဆီဈေးနှုန်းများ (၁၅-၂-၂၀၁၉)

ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၅၈၀၀ | ၅၈၀၀ | □ | ၅၆၀၀ | ၅၆၀၀ | □ | ၁၈၀၀ | ၁၈၀၀ | □ |
| ရန်ကုန် | ၆၅၀၀ | ၆၅၀၀ | □ | ၇၀၀၀ | ၇၀၀၀ | □ | ၁၉၀၀ | ၁၉၀၀ | □ |
| မန္တလေး | ၆၀၀၀ | ၆၀၀၀ | □ | ၇၀၀၀ | ၇၂၀၀ | △ | ၁၈၀၀ | ၁၇၃၅ | ▽ |
| ပဲခူး | ၅၈၀၀ | ၅၈၀၀ | □ | ၅၈၀၀ | ၅၈၀၀ | □ | ၁၈၀၀ | ၁၈၀၀ | □ |
| မကွေး | ၆၀၀၀ | ၆၀၀၀ | □ | ၇၀၀၀ | ၇၀၀၀ | □ | ၁၉၀၀ | ၁၉၀၀ | □ |
| မုံရွာ | ၅၇၀၀ | ၅၇၀၀ | □ | ၆၀၀၀ | ၆၀၀၀ | □ | ၁၈၅၀ | ၁၈၅၀ | □ |
| စစ်တွေ | ၆၀၀၀ | ၆၀၀၀ | □ | ၅၀၀၀ | ၅၀၀၀ | □ | ၂၂၀၀ | ၂၂၀၀ | □ |



## မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၁၅-၂-၂၀၁၉ US$/Ton

| အမျိုးအစား | ဖေဖော်ဝါရီပထမပတ် | ဖေဖော်ဝါရီဒုတိယပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၅၅၂.၀၀ | ၅၅၈.၀၀ | △ |
| RBD P.Olein | ၅၆၈.၀၀ | ၅၆၄.၀၀ | ▽ |
| RBD P.Stearin | ၅၄၇.၅၀ | ၅၄၆.၀၀ | ▽ |

*Source: bepi.mpob*

## ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၁၅-၂-၂၀၁၉ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၅၄၁.၅၂ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (CIF x 0.25% x USD)/612 | ၃.၈၅ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၇.၇၁ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၈.၂၀ |
| ဆီကန်သို့လှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.0 x 5%)/612 | ၈၈.၇၃ |
| ဆိပ်ကမ်းခွန် | (50000/ 1000)/612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အမြတ်ခွန် | (CIF x 35/-)/ 612 | ၃၅.၁၇ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၇.၅၂ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၆၉၈.၅၁၀ |

မှတ်ချက်။

၁။ အထက်ပါတွက်ချက်မှုမှာ ၁၅-၂-၂၀၁၈နေ့ (CIF ဈေး Cloud Point 8 ˚C Max 615 ဒေါ်လာနှင့် USD ဈေး ၁၅၃၄ကျပ်)ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။

၂။ ၁၅-၂-၂၀၁၉နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။

၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့် ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။

၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ယခင် ၄၅၀ ကျပ်နှင့် တွက်ချက်ပြီး ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ဗဟိုဘဏ်မှ နှုန်းရှင်သတ်မှတ်သည့်အတွက် ဒေါ်လာဈေး ၁၅၃၄ကျပ်ဖြင့် တွက်ချက်ထားပါသည်။

၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ရာခိုင်နှုန်း ဖြစ်ပါသည်။

၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။



# စိုက်ပျိုးရေး ကဏ္ဍ၏ ပြည်တွင်းထုတ်လုပ်မှု မြင့်မားရေးမှ နိုင်ငံ့စီးပွား တိုးတက်ရေးဆီသို့....

[ အောင်ဆန်းလင်း (DOCA) ]

စာရေးသူတို့၏ မြန်မာနိုင်ငံသည် ရေမြေရာသီဥတု ကြွယ်ဝကောင်းမွန်သော နိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ နိုင်ငံတော်၏ အဓိကစီးပွားရေးလုပ်ငန်းအဖြစ် စိုက်ပျိုးရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများကို အများဆုံး လုပ်ကိုင်လျက်ရှိကြပေသည်။ မြန်မာနိုင်ငံသည် သဘာဝကောင်းစွာပေးအပ်ထားသည့် စိုက်ပျိုးရေးကဏ္ဍတွင် ကုန်ထုတ်လုပ်မှုတိုးတက်အောင်နှင့် ခေတ်မီအောင် လုပ်ဆောင်နိုင်ပါက ဒေသတွင်းတွင် အဓိကစိုက်ပျိုးရေး စားသောက်ကုန်ထုတ်လုပ်သည့် ကုန်သွယ်ရေးဗဟိုချက်မ ဖြစ်လာမည့် အလားအလာကောင်းများစွာရှိနေကြောင်း လေ့လာမှုစစ်တမ်းတစ်ခုအရ သိရှိရပါသည်။

မြန်မာနိုင်ငံ၏ လူဦးရေသည် မကြာမီတွင် အိုမင်းလာကြမည်ဖြစ်ရာ ဖွံ့ဖြိုးတိုးတက်မှုများ အရှိန်အဟုန်ရရှိရေးသည် ပိုမိုအရေးကြီးလာပြီဖြစ်ပါသည်။ ထိုသို့ဖွံ့ဖြိုးတိုးတက်မှုရရှိရေးအတွက် မြန်မာနိုင်ငံအနေဖြင့် ပိုမိုလျင်မြန်သော၊ အရှည်တည်တံ့ပြီး မျှတသော ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းပေါ်သို့ရောက်ရှိအောင် လုပ်ဆောင်ရမည်ဖြစ်ပါသည်။ ထိုသို့ရောက်ရှိရေးမှာ ယခုအခါတွင် သေးငယ်သောပမာဏဖြင့် လုပ်ဆောင်နေသည့် စိုက်ပျိုးရေးအပေါ် မှီခိုအားထားနေသည့် စိုက်ပျိုးရေးအခြေခံ စီးပွားရေးစနစ်ကို ကျယ်ပြန့်သော ခေတ်မီလုပ်ငန်းအမျိုးမျိုးဖြင့် ပြောင်းလဲလုပ်ဆောင်ရန် လိုအပ်နေပါသည်။ခေတ်မီစီးပွားရေး တည်ဆောက်ရန် ဖွဲ့စည်းတည်ဆောက်ပုံ ပြောင်းလဲမှုတွင် အောင်မြင်မှုရရှိကြသည့် နိုင်ငံများ၌ စိုက်ပျိုးရေးကဏ္ဍပြောင်းလဲမှုအား ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်ခြင်းကို ဦးစွာလုပ်ဆောင်ရန် လိုအပ်ကြောင်းနှင့် ယင်းပြောင်းလဲမှုသည် စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှု လျင်မြန်ရေးအတွက် အထောက်အကူဖြစ်စေကြောင်း ပြသလျက်ရှိနေပါသည်။ စိုက်ပျိုးရေးလုပ်ငန်းသည် မြန်မာနိုင်ငံအတွက် မဟာဗျူဟာကျသော စီးပွားရေးလုပ်ငန်းအဖြစ်ပြုလုပ်နိုင်သည်သာမက စိုက်ပျိုးရေးဖြင့် ခေတ်မီစီးပွားရေး အဖြစ်ပုံဖော်နိုင်သော အခွင့်အလမ်းကောင်းများရှိနေခြင်းသည် စာရေးသူတို့၏ မြန်မာနိုင်ငံအတွက် ဆုလာဘ်ကောင်းများဟုပင် ဆိုနိုင်ပေသည်။ ထို့ပြင် မြန်မာနိုင်ငံသည် စီးပွားရေးအင်အားကြီးသော တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့နှင့် နယ်နိမိတ်ချင်းထိစပ်နေခြင်း၊ ကမ္ဘာ့နိုင်ငံများသို့ ရေလမ်းခရီးပါ ဆက်သွယ်သွားလာနိုင်သည့် အခွင့်အရေးများရှိနေခြင်း စသည်တို့သည် မြန်မာ့ထုတ်ကုန်များအတွက် ဈေးကွက်ဖော်ဆောင်ရေးတွင် အားသာချက်များဟု ဆိုနိုင်မည်ဖြစ်ပါသည်။

## မြန်မာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် စိုက်ပျိုးရေးလုပ်ငန်း၏အခန်းကဏ္ဍ

စိုက်ပျိုးရေးကဏ္ဍသည် မြန်မာ့စီးပွားရေး၏ အဓိကကျောရိုးတစ်ခုဖြစ်ကာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် အဓိက ကျသောကဏ္ဍတစ်ခုအဖြစ် ပါဝင်လျက်ရှိနေပေသည်။ ၂၀၁၇ ခုနှစ်တွင် စိုက်ပျိုးရေးကဏ္ဍသည် စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှု(ဂျီဒီပီ)၏ ၂၆ ရာခိုင်နှုန်း ခန့်ရှိပြီး ပြည်ပပို့ကုန်ကဏ္ဍတွင် ဝင်ငွေ ၃၀ ရာခိုင်နှုန်းကို ထောက်ပံ့ပေးသည့်အပြင် ယင်းကဏ္ဍမှ အလုပ်အကိုင် ၆၀ ရာခိုင်နှုန်းရရှိကြောင်း သိရှိရပေသည်။ ပြည်ပတင်ပို့သည့် ပို့ကုန်များတွင်လည်း အများစုမှာ စိုက်ပျိုးရေး ထွက်ကုန်များပင်ဖြစ်ပါသည်။ မြန်မာနိုင်ငံအနေဖြင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းအား လွန်ခဲ့သော နှစ်ပေါင်းများစွာကတည်းကပင် ပြည်သူများတစ်နိုင်တစ်ပိုင်လုပ်ကိုင်ခြင်းမှသည် ခေတ်စနစ်များ တိုးတက်လာသည့်အခါ စီးပွားရေး လုပ်ငန်းတစ်ခုအသွင် ကျယ်ပြန့်စွာလုပ်ဆောင်လျက်ရှိလာသည်မှာ ယနေ့ထက်တိုင်ဖြစ်ပေသည်။ နိုင်ငံတော်၏ စီးပွားရေးမူဝါဒတွင်လည်း ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊ စားနပ်ရိက္ခာဖူလုံစေရေး၊ ပို့ကုန်မြှင့်တင်နိုင်ရေးတို့ အတွက် လယ်ယာကဏ္ဍ၊ မွေးမြူရေးကဏ္ဍနှင့် စက်မှုကဏ္ဍများ ဘက်ညီစွာတိုးတက်လာစေရန်နှင့် လယ်ယာစက်မှုကဏ္ဍ ချိန်ခွင်လျှာညီသည့် စီးပွားရေးပုံစံ ဖော်ထုတ်ရန်ဟု ပါရှိလေသည်။ ထို့ကြောင့် မြန်မာနိုင်ငံ၌ လယ်ယာလုပ်ငန်းအပါအဝင် စိုက်ပျိုးရေးကဏ္ဍကို ခေတ်မီဖွံ့ဖြိုးသည့် စီးပွားရေးပုံစံအဖြစ်ပေါ်ပေါက်လာစေရန် ဘက်ပေါင်းစုံ၊ ကဏ္ဍစုံက ပူးပေါင်းကြိုး ပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ ထိုသို့စနစ်တကျ ပူးပေါင်းဆောင်ရွက်ကာ စိုက်ပျိုးရေးလုပ်ငန်းကို စီမံပေးခြင်းအားဖြင့် ကုန်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုများသည် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် စဉ်ဆက်မပြတ် မောင်းနှင်ပေးမည့် မောင်းနှင်အားများဖြစ်လာနိုင်မည်ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍတွင် ထွက်ကုန်များအဖြစ် ဆန်စပါးကို နိုင်ငံ၏ ဝမ်းစာအဖြစ်လည်းကောင်း၊ ပြည်ပသို့ တင်ပို့ရန်အတွက်လည်းကောင်း အဓိကစိုက်ပျိုးထုတ်လုပ်ကြပြီး ပဲအမျိုးမျိုး၊ ဆီထွက်သီးနှံများ၊ ကြံ၊ နှစ်ရှည်သီးနှံများ၊ သစ်သီးဝလံများနှင့် အခြားသောဈေးကွက်ဝင်သီးနှံများကို ပြည်တွင်းစားသုံးရန်နှင့် ပြည်ပတင်ပို့ရန်အတွက် ရေမြေဒေသနှင့် ကိုက်ညီသော မြန်မာနိုင်ငံဒေသအသီးသီးတွင် စိုက်ပျိုးထုတ်လုပ်ကြပေသည်။ ထွက်ရှိလာသော ပြည်တွင်းစိုက်ပျိုးရေးထုတ်ကုန်များကို အိမ်နီးချင်းနိုင်ငံများဖြစ်သော တရုတ်၊ အိန္ဒိယ၊ ထိုင်း၊ မလေးရှား၊ စင်ကာပူ စသည့်နိုင်ငံများသာမက အခြားသောပြည်ပဈေးကွက်နိုင်ငံများသို့ပါ နှစ်စဉ်တင်ပို့ရောင်းချကြရပြီး ပို့ကုန်တန်ဖိုး အများအပြားကို ထောက်ပံ့ပေးလျက်ရှိနေပေသည်။ ထို့ပြင် စိုက်ပျိုးရေးကဏ္ဍသည် ဆင်းရဲမွဲတေမှုလျှော့ချရေး လုပ်ငန်းများအတွက် အသက်သွင်း ဆောင်ရွက်နိုင်သည့်အပြင် ကျေးလက်ဒေသ၏ လူမှုစီးပွားဘဝများ သာယာဝပြောရေးအတွက် လွယ်ကူအဆင်ပြေစွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်သည့် ကဏ္ဍတစ်ခုပင်ဖြစ်ပါသည်။ ထို့ကြောင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်း၏ အခန်းကဏ္ဍသည် မြန်မာ့စီးပွားရေးနှင့် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် မီးရှူးတန်ဆောင်ဟုပင် ဆိုနိုင်မည်ဖြစ်ပေသည်။

## အနာဂတ်စိုက်ပျိုးရေးကဏ္ဍ အောင်မြင်တိုးတက်စေရေး

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသည့် စီးပွားရေးလုပ်ငန်းများကို အဓိကလုပ်ကိုင်ဆောင်ရွက်သည့် နိုင်ငံတစ်နိုင်ငံဖြစ်သော်လည်း အခြားသော စိုက်ပျိုးရေးနိုင်ငံများနှင့် ယှဉ်လျှင် ကြီးမားသောတိုးတက်မှုများ မရှိသေးသည်ကို တွေ့ရှိရပေသည်။ စိုက်ပျိုးရေးကဏ္ဍမှပြည်ပတင်ပို့ရာတွင် မြန်မာ့စိုက်ပျိုးရေး ပို့ကုန်အများစုမှာ ကုန်ကြမ်းများသာဖြစ်၍ ကုန်ချောအဆင့်အထိ ထုတ်လုပ်တင်ပို့နိုင်မှုမှာ အားနည်းနေသေးသည်ကိုတွေ့ရှိရပေသည်။ ထို့ကြောင့် အခြားသော နိုင်ငံများနှင့်ယှဉ်လျှင် ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းမရှိသည်ကို တွေ့ရှိရပေသည်။ ထို့ပြင် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ ခေတ်မီစိုက်ပျိုးနည်းပညာများကျင့်သုံးမှု အားနည်းခြင်း၊ အရည်အသွေးမီသော စိုက်ပျိုးရေးထွက်ကုန်များ ထုတ်လုပ်နိုင်မှု အားနည်းခြင်း၊ စိုက်ပျိုးထုတ်လုပ်သူ တောင်သူအများစုမှာ သမားရိုးကျ စိုက်ပျိုးနည်းစနစ်များဖြင့်သာ စိုက်ပျိုးထုတ်လုပ်နေခြင်း၊ အရည်အသွေးကောင်းသည့် မျိုးစေ့များ၊ မျိုးကောင်းမျိုးသန့်များ သုံးစွဲနိုင်မှုအားနည်းခြင်း စသည့် အကြောင်းအရာများသည် မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှုအားနည်းခြင်း၏ အကြောင်းတရားများပင်ဖြစ်လေသည်။မြန်မာ့စိုက်ပျိုးရေး ထွက်ကုန်အများစုသည် ပြည်ပတင်ပို့နိုင်သည့် အလားအလာကောင်း များစွာရှိသော်လည်း အခြေခံအဆောက်အအုံ မလုံလောက်မှုက တိုးတက်မှုကို အဟန့်အတားဖြစ်လျက်ရှိနေကြောင်း စစ်တမ်းများက သုံးသပ်ထားပါသည်။ လျှပ်စစ်ပေးဝေခြင်း၊ ဆက်သွယ်ရေးစနစ်များ အပါအဝင် ရုပ်ဝတ္ထုပစ္စည်းများ တည်ဆောက်ပုံများနှင့် လုပ်ငန်းများသည် စီးပွားရေးလုပ်ငန်းတစ်ရပ်လုံး အတိုင်းအတာဖြင့် လိုအပ်လျက်ရှိပြီး လမ်းများ၊ ဆိပ်ကမ်းများနှင့် လေဆိပ်များကဲ့သို့သော သယ်ယူပို့ဆောင်ရေးဆိုင်ရာ လုပ်ငန်းများ အဆင့်မြှင့်တင်ရန် လိုအပ်နေသေးကြောင်း သုံးသပ်ထားပေသည်။ ထိုသို့ တိုးတက်မှုအတွက် အကန့်အသတ်ဖြစ်နေသော အဆိုပါလိုအပ်ချက်များသည် အထူးသဖြင့် စိုက်ပျိုးရေးလုပ်ငန်းများဖြင့် ထုတ်ကုန်များ ထုတ်လုပ်နေသည့် ကျေးလက်ဒေသများတွင် များစွာလိုအပ်မှုများဖြစ်ပေါ်နေပြီး အကျိုးဆက်အနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းများသည် ဝင်ငွေရရှိမှု၊ အမြတ်အစွန်းရရှိမှု နည်းပါးလာကြသောကြောင့် စိုက်ပျိုးရေးလုပ်ငန်းများကို ယုံကြည်စိတ်ချရသော စီးပွားရေးလုပ်ငန်းများအဖြစ် လုပ်ကိုင်ကြရန် စိတ်ဝင်စားမှုနည်းပါးလာကြသည်ကို တွေ့ရှိရပေသည်။

ထို့ပြင် မြန်မာနိုင်ငံ၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအတားအဆီးဖြစ်နေသည့် အကြောင်းအရင်းများမှာ စိုက်ပျိုးရေးလုပ်ငန်းမှရရှိသည့် အကျိုးအမြတ်နည်းပါးခြင်း၊ မြို့ပြနှင့်နှိုင်းယှဉ်လျှင် ပြည်သူ့ရေးရာဝန်ဆောင်မှုများ လက်လှမ်းမီမှုအားနည်းခြင်းနှင့် လူသားဖွံ့ဖြိုးမှုရလဒ်များ သိသာစွာ နိမ့်ကျနေခြင်းတို့ကြောင့်ဖြစ်ကြောင်း မြန်မာနိုင်ငံဆင်းရဲမွဲတေမှုလျှော့ချရေးအစီရင်ခံစာက ဖော်ပြထားပေသည်။ မြန်မာနိုင်ငံရှိ ဆင်းရဲနွမ်းပါးသူအများစု သည်စိုက်ပျိုးရေးလုပ်ငန်းများနှင့် နေ့စားလုပ်ငန်းများတွင်ဝင်ရောက်လုပ်ကိုင်လျက်ရှိကြပေသည်။ လုပ်သားအင်အား တစ်ဝက်ကျော်သည်လည်း စိုက်ပျိုးရေးနှင့် စိုက်ပျိုးရေးနှင့် ဆက်နွှယ်လျက်ရှိသည့်လုပ်ငန်းများ၌ လုပ်ကိုင်နေကြပေသည်။ သို့သော် မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍသည် ကြီးမားသည့် အသွင်ကူးပြောင်းတိုးတက်မှုတစ်ရပ် ဖြစ်ပေါ်ရန် လိုအပ်နေသေးကြောင်း အဆိုပါအစီရင်ခံစာက ဖော်ပြထားပေသည်။ ထိုသို့ စိုက်ပျိုးရေးလုပ်ငန်းများ ကြီးမားသောတိုးတက်မှုများ ပေါ်ပေါက်လာမှသာ ပြည်သူများ၏ လူနေမှုအဆင့်အတန်းများအား မြှင့်တင်ပေးနိုင်မည်ဖြစ်ပြီးတန်ဖိုးမြှင့်ထုတ်ကုန်နှင့် ဝန်ဆောင်မှုများ ပေါ်ပေါက်လာကာ တိုးတက်ပြောင်းလဲမှုများ ဖြစ်ပေါ်လာနိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍ အနာဂတ်တွင် ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက "မြန်မာ့စိုက်ပျိုးရေးကဏ္ဍအတွက် မဟာဗျူဟာ ဦးတည်ချက်များ ၂၀၁၈-၂၀၂၃"ကို ရေးဆွဲချမှတ်၍ အကောင်အထည်ဖော်လျက်ရှိနေပေသည်။ အဆိုပါမဟာဗျူဟာကို ရေးဆွဲရခြင်း၏ ရည်ရွယ်ချက်များအဖြစ် တစ်နိုင်တစ်ပိုင်ဝမ်းစာဖူလုံရေးစိုက်ပျိုးမှုမှ စီးပွားဖြစ်စိုက်ပျိုးရေးသို့ ကူးပြောင်းရန်၊ စားသောက်ကုန်များ ဘေးကင်းမှုနှင့် စားနပ်ရိက္ခာနှင့် အာဟာရပြည့်ဝဖူလုံရန်၊ ကုန်ကြမ်းပစ္စည်းများမှ တန်ဖိုးမြှင့်ပြုပြင်စီမံထားသည့် ထုတ်ကုန်များသို့ ကူးပြောင်းရန်၊ အလုပ်အကိုင်ရရှိရေးနှင့်

စာမျက်နှာ ၂၇ သို့



# အညာတခွင်နှင့်လျှော်ဖြူပင်

[ သင်းသင်းအေး( မုံရွာ ) ]

မြန်မာနိုင်ငံတွင် လျှော်ဖြူပင်ကို မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးတို့မှာ စိုက်ပျိုးမှုများပြီး လျှော်ဖြူကို စားသောက်ကုန်များ၊ လူသုံးကုန်ပစ္စည်းများ၊ စက်မှုကုန်ပစ္စည်းများ၊ ပရိဘောဂပစ္စည်းများ၊ ဆေးဝါးနှင့် အလှကုန်ပစ္စည်းတို့တွင် သုံးစွဲလျက်ရှိသည်ကို တွေ့ရှိရပါတယ်။

ယခုအခါ ကျွန်မတို့ အညာအရပ်ဒေသများမှာလည်း လျှော်ဖြူပင်ကို စီးပွားဖြစ်စိုက်ပျိုးလျက်ရှိပါတယ်။ လျှော်ဖြူအပင်သည်မျိုးရင်း Malvaceae တွင်ပါဝင်သော အပင်ကြီးမျိုးဖြစ်ပါတယ်။ ပူပြင်းခြောက်သွေ့သော မြန်မာနိုင်ငံအလယ်ပိုင်းဒေသများတွင် သဘာဝအရိုင်းပင်အဖြစ် တွေ့ရှိနိုင်ပါတယ်။

မန္တလေးတောင်၊ စစ်ကိုင်းတောင်၊ ရန်ကင်းတောင်၊စကျင်တောင်၊ မုံရွာမြို့နယ်ရှိ တောင်ပေါ်အရပ်များနှင့် မြေပြန့်ဒေသများတွင် တွေ့ရပါတယ်။ လျှော်ဖြူကထွက်သော အစေးများကို အရပ်အခေါ် အားဖြင့် "ဆေးကုလားမ" ဟုလည်း ခေါ်ဝေါ်ကြပါတယ်။ ဆေးကုလားမ အမည်ကို လူအများစုက သိကြပါတယ်။ ဆေးကုလားမ အခြောက်အနည်းငယ်ကို ရေစိမ်ထားလျှင် ခဏအတွင်းပွလာပြီး မူလပမာဏထက် ကြီးလာတာကို တွေ့ရှိရပါတယ်။ထိုဆေးကုလားမကို ရောင်စုံဆေးများဆိုးကာ ရေခဲမုန့်၊ ဂျယ်လီမုန့်၊ ရွှေရင်အေး၊ ဖာလူဒါတွေထဲမှာ ထည့်သုံးစားကြပါတယ်။ မုံရွာမြို့နယ်အတွင်း ကျောက်ကာနှင့် ဗောဓိတစ်ထောင်အကြားတွင် အောင်မြင်နေသော လျှော်ဖြူစိုက်ခင်းတွေရှိပါတယ်။ ပခုက္ကူဘက်မှာလည်း လျှော်ဖြူပင်ကို စီးပွားဖြစ်စိုက်ပျိုးလျက်ရှိပါတယ်။ ကျောက်စရစ်ကုန်းမြေ၊ မြေနီလို မြေအည့်များတွင် ကောင်းစွာဖြစ်ထွန်းပါတယ်။

ဘုတလင်သွားရာလမ်းဘေးဝဲယာတွင် လျှော်ဖြူစိုက်ခင်းများကို တွေ့နိုင်ပါတယ်။ အချို့သော တောင်သူများက သနပ်ခါးပင်များနေရာတွင် ငွေပေါ်မြန်သော လျှော်ဖြူပင်ကို ပြောင်းစိုက်နေကြပါတယ်။ လျှော်ဖြူပင်သည် စတင်စိုက်ပျိုးစဉ် အထူးဂရုစိုက်ရသော်လည်း စိုက်ပျိုးပြီး နှစ်နှစ်ခန့်အကြာ(နှစ်မိုးခန့်အကြာ)တွင် ကောင်းစွာရှင်သန်လာနိုင်ပါတယ်။ လျှော်ဖြူပင်ကို တစ်ပတ်တစ်ခါ ရေလောင်းပေးရပါတယ်။ အပင်သက်တမ်းကြာလာသည်နှင့်အမျှ ရေလောင်းစရာ အထူးမလိုတော့ပါ။ သက်တမ်း ၅ နှစ်သားအရွယ်ရောက်လျှင် လုံးပတ် ၂၇ လက်မခန့်မှာ စတင်အစေးထုတ်ယူနိုင်ပြီး အစေးကာလအားဖြင့် ဇူလိုင်လမှ ဖေဖော်ဝါရီလထိ အဓိကထားထုတ်ကြတယ်ဆိုတာ လေ့လာသိရှိခဲ့ရပါတယ်။

## ဆေးကုလားမထုတ်ယူပုံ

ဆေးကုလားမအစေးများသည်အပင်၏ သစ်မာပင်စည်အတွင်းကနေ သဘာဝအတိုင်း ယိုစိမ့်ထွက်နေတတ်ပါတယ်။ စီးပွားဖြစ်ထုတ်လုပ်ဖို့ကတော့ အပင်၏ Hard wood ခေါ် မာကြောသော အတွင်းသားကို incisions နက်နက်လှီး (အခေါက်ကိုလှီး) ရပါတယ်။ မုံရွာဒေသတွင် ပင်စည်၏အပေါ်သားကို တွင်းပုံစံထွင်း၍ အစေးထုတ်ယူရပါတယ်။ တစ်နည်းအားဖြင့်ဆိုရလျှင် အပင်ကို ဒဏ်ရာရရှိအောင် လုပ်ယူခြင်းဖြစ်ပါတယ်။ ထိုအခေါင်းထဲသို့ဆေးကုလားမတွေယိုစီးထွက်လာပါတယ်။ တစ်ပတ်ခန့်ကြာလျှင်ဆေးကုလားမများကို အပင်မှလွယ်ကူစွာခွာယူကြပါတယ်။ အစေးကို လက်နှင့်ပဲခွာယူကြပါတယ်။ မခွာတတ်လျှင်လည်း အစေးအမျှင်တွေ ရှည်ထွက်လာပါတယ်။ အစေးခွာရာတွင် ကျွမ်းကျင်ဖို့လိုအပ်လှပါတယ်။ စထွက်ခါစ သစ်ဆေးအရောင်က အဖြူအရောင်ဖြစ်ပြီး ပျော့အိအိဂျယ်လီပမာဖြစ်ပါတယ်။ အပင်ကခွာနေစဉ် ကော်စေးကိုကပ်နေသော အမှိုက်များကို ဂရုတစိုက် သန့်စင်ပေးရပါတယ်။ ခွာထားသောသစ်ဆေးများကို ခြောက်သွေ့သွားအောင် စတီးလင်ဗန်းများပေါ် တင်ပြီး နေပြပေးရပါတယ်။ သဘာဝအတိုင်းထွက်တဲ့သစ်စေးတွင် ကျောက်ပွင့်ပုံဖြစ်နေသော အစေးကဈေးကောင်းလှပါတယ်။ အရည်အသွေးကောင်းသော အစေးကို တစ်ပိဿာ ကျပ် ၆၀၀၀၀ ကနေ ကျပ် ၈၀၀၀၀ အထိ ဈေးကောင်း ပေးပြီး ဝယ်ကြပါတယ်။ အစေးကို အရည်အသွေးလိုက်ပြီး ဈေးကွက်မှာ grade အဆင့်အတန်းလေးမျိုးခွဲခြားထားပါတယ်၊ ကြာဆန်၊ ရေခဲ၊ ဝါဂွမ်းနဲ့ဂျွန်တို့ဖြစ်ပါတယ်။ အဓိက ခွဲခြားရသည်မှာ အရောင်ပင်ဖြစ်ပါတယ်။ လက်ရှိအချိန်မှာ အကောင်းစား ဆေးကုလားမကြာဆန် တစ်ပိဿာ၏ဈေးနှုန်းမှာ ကျပ် ၁၂၀၀၀၀ မှ ၁၄၀၀၀၀ ထိရှိပြီး အညံ့စားကို တစ်ပိဿာလျှင်ကျပ် ၅၀၀၀ မှ ၂၅၀၀ အထိ ဈေးအစားစားရှိသည်ကိုလည်း လေ့လာသိရှိခဲ့ရပါတယ်။

ထူးဆန်းသည်မှာ စထွက်ခါစအစေးတွေက ပျော့ပြောင်း လှပြီး ရွှေလိုနန်းဆွဲလို့လည်းရပါတယ်။ ခုံပေါ်တင်ပြီးဆွဲလိုက်လျှင် ကြာဆန်အမျှင်လို ရှည်ထွက်လာပါတယ်။ လိုသလို အလျားထားပြီး ဖြတ်ယူကြပါတယ်။ ကြာဆန်ပုံစံနန်းဆွဲထားသော သစ်ဆေးများသည် ခြောက်သွေ့မှု မြန်ဆန်ဆေးပြီး တစ်နေရာမှတစ်နေရာသို့ သယ်ပို့ရာမှာ လွယ်ကူစေပါတယ်။ ဝိသမလောဘသား အချို့က သာကူစေ့များကို ကြိုပြီးသဘာဝအစေးနဲ့တူအောင် ပြုပြင်ပြောင်းတတ်ပါတယ်။ ထို့ပြင် ပြင်ပက ဖုန်၊ အမှိုက်၊ သဲများ အလွယ်တကူဝင်ရောက်တတ်၍ အစေးထုတ်သော နေရာလေးတွေကို ပလတ်စတစ်များဖြင့် ဖုံးအုပ်ထားကြပါတယ်။ အရောင်ဝါခြင်း၊ အမှိုက်သရိုက်ဝင်ခြင်းကြောင့် အရည်အသွေးနိမ့်ကျစေပြီး ဈေးကောင်းမရဘဲ ဖြစ်တတ်ပါတယ်။ မိုးတွင်းတွင် နေ့စဉ်နီးပါး ထုတ်ယူနိုင်ပါတယ်။ ဆောင်းတွင်းတွင် နေ့စဉ်မထုတ်ယူဘဲ အပင်အားရှိအောင် အနားပေးကာ ထုတ်ယူလေ့ရှိပါတယ်။ တစ်နှစ်ပတ်လုံးရက် ၂၀၀နီးပါးခန့် ထုတ်ယူနိုင်တယ်ဆိုတာလေ့လာသိရှိခဲ့ရပါတယ်။

## ဆေးကုလားမ၏ ဂုဏ်သတ္တိများ

SterecuLia မျိုးနွယ်ဝင် လျှော်ဖြူပင်၊ လျှော်ပင်၊ လျှော်နီပင်တို့သည် မျိုးရင်း Malvaceae ထဲတွင်ပါဝင်ကြတယ်။ ၎င်းအပင်မှ ရရှိသော အစေးများကို အိန္ဒိယနိုင်ငံတွင် အများဆုံးထုတ်လုပ်ကြတယ်။ ၎င်းအစေးများသည် galactan gelose ပါဝင်မှုကြောင့် ရေကို အဆများစွာစုပ်ယူ၍ ပွစေနိုင်ခြင်း၊ ရေနှင့်ပေါင်းစပ်၍ နူးညံ့ပျော့ပြောင်းသော ဂျယ်အဖြစ်ပုံသဏ္ဍာန်အမျိုးမျိုး ပြောင်းလဲစေနိုင်ခြင်း၊ ပျစ်ခွဲစေးပျစ်စေခြင်း၊ ကော်ကပ်နိုင်စွမ်းရှိခြင်း၊ ရေအပြင် အရက်ပျံ၊ အီသာနှင့် ဆီအမျိုးမျိုးတွင် ပျော်ဝင်မှုမရှိခြင်း၊ အက်ဆစ်ပျော့များနှင့် အဏုဇီဝပိုးများ၏ တိုက်စားဖြိုခွဲမှု ဒဏ်ခံနိုင်ရည်ရှိခြင်း၊ ခန္ဓာကိုယ်မှ စုပ်ယူချေ ဖျက်နိုင်မှုမရှိခြင်းစသည့် ဂုဏ်သတ္တိများရှိပါတယ်၊ ဖော်ပြပါထူးခြားသည့်ရုပ်နှင့် ဓာတ်ဂုဏ်သတ္တိများကြောင့် လျှော်မျိုးရင်းဝင်အပင်ထွက်စေးများကို ကမ္ဘာပေါ်ရှိ လူသုံးကုန်ပစ္စည်းထုတ်လုပ်ရေးလုပ်ငန်းများစွာတွင် ကျယ်ပြန့်စွာအသုံးပြုနေကြသည်ကိုလည်း လေ့လာသိရှိရပါတယ်။

## အသုံးဝင်ပုံများ

လျှော်ဖြူအစေးခဲခြောက်များအား အမှုန့်ပြုလုပ်၍ သုံးစွဲကြပြီး အဖျော်ယမကာလုပ်ငန်းများ၊ သရေစာနှင့် မုန့်လုပ်ငန်းများ၊ ဆေးဝါးနှင့် ဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းများ၊ အလှကုန်ပစ္စည်းထုတ်လုပ်ရေးလုပ်ငန်းများ၊ အထည်အလိပ်နှင့် ရက်ကန်းလုပ်ငန်းများ၊ စက္ကူပျော့ဖတ်နှင့် ပုံနှိပ်လုပ်ငန်းများ၊ ရေနံဓာတုလုပ်ငန်း၊အထူးပြုဖန်ထည်၊ မှန်ထည်လုပ်ငန်းအစရှိတဲ့ စက်မှုလက်မှု လုပ်ငန်းမျိုးစုံတို့မှာ ပေါင်းစပ်ရောနှောပစ္စည်း၊ အနယ်စုပ်ပစ္စည်း၊ အဖုံးအကာလွှာပစ္စည်းများအဖြစ် အမျိုးမျိုးသုံးစွဲကြပါတယ်။ မြန်မာ၊ အိန္ဒိယတိုင်းရင်းဆေးများတွင် ဆေးကုလားမကိုတိုင်းရင်းဆေး၊ ဆီးရွှင်ဆေး၊ ဝမ်းနုတ်ဆေး၊ ကျောက်ကပ်အတွက် ဆေးဝါးများ၊ ဖျော်ရည်အမျိုးမျိုး၊ ပီကေများ၊ ဝမ်းချုပ်ဆေး၊ အနာကျက်ဆေးအပြင် သွားဖာ၊ သွားကပ်ဆေးများအဖြစ်အသုံးပြုကြပါတယ်။ အရေပြားနှင့် အနာရောဂါပြုဘက်တီးရီးယားပိုးများစွာကိုကာကွယ်ပေးနိုင်သဖြင့် ဆေးဂျယ်လီ၊ ဆေးပလာစတာ၊ဆေးပတ်တီး၊ အရေပြားလိမ်းဆေးများအဖြစ် ပြုလုပ်သုံးစွဲကြပါတယ်။

နောက်ထပ်ထင်ရှားသော ထုတ်ကုန်တစ်ခုမှာ ကားမှန်များဖြစ်ပါတယ်။ ကားမှန်ထုတ်လုပ်ရာတွင် အစေးများကို ရောနှောကုန်ကြမ်းပစ္စည်းအဖြစ် အသုံးပြုကြသည်ကိုလည်း လေ့လာသိရှိခဲ့ရပါတယ်။ ကမ္ဘာကျော်ကား ကုမ္ပဏီအချို့ကလည်း မြန်မာပြည်တွင်း၌ ကားမှန်စက်ရုံတည်ရန်အတွက် နေရာရှာဖွေလျက်ရှိသည်ဟု သတင်းကြားမိပါတယ်။ လျှော်ဖြူပင်များကို အပူပိုင်းအညာဒေသများတွင် အများအပြားစိုက်ပျိုးပြီး ကုန်ကြမ်းအများအပြားထုတ်ယူနိုင်ရန် မြန်မာနိုင်ငံလျှော်ဖြူစိုက်ပျိုး သူများအသင်းဖွဲ့ပြီး ဆောင်ရွက်လျက်ရှိပါတယ်။ လေ့လာစမ်းသပ်မှုများအရ မြန်မာနိုင်ငံထွက် လျှော်ဖြူစေးသည် ပြည်တွင်းဆေးဝါး ထုတ်လုပ်ရေးလုပ်ငန်းတွင် အသုံးပြုရန် အိန္ဒိယမှ မှာယူတင်သွင်းနေရသော အပင်ထွက်အစေးတစ်မျိုးဖြစ်သည့် နေရာတွင် အစားထိုး သုံးစွဲနိုင်ကြောင်း သိရှိရပါတယ်။

ဆေးကုလားမပင်၏ ပြင်ပရုပ်သွင်ကို မတင်ပြမီ အပင်၏ ပင်မမျိုးစိတ်သည် Sterculia versicolor ဖြစ်ကြောင်း လေ့လာသိရှိရပါတယ်။ အပင်သည် Perennial trees နှစ်ရှည်ခံ အပင်ကြီးဖြစ်ပြီး grey bark အညိုရောင်အခေါက်ပါပြီး gum miferous ကော်စေး ထွက်နိုင်သည်။ အရွက်များသည် လက်ဝါးရွက်ပေါင်း palmate compound leaves ဖြစ်သည်။ ရွက်လွှဲ alternate ထွက်သည်။ ရွက်မြွှာအရေအတွက် ငါးရွက်မှခုနှစ်ရွက်အထိပါပြီး ပုံစံမှာကျယ်ပြန့်သော အီလစ်ပုံစံဖြစ်သည်။ ပန်းခိုင် Inflorescences မှာ axillary panicles သည် ပွင့်ကိုင်း peduncles သည် pink or reddish brown အရောင်ရှိပါတယ်။

ဆေးကုလားမကို နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများမှ တစ်ဆင့် ထိုင်း၊ တရုတ်၊ အိန္ဒိယစသည့်နိုင်ငံများသို့တင်ပို့ရောင်းချနေပါတယ်။ တစ်ဖက်နိုင်ငံ၏ ကုန်ကြမ်းလိုအပ်ချက်များ ရှိလာပါက တရုတ်ကုန်သည်များကိုယ်တိုင် လျှော်ဖြူစိုက်ခင်းများသို့လာရောက်၍ မိမိတို့စိတ်ကြိုက် အရည်အသွေးကောင်းသော လျှော်ဖြူစေးများကို ဝယ်ယူမှုများရှိနေကြောင်း၊ ပြည်တွင်းမှရန်ကုန်နှင့် မန္တလေးမြို့ပေါ်ရှိ ကုန်သည်ပွဲစားများကလည်း လာရောက်ဝယ်ယူလျက်ရှိကြောင်း၊ မြန်မာ့လျှော်ဖြူစေးသည် နှစ်စဉ်နိုင်ငံခြားဝယ်လိုအားကောင်းနေသော ကုန်ပစ္စည်းဖြစ်၍ ပိုးသတ်ဆေးမပါဘဲ သဘာဝစစ်စစ်မို့လည်း ဈေးကောင်းပေးကာ ဝယ်နေကြသည်ကို သိရှိရပါတယ်။ တရားဝင်လမ်းကြောင်းမှလည်း တင်ပို့ခွင့်ပြုနေပြီဖြစ်၍ လျှော်ဖြူစိုက်တောင်သူများအနေဖြင့် ရေရှည်ဈေးကွက် ခိုင်မာရေး၊ အရည်အသွေးစံချိန်စံညွှန်းပြည့်မီသော လျှော်ဖြူအစေးများ ထွက်ရှိရေးအလေးထား၍ ဆောင်ရွက်နိုင်ရန်အတွက် အသင်းအဖွဲ့များ၊ အစုအဖွဲ့များ ဖွဲ့စည်းထားပြီးဖြစ်ပါတယ်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် လျှော်ဖြူသည် ဈေးကွက်အလားအလာကောင်းနေသည့်အတွက် လျှော်ဖြူစိုက်ပျိုးမှုများလာပြီး အကျိုးအမြတ်ရရှိသည့်အတွက် တောင်သူတော်တော်များများ စိုက်ပျိုးလာတာကို တွေ့ရှိရပါတယ်။ လက်ရှိမှာ လျှော်ဖြူသည် ပြည်တွင်းတွင် အရောင်းအဝယ်ဖြစ်နေပြီး ပြည်ပဈေးကွက်တွင် တရုတ်နိုင်ငံက အဓိကဝယ်ယူနေသည့်အတွက် တောင်သူများအပြင် /တချို့ရင်းနှီးမြှုပ်နှံနိုင်တဲ့ မြို့နေသူများမှလည်း ကျေးရွာဘက်/နယ် ဘက်ဒေသများတွင်ဆင်းပြီး လျှော်ဖြူစိုက်ပျိုးလိုရတဲ့ ယာခင်းမြေများဝယ်ယူ၍ စိုက်ပျိုးကြပါတယ်။ တချို့ကတော့ စိုက်ပြီးသား အခင်းများကို ဝယ်ယူကြသည်ကိုတွေ့ရှိရပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီးမှာ လျှော်ဖြူစိုက်ဧက ၈၈၇၁ ဧကရှိပြီး လျှော်ဖြူစိုက်တောင်သူများအနေဖြင့် ရေရှည် ဈေးကွက်ခိုင်မာရေး၊ အရည်အသွေးစံချိန် စံညွှန်းပြည့်မီသော လျှော်ဖြူအစေးများထွက်ရှိရေး အလေးထား၍ ဆောင်ရွက်နိုင်ရန်အတွက် လျှော်ဖြူစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများ အသင်း (၁၁) သင်း၊ အစုအဖွဲ့(၂၇) ဖွဲ့စည်းထားကြောင်း၊ ယနေ့စိုက်ပျိုးမှုအရ လျှော်ဖြူကို တိုးချဲ့စိုက်ပျိုးလာသည်ကိုသိရှိခဲ့ရပါတယ်။

ကျွန်မအနေဖြင့် လျှော်ဖြူပင်ကို ရင်းရင်းနှီးနှီးမြင်ဖူးသော်လည်း အစေးထုတ်နေသည်ကို ယခုမှနီးနီးကပ်ကပ်ကြုံဖူးခြင်းဖြစ်ပါတယ်။ ယခုစိုက်ပျိုးသော ဒေသထွက်လျှော်ဖြူ မြန်မာမျိုးအပြင် ထွက်နှုန်းကောင်းသော နိုင်ငံခြားမျိုးလည်းရှိသေးဟုလည်း သိရှိခဲ့ရပါတယ်။ လျှော်ဖြူပင်ကို နေအိမ်ခြံဝင်းများတွင် တစ်ပိုင်တစ်နိုင်အဖြစ် စိုက်ပျိုးကြသလို မြေကွက်ကျယ်ကျယ်များဝယ်ယူပြီး ရင်းနှီးမြှုပ်နှံလာကြကြောင်း လေ့လာသိရှိရပါတယ်။ တောင်သူဦးကြီးများ မိသားစုဝင်ငွေပိုမိုတိုးတက်ရရှိစေရေးအတွက် အဖိုးတန်နှစ်ရှည်သီးနှံတစ်မျိုးဖြစ်သော လျှော်ဖြူခေါ် ဆေးကုလားမပင် စိုက်ပျိုးထုတ်လုပ်ခြင်းကို နယ်ပယ်ဒေသအသီးသီးတွင် စိုက်ပျိုးလုပ်ကိုင်သလို စီးပွားဖြစ်စိုက်ပျိုး ထုတ်လုပ်ခြင်းဖြင့် ပြည်တွင်းသာမက ပြည်ပထိပါ တင်ပို့နိုင်သည့်အတွက် အကျိုးရှိပြီး အလားအလာကောင်းသည့် စိုက်ပျိုးရေးလုပ်ငန်းတစ်ခုဖြစ်လာနိုင်ပါတယ်။ တောင်သူဦးကြီးများ ဝမ်းသာပီတိ မြေမှာထိ "အစေးထွက်အား လေးလည်းကောင်း၊ အစေးလေးလည်းလှ ဈေးလေးလည်းကြွ အိုဘယ် လျှော်ဖြူ မိရွှေဖြူ" ပင်သည် မိသားစုလူနေမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် စိုက်ပျိုးသင့်သော အပင်လည်းဖြစ်ပါတယ်။ "အညာ တမာလွှမ်းရမည်ဆိုတဲ့စကားအတိုင်း အညာတစ်ခွင်ကို တမာပင်များအပြင် လျှော်ဖြူပင်များ လွှမ်းစေခြင်းဖြင့် ဝင်ငွေတိုးလာရုံသာမက သဘာဝ ပတ်ဝန်းကျင်လည်း စိမ်းစိုသာယာလှပလာလိမ့်မည်"ဟုယုံကြည်မိပါကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။

# စက်သုံးဆီ(ဓာတ်ဆီ၊ ဒီဇယ်)၊ ဆန်၊ သကြား၊ ရွှေနှင့် အမေရိကန်ဒေါ်လာ ပြည်တွင်း

## စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်) ပြည်တွင်းဈေးနှုန်းနှင့်ကမ္ဘာ့ဈေးကွက်အခြေအနေသုံးသပ်ချက်

ကမ္ဘာ့လောင်စာဆီဈေးကွက် အခြေအနေအား လေ့လာကြည့်ရာတွင် ဓာတ်ဆီဈေးနှုန်းသည် ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်နေ့ Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဈေးနှုန်းများအရ ကမ္ဘာ့နိုင်ငံပေါင်း ၁၁၂ နိုင်ငံအနက် ဈေးနှုန်းမြင့်တက် ခဲ့သည့်နိုင်ငံပေါင်း ၃၄ နိုင်ငံရှိပြီး၊ ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ်သည့် Costa Rica နိုင်ငံတွင် ယခင်တစ်ပတ်ဈေးနှုန်းထက် သုံးရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း တွေ့ရှိရပါသည်။

ယခုတစ်ပတ်အတွင်း မြန်မာ၊ အင်ဒိုနီးရှား၊ လာအို၊ စင်ကာပူ၊ ထိုင်း၊ ဗီယက်နမ်၊ တရုတ်၊ နီပေါ၊ ပါကစ္စတန်၊ သီရိလင်္ကာ၊ ထိုင်ဝမ်၊ ဒိန်းမတ်၊ အီဂျစ်၊ ဂရိ၊ ကင်ညာ၊ ကူဝိတ်နှင့် တူရကီစသည့်နိုင်ငံများအပါအဝင် နိုင်ငံပေါင်း ၆၀ နိုင်ငံတွင် ယခင်တစ်ပတ်ဈေးနှုန်းများအတိုင်း ပြောင်းလဲခြင်းမရှိဘဲ ဓာတ်ဆီဈေးနှုန်း တည်ငြိမ်ခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။

ဓာတ်ဆီဈေးနှုန်း ကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် ဖိလစ်ပိုင်၊ အိန္ဒိယ၊ တောင်ကိုရီးယား၊ ဆွစ်ဇာလန်၊ ဘရာဇီး၊ နယ်သာလန်၊ ယူကရိန်းနှင့် ပီရူးစသည့်နိုင်ငံတို့ အပါအဝင် နိုင်ငံပေါင်း ၁၈ နိုင်ငံရှိ၍ ယခင်တစ်ပတ် ဈေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင်နှုန်းမှ ၇ ဒသမ ၆၀ ရာခိုင်နှုန်းထိ ကျဆင်းခဲ့ကြောင်း တွေ့ရှိရပါသည်။

အာဆီယံနိုင်ငံများ၏ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီ ၁၁ ရက် Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဓာတ်ဆီဈေးနှုန်းအနေဖြင့် ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်လျှင် မလေးရှား နိုင်ငံတွင် ၂ ဒသမ ၁၀ ရာခိုင်နှုန်းနှင့် ကမ္ဘောဒီးယားနိုင်ငံတွင် သုည ဒသမ ၈၀ ရာခိုင်နှုန်းအသီးသီးဈေးနှုန်းများမြင့်တက်ခဲ့ကာဖိလစ်ပိုင်နိုင်ငံတွင် သုည ဒသမ ၈၀ ရာခိုင်နှုန်း ဈေးနှုန်းကျဆင်းလျက်ရှိပြီး ကျန်အာဆီယံနိုင်ငံတို့တွင် ဈေးနှုန်းအပြောင်းအလဲမရှိ တည်ငြိမ်နေခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။

ဒီဇယ်ဆီဈေးနှုန်းသည် ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီ ၁၁ ရက် Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ကမ္ဘာ့ နိုင်ငံပေါင်း ၁၁၂ နိုင်ငံအနက် ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၃၉ နိုင်ငံရှိပြီး ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ်သည့် Lebanon နိုင်ငံတွင် ယခင်တစ်ပတ်ဈေးနှုန်းထက် ၂ ဒသမ ၄၀ ရာခိုင်နှုန်း ဈေးနှုန်းမြင့်တက်ခဲ့ကြောင်း တွေ့ရှိရပါသည်။

ယခုတစ်ပတ်တွင် မြန်မာ၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ စင်ကာပူ၊ ထိုင်း၊ ဗီယက်နမ်၊ တရုတ်၊ အိန္ဒိယ၊ နီပေါ၊ ပါကစ္စတန်၊ သီရိလင်္ကာ၊ ဒိန်းမတ်၊ အီဂျစ်၊ ကင်ညာ၊ ကူဝိတ်၊ ကာတာ၊ ရုရှားနှင့် တူရကီစသည့်နိုင်ငံများ အပါအဝင် ၅၉ နိုင်ငံတွင် ယခင်တစ်ပတ်များ အတိုင်း ဈေးနှုန်းအပြောင်းအလဲမရှိဘဲ ဒီဇယ်ဈေးနှုန်းတည်ငြိမ်ခဲ့ ကြောင်း တွေ့ရှိရပါသည်။

ဒီဇယ်ဈေးနှုန်း ကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် တောင်ကိုရီးယား၊ ဘရာဇီး၊ ပြင်သစ်၊ နယူးဇီလန်၊ နယ်သာလန်၊ ကနေဒါ စသည့်နိုင်ငံတို့အပါအဝင် ၁၄ နိုင်ငံရှိပြီး ယခင်တစ်ပတ် ဈေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင်နှုန်းမှ ၆ ဒသမ ၅၀ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ကြောင်း တွေ့ရှိရပါသည်။

အာဆီယံနိုင်ငံများ၏ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီ ၁၁ ရက် Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဒီဇယ်ဈေးနှုန်းအနေဖြင့် ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်လျှင် ကမ္ဘောဒီးယားနိုင်ငံတွင် ၂ ဒသမ ၂၀ ရာခိုင်နှုန်းနှင့်ဖိလစ်ပိုင်နိုင်ငံတွင် သုည ဒသမ ၅၀ ရာခိုင်နှုန်း အသီးသီးဈေးနှုန်းများမြင့်တက်ခဲ့ပြီး ကျန်ရှိသော အာဆီယံနိုင်ငံတို့တွင် ဈေးနှုန်းအပြောင်းအလဲမရှိ တည်ငြိမ်နေခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။ အာဆီယံနိုင်ငံများ၏ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်တွင် ဖြစ်ပေါ်နေ သော ဓာတ်ဆီ၊ ဒီဇယ် ၁ လီတာဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓါတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | မြန်မာ | လီတာ | ၀.၄၉ | ၀.၅၅ |
| ၂ | အင်ဒိုနီးရှား | လီတာ | ၀.၇၂ | ၀.၈၂ |
| ၃ | ထိုင်း | လီတာ | ၁.၀၄ | ၀.၇၉ |
| ၄ | ဗီယက်နမ် | လီတာ | ၀.၇၆ | ၀.၆၄ |
| ၅ | စင်္ကာပူ | လီတာ | ၁.၅၁ | ၁.၁၉ |
| ၆ | မလေးရှား | လီတာ | ၀.၄၇ | ၀.၅၂ |
| ၇ | ဖိလစ်ပိုင် | လီတာ | ၀.၉၄ | ၀.၇၇ |
| ၈ | ကမ္ဘောဒီးယား | လီတာ | ၀.၉၁ | ၀.၈၂ |
| ၉ | လာအို | လီတာ | ၁.၁၆ | ၀.၉၃ |
| ၁၀ | ဘရူနိုင်း | Global Petrol Prices website တွင် ဖော်ပြထားခြင်းမရှိပါ။ | | |

## ဆန်ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ပြည်ပဆန်ဈေးကွက်ကို လေ့လာကြည့်ပါက ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်တွင် International Rice Market Website တွင်ဖော်ပြချက်အရ ပါကစ္စတန်ဆန်ဈေးနှုန်းများမှာ ဧည့်မထ ၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၅၃ ဖြင့်လည်း ကောင်း၊ ဧည့်မထ ၂၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၁၈ ဖြင့်လည်းကောင်း၊ ထိုင်းဆန်ဈေးနှုန်းများမှာ ၁၀၀ မှတ် ဘီဂရိတ်ဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၉၅ ဖြင့်လည်း ကောင်း၊ ဧည့်မထ ၅ မှတ်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၈၅ ဖြင့် လည်းကောင်း၊ ဧည့်မထ ၂၅ မှတ် တစ်တန်လျှင် အမေ ရိကန်ဒေါ်လာ ၃၇၄ ဖြင့် လည်းကောင်း၊ ပေါင်းဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၂၀ ဖြင့်လည်းကောင်း ရှိခဲ့ပါသည်။

ဗီယက်နမ်နိုင်ငံ၏ ဆန်ဈေးကွက်တွင် ဧည့်မထ ၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၃၅ ဖြင့် လည်းကောင်း၊ ဧည့်မထ ၂၅ မှတ်ဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၂၅ ဖြင့် လည်းကောင်း၊ အိန္ဒိယနိုင်ငံတွင် ဧည့်မထ ၂၅ မှတ်ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၆၅ ဖြင့် လည်းကောင်း၊ ပေါင်းဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၈၃ ဖြင့်လည်းကောင်း အသီးသီးရှိသည်ကို လေ့လာတွေ့ရှိရပါသည်။ ယခင်တစ်ပတ်ဈေးများနှင့် နှိုင်းယှဉ်ပါက ထိုင်းနိုင်ငံတွင် ၁၀၀ မှတ် ဘီဂရိတ်ဆန်၊ ဧည့်မထ ၅ မှတ်ဆန်နှင့် ဧည့်မထ ၂၅ မှတ်ဆန် အမျိုးအစားများမှာ ဈေးနှုန်းအနည်းငယ်ကျဆင်းသွားခဲ့ပြီး ပေါင်းဆန်ဈေးနှုန်းမှာ ဈေးနှုန်းတည်ငြိမ်လျက်ရှိကြောင်း သိရှိရပါသည်။ အိန္ဒိယနိုင်ငံတွင်လည်း ဧည့်မထ ၂၅ မှတ် ဆန်ဈေးနှုန်းမှာလည်း ဈေးအနည်းငယ်ကျဆင်းသွားခဲ့ပြီး ပေါင်းဆန်ဈေးနှုန်းများ ဈေးတည်ငြိမ်လျက်ရှိကြောင်း သိရှိရပါသည်။ ဗီယက်နမ်နိုင်ငံတွင် ဧည့်မထ ၅ မှတ်နှင့် ၂၅ မှတ်ဆန်အမျိုးအစားများမှာ ဈေးနှုန်းတည်ငြိမ်လျက်ရှိကြောင်း တွေ့ရှိရပြီး ပါကစ္စတန်နိုင်ငံတွင် ဧည့်မထ ၅မှတ်နှင့် ၂၅ မှတ်ဆန်အမျိုးအစားများမှာ ဈေးနှုန်းအနည်းငယ်တက်သွားကြောင်း လေ့လာသိရှိရပါ သည်။

ဆန်ဈေးကွက်နှင့် စပ်လျဉ်းသည့် ပြည်ပသတင်းများအနေဖြင့် အိန္ဒိယနှင့် ဗီယက်နမ်နိုင်ငံတို့သည် ဆန်တိုးမြှင့်တင်ပို့၍ တောင်သူဝင်ငွေတိုးစေရေး ကြိုးပမ်းလာကြသဖြင့် အာရှတိုက်တွင် ဆန်တင်ပို့သူများအကြား အားပြိုင်လာကာ အကျိုးဆက်အနေဖြင့် ကမ္ဘာ့ဆန်ဈေးကျဆင်းလာ၍ ဈေးကွက်ဝေစုရရှိသူများပင် အထိနာဖွယ်ရှိနိုင်ကြောင်း လေ့လာသိရှိရပါသည်။ မေလ၌ အထွေထွေရွေးကောက်ပွဲဝင်ရန်ရှိသော အိန္ဒိယအစိုးရသည် လွန်ခဲ့သည့်နှစ်လအကြာက ဘာစမာတီမဟုတ်သော အခြားဆန် တင်ပို့မှုအတွက် ပို့ကုန်သက်ညှာခွင့် ၄ါးရာခိုင်နှုန်းပေးအပ်ခဲ့ပြီး မတ်လတွင် သက်တမ်းကုန်မည့် ၎င်းစီမံချက်တွင် အိန္ဒိယဆန်ကို ဈေးသက်သာစေပြီး ဆန်တင်ပို့မှုမြင့်တက်လာစေရန်နှင့် နိုင်ငံ၏ ဆန်လက်ကျန်လျှော့ချရန် ရည်ရွယ်ခြင်းဖြစ်သည်ကို သိရှိရပါသည်။

ဗီယက်နမ်နိုင်ငံသည် ၂၀၁၈ ခုနှစ်အတွင်း နှစ်အလိုက် ဆန်တင်ပို့မှုခြောက်ရာခိုင်နှုန်းမြှင့်တင်၍ တန်ချိန် ၆ ဒသမ ၁၅ သန်းထိတင်ပို့နိုင်ခဲ့ပြီး စက်မှုကဏ္ဍတိုးတက်လာသော ဗီယက်နမ်နိုင်ငံတွင် လယ်ယာလုပ်ငန်းမှာ အရေးပါနေဆဲဖြစ်၍ စုစုပေါင်း လယ်ယာမြေအနက် ၆၀ ရာခိုင်နှုန်းမှာ စပါးစိုက် ဧရိယာများဖြစ်ကြောင်း သိရှိရပါသည်။ ကမ္ဘာ့ဆန်တင်ပို့မှု ထိပ်သီးနိုင်ငံအဖြစ် ဆယ်စုနှစ်သုံးခုကျော်ကြာ ရပ်တည်လာခဲ့သော ထိုင်းနိုင်ငံသည် အိန္ဒိယနှင့် ဗီယက်နမ်နိုင်ငံတို့၏ ဈေးကွက်ယှဉ်ပြိုင်မှု အားကောင်းလာခြင်းကြောင့် ယခုအခါ ဆန်တင်ပို့မှု ထပ်မံကျဆင်းလာနိုင်ပြီး ထိုင်းနိုင်ငံသည် ၂၀၁၇ ခုနှစ်တွင် ဆန်တန်ချိန် ၁၁ ဒသမ ၆ သန်း တင်ပို့ခဲ့ရာမှ ၂၀၁၈ ခုနှစ်၌ တန်ချိန် ၁၁ သန်းသို့လျော့ကျခဲ့ပြီး ၂၀၁၉ ခုနှစ်တွင်လည်း ထိုင်းဆန်တင်ပို့မှု တန်ချိန် ၁၀ သန်းသို့ ထပ်မံကျဆင်းနိုင်ဖွယ်ရှိကြောင်း ထိုင်းကုန်သွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်ကို သိရှိရပါသည်။

ထိုင်းပို့ကုန်လုပ်ငန်းများမှာ ယခုနှစ် ဆန်တင်ပို့မှု အလားအလာတွင် တန်ချိန် ကိုးသန်းမှ ၉ ဒသမ ၅ သန်းသာ ရှိနိုင်မည်ဟု ခန့်မှန်းထားပြီး ၂၀၁၇ ခုနှစ်က ထိုင်းဆန်ပို့ကုန်များပြားခဲ့ခြင်း မှာ ဝန်ကြီးချုပ်ဟောင်း ယင်လတ်ရှင်နာဝါထရာ လက်ထက်က ဝယ်ယူခဲ့သည့် ဆန်အပိုအလျှံများကို ထုတ်ရောင်းခဲ့၍ဖြစ်ကြောင်း သိရှိရပါသည်။ ထိုင်းဆန်ပို့ကုန်ဈေးသည် ယခင်နှစ် ဇန်နဝါရီလနောက်ပိုင်း ကိုးရာခိုင်နှုန်း ကျဆင်းခဲ့ပြီး တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၀၀ ဝန်းကျင်၌ ရပ်တည်နေသည်ကို တွေ့ရှိရပါသည်။ သို့သော်ထိုင်းဆန်မှာ ဗီယက်နမ်ဆန်နှင့်ယှဉ်လျှင် ဈေးပိုမြင့်တက်လျက်ရှိပြီး ဗီယက်နမ် အလားတူဆန်ဈေးမှာ တစ်တန်လျှင် ဒေါ်လာ ၃၈၀ရှိနေပြီး အိန္ဒိယနိုင်ငံတွင် အလားတူဆန်ဈေးမှာ တစ်တန်လျှင် ၃၇၂ ဒေါ်လာသာရှိကြောင်း သိရှိရပါသည်။

ထိုင်းနိုင်ငံအနေဖြင့် ရိုးရိုးဆန်အစား အကျိုးအမြတ်ပိုမိုရရှိမည့် အမျိုးအစားကောင်းမွန်သည့် ဆန်တင်ပို့ရေးကိုသာ ရှေးရှုလာမည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုပမာဏထက် အရည်အသွေးပိုင်းကို ဦးစားပေးသွားမည်ဖြစ်ကြောင်း ထိုင်းကုန်သွယ်ရေးဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံခြားကုန်သွယ်ရေးဦးစီးဌာန၏ အထွေထွေညွှန်ကြားရေးမှူးကပြောကြားခဲ့သည်ကို လေ့လာသိရှိရပါသည်။ ထိုင်းအစိုးရသည် ဟောင်ကောင်၊ စင်ကာပူ၊ တရုတ်၊ အရှေ့အလယ်ပိုင်းနှင့် ဥရောပရှိ အဆင့်မြင့်စားသောက်ဆိုင်များသို့ အမျိုးအစား ကောင်းမွန်သည့်ဆန်ကို တိုးမြှင့်ရောင်းချနိုင်ရေး ကြိုးပမ်းမည်ဖြစ်ပြီး ထိုင်းအရည်အသွေးမြင့်ဆန်သည် ရောင်းလိုအားအလွန်နည်းခြင်းကြောင့် ပြီးခဲ့သည့်နှစ်များအတွင်း ဈေးတက်လာခဲ့ပြီး ယခင်ကတစ်တန်လျှင်ဒေါ်လာ ၇၀၀ မှ ၈၀၀ ဝန်းကျင်၌ ရှိခဲ့ရာမှ ယခုအခါ ဒေါ်လာ ၁၀၀၀ ကျော်သို့ ရောက်ရှိလာကြောင်း လေ့လာသိရှိရပါသည်။

ပြည်တွင်းဆန်ဈေးကွက်အခြေအနေဖြင့် မြန်မာနိုင်ငံ၏ ဆန်တင်ပို့နိုင်မှုမှာ နယ်စပ်ကုန်သွယ်ရေးတွင် ထက်ဝက်ခန့် လျော့ကျခြင်းနှင့် ဥရောပသမဂ္ဂ (EU)က ပိတ်ဆို့မှုများရှိခြင်းကြောင့် ယခုဘဏ္ဍာနှစ်တွင် ဆန်တင်ပို့မှုလျော့ကျမည်ဟု ခန့်မှန်းထားပြီး ဈေးကွက်အသစ်များရရှိရန် အစိုးရအနေဖြင့် အစိုးရချင်း ပူးပေါင်းဆောင်ရွက်မှု G to G တွင် ပိုမိုအားထုတ်ပေးရန်မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှပြောကြားခဲ့သည် ကိုသိရှိရပါသည်။

ကုန်သွယ်မှုဆိုင်ရာတွင်မိမိတို့အနေဖြင့် ဈေးကွက်အသစ်များ ရရှိဖို့ရန် ကြိုးပမ်းမှုများ ပြုလုပ်နေကြောင်းဆန်စပါးအသင်းချုပ်ထံမှသိရှိရပါသည်။ ၂၀၁၇-၁၈ ဘဏ္ဍာနှစ် တွင် မြန်မာနိုင်ငံက ပြည်ပသို့ဆန်တင်ပို့မှု တန်ချိန် ၃ ဒသမ ၅ သန်း ကျော်ရှိပြီး အမေရိကန်ဒေါ်လာသန်း ၁၁၀၀ ကျော် နိုင်ငံခြားဝင်ငွေရရှိကာ ယခုဘဏ္ဍာနှစ်၌ တန်ချိန် နှစ်သန်းကျော်သာရှိမည်ဟု ခန့်မှန်းသိရှိရပါသည်။

အစိုးရမှ ဆန်ဝယ်ယူသည့် နိုင်ငံများမှ အကြီးအကဲများ၊ တာဝန်ရှိသူများနှင့် ညှိနှိုင်းပေးမှုများ၊ ဝယ်ယူသည့် ခွဲတမ်းများပိုမိုများပြားလာစေရန် ဆောင်ရွက်ပေးမည်ဖြစ် ကြောင်း ပြောကြားခဲ့သည်ကိုသိရှိရပါသည်။ ထုတ်လုပ်တင်ပို့သူများအနေဖြင့် နိုင်ငံတကာ ဈေးကွက်သို့တင်ပို့ရန် အရည်အသွေးထိန်းသိမ်းမှုများ၊ ခေတ်မီနည်းပညာများဖြင့် ထုပ်ပိုးမှုများပြုလုပ်ရန် လိုအပ်ကြောင်း လေ့လာသိရှိရပါသည်။

မြန်မာ-ထိုင်း နယ်စပ်ဒေသဖြစ်သော မြဝတီမြို့တွင် ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီ ၁၅ ရက်တွင်

**စာမျက်နှာ ၁၇ သို့**

# ဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ၊ အပတ်စဉ်ဈေးနှုန်း သုံးသပ်ချက်

၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်တွင် Global Petrol Prices Website ၌ဖော်ပြထားရှိသည့် ကမ္ဘာ့စက်သုံးဆီဈေးနှုန်းမှာ ဓာတ်ဆီ ၁ လီတာတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ဝ၉ နှင့် ဒီဇယ်ဆီ ၁ လီတာတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ဝ၃ ရှိပြီး စက်သုံးဆီဈေးနှုန်း နိုင်ငံအလိုက် နည်း/များတွင် မြန်မာနိုင်ငံသည် ဓာတ်ဆီဈေးနှုန်း ၁ လီတာ သုည ဒသမ ၄၉ ဒေါ်လာနှုန်းဖြင့် ၁၄ နိုင်ငံမြောက်နှင့် ဒီဇယ်ဆီဈေးနှုန်း ၁ လီတာ သုည ဒသမ ၅၅ ဒေါ်လာနှုန်းဖြင့် ၁၈ နိုင်ငံမြောက်တွင်ရှိနေသောကြောင့် ကမ္ဘာ့နိုင်ငံများနှင့်နှိုင်းယှဉ်လျှင် စက်သုံးဆီဈေးနှုန်း သက်သာသောနိုင်ငံများတွင် ပါဝင်ကြောင်း တွေ့ရှိရပါသည်။

ယခုတစ်ပတ်တွင် ဓာတ်ဆီ၊ ဒီဇယ်ဈေးနှုန်း အနည်းဆုံး/အများဆုံးနိုင်ငံများစာရင်းကို ၁ လီတာ ဈေးနှုန်းများဖြင့် အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး-အမေရိကန်ဒေါ်လာ

| စဉ် | ဓါတ်ဆီဈေးနှုန်း အနိမ့်ဆုံးနိုင်ငံ | | | ဓါတ်ဆီဈေးနှုန်း အမြင့်ဆုံးနိုင်ငံ | | |
|---|---|---|---|---|---|---|
| | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး |
| ၁ | ဗင်နီဇွဲလား | လီတာ | ၀.၀၁ | Zimbabwe | လီတာ | ၃.၃၂ |
| ၂ | ဆူဒန် | လီတာ | ၀.၁၃ | ဟောင်ကောင် | လီတာ | ၂.၀၉ |
| ၃ | အီရန် | လီတာ | ၀.၂၉ | Monaco | လီတာ | ၁.၉၈ |
| ၄ | ကူဝိတ် | လီတာ | ၀.၃၄ | Wallis and Futuna | လီတာ | ၁.၈၉ |
| ၅ | အယ်ဂျီးရီးယား | လီတာ | ၀.၃၅ | နော်ဝေ | လီတာ | ၁.၈၄ |

တန်ဖိုး-အမေရိကန်ဒေါ်လာ

| စဉ် | ဒီဇယ်ဆီဈေးနှုန်း အနိမ့်ဆုံးနိုင်ငံ | | | ဒီဇယ်ဆီဈေးနှုန်း အမြင့်ဆုံးနိုင်ငံ | | |
|---|---|---|---|---|---|---|
| | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး |
| ၁ | အီရန် | လီတာ | ၀.၀၇ | Zimbabwe | လီတာ | ၃.၃၃ |
| ၂ | ဆူဒန် | လီတာ | ၀.၀၉ | Monaco | လီတာ | ၁.၉၀ |
| ၃ | ဆော်ဒီအာရေဗျ | လီတာ | ၀.၁၃ | နော်ဝေ | လီတာ | ၁.၈၁ |
| ၄ | အယ်ဂျီးရီးယား | လီတာ | ၀.၁၉ | Wallis and Futuna | လီတာ | ၁.၈၁ |
| ၅ | Ecuador | လီတာ | ၀.၂၇ | အိုက်စလန် | လီတာ | ၁.၇၆ |

မြန်မာနိုင်ငံနှင့် ကုန်သွယ်မှု အများဆုံးဆောင်ရွက်သော တရုတ်၊ ဂျပန်နှင့် အိန္ဒိယနိုင်ငံများ၏ စက်သုံးဆီ ၁ လီတာ ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး-အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓါတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | တရုတ် | လီတာ | ၁.၀၃ | ၀.၉၂ |
| ၂ | ဂျပန် | လီတာ | ၁.၂၂ | ၁.၀၅ |
| ၃ | အိန္ဒိယ | လီတာ | ၁.၀၃ | ၀.၉၆ |

Oil-Price. Net Website ၌ ဖော်ပြထားရှိသည့် ကမ္ဘာ့ရေနံစိမ်း (Crude Oil) နေ့စဉ်ဈေးနှုန်းများအား တစ်ဖက်ပါအတိုင်း ဖော်ပြအပ်ပါသည်-


## ကြယ်စင်(တန့်ဆည်မြေ)

တန်ဖိုး-အမေရိကန်ဒေါ်လာ

| စဉ် | ရက်စွဲ | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|---|
| ၁ | ၈.၂.၂၀၁၉ | စည် | ၅၂.၆၄ |
| ၂ | ၁၁..၂.၂၀၁၉ | စည် | ၅၂.၄၁ |
| ၃ | ၁၂.၂.၂၀၁၉ | စည် | ၅၃.၁၀ |
| ၄ | ၁၃.၂.၂၀၁၉ | စည် | ၅၃.၉၀ |
| ၅ | ၁၄.၂.၂၀၁၉ | စည် | ၅၄.၄၁ |

source : http://www.oil-price.net/

၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ၁၇ ရက်မှ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ ၁၁ ရက်ထိ အပတ်စဉ် ဓာတ်ဆီ၊ ဒီဇယ်နှင့် ရေနံစိမ်းဈေးနှုန်း ပြောင်းလဲမှုများကို အောက်ပါအတိုင်းဖော်ပြအပ်ပါသည်-




စာမျက်နှာ ၁၇ သို့

## ရွှေနှင့် အမေရိကန်ဒေါ်လာ ငွေလဲလှယ်နှုန်း ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ သုံးသပ်တင်ပြခြင်း

ကမ္ဘာ့ရွှေဈေးက ဖေဖော်ဝါရီ ၁ ရက်တွင် တစ်အောင်စလျှင် ကန်ဒေါ်လာ ၁၃၂၀ မှ ဖေဖော်ဝါရီ ၁၄ ရက်တွင် တစ်အောင်စလျှင် ၁၃၀၆ ဒေါ်လာသို့ ကျဆင်းလာခဲ့သော်လည်း ပြည်တွင်း ဈေးကွက်တွင် ရွှေဈေးနှုန်းမှာ ယခင်တစ်ပတ်ထက် ဆက်လက်မြင့်တက်လျက်ရှိပြီး အခေါက်ရွှေ တစ်ကျပ်သားလျှင် ၁၀၇၆၀၀၀ အထိ မြင့်တက်ခဲ့သည်ကို တွေ့ရှိရပါသည်။

ဖေဖော်ဝါရီ ၁ ရက်တွင် အခေါက်ရွှေတစ်ကျပ်သားလျှင် ၁၀၅၉၅၀၀ ကျပ် ဖြစ်ပေါ်ခဲ့ရာမှ ဖေဖော်ဝါရီလ ဒုတိယပတ်တွင် ၁၀၇၀၀၀၀ ကျပ်ထိ မြင့်တက်လာခဲ့သည်ကို တွေ့ရှိ ရပါသည်။ ကမ္ဘာ့ရွှေဈေး ကျဆင်းခဲ့သော်လည်း စပါး၊ ပဲ စသော ကောက်ပဲသီးနှံပေါ်ချိန်ဖြစ်ပြီး နယ်အဝယ်များခြင်းကြောင့် ပြည်တွင်းရွှေဈေး မြင့်တက်ခြင်းဖြစ်ကြောင်း သိရှိရပါသည်။

ပြည်ပနှင့် ရွှေတင်ပို့/ တင်သွင်းခွင့်ရရှိခဲ့သည်မှာ တစ်နှစ်ကျော်ရှိပြီဖြစ်သော်လည်း လုပ်ထုံးလုပ်နည်းများကြောင့် လုပ်ကိုင်ခွင့် ကြန့်ကြာနေသေးကြောင်း ရွှေကုန်သည်များ၏ ပြောဆိုမှုအပေါ် နိုင်ငံခြား သုံးငွေစီမံခန့်ခွဲမှုဥပဒေပြင်ပြီးမှသာ နိုင်ငံတကာစံနှုန်းမီ ၉၉ ဒသမ ၉၉ အဆင့်ရှိသည့် ရွှေတုံးများကို ပြည်ပနှင့် တင်ပို့/ တင်သွင်းခြင်း ခွင့်ပြုနိုင်မည်ဖြစ်ကြောင်း၊ အိမ်နီးချင်းနိုင်ငံများတွင် ရွှေတင်ပို့တင်သွင်းခွင့်ပေးခဲ့စဉ်က တင်ပို့ခြင်းထက်တင်သွင်းခြင်းက ပိုများလာပြီး နိုင်ငံစီးပွားရေးတွင် ဈေးကစားမှုများရှိကာ ငွေကြေးဖောင်းပွမှုများ ရှိခဲ့သောကြောင့် မြန်မာနိုင်ငံတွင် ခွင့်မပြုပေး ခြင်းဖြစ်ကြောင်း ဗဟိုဘဏ်မှ ပြန်လည်ပြောကြားခဲ့ပါသည်။

၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှ ဖေဖော်ဝါရီလ ၁၄ ရက်နေ့အတွင်း ကမ္ဘာ့ရွှေဈေး နှင့်မြန်မာ့ရွှေဈေးအခြေအနေတို့ကို အောက်ပါအတိုင်းတွေ့ရှိရပါသည်-

| စဉ် | နေ့စွဲ | ရွှေဈေးနှုန်း | |
|---|---|---|---|
| | | အခေါက်ရွှေ ၁ ကျပ်သားဈေးနှုန်း | (ဒေါ်လာ/ အောင်စ) |
| ၁ | ၁.၁.၂၀၁၉ | ၁၀၄၃၅၀၀ | ၁၂၈၃ |
| ၂ | ၂.၁.၂၀၁၉ | ၁၀၄၅၅၀၀ | ၁၂၈၇ |
| ၃ | ၃.၁.၂၀၁၉ | ၁၀၄၈၅၀၀ | ၁၂၈၈ |

စာမျက်နှာ ၁၆ သို့


## သကြား ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ကမ္ဘာပေါ်တွင် သကြားအများဆုံးထုတ်လုပ်သောနိုင်ငံများမှာ Foreign Agricultural Service (USDA) စာရင်းများအရ ဘရာဇီး၊ အိန္ဒိယ ၊ ဥရောပသမဂ္ဂ၊ ထိုင်းနိုင်ငံနှင့် တရုတ်နိုင်ငံတို့ဖြစ်ကြပါသည်။ သကြားတင်ပို့သော ကမ္ဘာ့ထိပ်တန်းနိုင်ငံများမှာ ဘရာဇီး၊ ထိုင်း၊ အိန္ဒိယ၊ ဩစတြေးလျနှင့် ဥရောပသမဂ္ဂနိုင်ငံများ ဖြစ်ကြပြီး၊ သကြားတင်သွင်းမှု အများဆုံးနိုင်ငံများမှာ အင်ဒိုနီးရှား၊ တရုတ်၊ အမေရိကန်ပြည်ထောင်စု၊ အာရပ်စော်ဘွားများပြည်ထောင်စုနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့ ဖြစ်ကြပါသည်။ အင်ဒိုနီးရှားနိုင်ငံပြီးလျှင် တရုတ်နိုင်ငံသည် ဒုတိယအများဆုံး သကြားလိုအပ်လျက် ရှိသည့် နိုင်ငံတစ်ခုဖြစ်ပါသည်။ တရုတ်နိုင်ငံသည် သကြားထုတ်လုပ်မှုတွင် ကမ္ဘာ့အများဆုံး ထုတ်လုပ်နိုင်သည့် နိုင်ငံများစာရင်းတွင် ငါးနိုင်ငံမြောက်အဖြစ်ပါဝင်ကာ နှစ်စဉ်ပျမ်းမျှ သကြား တန်ချိန် ၁၀ သန်း ဝန်းကျင်ထုတ်လုပ်နိုင်သော်လည်း တရုတ်နိုင်ငံ ၏ ပြည်တွင်းစားသုံးရန် လိုအပ်မှုသည် တစ်နှစ်လျှင် တန်ချိန် ၁၆ သန်းခန့်ဖြစ်သည့်အတွက် ၆ သန်းခန့် လိုအပ်လျက်ရှိ သည်ကို တွေ့ရှိရပါသည်။

ကမ္ဘာ့သကြားဈေးနှုန်းများအနေဖြင့် International Sugar Organization (ISO) ၏ website ဖြစ်သော www.orisosugar.org တွင် ဖော်ပြချက်များအရ နေ့စဉ်ဖြစ်ပေါ်

| Date | ISA Daily Price | 15 Day Average | White Sugar Price Index | |
|---|---|---|---|---|
| 13-Feb-19 | 12.44 cts/lb | 12.78 cts/lb | 346.80 $/T | 15.73 cts/lb |
| 12-Feb-19 | 12.77 cts/lb | 12.83 cts/lb | 334.35 $/T | 15.17 cts/lb |
| 11-Feb-19 | 12.62 cts/lb | 12.85 cts/lb | 332.90 $/T | 15.10 cts/lb |
| 8-Feb-19 | 12.74 cts/lb | 12.88 cts/lb | 339.15 $/T | 15.38 cts/lb |
| 7-Feb-19 | 12.79 cts/lb | 12.91 cts/lb | 341.75 $/T | 15.50 cts/lb |
| 6-Feb-19 | 12.96 cts/lb | 12.92 cts/lb | 346.05 $/T | 15.70 cts/lb |
| 5-Feb-19 | 12.89 cts/lb | 12.94 cts/lb | 345.95 $/T | 15.69 cts/lb |
| 4-Feb-19 | 12.91 cts/lb | 12.97 cts/lb | 345.75 $/T | 15.68 cts/lb |
| 1-Feb-19 | 12.69 cts/lb | 12.97 cts/lb | 343.25 $/T | 15.57 cts/lb |

Source: www.isosugar.org




Source: www.isosugar.org

နေသည့် ကမ္ဘာ့သကြားဈေးနှုန်းများကို လေ့လာတွေ့ရှိရပါသည်။ အဆိုပါ website တွင် ဖော်ပြချက်များအရ သကြားဖြူ (White Sugar) တစ်တန်လျှင် ၁-၂-၂၀၁၉ ရက်တွင် အမေရိကန်ဒေါ်လာ ၃၄၃ ဒသမ ၂၅ ပေါက်ဈေးရှိခဲ့ရာမှ အတက်အကျအပြောင်းအလဲများ ဆက်လက်ဖြစ်ပေါ်လျက်ရှိပြီး ၁၃-၂-၂၀၁၉ ရက်တွင် အမေရိကန်ဒေါ်လာ ၃၄၆ ဒသမ ၈၀ ဖြစ်ပေါ်ခဲ့သည်ကို တစ်ဖက်ပါအတိုင်း တွေ့ရှိရပါသည်-

၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ ဒုတိယပတ်အတွင်း တရုတ်နိုင်ငံတွင် ဖြစ်ပေါ်နေသော သကြားဈေးနှုန်းမှာ တစ်တန်လျှင် ပျမ်းမျှ အမေရိကန် ဒေါ်လာ ၇၈၂ ဖြစ်ပေါ်ခဲ့ပြီး အမေရိကန်နိုင်ငံတွင် တစ်တန်လျှင် ပျမ်းမျှဒေါ်လာ ၂၅၅၊ ပါကစ္စတန်နိုင်ငံတွင် တစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၃၈၆-၃၉၃၊ အိန္ဒိယနိုင်ငံတွင် တစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၄၃၇-၅၉၀ ဖြစ်ပြီး ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက တရုတ်နှင့် အိန္ဒိယနိုင်ငံတို့၏ သကြားဈေးနှုန်းများမှာ အနည်းငယ် မြင့်တက်ခဲ့ပြီး ပါကစ္စတန်နှင့် အမေရိကန်နိုင်ငံတို့တွင် ဈေးနှုန်းများ တည်ငြိမ်လျက်ရှိကြောင်း လေ့လာ သိရှိရပါသည်။ မြန်မာ-တရုတ်နယ်စပ်ရှိ တစ်ဖက်နိုင်ငံဒေသ ပေါက်ဈေးမှာ တစ်တန်လျှင် ပျမ်းမျှအမေရိကန်ဒေါ်လာ ၆၂၈ ဖြစ်ကြောင်း လေ့လာသိရှိရပါသည်။

၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ဒုတိယပတ်အတွင်း မြန်မာ-တရုတ်နယ်စပ် မူဆယ်ဒေသ၌ သကြား(၁)တန်လျှင် ပျမ်းမျှဈေးမှာ အမေရိကန်ဒေါ်လာ ၆၂၂ သာရှိပြီး တရုတ်နိုင်ငံတွင် သကြားတစ်တန်လျှင် ပျမ်းမျှအမေရိကန်ဒေါ်လာ

စာမျက်နှာ ၁၇ သို့

# "မြန်မာအပြည်ပြည်ဆိုင်ရာ လယ်ယာသုံးစက်ကိရိယာပြပွဲ ၂၀၁၉ " MIAME 2019 ကျင်းပမည်

"မြန်မာအပြည်ပြည်ဆိုင်ရာ လယ်ယာသုံးစက်ကိရိယာပြပွဲ ၂၀၁၉ "(MYANMAR INT'L AGRIMACH EXPO 2019) ကို ၂၀၁၉ ခုနှစ် မတ်လ ၁ရက်မှ ၃ရက်နေ့အထိ ဒဂုံမြို့နယ်၊ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမတွင်ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

ယင်းပြပွဲကို မြန်မာနိုင်ငံ ဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများအသင်းမှ တာဝန်ခံကျင်းပခြင်းဖြစ်ပါသည်။ ယခင်နှစ်များကလည်းယင်းပြပွဲကို ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်၊ မင်းဓမ္မလမ်းရှိ MCC ခန်းမတွင်လည်းကောင်း၊ ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဦးဝိစာရလမ်းရှိတပ်မတော်ခန်းမတွင် လည်းကောင်း တာဝန်ခံကျင်းပပြသခဲ့ပါသည်။

ယခုအကြိမ်သည် (၅)ကြိမ်မြောက်ဖြစ်ပါသည်။ ယင်းသို့ပြပွဲကျင်းပရခြင်းမှာ တောင်သူလယ်သမားများကို ဂုဏ်ပြုသောအားဖြင့် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းရာတွင် တောင်သူလယ်သမားများအတွက် အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ ပြပွဲကျင်းပရခြင်းဖြစ်ပါသည်။ ယင်းပြပွဲတွင် ပြည်တွင်းပြည်ပ ကုမ္ပဏီများ၊ အဖွဲ့အစည်းများမှ ကမ္ဘာ့အဆင့်မီ လယ်ယာသုံးစက်ကိရိယာ၊ နည်းပညာများနှင့် မျိုးစေ့၊ထွန်ထယ်ကိရိယာ၊ မြေဩဇာစသည့်သွင်းအားစုများကို ခင်းကျင်းပြသမည် ဖြစ်ပါသည်။

စီးပွားရေးဆိုင်ရာ တွေ့ဆုံပွဲ၊ ဟောပြောပွဲနှင့် ပြိုင်ပွဲစသည်များ ပါဝင်ပြီး ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးမှ တောင်သူလယ်သမားများကိုဖိတ်ကြား၍ လယ်ယာကဏ္ဍ ဖွံ့ဖြိုးရေးအသိပညာပေး ဆောင်ရွက်ရန် ဖြစ်ပါသည်။

ယင်းပြပွဲကြီးနှင့်အတူ ကျေးလက်၊ တောသဘာဝဓလေ့ကို စာစီဖော်ညွှန်းသော"မြန်မာသံစဉ်ကျေးလက်တေးသီချင်းအဆိုပြိုင်ပွဲ"ကျင်းပ၍ ပထမ၊ ဒုတိယ၊ တတိယ၊ အထူးဆုများနှင့် ထိုက်တန်သော ဂုဏ်ပြုမှုများကို ပြုလုပ်သွားမည်ဖြစ်ပါသည်။ အရွယ်သုံးပါး၊ ကျားမ မရွေး ဝင်ရောက်ယှဉ်ပြိုင်နိုင်ပြီး လျှောက်လွှာပိတ်ရက်မှာ ၂၂-၂-၂၀၁၉ (သောကြာနေ့) ဖြစ်ပါသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်တို့၏ လမ်းညွှန်မှုဖြင့် ဆောင်ရွက်မည်ဖြစ်ပါသည်။

ပြခန်းနေရာရယူလိုသော ကုမ္ပဏီ၊ အဖွဲ့အစည်းများသည် မြန်မာနိုင်ငံ ဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများအသင်းနှင့် ဆက်သွယ်ညှိနှိုင်းရယူနိုင်ပါသည်။

အသေးစိတ်သိလိုပါက ဆက်သွယ်ရန်လိပ်စာမှာ မြန်မာနိုင်ငံ ဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများအသင်း၊ အမှတ် ၂၉၊ ၅လွှာ၊ မင်းရဲကျော်စွာလမ်း၊ ကုန်သည်စက်မှုအသင်းချုပ်ရုံး အဆောက်အအုံ၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်။ ဖုန်း- ၀၁ ၂၃၁၄၈၄၁ နှင့် ၀၉၈၆၀၀၂၁၉ တို့ဖြစ်ပါသည်။


**ကိုထွန်း**

## စာမျက်နှာ (၁၅) ရွှေနှင့် အမေရိကန်ဒေါ်လာ . . . မှအဆက်

| စဉ် | နေ့စွဲ | ရွှေဈေးနှုန်း | |
|---|---|---|---|
| | | အခေါက်ရွှေ ၁ ကျပ်သားဈေးနှုန်း | (ဒေါ်လာ/ အောင်စ) |
| ၄ | ၄.၁.၂၀၁၉ | ၁၀၅၀၀၀၀ | ၁၂၉၅ |
| ၅ | ၆.၁.၂၀၁၉ | ၁၀၄၇၀၀၀ | ၁၂၈၅ |
| ၆ | ၇.၁.၂၀၁၉ | ၁၀၄၉၅၀၀ | ၁၂၉၀ |
| ၇ | ၈.၁.၂၀၁၉ | ၁၀၄၆၀၀၀ | ၁၂၈၃ |
| ၈ | ၉.၁.၂၀၁၉ | ၁၀၄၄၅၀၀ | ၁၂၈၂ |
| ၉ | ၁၀.၁.၂၀၁၉ | ၁၀၄၈၀၀၀ | ၁၂၉၂ |
| ၁၀ | ၁၁.၁.၂၀၁၉ | ၁၀၄၅၀၀၀ | ၁၂၉၃ |
| ၁၁ | ၁၂.၁.၂၀၁၉ | ၁၀၄၅၀၀၀ | ၁၂၈၇ |
| ၁၂ | ၁၄.၁.၂၀၁၉ | ၁၀၄၇၅၀၀ | ၁၂၉၄ |
| ၁၃ | ၁၅.၁.၂၀၁၉ | ၁၀၄၆၀၀၀ | ၁၂၈၉ |
| ၁၄ | ၁၆.၁.၂၀၁၉ | ၁၀၅၀၀၀၀ | ၁၂၉၀ |
| ၁၅ | ၁၇.၁.၂၀၁၉ | ၁၀၅၅၀၀၀ | ၁၂၉၄ |
| ၁၆ | ၁၈.၁.၂၀၁၉ | ၁၀၅၄၀၀၀ | ၁၂၈၅ |
| ၁၇ | ၁၉.၁.၂၀၁၉ | ၁၀၅၂၅၀၀ | ၁၂၈၂ |
| ၁၈ | ၂၁.၁.၂၀၁၉ | ၁၀၅၅၀၀၀ | ၁၂၇၈ |
| ၁၉ | ၂၂.၁.၂၀၁၉ | ၁၀၅၃၅၀၀ | ၁၂၈၄ |
| ၂၀ | ၂၃.၁.၂၀၁၉ | ၁၀၅၄၀၀၀ | ၁၂၈၅ |
| ၂၁ | ၂၄.၁.၂၀၁၉ | ၁၀၅၃၀၀၀ | ၁၂၈၀ |
| ၂၂ | ၂၅.၁.၂၀၁၉ | ၁၀၅၃၀၀၀ | ၁၂၈၃ |
| ၂၃ | ၂၆.၁.၂၀၁၉ | ၁၀၅၇၀၀၀ | ၁၃၀၃ |
| ၂၄ | ၂၇.၁.၂၀၁၉ | ၁၀၅၆၅၀၀ | ၁၃၀၃ |
| ၂၅ | ၂၉.၁.၂၀၁၉ | ၁၀၅၈၀၀၀ | ၁၃၀၈ |
| ၂၆ | ၃၀.၁.၂၀၁၉ | ၁၀၆၁၀၀၀ | ၁၃၁၃ |
| ၂၇ | ၃၁.၁.၂၀၁၉ | ၁၀၆၁၅၀၀ | ၁၃၂၀ |
| ၂၈ | ၁.၂.၂၀၁၉ | ၁၀၅၉၅၀၀ | ၁၃၂၀ |
| ၂၉ | ၂.၂.၂၀၁၉ | ၁၀၅၈၅၀၀ | ၁၃၁၈ |
| ၃၀ | ၃.၂.၂၀၁၉ | ၁၀၅၉၀၀၀ | ၁၃၁၈ |
| ၃၁ | ၅.၂.၂၀၁၉ | ၁၀၆၃၅၀၀ | ၁၃၁၂ |
| ၃၂ | ၆.၂.၂၀၁၉ | ၁၀၆၅၀၀၀ | ၁၃၁၄ |
| ၃၃ | ၇.၂.၂၀၁၉ | ၁၀၆၆၀၀၀ | ၁၃၀၇ |
| ၃၄ | ၈.၂.၂၀၁၉ | ၁၀၇၁၅၀၀ | ၁၃၁၁ |
| ၃၅ | ၉.၂.၂၀၁၉ | ၁၀၇၆၀၀၀ | ၁၃၁၅ |
| ၃၆ | ၁၀.၂.၂၀၁၉ | ၁၀၇၄၀၀၀ | ၁၃၁၅ |
| ၃၇ | ၁၁.၂.၂၀၁၉ | ၁၀၇၆၀၀၀ | ၁၃၀၇ |
| ၃၉ | ၁၃.၂.၂၀၁၉ | ၁၀၇၃၀၀၀ | ၁၃၁၁ |
| ၄၀ | ၁၄.၂.၂၀၁၉ | ၁၀၆၉၀၀၀ | ၁၃၀၆ |

Source: estimate of world's exchange rate and gold price page

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ website တွင် Economic Indicator (%) ဖော်ပြချက်များအရ GDP Growth 6.8 % ၊ Annual Rate of Inflation 6.86 % ၊ Year on Year Inflation က 6.85 % ရှိသည်ကိုလည်းလေ့လာသိရှိရပါသည်။ ဗဟိုဘဏ်ရည်ညွှန်းငွေလဲနှုန်းသည် ဖေဖော်ဝါရီလ ပထမအပတ်တွင် အမေရိကန် ၁ ဒေါ်လာလျှင် ၁၅၂၀ ကျပ်ခန့်ရှိရာမှ ဒုတိယအပတ်တွင် ၁၅၃၈ ကျပ်အထိ မြင့်တက်လာခဲ့ကြောင်း တွေ့ရှိရပါသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ထုတ်ပြန်ချက်အရ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်နေ့မှ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်အထိ နေ့အလိုက် ဖြစ်ပေါ် ပြောင်းလဲခဲ့သော အမေရိကန်ဒေါ်လာဖြင့် ကျပ်ငွေလဲလှယ်နှုန်း တန်ဖိုးများအား အောက်ပါဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-



Source:Central Bank of Myanmar

မြန်မာနိုင်ငံ၏ ငွေကြေးဈေးကွက်ကို ထိန်းချုပ်နိုင်ရေးအတွက် တရားမဝင် ပြည်ပငွေလွှဲ လုပ်ငန်းများကို ထိန်းကျောင်းရန် စင်္ကာပူနှင့် ထိုင်းနိုင်ငံတို့၏ အတွေ့အကြုံ၊ နည်းလမ်းတို့ရယူ၍ စည်းမျဉ်းတစ်ရပ်ကို မူကြမ်းရေးဆွဲပြုစုကာ နိုင်ငံတော်သမ္မတရုံး အပါအဝင် သက်ဆိုင်ရာ ကော်မတီများထံ ပေးပို့ထားကြောင်း၊ အဆိုပါ စည်းမျဉ်းတွင် နိုင်ငံခြားငွေ လွှဲပြောင်းလက်ခံခြင်း၊ လုပ်ငန်းလိုင်စင်ထုတ်ပေးခြင်း၊ လိုင်စင်ရ ကုမ္ပဏီတာဝန်ရှိသူများကို ငွေကြေးခဝါချမှုအန္တရာယ်မှ ကာကွယ်နိုင်ရန် သတင်းပို့ရမည့် တာဝန်များ၊ သတင်းပို့ရမည့်နည်းစနစ်များသင်ကြားပေးမည်ဖြစ်ပြီး ယခုနှစ်အတွင်း အတည်ပြု ထုတ်ပြန်နိုင်ရေး ဆောင်ရွက်နေကြောင်း ဗဟိုဘဏ်မှ ပြောကြားခဲ့ပါသည်။

မြန်မာနိုင်ငံတွင် ငွေလဲလုပ်ငန်းများအတွက် လိုင်စင်ချထားပေးသော်လည်း လက်ရှိ အချိန်ထိ ငွေလွှဲလုပ်ငန်းများကို ခွင့်ပြု ခြင်းမရှိသေးသဖြင့် ငွေကြေးကဏ္ဍမှ စီးပွားရေးလုပ်ငန်းရှင်များက ဗဟိုဘဏ်ကို ငွေလွှဲလိုင် စင်များချထားပေးရန် တောင်းဆိုမှုရှိခဲ့ကြောင်း၊ ဗဟိုဘဏ်သည် နိုင်ငံခြားဘဏ်များကို ထပ်မံခွင့်ပြုရာတွင် ဘဏ်ခွဲဖွင့်လှစ်ခွင့်အစား မြန်မာနိုင်ငံ၌ အခြေစိုက်ဖွင့်လှစ်မည့် ဘဏ်များကို ခွင့်ပြုမည်ဖြစ်ပြီး မတည်ရင်းနှီးငွေပမာဏများပြီး ဗဟိုဘဏ်က တိုက်ရိုက်ကြီးကြပ်နိုင်သည့် အနေအထားဖြစ်စေရန် စီစဉ်လျက်ရှိကြောင်း၊ ဗဟိုဘဏ် မှ လက်ရှိခွင့်ပြုပေးထားသည့် နိုင်ငံခြားဘဏ်ခွဲများနှင့်ပတ်သက်၍ ကြီးကြပ်မှုအကန့်အသတ်ဖြစ်နေကြောင်း၊ မြန်မာနိုင်ငံတွင်ဖွင့်လှစ်ထားသည့် ဘဏ်ခွဲကိုသာ ဗဟိုဘဏ်က ကြီးကြပ်နိုင် ပြီး မူဝါဒပိုင်းများကို သက်ဆိုင်ရာ မိခင်နိုင်ငံဗဟိုဘဏ်၏ မူဝါဒအတိုင်းသာ ဆောင်ရွက်နိုင်မည် ဖြစ်ကြောင်း သိရှိရပါသည်။

ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း မြန်မာ-တရုတ်ကုန်သွယ်ရေးတွင် ဘဏ်မှတစ်ဆင့် ငွေပေးချေခြင်းကို ယခုနှစ်အတွင်း ဗဟိုဘဏ်က စတင်ခွင့်ပြုပေးမည်ဖြစ်ကြောင်း၊ လက်ရှိကုန်သွယ်ရေးတွင် နှစ်ဖက်စလုံးက အတည်ပြုထားသည့် တရားဝင်ကုန်ပစ္စည်းများရောင်းဝယ်မှုကို ကုန်သည်တစ်ဦးချင်းက ငွေစာရင်းဖွင့်ရန်မလိုဘဲ ဘဏ်၏ငွေစာရင်းဖြင့် ငွေအပေးအယူလုပ်မည့် စနစ်ဖြစ်ကြောင်း၊ လုပ်ပိုင်ခွင့်ပေးနိုင်ရန် ဘဏ်များဘက်သို့ ဗဟိုဘဏ်မှ စာတင်ခိုင်းထားကြောင်း၊ မြန်မာကုန်သည်တစ်ဦးသည် တရုတ်နယ်စပ်တွင် တစ်နေ့လျှင် ယွမ်ငါးထောင်နီးပါး ကုန်သွယ်ခွင့်ရှိသော်လည်း လက်ရှိအချိန်တွင် မှတ်ပုံတင်ရာနှင့်ချိတ်ဆောင်၍ ကုန်သွယ်မှုပြုလုပ်ကြောင်း၊ တရုတ်နိုင်ငံပိုင်ဘဏ်တွင် မြန်မာကုန်သည်များ၏ ငွေစာရင်း ဖွင့်ထားသော်လည်း ဗဟိုဘဏ်ထံ အကြောင်းကြားထားခြင်း မရှိကြောင်း၊ လတ်တလောတွင် မြန်မာ့စီးပွားရေး ဘဏ်တစ်ခုတည်းသာ တရုတ်နိုင်ငံဘက်မှ ဘဏ်များနှင့် ငွေပေးချေခြင်းပြုလုပ်နေပြီး မကြာမီ ပုဂ္ဂလိကဘဏ်များတွင် ဆက်လက် လုပ်ကိုင်ခွင့်ပေးမည်ဖြစ်ကြောင်း သိရှိရပါသည်။

၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီ ၈ ရက်မှ ဖေဖော်ဝါရီ ၁၄ ရက်အထိ ရက်အလိုက်ဖြစ်ပေါ် ပြောင်းလဲခဲ့သော တစ်ပတ်အတွင်း အမေရိကန် တစ်ဒေါ်လာနှင့်ညီမျှသော နိုင်ငံတကာ ငွေလဲလှယ်နှုန်းများကို အောက်ပါဇယားဖြင့် ဖော်ပြအပ်ပါသည်။

| စဉ် | နိုင်ငံတကာ ငွေကြေးများ | | ၈-၂-၁၉ | ၁၁-၂-၁၉ | ၁၃-၂-၁၉ | ၁၄-၂-၁၉ | တစ်ပတ်အတွင်း ငွေလဲလှယ်နှုန်း အတက်/အကျ (%) | |
|---|---|---|---|---|---|---|---|---|
| ၁ | Myanmar | Kyat | ၁၅၃၈.၄ | ၁၅၃၈.၆ | ၁၅၃၆.၈ | ၁၅၃၃.၉ | -၀.၂၉၃ | ↓ |
| ၂ | Thai Baht | THB | ၃၁.၄၇၅ | ၃၁.၄၂၀ | ၃၁.၃၀၀ | ၃၁.၃၆၀ | -၀.၃၆၅ | ↓ |
| ၃ | Singapore Dollar | SGD | ၁.၃၅၆ | ၁.၃၅၈ | ၁.၃၅၅ | ၁.၃၅၉ | ၀.၂၂၁ | ↑ |
| ၄ | Malaysian Ringgit | MYR | ၄.၀၆၇ | ၄.၀၇၃ | ၄.၀၆၈ | ၄.၀၇၂ | ၀.၁၂၃ | ↑ |
| ၅ | Indonesian Rupiah | IDR | ၁၃၉၆၅ | ၁၄၀၄၀ | ၁၄၀၅၃ | ၁၄၀၉၁ | ၀.၉၀၂ | ↑ |
| ၆ | Chinese Yuan | CNY | ၆.၇၄၅ | ၆.၇၈၉ | ၆.၇၆၁ | ၆.၇၇၆ | ၀.၄၆၁ | ↑ |
| ၇ | Indian Rupee | INR | ၇၁.၁၀၀ | ၇၁.၁၈၅ | ၇၀.၆၀၆ | ၇၁.၀၇၃ | -၀.၀၃၈ | ↓ |
| ၈ | Japanese Yen | JPY | ၁၀၉.၈၄၆ | ၁၁၀.၀၉၇ | ၁၁၀.၆၉၇ | ၁၁၁.၀၃၁ | ၁.၀၇၉ | ↑ |
| ၉ | Austrialia Dollar | AUD | ၁.၄၁၁ | ၁.၄၁၀ | ၁.၄၀၅ | ၁.၄၀၈ | -၀.၂၁၃ | ↓ |
| ၁၀ | Euro | EUR | ၀.၈၈၃ | ၀.၈၈၄ | ၀.၈၈၃ | ၀.၈၈၈ | ၀.၅၆၆ | ↑ |
| ၁၁ | Pound Sterling | GBP | ၀.၇၇၃ | ၀.၇၇၄ | ၀.၇၇၅ | ၀.၇၇၉ | ၀.၇၇၆ | ↑ |

Source:Central Bank of Myanmar

ဖေဖော်ဝါရီလ ပထမပတ်တွင် ပျမ်းမျှငွေလဲနှုန်း ၁၅၂၀ ကျပ်ဖြစ်ပေါ်ခဲ့ရာမှ ဒုတိယ အပတ်တွင် ပျမ်းမျှငွေလဲနှုန်းမှာ ၁၅၃၇ ကျပ်ခန့်အထိ မြင့်တက်ခဲ့သော်လည်း ယခုတစ်ပတ်အတွင်း ဖေဖော်ဝါရီလ ၈ ရက်တွင် တစ်ဒေါ်လာ ၁၅၃၈ ကျပ် ရှိခဲ့ရာမှ ၁၄ ရက်နေ့တွင် ၁၅၃၄ ကျပ်သို့ ကျဆင်းခဲ့ပြီး အမေရိကန်ဒေါ်လာ ငွေလဲလှယ်နှုန်းသုည ဒသမ ၂၉၃ ရာခိုင်နှုန်း ပြန်လည်ကျဆင်းခဲ့ကြောင်း တွေ့ရှိရသဖြင့် ဗဟိုဘဏ်ရည်ညွှန်းငွေလဲနှုန်းသည် အကျဘက်သို့ ဦးတည်လျက်ရှိကြောင်း တွေ့ရှိရပါသည်။

ပြည်တွင်း ငွေဈေးမတည်ငြိမ်မှုသည် တိုင်းပြည်စီးပွားရေးကို ထိခိုက်စေနိုင်ခြင်းကြောင့် အစိုးရအနေဖြင့် ပြည်တွင်းကျပ်ငွေတန်ဖိုးတည်ငြိမ်ရေးဆောင်ရွက်ရာတွင် ပြည်တွင်းဒေါ်လာနှင့် ရွှေဈေးကွက်အပေါ် ဖြစ်ပေါ်လာမည့် အကျိုးသက်ရောက်မှုများအား စဉ်ဆက်မပြတ်စောင့်ကြည့်၍ မိမိတို့နိုင်ငံ၏ လူမှုစီးပွားရေးပုံစံကို ပိုမိုကောင်းမွန်ခိုင်မာအောင် တည်ဆောက်နိုင်စေရန်အတွက် အမြော်အမြင်ကြီးမားစွာဖြင့် ထိန်းကျောင်းဆောင်ရွက်နိုင်ရန်လိုအပ်ကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

## စာမျက်နှာ (၁၅) စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်). . . မှအဆက်

မြန်မာနိုင်ငံမြို့ကြီးများတွင် နေ့စဉ်ဖြစ်ပေါ်နေသော စက်သုံးဆီဈေးနှုန်းများအား တစ်ဖက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက်တွင် Yangon Denko စက်သုံးဆီဆိုင်၏ ရောင်းဈေးများအရ ဒီဇယ်တစ်လီတာလျှင် ၈၈၅ ကျပ်၊ ပရီမီယမ် ဒီဇယ်တစ်လီတာလျှင် ၈၉၅ ကျပ်၊ အောက်တိန်း 92 တစ်လီတာလျှင် ၆၉၅ ကျပ်၊ အောက်တိန်း 95 တစ်လီတာလျှင် ကျပ် ၇၉၀ ရှိခဲ့ကြောင်း လေ့လာသိရှိရပါသည်။

ယခုတစ်ပတ်အတွင်း ဓာတ်ဆီဈေးနှုန်းများမှာ ဥရောပနိုင်ငံ များတွင် သုည ဒသမ ၁၀ ရာခိုင်နှုန်း၊ အာရှနိုင်ငံတွင် သုည ဒသမ ၁၀ ရာခိုင်နှုန်း၊ တောင်အမေရိကနိုင်ငံတွင် သုည ဒသမ ၁၀ ရာခိုင်နှုန်း၊ အမေရိကန်နိုင်ငံတွင် သုည ဒသမ ၇၀ ရာခိုင်နှုန်းနှင့် ကနေဒါနိုင်ငံတွင် သုည ဒသမ ၅၀ ရာခိုင်နှုန်းတို့ အသီးသီးဈေးနှုန်းများ မြင့်တက်ခဲ့ပြီး အာဖရိကနိုင်ငံတွင် သုည ဒသမ ၄၀ ရာခိုင်နှုန်းနှင့် ဩစတြေးလျ နိုင်ငံတွင် ၂ ဒသမ ၆၀ ရာခိုင်နှုန်းတို့ အသီးသီးဈေးနှုန်းများကျဆင်းခဲ့ကြောင်း လေ့လာသိရှိရပါသည်။ အာရှဒေသနိုင်ငံများဖြစ်သော မြန်မာ၊ အင်ဒိုနီးရှား၊ လာအို၊ စင်ကာပူ၊ ထိုင်း၊ ဗီယက်နမ်၊ တရုတ်၊ နီပေါ၊ ပါကစ္စတန်နှင့် သီရိလင်္ကာနိုင်ငံများ၏ ဈေးနှုန်းများမှာတည်ငြိမ်နေပြီး မြန်မာနိုင်ငံအတွင်းရှိ မြို့ကြီးများ၏ စက်သုံးဆီဈေးနှုန်းများမှာ ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်လျှင် သိသိသာသာပြောင်းလဲမှုမရှိကြောင်း လေ့လာသုံးသပ်တင်ပြအပ်ပါသည်။

| စဉ် | မြို့အမည် | စက်သုံးဆီ(ကျပ်/ဂါလံ) | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | ဓါတ်ဆီ | | | | ဒီဇယ်ဆီ | | | |
| | | ဖေဖော်ဝါရီ ၈ | ဖေဖော်ဝါရီ ၁၁ | ဖေဖော်ဝါရီ ၁၃ | ဖေဖော်ဝါရီ ၁၄ | ဖေဖော်ဝါရီ ၈ | ဖေဖော်ဝါရီ ၁၁ | ဖေဖော်ဝါရီ ၁၃ | ဖေဖော်ဝါရီ ၁၄ |
| ၁ | မြစ်ကြီးနား | ၃၆၅၀ | ၃၆၅၀ | ၃၆၅၀ | ၃၆၅၀ | ၄၂၄၄ | ၄၂၄၄ | ၄၂၄၄ | ၄၂၄၄ |
| ၂ | လားရှိုး | ၃၅၀၀ | ၃၅၀၀ | ၃၅၀၀ | ၃၅၀၀ | ၄၂၅၀ | ၄၂၅၀ | ၄၂၅၀ | ၄၂၅၀ |
| ၃ | ကျိုင်းတုံ | ၄၅၀၀ | ၄၅၀၀ | ၄၅၀၀ | ၄၅၀၀ | ၄၉၅၀ | ၄၉၅၀ | ၄၉၅၀ | ၄၉၅၀ |
| ၄ | တောင်ကြီး | ၃၅၀၀ | ၃၅၀၀ | ၃၅၀၀ | ၃၅၀၀ | ၄၂၀၀ | ၄၂၀၀ | ၄၂၀၀ | ၄၂၀၀ |
| ၅ | လွိုင်ကော် | ၄၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၃၀၀ | ၄၃၀၀ | ၄၃၀၀ | ၄၃၀၀ |
| ၆ | ဘားအံ | ၃၃၀၈ | ၃၃၀၈ | ၃၃၀၈ | ၃၃၀၈ | ၄၁၆၃ | ၄၁၆၃ | ၄၁၆၃ | ၄၁၆၃ |
| ၇ | မော်လမြိုင် | ၃၇၁၂ | ၃၇၁၂ | ၃၇၁၂ | ၃၇၁၂ | ၄၁၈၅ | ၄၁၈၅ | ၄၂၃၀ | ၄၂၃၀ |
| ၈ | ထားဝယ် | ၃၆၀၀ | ၃၆၀၀ | ၃၆၀၀ | ၃၆၀၀ | ၄၁၁၇ | ၄၁၁၇ | ၄၁၁၇ | ၄၁၁၇ |
| ၉ | မြိတ် | ၃၅၁၀ | ၃၅၁၀ | ၃၅၁၀ | ၃၅၁၀ | ၄၀၅၀ | ၄၀၅၀ | ၄၀၅၀ | ၄၀၅၀ |
| ၁၀ | ရန်ကုန် | ၄၀၅၀ | ၄၀၅၀ | ၄၀၅၀ | ၄၀၅၀ | ၄၀၂၃ | ၄၀၂၃ | ၄၀၂၃ | ၄၀၂၃ |
| ၁၁ | ပုသိမ် | ၃၅၅၀ | ၃၅၅၀ | ၃၅၅၀ | ၃၅၅၀ | ၄၀၅၀ | ၄၀၅၀ | ၄၀၅၀ | ၄၀၅၀ |
| ၁၂ | စစ်တွေ | ၄၁၆၀ | ၄၁၆၀ | ၄၁၂၀ | ၄၁၂၀ | ၃၉၂၀ | ၃၉၂၀ | ၃၉၂၀ | ၃၉၂၀ |
| ၁၃ | ဟားခါး | ၄၁၅၀ | ၄၁၅၀ | ၄၁၅၀ | ၄၁၅၀ | ၄၁၄၀ | ၄၁၄၀ | ၄၁၄၀ | ၄၁၄၀ |
| ၁၄ | မုံရွာ | ၃၅၀၀ | ၃၅၀၀ | ၃၅၀၀ | ၃၅၀၀ | ၄၁၀၀ | ၄၁၀၀ | ၄၁၀၀ | ၄၁၀၀ |
| ၁၅ | မန္တလေး | ၃၈၀၀ | ၃၈၀၀ | ၃၈၀၀ | ၃၈၀၀ | ၄၀၅၀ | ၄၀၅၀ | ၄၀၅၀ | ၄၀၅၀ |
| ၁၆ | ပခုက္ကူ | ၃၄၀၀ | ၃၄၀၀ | ၃၄၀၀ | ၃၄၀၀ | ၃၄၅၀ | ၃၄၅၀ | ၃၄၅၀ | ၃၄၅၀ |
| ၁၇ | မကွေး | ၃၃၀၀ | ၃၃၀၀ | ၃၃၀၀ | ၃၃၀၀ | ၄၂၃၀ | ၄၂၃၀ | ၄၂၃၀ | ၄၂၃၀ |
| ၁၈ | ပြည် | ၃၄၅၀ | ၃၄၅၀ | ၃၄၅၀ | ၃၄၅၀ | ၄၁၅၀ | ၄၁၅၀ | ၄၁၅၀ | ၄၁၅၀ |
| ၁၉ | ပဲခူး | ၃၂၅၀ | ၃၂၅၀ | ၃၂၅၀ | ၃၂၅၀ | ၄၀၅၅ | ၄၀၅၅ | ၄၀၅၅ | ၄၀၅၅ |
| ၂၀ | ပျဉ်းမနား | ၃၅၅၅ | ၃၅၅၅ | ၃၅၅၅ | ၃၄၈၈ | ၄၂၃၀ | ၄၂၃၀ | ၄၂၃၀ | ၄၂၃၀ |
| ၂၁ | နေပြည်တော် | ၃၅၅၅ | ၃၅၅၅ | ၃၅၅၅ | ၃၄၈၈ | ၄၂၃၀ | ၄၂၃၀ | ၄၂၃၀ | ၄၂၃၀ |
| ၂၂ | ကလေး | ၃၃၀၀ | ၃၃၀၀ | ၃၃၀၀ | ၃၃၀၀ | ၄၂၀၀ | ၄၂၀၀ | ၄၂၀၀ | ၄၂၀၀ |

Source : DOCA-Domestic

## စာမျက်နှာ (၁၄) ဆန်ပြည်တွင်းဈေးနှုန်းနှင့် . . . မှအဆက်

ဖြစ် ပေါ်နေသော ဈေးနှုန်းများအရ ပြင်ပငွေလဲနှုန်းအနေဖြင့် ၁ ဘတ်လျှင် ၄၇ ကျပ်နှုန်းရှိပြီး၊ ဧည့်မထဆန် တစ်အိတ်လျှင် ကျပ် ၂၅၂၀၀ ခန့်ပေါက်ဈေးရှိသဖြင့် ယခင်တစ်ပတ်ဈေးနှုန်းနှင့်နှိုင်းယှဉ်ပါက ဈေးနှုန်းအနည်းငယ်မြင့် တက်သွားကြောင်း လေ့လာသိရှိရပါသည်။

USDA စာရင်းများအရ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလအတွင်း လေ့လာတွေ့ရှိချက်အရ ကမ္ဘာ့ဆန်အဓိကတင်သွင်းသော နိုင်ငံများ၏ တင်သွင်းနိုင်မည့်တန်ချိန်မှာ ဘီနင်း သုည ဒသမ ၆၅၀ သန်း၊ ဘင်္ဂလားဒေ့ရှ် သုည ဒသမ ၆၀၀ သန်း၊ ဘရာဇီး သုည ဒသမ ၇၅၀ သန်း၊ ကင်မရွန်း သုည ဒသမ ၇၀၀ သန်း၊ တရုတ် ၄ ဒသမ ၅၀၀ သန်း၊ အိုင်ဗရီကို့စ် ၁ ဒသမ ၆၀၀သန်း၊ EU ၂ သန်း၊ ဂါနာ သုည ဒသမ ၆၈၀ သန်း၊ အင်ဒိုနီးရှား သုည ဒသမ ၈၀၀ သန်း၊ ဂျပန် သုည ဒသမ ၆၈၅ သန်း၊ အီရန် ၁ ဒသမ ၄၀၀ သန်း၊ အီရတ် ၁ ဒသမ ၃၀၀ သန်း၊ ကင်ညာ သုည ဒသမ ၇၅၀ သန်း၊ မလေးရှား ၁ သန်း၊ မက္ကဆီကို သုည ဒသမ ၈၈၀ သန်း၊ မိုဇမ်းဘစ် သုည ဒသမ ၇၅၀ သန်း၊ နိုင်ဂျီရီးယား ၂ ဒသမ ၂၀၀ သန်း၊ ဖိလစ်ပိုင် ၂ ဒသမ ၃၀၀ သန်း ၊ ဆော်ဒီအာရေဗျ ၁ ဒသမ ၃၀၀ သန်း၊ ဆီနီဂေါ ၁ ဒသမ ၂၅၀ သန်း၊ တောင်အာဖရိက ၁ သန်း၊ UAE သုည ဒသမ ၉၀၀ သန်း၊ US သုည ဒသမ ၉၀၀ သန်း တင်သွင်းမည်ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။ ကမ္ဘာ့ဆန်တင်ပို့သည့် နိုင်ငံများအနက် မြန်မာနိုင်ငံအနေဖြင့် တန်ချိန် ၂ ဒသမ ၈ သန်းတင်ပို့မည်ဟု USDA စာရင်းများအရ ခန့်မှန်းထားပါသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်မှ ရရှိသော အချက်အလက်များအရ တစ်ပတ်အတွင်း ဆန်ဈေးနှုန်းများကို လေ့လာရာတွင် ဈေးနှုန်း အတက်အကျ အပြောင်းအလဲများ ဖြစ်ပေါ်ခဲ့သည်ကို လေ့လာတွေ့ရှိရပါသည်။ ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖေဖော်ဝါရီ ၁၃ မှ ၁၅ ရက်အတွင်း ဖြစ်ပေါ်နေသောဈေးနှုန်းစာရင်းများအား တစ်ဖက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

| စဉ် | အမျိုးအစား | ရာခိုင်နှုန်း | | | |
|---|---|---|---|---|---|
| | | | ၁၃.၂.၂၀၁၉ | ၁၄.၂.၂၀၁၉ | ၁၅.၂.၂၀၁၉ |
| ၁ | ဧယာ | ၅ | ၂၁၇၀၀ | ၂၁၇၀၀ | ၂၂၀၀၀ |
| ၂ | ဧယာ | ၁၀ | ၂၁၂၀၀ | ၂၁၂၀၀ | ၂၀၅၀၀ |
| ၃ | ဧယာ | ၂၅ | ၁၉၅၀၀ | ၁၉၅၀၀ | ၁၉၅၀၀ |
| ၄ | ဧယာ | ၃၅ | ၁၉၁၀၀ | ၁၉၁၀၀ | ၁၉၁၀၀ |
| ၅ | ဧည့်မထ | ၅ | ၂၁၃၀၀ | ၂၁၅၀၀ | ၂၁၅၀၀ |
| ၆ | ဧည့်မထ | ၁၀ | ၂၀၉၀၀ | ၂၁၀၀၀ | ၂၁၀၀၀ |
| ၇ | ဧည့်မထ | ၂၅ | ၁၉၅၀၀ | ၁၉၅၀၀ | ၁၉၅၀၀ |
| ၈ | ဧည့်မထ | ၃၅ | ၁၉၁၀၀ | ၁၉၁၀၀ | ၁၉၁၀၀ |

တိုင်းဒေသကြီး/ပြည်နယ်များ ရှိမြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော ဧည့်မထဆန်ဈေးနှုန်းများကို လေ့လာကြည့်ပါက ဟားခါးမြို့တွင် ဧည့်မထဆန်တစ်ပြည်လျှင် ကျပ် ၂၄၅၀ ဖြင့် အမြင့်ဆုံးဈေးနှုန်းဖြစ်ပေါ်ခဲ့ပြီး ဘားအံမြို့တွင် ဧည့်မထဆန်(သစ်)တစ်ပြည်လျှင်ကျပ် ၉၅၀ ဖြင့် အနိမ့်ဆုံးဈေးနှုန်းများ ဖြစ်ခဲ့ သည်ကို တွေ့ရှိရပါသည်။

မြန်မာနိုင်ငံမြို့ကြီးများတွင် နေ့စဉ်ဖြစ်ပေါ်နေသော ဈေးနှုန်းစာရင်းများအား တစ်ဖက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

မြန်မာနိုင်ငံအနေဖြင့် လယ်ယာစိုက်ပျိုးရေးကို အဓိကအားထားသည့် နိုင်ငံဖြစ်သည့်အားလျော်စွာ တိုးတက်ပြောင်းလဲလာသည့် Global စီးပွားရေးစနစ်တွင် စိန်ခေါ်မှု၊ ယှဉ်ပြိုင်မှုများစွာကို ရင်ဆိုင်ကြုံတွေ့နေရလျက်ရှိပါသည်။

မြန်မာ့လယ်ယာကဏ္ဍတွင်လည်း စိန်ခေါ်မှုယှဉ်ပြိုင်မှုများစွာကို ရင်ဆိုင်တွေ့ကြုံနေရပြီး တောင်သူများမှာလည်း ဆုံးရှုံးနစ်နာမှုများစွာနှင့် ကြုံတွေ့ရလျက်ရှိရာ ခိုင်မာသည့် ဈေးကွက်သစ်များ ရှာဖွေနိုင်ရန် အရေးတကြီး လုပ်ဆောင်နိုင်ရန် လိုအပ်နေပြီဖြစ်ပါသည်။ နိုင်ငံတကာ ဆန်စပါးဈေးကွက်ကြီးများမှလည်း အပြိုင်အဆိုင်ဈေးကွက်ရရှိရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံသည်လည်း အထွက်နှုန်း၊ နည်းပညာသုတေသန၊ အရည်အသွေးနှင့် ဈေးကွက်ရှာဖွေမှုအပိုင်းများကို အရှိန်အဟုန်မြှင့်တင် ကြိုးပမ်းဆောင်ရွက်ရန် ပိုမိုတွန်းအားပေးလုပ်ဆောင်ကြရမည်ဖြစ်ပါသည်။

Trading Economics Website တွင် ဖော်ပြချက်အရ ယခုတစ်ပတ်တွင် ကမ္ဘာ့ဆန်ဈေးနှုန်းမှာ ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်ပါက ၁ ဒသမ ၇၄ ရာခိုင်နှုန်း ကျဆင်းလာခဲ့သည်ကို သိရှိရပါသည်။ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ ဒုတိယပတ်အတွင်း နိုင်ငံတကာ ဆန်ဈေးနှုန်းများတွင် အတက်အကျ ပြောင်းလဲမှုများရှိသကဲ့သို့ မြန်မာ နိုင်ငံတွင်လည်း ဆန်ဈေးနှုန်းများ အတက်အကျ ပြောင်းလဲမှုများရှိသည်ကို လေ့လာသုံးသပ်တင်ပြအပ်ပါသည်။

| စဉ် | မြို့အမည် | ဧည့်မထဆန်(ကျပ်/ပြည်) | | | |
|---|---|---|---|---|---|
| | | ၈.၂.၂၀၁၉ | ၁၁.၂.၂၀၁၉ | ၁၃.၂.၂၀၁၉ | ၁၄.၂.၂၀၁၉ |
| ၁ | ၂ | ၃ | ၄ | ၆ | ၇ |
| ၁ | မြစ်ကြီးနား | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ |
| ၂ | လားရှိုး | ၁၁၅၀ | ၁၁၅၀ | ၁၁၅၀ | ၁၁၅၀ |
| ၃ | ကျိုင်းတုံ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ |
| ၄ | တောင်ကြီး | ၁၀၀၀ | ၁၀၀၀ | ၁၀၀၀ | ၁၀၀၀ |
| ၅ | လွိုင်ကော် | ၁၈၀၀ | ၁၈၀၀ | ၁၈၀၀ | ၁၈၀၀ |
| ၆ | ဘားအံ | ၉၅၀ | ၉၅၀ | ၉၅၀ | ၉၅၀ |
| ၇ | မော်လမြိုင် | ၁၀၀၀ | ၁၀၀၀ | ၁၀၀၀ | ၁၀၀၀ |
| ၈ | ထားဝယ် | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ |
| ၉ | မြိတ် | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ |
| ၁၀ | ရန်ကုန် | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ |
| ၁၁ | ပုသိမ် | ၁၀၀၀ | ၁၀၀၀ | ၁၀၀၀ | ၁၀၀၀ |
| ၁၂ | စစ်တွေ | ၁၀၀၀ | ၁၀၀၀ | ၁၀၀၀ | ၁၀၀၀ |
| ၁၃ | ဟားခါး | ၂၄၅၀ | ၂၄၅၀ | ၂၄၅၀ | ၂၄၅၀ |
| ၁၄ | မုံရွာ | ၂၀၀၀ | ၂၀၀၀ | ၁၈၀၀ | ၁၈၀၀ |
| ၁၅ | မန္တလေး | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ |
| ၁၆ | ပခုက္ကူ | ၁၂၀၀ | ၁၂၀၀ | ၁၃၀၀ | ၁၃၀၀ |
| ၁၇ | မကွေး | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ |
| ၁၈ | ပြည် | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ |
| ၁၉ | ပဲခူး | ၁၀၀၀ | ၁၀၀၀ | ၁၀၀၀ | ၁၀၀၀ |
| ၂၀ | ပျဉ်းမနား | ၁၀၀၀ | ၁၀၀၀ | ၁၁၀၀ | ၁၁၀၀ |
| ၂၁ | နေပြည်တော် | ၁၀၅၀ | ၁၀၅၀ | ၁၂၀၀ | ၁၂၀၀ |
| ၂၂ | ကလေး | ၁၀၀၀ | ၁၀၀၀ | ၁၀၀၀ | ၁၀၀၀ |

Source-DOCA-Domestic

| စဉ် | မြို့အမည် | သကြား(ကျပ်/ပိဿာ) | | | |
|---|---|---|---|---|---|
| | | ဖေဖော်ဝါရီ ၈ | ဖေဖော်ဝါရီ ၁၁ | ဖေဖော်ဝါရီ ၁၃ | ဖေဖော်ဝါရီ ၁၄ |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| ၁ | မြစ်ကြီးနား | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၂ | လားရှိုး | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၃ | ကျိုင်းတုံ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၄ | တောင်ကြီး | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ |
| ၅ | လွိုင်ကော် | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ |
| ၆ | ဘားအံ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ |
| ၇ | မော်လမြိုင် | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ |
| ၈ | ထားဝယ် | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ |
| ၉ | မြိတ် | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ |
| ၁၀ | ရန်ကုန် | ၁၈၀၀ | ၁၈၀၀ | ၁၈၀၀ | ၁၈၀၀ |
| ၁၁ | ပုသိမ် | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ |
| ၁၂ | စစ်တွေ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ |
| ၁၃ | ဟားခါး | ၁၉၀၀ | ၁၉၀၀ | ၁၉၀၀ | ၁၉၀၀ |
| ၁၄ | မုံရွာ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ |
| ၁၅ | မန္တလေး | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ |
| ၁၆ | ပခုက္ကူ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ |
| ၁၇ | မကွေး | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၁၈ | ပြည် | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ |
| ၁၉ | ပဲခူး | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ | ၁၅၀၀ |
| ၂၀ | ပျဉ်းမနား | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ |
| ၂၁ | နေပြည်တော် | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ |
| ၂၂ | ကလေး | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ |

Source:DACA-Domestic

## စာမျက်နှာ (၁၅) သကြား ပြည်တွင်းဈေးနှုန်းနှင့် . . . မှအဆက်

၇၈၂ ပေါက်ဈေးရှိသောကြောင့် တစ်တန်ပေါ်တွင် အမေရိကန်ဒေါ်လာ ၁၆၀ ဒေါ်လာ ဈေးနှုန်းကွာဟချက်ရှိပါသည်။ မြန်မာ-ထိုင်းနယ်စပ် မြဝတီမြို့တွင် သကြားတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၉၅ ဝန်းကျင် ရှိပြီး ထိုင်းနိုင်ငံ၊ မဲဆောက်မြို့၌ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၁၉ ဝန်းကျင်ခန့်ရှိကြောင်း လေ့လာသိရှိရပါသည်။

ထို့အပြင် ရက်သတ္တပတ်အတွင်း တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော သကြားပေါက်ဈေးများကို လေ့လာရာတွင် ဟားခါးမြို့တွင် သကြားတစ်ပိဿာလျှင် ၁၉၀၀ ကျပ်နှင့် ရန်ကုန်မြို့တွင် သကြားတစ်ပိဿာလျှင် ၁၈၀၀ ကျပ်ဖြင့် အမြင့်ဆုံးဖြစ်ပေါ်နေပြီး၊ တောင်ကြီးမြို့နှင့် ဘားအံ မြို့တို့တွင် သကြား ၁ ပိဿာလျှင် ၁၂၀၀ ကျပ်ဖြင့် အနည်းဆုံးဖြစ်ပေါ်နေ ကြောင်း တွေ့ရှိရပါသည်။ မြန်မာနိုင်ငံမြို့ကြီးများတွင် နေ့အလိုက်ဖြစ်ပေါ်နေသော ဈေးနှုန်းများကို တစ်ဖက်ပါအတိုင်း ဖော်ပြအပ်ပါသည်။

Trading Economic Website တွင် ဖော်ပြချက်အရ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီ ၁၅ ရက်တွင် ကမ္ဘာ့သကြားဈေးနှုန်းသည် ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်လျှင် သုည ဒသမ ၉၄ ရာခိုင်နှုန်း ကျဆင်းသွားကြောင်း လေ့လာတွေ့ရှိရပါသည်။ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ဒုတိယပတ်အတွင်း သကြားဈေးနှုန်းမှာ အတက်အကျ အပြောင်းအလဲများ အနည်းငယ်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။




# Trading Across Borders Indicator အဖွဲ့၏ Public-Private Dialogue ဆွေးနွေးပွဲမှသည် Doing Business Ranking တိုးတက်မှုဆီသို့

[ မျိုးခိုင်ဝင်း ]

နိုင်ငံ၏စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးတွင် ကုန်သွယ်ရေးကဏ္ဍဟာအရေးကြီးသည့် ကဏ္ဍတစ်ရပ်လည်းဖြစ်ပါတယ်။ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးလုပ်ငန်းများ နိုင်ငံတကာကဲ့သို့ အဆင်ပြေချောမွေ့စေရန် မြန်မာနိုင်ငံ၏ စီးပွားရေးလုပ်ဆောင်မှုအဆင့်များ တိုးတက်စေရေးအတွက် ဝန်ကြီးဌာနများနှင့်ဆက်စပ်သည့်အဖွဲ့အစည်းများ ပေါင်းစပ်ညှိနှိုင်းပြီးလိုအပ်သည်များ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရန်အတွက် Doing Business အစီရင်ခံစာပါ ညွှန်းကိန်းအလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့် အထောက်အကူပြုအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်သည့်အထဲမှာ Trading Across Borders Indicator ဆိုင်ရာအထောက်အကူပြုအဖွဲ့လည်း အပါအဝင်ဖြစ်ပါတယ်။

Trading Across Borders Indicator ဆိုင်ရာအထောက်အကူပြု အဖွဲ့ဟာ အဖွဲ့ဝင် ဌာန/ အဖွဲ့အစည်း ၁၆ ဖွဲ့ပါဝင်ပြီး Indicator တွေအားလုံးမှာ အဖွဲ့ဝင်အများဆုံးပါဝင်ကာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရသော အဖွဲ့တစ်ခုလည်းဖြစ်ပါတယ်။ ကုန်သွယ်ရေးဦးစီးဌာနအနေနဲ့ကတော့ Trading Across Borders Indicator အထောက်အကူပြုအဖွဲ့ခေါင်းဆောင် ဌာနအနေနဲ့တာဝန်ယူ ဆောင်ရွက်လျက်ရှိပါတယ်။ အဓိကကတော့ ကုန်သွယ်မှု လုပ်ငန်းစဉ်တစ်လျှောက်ဖြစ်ပေါ်နေတဲ့ အတားအဆီးလိုအပ်ချက်များ မူဝါဒများကိုဖြေလျှော့ပြင်ဆင်ပြီး အချိန်ငွေကြေးလျှော့ချနိုင်ဖို့ ကုန်သွယ်မှုလုပ်ငန်းစဉ် အဆင့်ဆင့်မှာ ပါဝင်တဲ့ဌာနများ ပူးပေါင်းဆောင်ရွက်၍ ICT နည်းပညာအသုံးချပြီး Single Window စနစ်အထိ ရောက်ရှိအကောင်အထည်ဖော်ဖို့ ဦးတည်ဆောင်ရွက်နေတာလည်းဖြစ်ပါတယ်။

Ease of Doing Business Ranking တိုးတက်ရေးအတွက် Trading Across Borders ကဏ္ဍနှင့်စပ်လျဉ်း၍ မူဝါဒ/လုပ်ထုံးလုပ်နည်းပိုင်းဆိုင်ရာ ဖြေလျှော့ပြုပြင်ပြောင်းလဲမှုများ၊ ဌာနအသီးသီး၏ Standard Operation Procedures-SOPs များ၊ ဒုတိယသမ္မတ၏ လမ်းညွှန်ချက်ဖြစ်သည့် Doing Business Report 2021 တွင် မြန်မာနိုင်ငံ၏ Doing Business Ranking သည်အဆင့် ၁၀၀ အောက်ရောက်၍ တိုးတက်စေရေးအတွက် ပျမ်းမျှတစ်နှစ်လျှင် ၂၄ ဆင့်လျှော့ချနိုင်ရေးဆောင်ရွက်မည့် ကာလတို/ကာလလတ်/ကာလရှည်များထားရှိပြီး စီမံဆောင်ရွက်လျက်ရှိပါတယ်။

Trading Across Borders Indicator အဖွဲ့ရဲ့ Ranking အခြေအနေကိုပြန်ကြည့်ရင် Doing Business (DB 2019 ) မှာ ၁၆၈ နဲ့ရမှတ် DTF point (၄၇ ဒသမ ၆၇)ရရှိခဲ့ပါတယ်။ ဒီလိုအဆင့်တွေကို တိုင်းတာရာမှာလည်း ပို့ကုန်သွင်းကုန် ကုန်စည်ဖြတ်သန်းသယ်ဆောင်မှုနဲ့ စာရွက်စာတမ်း Documents တွေအတွက် အချိန်နဲ့ငွေကြေး (Time & Cost ) ကုန်ကျမှုတွေအပေါ်မှာ အခြေခံထားတဲ့ အချက်ရှစ်ချက်အပေါ်မှာ တိုင်းတာတွက်ချက်ကြတာဖြစ်ပါတယ်။ အိမ်နီးချင်းနိုင်ငံအချို့ရဲ့ Trading Across Borders Ranking နဲ့ နှိုင်းယှဉ်ကြည့်မယ်ဆိုရင် 2019 DB Report မှာ ကမ္ဘောဒီးယားကအဆင့် ၁၁၅၊ လာအိုက ၇၆ နဲ့ ဗီယက်နမ်က ၁၀၀ ဖြစ်တဲ့အတွက် မြန်မာနိုင်ငံရဲ့ အဆင့်ဟာ လက်ရှိ အဆင့် ၁၆၈ ကနေ တိုးတက်ဖို့ ပြောင်းလဲပြင်ဆင်မှုတွေများစွာ ဆောင်ရွက်ရမှာလည်း ဖြစ်ပါတယ်။

စာမျက်နှာ ၃၁ သို့






Contact us : Tower (A), Room (1B), Royal Sin Min Condo, Corner Of Strand Rd Ahlone St, Ahlone Twp,Yangon.
Phone No : +95-1-218023, +95-9-5022717, +95-9-455807813, +95-9-421037409,
+95-9-450208797, +95-9-445540405

TRYING BEST TO BE ACCOMPLISHED,
FORWARDING TO SAFE LIFE





**SHINE & NYUNT**
**Engineering Services Co., Ltd.**

COMPANY PROFILE

Address : : No ( 6/2 ) , Yadanar Housing , Thanlyin Township, Yangon.
01-590118 , 09 - 5104526. 09-5196722.
Email : :shineandnyunt1@gmail.com,shineandnyunt2@gmail.com.




မျိုးသူ (ကုန်သွယ်မြှင့်)

ကျွန်တော်တို့နိုင်ငံသည် စိုက်ပျိုးရေး ကိုအခြေခံထားသည့် နိုင်ငံဖြစ်သည်။ လယ်ယာထွက်ကုန်များသည် ပြည်ပတင်ပို့ရာတွင် ထိပ်ဆုံးမှပါဝင်နေကြပါသည်။ အဆိုပါအချက်ကို ထောက်ပြီး စိုက်ပျိုးရေးနိုင်ငံဟု သတ်မှတ်ခဲ့ကြပါသည်။ စိုက်ပျိုးရန်အတွက်လည်း ရာသီဥတုက မချမ်းလွန်း၊ မပူလွန်း၊ မိုးလည်းမနည်းလွန်း၊ မများလွန်း ရှိသည့် သမမျှတသည့် ရာသီဥတုမျိုးရှိပါသည်။ ကမ်းရိုးတန်းရှည်နှင့် ကမ်းလွန်ပင်လယ်ကိုလည်း ပိုင်ဆိုင်ပါသေးသည်။ ထို့အပြင် ကျွန်တော်တို့နိုင်ငံသည် သဘာဝသယံဇာတများပေါကြွယ်ဝသဖြင့်လည်း ချမ်းသာသည်ဟု သတ်မှတ်နိုင်သည်ဟု ဆိုကြပါသည်။ မြေသယံဇာတကိုကြည့်လျှင်လည်း အာဆီယံနိုင်ငံများထဲတွင် အင်ဒိုနီးရှားပြီးလျှင် အကျယ်ဝန်းဆုံးနိုင်ငံ ဖြစ်ပါသည်။ ကုန်းပေါ်ရှိနိုင်ငံများတွင် အကျယ်ဝန်းဆုံးနိုင်ငံဖြစ်ပါသည်။ အာဆီယံနိုင်ငံများထဲတွင် ရေခဲတောင်များရှိသည်မှာ မြန်မာနိုင်ငံတစ်နိုင်ငံတည်းသာ ရှိပါသည်။ လူဦးရေအားဖြင့်လည်း ၅၃ သန်းမှာ မနည်းလှပါ။ ဆိုလိုသည်မှာ လူ့စွမ်းအားအရင်းအမြစ်လည်း မနည်းလှပါ။ အခြေခံပညာ တတ်သူလည်း ပေါများသည်ဟု ဆိုပါသည်။ အလုပ်လုပ်နိုင်သည့် အရွယ်မှာလည်း သန်း ၃၀ ခန့်ရှိသဖြင့် မနည်းလှပါ။ အတော်ပင်များသည်ဟု ဆိုနိုင်ပါသည်။ ဈေးကွက်စီးပွားရေးစနစ်ကို အကောင် အထည်ဖော်လာသည့်အခါ အခြားနိုင်ငံများလို ပင်လယ်ရေကြောင်းကိုသာ အားကိုးနေရန်မလို၊ နိုင်ငံအများအပြားက ပိတ်ဆို့မှုများလုပ်သည့်ကြားမှ နယ်စပ်ကုန်သွယ်မှုအားကိုးဖြင့် ရပ်တည်နိုင်ခဲ့သည်။ ကျွန်တော်တို့နိုင်ငံသည် အိမ်နီးချင်းငါးနိုင်ငံရှိသည့်အနက် လေးနိုင်ငံနှင့် နယ်စပ်ကုန်သွယ်မှုကို အများအပြားဆောင်ရွက်နိုင်ပါသည်။ အိမ်နီးချင်းနိုင်ငံနှစ်ခုဖြစ်သော တရုတ်နှင့် အိန္ဒိယနိုင်ငံတို့မှ လူဦးရေ သန်းထောင်ကျော်နှင့် ကမ္ဘာတွင်လူဦးရေအများဆုံးနိုင်ငံများ ဖြစ်ကြပါသည်။ ဈေးကွက်မှာ အလွန်ကြီးပါသည်။ အလုပ်သမားဈေးကွက်ဆိုလျှင်လည်း မြန်မာနိုင်ငံမှ လူငယ်များထိုင်းတွင် သန်းချီ၍ အလုပ်လုပ်နေကြသည်။ အခွန်ရမရ မသေချာသော်လည်း ပြည်တွင်းသို့ နိုင်ငံခြားမှ ဝင်ငွေများတော့ ပြန်ဝင်လာနေသည်သာ ဖြစ်ပါသည်။ ကဲဘာလိုပါသလဲခင်ဗျာ။ ကျွန်တော်တို့နိုင်ငံသည် စီးပွားရေးတိုးတက်ရန် အားလုံး အဆင်သင့်ပါပဲမဟုတ်ပါလားခင်ဗျာ။

သို့သော်လည်းကျွန်တော်တို့၏ မြန်မာနိုင်ငံသည် ယနေ့ကမ္ဘာ့ဖွံ့ဖြိုးတိုးတက်မှုအနည်းဆုံးနိုင်ငံ ၄၇ နိုင်ငံထဲတွင် ရှိနေပါသည်။ အာရှတွင် အာဖဂန်နစ္စတန်၊ ဘင်္ဂလားဒေ့ရှ်၊ ဘူတန်၊ ကမ္ဘောဒီးယား၊ အရှေ့တီမော၊ လာအိုပီဒီအာ၊ မြန်မာ၊ နီပေါနှင့်ယီမင်နိုင်ငံဟူ၍ ကိုးနိုင်ငံသာရှိပါသည်။ အာဖရိကမှ နိုင်ငံပေါင်း ၃၀ ပါဝင်ပါသည်။ သမုဒ္ဒရာတွင်းနိုင်ငံများဖြစ်သော ကင်ဘာတီ၊ ဆော်လမွန်ကျွန်းစု၊ တူဗာလူနှင့် ဗန်နော့တူ နိုင်ငံငယ်လေးများလေးနိုင်ငံနှင့် အမေရိကတိုက်မှ ဟေတီတို့ပါဝင်ပါသည်။

ဤသို့ဖွံ့ဖြိုးတိုးတက်မှုအနည်းဆုံးနိုင်ငံများကို ကမ္ဘာ့နိုင်ငံများက ဝိုင်းဝန်းကူညီကြရသည်သာဖြစ်ပါသည်။ ကျွန်တော်တို့မြန်မာနိုင်ငံကို ကူညီမှုမရှိခဲ့သည်မှာများစွာကြာခဲ့ပြီး ၂၀၁၀ နောက်ပိုင်းရောက်မှသာ ကူညီသူများရှိလာခဲ့ပါသည်။ Generalized System of Preference -GSP ဟူသော အထူးအခွင့်အရေးကိုလည်း ရရှိသည်မှာ မကြာမြင့်လှသေးပါ။ အလားတူအကူအညီများကို မရသဖြင့် အထူးသဖြင့် နည်းပညာပိုင်းဆိုင်ရာတွင် နောက်ကျခဲ့သဖြင့် စိုက်ပျိုးရေးနိုင်ငံဆိုသော်လည်း စိုက်ပျိုးထုတ်လုပ်မှုပိုင်းတွင်လည်း နောက်တန်းရောက်နေခဲ့သည်သာ ဖြစ်ပါသည်။ မြန်မာနိုင်ငံသည် လယ်ယာထွက်ကုန်သီးနှံများကို ပြည်ပတင်ပို့ခြင်းဖြင့် ဝင်ငွေများစွာရရှိနေသော်လည်း၊ သီးနှံတစ်မယ်ချင်းတွင် တစ်ဘီလီယံကျော်အောင်ဝင်ငွေရသည့် သီးနှံမရှိသလောက်ဖြစ်ပါသည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ဆန်၊ ဆန်ကွဲတန်ချိန်ပေါင်း ၃ ဒသမ ၅၈ ခန့်တင်ပို့နိုင်ခဲ့သဖြင့် ဝင်ငွေလည်း အမေရိကန်ဒေါ်လာ တစ်ဘီလီယံကျော်ရခဲ့ပါသည်။ အခြားသီးနှံမရဘူးသေးပါ။ ဗီယက်နမ်တွင် ဟင်းသီးဟင်းရွက်တင်ပို့မှုမှပင် သန်းရာချီရနေသည်ဟုသိရပါသည်။ ကျွန်တော်တို့လည်း လယ်ယာထွက်ကုန်များမှ ပြည်ပဝင်ငွေရရှိရေးအတွက် လုပ်ဆောင်နိုင်မည့် နည်းလမ်းများကို ရှာဖွေနေကြရပါသည်။

## စက်မှုတော်လှန်ရေးများ

ပထမစက်မှုတော်လှန်ရေးသည် ၁၇၆၀ ခုနှစ်တစ်ဝိုက်တွင် ဥရောပနှင့် အမေရိကတိုက်၌ စက်မှုလုပ်ငန်းသစ်များဖြင့် ကုန်ပစ္စည်းထုတ်လုပ်မှုပုံစံပြောင်းလဲခဲ့သဖြင့် စက်မှုတော်လှန်ရေးအဖြစ် သတ်မှတ်ခဲ့ကြောင်းသိရပါသည်။ ၁၈၂၀ ပြည့်နှစ်များမှ ၁၈၄၀ ပြည့်နှစ်များအထိပြောင်းလဲမှုများ အရှိန်အဟုန်ဖြင့် ဖြစ်ထွန်းခဲ့ပါသည်။ ယခင်က ကုန်စည်များကို လက်ဖြင့်သာပြုလုပ်ကြသည့် စနစ်မှစက်ဖြင့်ထုတ်လုပ်လာပါသည်။ ဓာတုဗေဒဆိုင်ရာ စက်မှုလုပ်ငန်းများပြောင်းလဲလာခြင်း၊ သံထည်ထုတ်လုပ်မှု ထွန်းကားလာခြင်း၊ ရေနွေးငွေ့ဖြင့် မောင်းနှင်နိုင်သည့်စက်များ ပေါ်ပေါက်လာခြင်း၊ စက်ကိရိယာများ ထွန်းကားလာခြင်းနှင့် စက်ရုံစနစ်များ မြင့်တက်လာခြင်းတို့သည် စက်မှုထွန်းကားလာသည့် အခြေအနေများဖြစ်ပြီး လူဦးရေတိုးတက်လာသည်နှင့်အမျှ ထုံးတမ်းစဉ်လာနှင့် မတူသော စက်မှုခေတ်သစ်အသွင်ဖြစ်ထွန်းလာခြင်းကို ပထမစက်မှုတော်လှန်ရေးဟု ခေါ်တွင်ကြသည်ဟုလေ့လာဖူးပါသည်။ ချည်ထည်လုပ်ငန်းသည် စက်မှုလုပ်ငန်းအသွင်ဖြင့် စက်မှုခေတ်ပြောင်းတော်လှန်ရေးတွင် အရေးပါခဲ့ပါသည်။ အထည်ချုပ်လုပ်ငန်းများသည် ပထမဆုံး ခေတ်သစ်စက်မှုလုပ်ငန်း နည်းလမ်းများဖြစ်ကြပါသည်။ အဆိုပါ စက်မှုတော်လှန်ရေးအစသည် အင်္ဂလန်မှဖြစ်ပြီး တီထွင်ဆန်းသစ်မှုအများအပြားပေါ်ထွန်းခဲ့ခြင်း ဖြစ်ပါသည်။ ၁၈ ရာစု အလယ်ခန့်တွင် အင်္ဂလန်သည် ကမ္ဘာ့စီးပွားရေးကို ထိပ်တန်းကဦးဆောင်သည့် နိုင်ငံဖြစ်လာပါသည်။ ကမ္ဘာကိုလည်း ကိုလိုနီများသိမ်းပိုက်ပြီး နယ်ချဲ့ကာ ကုန်သွယ်မှုကို တိုးချဲ့လာခဲ့ပါသည်။

မြန်မာနိုင်ငံသည် ၁၈၈၅ခုနှစ်တွင် အင်္ဂလိပ်လက်အောက်ကျရောက်ခဲ့ပါသည်။ ကမ္ဘာ့သမိုင်းတွင် အဆိုပါ ပထမ စက်မှုတော်လှန်ရေးသည် နိုင်ငံရေး၊ စီးပွားရေးအားလုံးကို လွှမ်းမိုးနိုင်ခဲ့ပါသည်။ ကမ္ဘာ့လူသားများ၏ နေ့စဉ်လူမှုစီးပွားဘဝများကို တစ်နည်းမဟုတ်တစ်နည်း လွှမ်းမိုးနိုင်ခဲ့ပါသည်။ လူနေမှုအဆင့်အတန်းများလည်း လိုက်ပါပြောင်းလဲခဲ့ပါသည်။

ဒုတိယစက်မှုတော်လှန်ရေးသည် ၁၉ ရာစုနှောင်းပိုင်းနှင့် ၂၀ ရာစုအစောပိုင်းတွင် စတင်ခဲ့သည်ဟု ပြောဆိုကြပါသည်။ အဓိကပြောင်းလဲစေသောအချက်မှာ နည်းပညာပိုင်းများ ပါဝင်နေသဖြင့် နည်းပညာပိုင်းဆိုင်ရာ တော်လှန်ရေးဟုလည်း ခေါ်ဝေါ်ကြပါသည်။ စက်မှုလုပ်ငန်းများသည် လျင်မြန်စွာဖွံ့ဖြိုးတိုးတက်လာပြီး၊ စက်မှုကိရိယာများ တီထွင်လာနိုင်ခြင်း၊ သံမဏိထုတ်လုပ်နိုင်သည့် Bessemer Process ကို တီထွင်နိုင်ခြင်း၊ ကုန်ပစ္စည်းများကို အမြောက်အများအစုအပုံလိုက်ထုတ်လုပ်လာနိုင်ခြင်း၊ လူစီးကားများလည်း အများအပြားကို စက်ကိရိယာများအကူအညီဖြင့် ထုတ်လုပ်လာနိုင်ခြင်းတို့သည် ဒုတိယစက်မှုတော်လှန်ရေး၏ အခြေအနေများဖြစ်ပြီး၊ စီးပွားရေးပိုင်းတွင် ကမ္ဘာအနှံ့အပြားသို့ကုန်ပစ္စည်းများ ရောင်းချနိုင်မှုလည်း ပေါ်ပေါက်လာပြီဖြစ်ပြီး Globalization ၏အစဟု ပြောနိုင်ကြောင်းသိရပါသည်။ ဒုတိယစက်မှုတော်လှန်ရေး၏ အရေးကြီးသော ပြောင်းလဲမှုများ၊ တီထွင်မှုများသည် ကမ္ဘာ့စီးပွားရေးတွင် များစွာ ပြောင်းလဲစေခဲ့သည်ကိုတွေ့ရပါသည်။ ကုန်ပစ္စည်းများ အမြောက်အများကို တစ်ပြိုင်နက်ထုတ်လာနိုင်ခြင်း၊ မီးရထားလမ်းများဖြင့် သယ်ယူပို့ဆောင်မှုများကို ဆောင်ရွက်လာနိုင်ခြင်း၊ တယ်လီဖုန်းနှင့် လျှပ်စစ်မီးတီထွင်နိုင်သဖြင့် သတင်းအချက်အလက်ဖြန့်ဝေမှုတွင်အားကောင်းလာပြီး စီးပွားရေးပုံသဏ္ဍာန်များ အကြီးအကျယ် ပြောင်းလဲခြင်းများလည်း တွေ့လာရပါသည်။ မော်တော်ကားအပါအဝင် ကုန်ပစ္စည်းများကို လိုင်းစနစ်ဖြင့်စက်ပစ္စည်းများထုတ်လုပ်လာနိုင်ခြင်းသည်လည်း စက်မှုထွန်းကားသည့် နိုင်ငံများက စီးပွားရေးတွင် အသာစီးရယူထားကြသည်ကို တွေ့မြင် နိုင်ပါသည်။ ကမ္ဘာ့ကုန်သွယ်မှု ဈေးကွက်များတွင် လက်ဦးမှု ရယူထားသော အင်္ဂလန်၊ ပြင်သစ်၊ ပေါ်တူဂီနိုင်ငံများ နှင့် ဒုတိယ စက်မှုတော်လှန်ရေးတွင် ဖွံ့ဖြိုးလာသော ဂျာမနီ၊ အီတလီ၊ ဂျပန်၊ စသောနိုင်ငံများက ဈေးကွက်သစ်များရှာဖွေလာရာမှ ကမ္ဘာစစ်ကြီးများအထိ ဖြစ်ပွားခဲ့သည်ကို တွေ့နိုင်ပါသည်။

တတိယစက်မှုတော်လှန်ရေးသည် ၁၉ ရာစု အစောပိုင်းနှစ်များက စတင်သည်ဟု ဆိုပါ သည်။ ထိုအချိန်တွင် မြန်မာနိုင်ငံသည် အင်္ဂလိပ်၏ အုပ်ချုပ်မှုအောက်မှာပင်ရှိသော အချိန် ဖြစ်ပါသည်။ မြန်မာနိုင်ငံသည် ထိုအချိန်က ဆန်စပါး စိုက်ပျိုးထုတ်လုပ်မှု ကောင်းမွန်ခဲ့ပြီး ဆန်စက်လုပ်ငန်းလည်း ထွန်းကားခဲ့ကာ စူးအက်တူးမြောင်း (၁၈၆၉ ခုနှစ် နိုဝင်ဘာလ ၁၇ ရက်တွင်ဖွင့်ပါသည်) ကိုဖြတ်ပြီး ဆန်တင်ပို့မှုလည်း ကောင်းမွန်လျက်ရှိသော အချိန်ဖြစ်ပါသည်။ ဒုတိယကမ္ဘာစစ်အထိ မြန်မာနိုင်ငံ၏ ဆန်တင်ပို့မှုသည် အားကောင်းခဲ့သည်ဟု ပြောနိုင်ပါသည်။ ဒုတိယကမ္ဘာစစ်ကာလ ၁၉၄၅ ခန့်တွင် နျူကလီးယားစွမ်းအင် ပေါ်ပေါက်လာပြီး အပြောင်းလဲကြီးပြောင်းလဲခဲ့ပါသည်။ ဆက်သွယ်ရေးနည်းပညာဖွံ့ဖြိုးတိုးတက်ခြင်းနှင့် ကွန်ပျူတာများ ပေါ်ပေါက်လာခြင်းသည်လည်း တတိယ စက်မှုတော်လှန်ရေး၏ အဓိကပြောင်းလဲမှုဟု ပြောနိုင်ပါသည်။ စက်ရုပ်များလည်း အထိုက်အလျောက် ပေါ်ပေါက်လာပြီဖြစ်ပါသည်။ ၁၉၆၉ ခုနှစ်နောက်ပိုင်းကို တတိယစက်မှုတော်လှန်ရေးခေတ်ဟု ခေါ်ကြောင်း မှတ်သားမိပါသည်။ ဇီဝနည်းပညာ တွေ့ရှိမှုသည်လည်း အကျိုးဝင်ပါ သည်။ ကမ္ဘာ့အခြေအနေမှာလည်း နိုင်ငံအနည်းစုက စီးပွားရေးကို လွှမ်းမိုးချုပ်ကိုင်ထားရာမှ နိုင်ငံငယ်လေးများ ပေါ်ပေါက်လာပြီး စီးပွားရေးလုပ်ငန်းများတွင် အပြိုင်အဆိုင် ဝင်ရောက်လာခဲ့ကြပါသည်။ တရုတ်နိုင်ငံသည် ၁၉၇၀ ခုနှစ်နောက်ပိုင်းတွင် ကွန်မြူနစ် စနစ်ကို ကျင့်သုံးလျက်ရှိသော်လည်း တိန့်ရှောင်ဖိန် ခေါင်းဆောင် ဖြစ်လာသည့်အခါ စီးပွားရေးတိုးတက်စေရန် အထူးစီးပွားရေးဇုန်များ သတ်မှတ်ကာ နိုင်ငံစီးပွားရေးတိုးတက်အောင် ဆောင်ရွက်လာသည်ကို တွေ့မြင်နိုင်ပါသည်။ တိန့်ရှောင်ဖိန်၏ ကြောင်ဖြူသည် မဲသည်မှာ ပဓာနမဟုတ် ကြွက်ရရေးသာ အဓိကဖြစ်သည်ဟူသော စကားပုံနှင့်အညီ ကွန်မြူနစ်နိုင်ငံရေးနှင့် ဈေးကွက်စီးပွားရေးစနစ်ကို ပူးတွဲကျင့်သုံးကာ ရောထွေးစီးပွားရေးစနစ် Complex Economy ကို ကျင့်သုံးပြီး ကမ္ဘာ့စီးပွားရေးပြိုင်ကွင်းအတွင်းသို့ ဝင်ရောက်လာသည်ဟု ဆိုကြပါသည်။

**ဆက်လက်ဖော်ပြပါမည်။**

# လာမည့် နှစ် ၂၀ အတွင်း ဒေါ်လာဘီလီယံ ၂၀၀ ကျော် လာရောက် ရင်းနှီးမြှုပ်နှံရေး ဖိတ်ခေါ်ထားသည့် မြှုပ်နှံရင်းနှီး မြန်မာ့ထိပ်သီးပွဲကြီး

[ မောင်လွင်ပြင် ]

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန နှင့်မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်း ချုပ်တို့ ပူးပေါင်းကျင်းပသည့် 'ရင်းနှီးမြှုပ်နှံမြန်မာထိပ်သီး ဆွေးနွေးပွဲ Invest Myanmar Summit 2019' တွင် နိုင်ငံတော်၏ အတိုင်ပင်ခံ ပုဂ္ဂိုလ်တက်ရောက်အမှာစကား ပြောခဲ့သည်။ ၎င်း ပြောကြားချက်ထဲ တွင် မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံရန်၊ ရေခံမြေခံ ကောင်းမွန်သည့် အနေအထားများ မြန်မာနိုင်ငံ၏ အချက်အချာကျသည့် ပထဝီအနေ အထား၊ မြန်မာနိုင်ငံကို အခြေခံပြီး အိမ်နီးချင်းနိုင်ငံ ဈေးကွက်များသို့ ကုန်သွယ်ရောင်းဝယ်မျှော်မှန်းနိုင်သည့် အခြေအနေများကို အကျယ် တဝင့် ထည့်သွင်းပြောကြားခဲ့သည်။ ထို့ပြင် မြန်မာနိုင်ငံတွင် ရင်းနှီး မြှုပ်နှံမှု လွယ်ကူစေရန် အစီအစဉ်များ ထားရှိပုံများကိုလည်း တစ်ပါ တည်း ပြောသွားပါသေးသည်။ မြန်မာနိုင်ငံသည် ၂၀၁၈-၂၀၁၉ ဘဏ္ဍာ နှစ်တွင် ငွေကြေးဖောင်းပွမှုနှုန်း ၅ ရာခိုင်နှုန်းနှင့် တည်ငြိမ်နေမည်ဟု ခန့်မှန်းထား၏။ အာဆီယံ+၃ မက်ခရိုစီးပွားရေး သုတေသနအဖွဲ့က လတ်တလော ပြုလုပ်ထားသည့် မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှု အလားအလာ ခန့်မှန်းချက်အရ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ၇ ဒသမ ၄ ရာခိုင်နှုန်းတိုးတက်မည် မျှော်မှန်း ထားသည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ၆ ဒသမ ၈ ရာခိုင်နှုန်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာ နှစ် ၅ ဒသမ ၉ ရာခိုင်နှုန်း တိုးတက်ခဲ့သည်ဟု ဆိုခဲ့သည်။

ထို့ပြင် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံရေး ချောမွေ့စေရန် ဖြေလျှော့ပေးမှုများကိုလည်း ပြောကြားခဲ့သည်။ ဖြေလျှော့ပေးမှု တစ်နည်းအားဖြင့် စီးပွားရေးပြုပြင်ပြောင်းလဲမှုများသည် မြန်မာနိုင်ငံ တွင် ရင်းနှီးမြှုပ်နှံမှု ဝန်းကျင် အခြေခံကျကျ တိုးတက်စေရေးအတွက် ဖြစ်သည်။ ပထမဆုံး ပြုပြင်ပြောင်းလဲမှုမှာ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံ မှုဥပဒေကို ၂၀၁၆ ခုနှစ်တွင် ပြဋ္ဌာန်းနိုင်ခဲ့ခြင်းဖြစ်၏။ ယင်းဥပဒေ သည် ရင်းနှီးမြှုပ်နှံသူများအတွက် ပိုမိုပွင့်လင်းမြင်သာမှု၊ ပိုမို ဖြေလျှော့ မှုများ ပြုလုပ်ထားသည်။ ထို့ပြင်ရင်းနှီးမြှုပ်နှံသူများအား ပိုမိုအကာ အကွယ်ပေးထားသည်။ ရင်းနှီးမြှုပ်နှံမှုဝန်းကျင်ဖြစ်အောင်လည်း ပြဋ္ဌာန်းထားသည်။ နိုင်ငံတကာနှင့် ဒေသတွင်း သဘောတူညီမှုများနှင့် အညီလည်း ရေးဆွဲထားသည်ဆို၏။ နောက်ထပ်တစ်ခု ပြုပြင်ပြောင်း လဲမှုမှာ ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာတွင် မြန်မာကုမ္ပဏီများ ဥပဒေကို ပြဋ္ဌာန်းနိုင်ခဲ့ခြင်းဖြစ်သည်။ ယင်းဥပဒေ ၂၀၁၈ ခုနှစ် ဩဂုတ်တွင် အသက်ဝင်ခဲ့သည်။ ယခင်က မြန်မာနိုင်ငံကုမ္ပဏီ အက်ဥပဒေအရ နိုင်ငံသားပိုင် ကုမ္ပဏီတစ်ခုသည် နိုင်ငံခြားရှယ်ယာ ပါဝင်မှုရှိပါက နိုင်ငံခြားကုမ္ပဏီအဖြစ် သတ်မှတ်သည်။ ယခု မြန်မာကုမ္ပဏီများ ဥပဒေအသစ် ပြဋ္ဌာန်းချက်အရ နိုင်ငံသားပိုင် ကုမ္ပဏီတစ်ခုသည် နိုင်ငံခြားသားရှယ်ယာ ၃၅ ရာခိုင်နှုန်းအထိ ပါဝင်သည့် တိုင် မြန်မာ နိုင်ငံသား ကုမ္ပဏီအဖြစ်သာ သတ်မှတ်သည်။ ထိုသို့ သတ်မှတ်ပြဋ္ဌာန်း လိုက်သဖြင့် နိုင်ငံသားကုမ္ပဏီ၏ အခွင့်အရေးများ ဆုံးရှုံးသွားခြင်း မရှိသည်ကို တွေ့ရမည်ဖြစ်သည်ဟု ဆိုခဲ့သည်။ ထို့ပြင် ယင်းကုမ္ပဏီ ဥပဒေအသစ်သည် စီးပွားရေး လုပ်ကိုင်ရ လွယ်ကူမှု ညွှန်းကိန်းတွင် မြန်မာနိုင်ငံအဆင့် တိုးတက်စေရန်၊ အထောက်အကူပြုစေရေး အတွက် အနည်းစု ရင်းနှီးမြှုပ်နှံသူများအား အကာအကွယ် ပေးသည့် ပြဋ္ဌာန်းချက်ကိုလည်း ထည့်ထားသည်ဆို၏။

အမှန်တော့ နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူများ လာရောက်ပြီး မြန်မာနိုင်ငံသားများနှင့် ဖက်စပ်ပူးပေါင်းပြီးကုမ္ပဏီ ထူထောင်ကာ ရင်းနှီးမြှုပ်နှံစေချင်သည့်သဘောဖြင့် မြန်မာကုမ္ပဏီများထဲ နိုင်ငံခြား သားပိုင်ဆိုင်မှု ၃၅ ရာခိုင်နှုန်း ထည့်သွင်းရင်းနှီးမြှုပ်နှံစေရန် ဥပဒေ ဖြင့် ခွင့်ပြုလိုက်ခြင်းဖြစ်သည်။ ယင်းသည် သိသာထင်ရှားသော ဖြေ လျှော့မှုကြီး တစ်ခုဖြစ်သည်ဆိုရမည်။ နောက်တစ်ခု ပြုပြင်ပြောင်းလဲ မှုအဖြစ် ကုမ္ပဏီမှတ်ပုံတင်ခြင်းကိစ္စကိုလည်း ထင်ရှားသော ပြုပြင် ပြောင်းလဲမှုတစ်ခုအဖြစ် ပြောသွားပါသေးသည်။ ယခုအခါ ကုမ္ပဏီ များ မှတ်ပုံတင်မည်ဆိုလျှင် သက်ဆိုင်ရာရုံးသွားပြီး မှတ်ပုံတင်စရာ မလိုတော့ပေ။ အွန်လိုင်းမှတ်ပုံတင်စနစ် (My Co) ကတစ်ဆင့် ဆောင်ရွက်နိုင်ပြီဖြစ်သည်။ အွန်လိုင်းမှတ်ပုံတင်စနစ် စတင်ခဲ့သည့် ငါးလတာအတွင်း (၂၀၁၈ ခုနှစ် စက်တင်ဘာလတွင် စတင်သည့်) ကုမ္ပဏီပေါင်း ၈၄၀၀ ကို အွန်လိုင်းစနစ်ဖြင့် အသစ် မှတ်ပုံတင်ပေးနိုင် ခဲ့၏။ ယင်းအရေအတွက်သည် ၁၉၈၈ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ နှစ်ပေါင်း ၃၀ အတွင်း စုစုပေါင်းမှတ်ပုံတင်ခဲ့မှု၏ ၁၀ ရာခိုင်နှုန်းရှိ သည်ဟုလည်း ဆိုခဲ့သည်။ ယင်းသည် မြန်မာနိုင်ငံတွင် လာရောက် ရင်းနှီးမြှုပ်နှံရေး၊ တိုးတက်မှုဟု ယူဆပြီး ယင်းတိုးတက်မှုကို အတု ယူကာ အခြားနယ်ပယ်များတွင်ပါ ပိုမို ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင် နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်ဟုဆိုသည်။ ထို့ပြင် မြန်မာ ကုမ္ပဏီများ ဥပဒေပြဋ္ဌာန်းမှုနှင့်အတူ စီးပွားရေး ကဏ္ဍအသစ်များကို လည်း ရင်းနှီးမြှုပ်နှံသူများအတွက် ဖွင့်လှစ်ပေးနိုင်ခဲ့သည်။ ဥပမာ ၂၀၁၈ ခုနှစ်အတွင်း နိုင်ငံခြားသား ၁၀၀ ရာခိုင်နှုန်း ပိုင်ဆိုင်သည့် ကုမ္ပဏီများ လက်လီလက်ကားကဏ္ဍတွင် ရင်းနှီး မြှုပ်နှံခွင့်ပြုပေးခဲ့ခြင်း ဖြစ်သည်။ ထိုအခါ ဥရောပ နိုင်ငံအချို့၊ ဂျပန်၊ တောင်ကိုရီးယား စသည့် နိုင်ငံများအား ဆွဲဆောင်နိုင်ခဲ့ကြောင်းများကိုလည်း ပြောကြားခဲ့သည်။

မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံရေး အရေးပါသည့်ပြုပြင် ပြောင်း လဲမှုတစ်ခုကိုလည်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ထည့်သွင်း ပြောပါသေးသည်။ ယင်းမှာ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်ကို ပြန်လည်ဖွဲ့စည်းခဲ့ခြင်းဖြစ်၏။ ကော်မရှင်အသစ်သည် မြန်မာနိုင်ငံ အား ဒေသတွင်းကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုအတွက် အချက်အချာ ဒေသအဖြစ် ပြောင်းလဲနိုင်ရေးသန္နိဋ္ဌာန် ချထားပြီး ရင်းနှီးမြှုပ်နှံမှုခွင့်ပြု မိန့် ထုတ်ပေးရာတွင် ပွင့်လင်းမြင်သာမှုနှင့် လွယ်ကူ ချောမွေ့စေရန် အစီအစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ စီမံခန့်ခွဲမှုပုံသဏ္ဍာန် အသစ်နှင့် ပြုပြင်ပြောင်းလဲမှုများကိုလည်း အရှိန်အဟုန်ဖြင့် ဆောင် ရွက်နေကြောင်း၊ မိမိတို့သည် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး စီမံကိန်းကို မကြာသေးမီက ရေးဆွဲထုတ်ပြန်နိုင်ခဲ့ကြောင်း၊ ယင်း စီမံကိန်းအရ နောင်အနှစ် ၂၀ အတွင်း အမေရိကန်ဒေါ်လာ ဘီလီယံ ၂၀၀ ကျော်ရှိသည့် တာဝန်ယူမှုရှိပြီး အရည်အသွေးလည်းရှိသော ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ် ဆောင်ရွက်နိုင်ရေး မျှော်မှန်းထား ကြောင်း၊ မိမိတို့ နိုင်ငံဝင်ငွေ အလယ်အလတ်ရှိသည့် နိုင်ငံတစ်ခု အဖြစ် ရောက်ရှိရေးကိုလည်း မျှော်မှန်းထားကြောင်းများကို ပြော ကြားခဲ့၏။

မြန်မာနိုင်ငံ၏ စီးပွားရေးပြုပြင်ပြောင်းလဲမှုများကို အထောက် အကူပြုစေရန် ဝန်ကြီးဌာနအသစ်တိုးချဲ့ ဖွဲ့စည်းခြင်းအနေဖြင့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာနကို ၂၀၁၈ နိုဝင်ဘာ ၁၉ ရက်တွင် ဖွဲ့စည်းခဲ့သည်။ ယင်းဝန်ကြီးဌာန (MOIFER) ဖွဲ့ရခြင်း ရည်ရွယ်ချက်သည် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ် နှံမှုဝန်းကျင်ကောင်းဖြစ်ပေါ် စေရန်၊ ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်း ဆောင်ရွက်ရန်၊ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှု မိတ်ဖက်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်၊ နိုင်ငံ တော်နှင့် ပြည်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက် သွားရန် စသည့် ရည်ရွယ်ချက်များဖြင့် ဖွဲ့စည်းခဲ့ခြင်း ဖြစ်သည်။ ထို့ပြင် မြန်မာနိုင်ငံတွင် ဦးစားပေး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း များ ဖော် ထုတ်ရာတွင် မဟာဗျူဟာကျပြီး ပွင့်လင်းမြင်သာမှုရှိစေရန် စီမံကိန်း နှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွား ဆက်သွယ်ရေးဝန်ကြီးဌာနတို့ ပူးပေါင်းပြီး စီမံကိန်းဘဏ်ကို ရေးဆွဲ ခဲ့သည်။ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်တွင် အဓိကကျသည့် စီမံ ကိန်းများကို စီစစ်သုံးသပ်အကဲဖြတ်ပြီး ဦးစားပေးစီမံ ကိန်းများ အဖြစ်သတ်မှတ်ကာ အစိုးရဘတ်ဂျက်၊ ဖွံ့ဖြိုးမှု အကူအညီ သို့မဟုတ် ပုဂ္ဂလိက ကဏ္ဍရင်းနှီးမြှုပ်နှံမှုစသည့် အသင့်လျော်ဆုံး ဘဏ္ဍာရေး အရင်းအမြစ်များရယူ အသုံးချသွားမည်ဟုလည်း ဆိုခဲ့သည်။

မြန်မာနိုင်ငံသည် ရင်းနှီးမြှုပ်နှံမှု ဝန်းကျင်ပြုပြင်ပြောင်းလဲမှု များကို စနစ်တကျ ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ ထို့ကြောင့် ကမ္ဘာ့ ဘဏ်က အသိအမှတ်ပြုခဲ့သည်။ ၂၀၁၇ ခုတွင် ကမ္ဘာ့ဘဏ်က ချီးမြှင့် သည့် Star Reformer Award ဆုအပ်နှင်းခံခဲ့ရသည်။ ယင်းအပေါ် ကျေနပ်မနေဖို့လိုသည်။ ရင်းနှီးမြှုပ်နှံမှု ဝန်းကျင်ကောင်း ပိုမိုကျယ် ပြန့်စွာ ဖြစ်ပေါ် လာအောင် မိမိတို့ ဆက်လက်ကြိုးပမ်းဆောင်ရွက် သွားမည်။ မြန်မာနိုင်ငံတွင် ဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံ အဆောက်အအုံလိုအပ်ချက်နှင့် ကွာခြားချက်များ ရှိနေ သည်။ ယင်း ကို စိန်ခေါ်မှုဟုလည်း မှတ်နိုင်သည်။ မြန်မာနိုင်ငံတွင် သဘာဝ ဓာတ်ငွေ့နှင့် ပြန်လည် ပြည့်ဖြိုးမြဲ စွမ်းအင်များ ပေါကြွယ်ဝသော် လည်း ကမ္ဘာပေါ် တွင် လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှု အနည်းဆုံး နိုင်ငံ တစ်ခုအဖြစ် ရှိနေဆဲဖြစ်သည်။ မြန်မာ့ဆိပ်ကမ်းများကိုလည်း အဆင့် မြှင့်တင်ပြီး ကုန်သွယ်မှုလိုအပ်ချက်များ ဖြည့်ဆည်းရန် လိုသည်။ ယင်းစိန်ခေါ် မှုများ ရှိနေသည့် နယ်ပယ်များသည် ရင်းနှီး မြှုပ်နှံမှုများ အတွက် ကြီးမားသည့် အခွင့်အလမ်းများအဖြစ် ရှိနေပါသည်ဟု ပြော ကြားသွားပါကြောင်း တင်ပြလိုက်ရပါသည်။



## မန္တလေးမြို့တွင် “Mandalay International Trade Fair & Business Forum 2019” ကျင်းပပြုလုပ်မည်

မန္တလေးမြို့တွင် “Mandalay International Trade Fair & Business Forum 2019” ကို ၂၀၁၉ ခုနှစ်၊ မတ်လ ၂၂ ရက်မှ ၂၄ ရက်အထိ Mandalay Convention Center တွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။ ယခုပြပွဲကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနနှင့် မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (MRCCI) တို့မှ ပူးပေါင်းကျင်းပသွားမည်ဖြစ်ပါသည်။ ပြပွဲတွင် စီးပွားရေးပညာရှင်များနှင့် ဧည့်သည်တော် ၁၅၀၀ ဦးပါဝင်မည့် ဟောပြောပွဲများ၊ မြန်မာနိုင်ငံဆိုင်ရာကုမ္ပဏီဥပဒေ၊ ကုန်သွယ်ရေးစည်းမျဉ်း၊ အခွန်နှင့်စားသုံးသူရေးရာ ဟောပြောမှုကဏ္ဍများလည်း ပါဝင်မည်ဖြစ်ကြောင်း သိရှိရပါသည်။

ပြပွဲတွင် ပြည်တွင်းမှ လယ်ယာသုံးစက်ပစ္စည်းများ၊ လယ်ယာစိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများ၊ ရိုးရာလက်မှု ပစ္စည်းများ၊ စားသောက်ကုန်နှင့် အဖျော်ယမကာများ၊ ကျောက်စိမ်းအချောထည်နှင့် လက်ဝတ်ရတနာပစ္စည်းများ၊ မော်တော်ယာဉ်ကြီး/ငယ်များနှင့် ပြည်ပနိုင်ငံများမှ လူသုံးကုန်နှင့် အလှကုန်ပစ္စည်းများ၊ စားသောက်ကုန်နှင့် ဆေးဝါးပစ္စည်းများ၊ လျှပ်စစ်အသုံးအဆောင်ပစ္စည်းများ၊ ကုန်ပစ္စည်းထုပ်ပိုးမှု စက်ကိရိယာများ၊ ဖက်ရှင်အသုံးအဆောင်ပစ္စည်းများ၊ ဆောက်လုပ်ရေးဆိုင်ရာ အသုံးအဆောင်ပစ္စည်းများကို ပြခန်းပေါင်း ၂၆၉ ခန်းဖြင့် စည်ကားသိုက်မြိုက်စွာခင်းကျင်း ပြသသွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

ပြပွဲတွင်ပါဝင်ပြသလိုသော လုပ်ငန်းရှင်များအနေဖြင့် ပြပွဲဆိုင်ရာ အသေးစိတ်အချက်အလက်များ သိရှိလိုပါက မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ကုန်သွယ်မှုဖွံ့ဖြိုးရေး ဌာနခွဲ၊ ဖုန်း ၀၆၇-၄၃၀၄၄၇၊ Email-moctradefair@gmail.com၊ Fax ၀၆၇-၄၃၀၁၂၈ သို့လည်းကောင်း၊ နိုင်ငံတကာ ဆက်ဆံရေးဌာန၊ မန္တလေး တိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (MRCCI)၊ ဖုန်း ၀၉-၄၀၆၉၃၂၆၊ Email-mrcci.mdy@gmail.com များသို့ ဆက်သွယ်၍ စုံစမ်းမေးမြန်းနိုင်ပါသည်။ **လင်းလင်းထွန်း(TD)**

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အက္ခရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ဘယ်လ်တာ (၂၀၁၀) | F | ၁၅၈ သိန်း | ၁.၃ ဓာတ်ဆီ၊ ရန်ကုန် |
| ၂။ | အာလ်ဖတ် (၂၀၀၃) | G | ၃၆၅ သိန်း | ၂.၄ ဓာတ်ဆီ၊ ရန်ကုန် |
| ၃။ | ဟွန်ဒါဖစ်/ရှပ်တဲလ် (၂၀၁၁) | M | ၂၄၅ သိန်း | ၁.၃ ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၄။ | ကလူဂျာ (၂၀၀၃) | F | ၃၈၅ သိန်း | ၂.၄ ဓာတ်ဆီ၊ ရန်ကုန် |
| ၅။ | ဟိုက်အေ့စ် (၂၀၀၆) | L | ၃၈၀ သိန်း | ၃.၀ ဒီဇယ်၊ နယ်လိုင်စင် |
| ၆။ | အက်ဇီယို (၂၀၀၉) | G | ၂၈၅ သိန်း | ၁.၅ ဓာတ်ဆီ၊ ရန်ကုန် |
| ၇။ | မတ်(ခ်)အိပ်(စ်) (၂၀၀၅) | H | ၃၂၀ သိန်း | ၂.၅ ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၈။ | ဗန်းဂတ် (၂၀၀၇) | N | ၄၈၅ သိန်း | ၂.၄ ဓာတ်ဆီ၊ ရန်ကုန် |
| ၉။ | အပ်ကား (နှစ် ၂၀) | | ၁၂၃ သိန်း | |

## အိမ်ခြံမြေကဏ္ဍ

| စဉ် | အိမ်/အခန်း | တည်နေရာ | အကျယ်အဝန်း | ပါဝင်ပုံ | ဈေးနှုန်း | သီးခြားအချက် | ဆက်သွယ်ရန် |
|---|---|---|---|---|---|---|---|
| ၁။ | မီနီကွန်ဒို | စမ်းချောင်းမြို့နယ်၊ တရုတ်ကျောင်းလမ်း | ၁၁၀၀ စ/ပေ | MB (1), BR (2) ခန်း | ၇.၅ သိန်း | ၁ လအငှားနှုန်း | ၀၉/၄၀၂၀၇၁၉၂၂ |
| ၂။ | ကွန်ဒို | စမ်းချောင်းမြို့နယ်၊ အောင်သပြေလမ်း | ၁၉၀၀ စ/ပေ | MB (2), BR (1) ခန်း | ၂၁၀၀ သိန်း | | ၀၉/၄၀၂၀၇၁၉၂၂ |
| ၃။ | လုံးချင်းအိမ် | ရန်ကင်းမြို့နယ်၊ မိုးကောင်းလမ်းသွယ် | (၄၀ x ၆၀ )ပေ | RC (2) ထပ် | ၃၂၀၀ သိန်း | | ၀၉/၄၀၂၀၇၁၉၂၂ |
| ၄။ | လုံးချင်းအိမ် | သယ်န်းကျွန်းမြို့နယ်၊ သုမင်္ဂလာအိမ်ရာ | (၈၀ x ၈၀ )ပေ<br>အိမ် ၂၄၀၀ စ/ပေ | MB (3), BR (2) ခန်း | ၂၀ သိန်း | ၁ လအငှားနှုန်း | ၀၉/၄၀၂၀၇၁၉၂၂ |
| ၅။ | လုံးချင်းအိမ် | ဗဟန်းမြို့နယ်၊ တက္ကသိုလ်ရိပ်သာလမ်းသစ် | (၆၀ x ၈၀ )ပေ<br>အိမ် ၃၅၀၀ စ/ပေ | RC (2) ထပ်၊ MB (3), BR (2) ခန်း | ၅၀ သိန်း | ၁ လအငှားနှုန်း | ၀၉/၄၂၂၇၂၈၃၃၉ |
| ၆။ | အိမ်/မြေ | တောင်ဥက္ကလာပမြို့နယ်၊ ဟသ်ာလမ်း၊ (၁၄/၂) ရပ်ကွက် | (၄၅ x ၄၅)ပေ | RC (1) ထပ် | ၂၈၀၀ သိန်း | | ၀၁/၅၆၃၀၈၀ |
| ၇။ | မြေ | လှည်းကူးမြို့နယ်၊ ဖောင်ကြီးကားလမ်း၊ ရွာအနီး | (၄၀ x ၆၀)ပေ | မြေသီးသန့် | ၄၅ သိန်း | | ၀၉/၇၉၅၃၃၇၀၃၁ |
| ၈။ | မြေ | ပြင်ဦးလွင်မြို့ ညောင်နီရွာ | (၄၀ x ၆၀)ပေ | ရွာမြေ/သီးသန့် | ၁၅၀ သိန်း | | ၀၉/၇၉၅၃၃၇၀၃၁ |
| ၉။ | အိမ်/မြေ | ဒလမြို့ မြို့လယ်၊ နာရီစင်အနီး | (၄၀ x ၆၀)ပေ | BN (1) လုံး | ၃၅၀၀ သိန်း | | ၀၉/၇၉၅၃၃၇၀၃၁ |

## မအူပင်ခရိုင်စားသုံးသူအခြင်းပွားမှုဖြေရှင်းရေးအဖွဲ့ စားသုံးရန်မသင့်သော အစားအစာများဈေးကွက်အတွင်းရောင်းချမှု ရှိ/မရှိ ရှောင်တခင်စစ်ဆေး

မအူပင်ခရိုင်၊ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့သည် ခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၂၅) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးဆုံးဖြတ်ချက်အရ ဇန်နဝါရီ ၁၅ ရက်တွင် ပန်းတနော် မြို့နယ်၊ မြို့မဈေးနှင့် မြို့ပေါ်ရှိ ဓာတ်မြေဩဇာ ဆိုင်(၇) ဆိုင်၊ မုန့်မျိုးစုံ ဆိုင်(၇)ဆိုင်၊ (အ. ထ. က -၁/၂) ကျောင်းမုန့်ဈေးတန်းရှိမုန့်ဆိုင် ၁၀ ဆိုင် စုစုပေါင်း ၂၄ ဆိုင်ကို ရှောင်တခင် ဝင်ရောက်စစ်ဆေးခဲ့သည်။

မအူပင်ခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး၊ မအူပင်ခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးဇော်မင်းဦးဆောင်၍ ဒုခရိုင်ဦးစီးမှူး ဦးအောင်ဇော်ဦးနှင့် ဝန်ထမ်းများ၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ခရိုင်စိုက်ပျိုးရေးဦးစီးဌာန၊ ခရိုင်ရဲတပ်ဖွဲ့၊ မြို့နယ်စည်ပင်သာယာရေးဦးစီးဌာနတို့ ပါဝင်သည့် ပူးပေါင်းအဖွဲ့သည် ပန်းတနော်မြို့၊ မြို့မဈေးရှိမုန့်မျိုးစုံဆိုင် ၇ ဆိုင်၊ ဓာတ်မြေဩဇာဆိုင် ၇ ဆိုင်နှင့် (အ. ထ. က -၁/၂) ကျောင်းမုန့်ဈေးတန်းရှိမုန့်ဆိုင် ၁၀ ဆိုင်ကိုကွင်းဆင်း၍ ရှောင်တခင်ဝင်ရောက်စစ်ဆေးရာတွင် စားသုံးရန်မသင့်သော အစားအစာများ ဈေးကွက်အတွင်း မရောင်းချရန်၊ ရက်လွန် အစားအစာများကို စနစ်တကျစွန့်ပစ်ရန်နှင့် ဈေးကွက်အတွင်း မထားရှိရန် အသိပညာပေး ဟောပြောဆွေးနွေးခဲ့ပြီး ဓာတ်မြေဩဇာဆိုင် ၇ ဆိုင်ကိုစားသုံးသူ အကာအကွယ်ပေးရေး ဗဟိုကော်မတီမှ ၂၀၁၈ ခုနှစ် အောက်တိုဘာ ၂၆ ရက်တွင် ထုတ်ပြန်ကြေညာထားသော အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၁၈)ကို သိရှိရန်နှင့် လိုက်နာဆောင်ရွက်ရန် အသိပညာပေးဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**Consumer MT**

## မြန်မာတရုတ်နယ်စပ်မှ ရော်ဘာပိုမိုတင်ပို့



ဖေဖော်ဝါရီ ၂ ရက်မှ ၈ရက်အထိ သီတင်းတစ်ပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိကုန်သွယ်ရေး စခန်းများမှ အမေရိကန်ဒေါ်လာ ၃ဒသမ ၅၂၁ သန်းတန်ဖိုးရှိ ရော်ဘာ ၂၇၃၃ တန်ကျော်တင်ပို့ခဲ့ကြောင်း သိရပါတယ်။ ယခုတစ်ပတ်မှာ မြန်မာ-တရုတ်နယ်စပ်ရှိမူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ RSS-3 အမျိုးအစား ၁၃၈၃ တန်နဲ့ MSR-20 အမျိုးအစား တန်ချိန်၁၀၀ ကျော်၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ RSS-3 အမျိုးအစား တန်ချိန် ၁၂၅၀ တင်ပို့ခဲ့ပြီး ယခင်တစ်ပတ် တင်ပို့မှုနဲ့ နှိုင်းယှဉ်ပါက ၈၁၉တန် ပိုမိုတင်ပို့နိုင်ကြောင်း သိရှိရပါတယ်။ ယခုတစ်ပတ်မှာ မြန်မာ-ထိုင်း နယ်စပ်မှ ရော်ဘာ တင်ပို့မှုမရှိကြောင်း သိရပါတယ်။ ယခုတစ်ပတ်မူဆယ်ကုန်စည်ဒိုင်ရဲ့ ရော်ဘာဈေးမှာ RSS-3 အမျိုးအစား တစ်တန်လျှင် ကျပ် ၁၇ ဒသမ ၀၉၈ သိန်းရှိပြီး ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်နေကြောင်း သိရပါတယ်။

ဖေဖော်ဝါရီ ၃ ရက်မှ ၉ ရက်အထိ သီတင်းတစ်ပတ်အတွင်း ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၂ဒသမ ၆၉၈ သန်းတန်ဖိုးရှိရော်ဘာအဆင့်စုံ ၂၁၅၈ တန်တင်ပို့ခဲ့ကြောင်းသိရပါတယ်။ နိုင်ငံအလိုက် တင်ပို့မှုမှာ တရုတ်နိုင်ငံသို့ Synthetic Rubber အမျိုးအစား ၅၂၉ တန်၊ မလေးရှားနိုင်ငံသို့ RSS-3 အမျိုးအစား ၉၄၃ တန်၊ ကိုရီးယားနိုင်ငံသို့ TSR-20 အမျိုးအစား ၂၈၂ တန်၊ အိန္ဒိယနိုင်ငံသို့ MSR-20 အမျိုးအစား ၄၀၄ တန်တင်ပို့ခဲ့ကြောင်းသိရပါတယ်။ ယခင်တစ်ပတ်က ၂၄၁၅တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၂၅၇ တန်အပို့လျော့ကျခဲ့ကြောင်း သိရပါတယ်။

ယခုတစ်ပတ်နိုင်ငံတကာ ရော်ဘာဈေးမှာ RSS-3 အမျိုးအစား တစ်တန်လျှင်ဒေါ်လာ ၅၀ ဈေးတက်ပြီး MSR အမျိုးအစားမှာ ယခင်တစ်ပတ်အတိုင်းဈေးငြိမ်နေကြောင်း သိရပါတယ်။ ပြည်ပတင်ပို့မယ့် မြန်မာ့ရော်ဘာဈေးမှာလည်း RSS-3 အမျိုးအစား တစ်တန်လျှင် ဒေါ်လာ ၅၀ ဈေးတက်ပြီး MSR အမျိုးအစားမှာ ယခင်တစ်ပတ်ဈေးအတိုင်း မပြောင်းလဲကြောင်း မြန်မာနိုင်ငံရော်ဘာစိုက်ပျိုး ထုတ်လုပ်သူများအသင်းရဲ့ ဈေးနှုန်းထုတ်ပြန်ချက်အရ သိရှိရပါတယ်။ ယခုတစ်ပတ်ရဲ့ ရော်ဘာဈေးများကို ဖော်ပြပေးလိုက်ပါတယ်။

| | | | | |
|---|---|---|---|---|
| RSS-1 | အမျိုးအစား | တစ်တန်လျှင် | ဒေါ်လာ | ၁၃၅၀-၁၄၀၀ |
| RSS-2 | အမျိုးအစား | တစ်တန်လျှင် | ဒေါ်လာ | ၁၃၀၀-၁၄၀၀ |
| RSS-3 | အမျိုးအစား | တစ်တန်လျှင် | ဒေါ်လာ | ၁၂၅၀-၁၃၅၀ |
| RSS-4 | အမျိုးအစား | တစ်တန်လျှင် | ဒေါ်လာ | ၁၁၅၀-၁၂၅၀ |
| RSS-5 | အမျိုးအစား | တစ်တန်လျှင် | ဒေါ်လာ | ၁၂၀၀-၁၃၀၀ |

**ယဉ်ယဉ်အေး**

## ကျောက်တံခါးမြို့နယ် ဆန်စက် လုပ်ငန်းရှင်ကြီးများအသင်း အသစ်ပြန်လည် ဖွဲ့စည်း


ကျောက်တံခါးမြို့နယ် ဆန်စက်လုပ်ငန်းရှင်ကြီးများ အသင်းအမှုဆောင်သစ် ပြန်လည်ဖွဲ့စည်းခြင်းအခမ်းအနားနှင့် တွေ့ဆုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၂ ရက်က ကျောက်တံခါးမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

အစည်းအဝေးဆုံးဖြတ်ချက်အရ အလုပ်အမှုဆောင်သစ် ၂၅ ဦးကို ဒေသအလိုက် ရွေးချယ်ခဲ့ပြီး (၁) ဥက္ကဋ္ဌ/ဒုတိယဥက္ကဋ္ဌ၊ (၂) အတွင်းရေးမှူး/ဒုတိယအတွင်းရေးမှူး (၃)ဘဏ္ဍာရေးမှူး၊ (၄) စာရင်းစစ်အဖွဲ့များ ဖွဲ့စည်းနိုင်ခဲ့ပါသည်။ အမှုဆောင်အသစ်ပြန်လည်ဖွဲ့စည်းခြင်းအခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး၊ ပဲခူးတိုင်းဒေသကြီး ဆန်စက်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ဆန်စက်လုပ်ငန်းရှင် ဦးရေ ၆၅ ဦးခန့် တက်ရောက်ခဲ့ကြောင်း သိရှိရပါသည်။

**ဝင်းမြင့်တင်**

## သွင်းကုန်အစားထိုး အမိုးသွပ်ဒီဇိုင်းမျိုးစုံကို မွန်ပြည်နယ်တွင်ထုတ်လုပ်နေ

သွင်းကုန်အစားထိုးသော ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ရေးနှင့် ပြည်တွင်းကုန်သွယ်မှုကို မြှင့်တင်နိုင်ရေး၊ ဒေသတွင်းသုံးစွဲသူများအကြိုက် အရွယ်အစား မျိုးစုံရရှိနိုင်ရေး၊ သယ်ယူပို့ဆောင်မှုကုန်ကျစရိတ်များ လျှော့ချ နိုင်ရေးနှင့် အရည်အသွေးနှင့် ဈေးနှုန်း သက်သာစွာ ဆောင်ရွက်နိုင်ရန်အဓိက ရည်ရွယ်၍ ကျော်ကြား အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း၏ မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ကျောက်တန်း စက်မှုဇုန်အတွင်းတွင် ကျော်ကြား သွပ်ပြားစက်ရုံကို တည်ဆောက်ကာ အိမ်မိုးသွပ်ဒီဇိုင်းမျိုးစုံကို ထုတ်လုပ် ရောင်းဝယ်လျက် ရှိပါတယ်။ ထုတ်လုပ်လျက်ရှိသော ကုန်ပစ္စည်းအမယ်များအနေဖြင့် အမိုးသွပ်ဒီဇိုင်းရှစ်မျိုး၊ စီချန် နယ်ခေါင်အုပ်(၂)မျိုးနှင့် ရေတာရောက် နှစ်မျိုး၊ ကွန်ကရစ်လောင်းရာတွင် အသုံးပြုသော ဒက်ကစီများကို ထုတ်လုပ်ပေးလျက်ရှိပြီး တစ်နှစ်လျှင် ပစ္စည်းတစ်မျိုးကို ၁၅ တန်ကျထုတ်လုပ်နိုင်ပြီး သွပ်ပြားစက်ရုံနှင့် ဆောက်လုပ်ရေးပစ္စည်း အရောင်းဆိုင်လုပ်ငန်းများတွင် လုပ်သားအင်အား ၅၂၀ ဦးတို့အား အလုပ်အကိုင်ခန့်ထားနိုင်ခြင်းကြောင့် ဒေသတွင်း အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလျက်ရှိပါတယ်။ ဒါကြောင့် သွင်းကုန်အစားထိုးလုပ်ငန်းအား အောင်မြင်စွာ ဆောင်ရွက်ပေးလျက်ရှိနေသော လုပ်ငန်းဖြစ်သည့်အပြင် သုံးစွဲသူများအကြိုက် အရွယ်စုံ၊ ဆိုဒ်စုံအား ဆောင်ရွက်ပေး လျက်ရှိနေပြီး ရောင်းဝယ်အားကောင်းမွန်လျက်ရှိ၍ ပြည်တွင်းကုန်သွယ်မှု ဖွံ့ဖြိုးရေးအတွက် တစ်ဖက်တစ်လမ်းမှ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းဖြစ်ကြောင်း လေ့လာသိရှိရပါတယ်။



**ငြိမ်းမြတ်ကျော်(မွန်)**

## ဘုရားပွဲဈေးတန်းအတွင်းရောင်းချနေသော စားသောက်ဆိုင်များအား ကွင်းဆင်းစစ်ဆေး

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်ရှိ လုဒ်မယ်တော်သခင်မပွဲတော်ကို ဖေဖော်ဝါရီ ၈ ရက်မှ ၁၀ ရက်အထိ ကျင်းပခဲ့ရာ ပွဲတော်၌ စားသုံးသူရေးရာဦးစီးဌာန၊ ညောင်လေးပင်မြို့နယ် တာဝန်ခံနှင့် ဝန်ထမ်းများသည် ၎င်းပွဲတော်အတွင်း၌ ပွဲတော်အတွင်း ရောင်းချနေသော စားသောက်ဆိုင်များအား စားသုံးသူများ ဘေးအန္တရာယ်ကင်းစွာ ဝယ်ယူစားသုံးနိုင်စေရေးအတွက် ကွင်းဆင်းစစ်ဆေးပြီး ဈေးဆိုင်ရှင်များအား စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးပြောကြား၍ လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**ကျော်သက်မိုး**

## လာအိုနိုင်ငံ၊ ဗီယင်ကျန်းမြို့တွင် "1st Lao International Food Expo 2019 (LIFE 2019)" ကုန်စည်ပြပွဲကျင်းပမည်

လာအိုနိုင်ငံ၊ ဗီယင်ကျန်းမြို့ရှိ Lao International Trade and Exhibition Convention Centre(LaoITECC) တွင် ၂၀၁၉ ခုနှစ် မတ် ၁၅ ရက် မှ ၁၉ ရက်အထိ "Health Tech India 2019" ပြပွဲကို ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သိရှိရပါသည်။

အဆိုပါပြပွဲ၌ ဆန်စပါး၊ လက်ဖက်၊ ကော်ဖီ၊ အော်ဂဲနစ်ထုတ်ကုန်များ၊ seed processing ၊ seed suppliers ၊ စိုက်ပျိုးရေးဆိုင်ရာစက်ကိရိယာများ၊ စိုက်ပျိုးရေး နည်းပညာများနှင့် အခြားဆက်စပ်ကုန်စည်များပြသသွားနိုင်ရေး စီစဉ်ထားပါကြောင်း ဖော်ပြပါရှိပါသည်။

သို့ဖြစ်ပါ၍ အဆိုပါပြပွဲသို့ မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ ပါဝင်တက်ရောက်နိုင်ပြီး စိတ်ပါဝင်စားပါကမြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲ၊ ဖုန်း-၀၆၇ ၄၃၀၄၄၆, ၄၃၀၄၄၇၊ ဖက်စ်-၀၆၇၄၃၀၁၂၈၊ E-mail:moctradefair@gmail.com သို့လည်းကောင်း၊ မြန်မာကုန်သွယ်မှု ဗဟိုဌာန (ရန်ကုန်မြို့)၊ဖုန်း-၀၁ ၂၅၄၀၂၄၊ ဖက်စ်-၀၁ ၂၅၄၀၂၃ သို့လည်းကောင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ကြောင်း အသိပေးအပ်ပါသည်။ **ဆုမွန်သိန်း(TD)**

## (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနား၌ စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေး ပြခန်းဖွင့်လှစ်ပြသ

ဖေဖော်ဝါရီ ၁၂ ရက်တွင် ကျင်းပပြုလုပ်သော (၇၂)ကြိမ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် အခမ်းအနား၌ လည်းကောင်း၊ ဖေဖော်ဝါရီ ၁၃ ရက်တွင် ကျရောက်သည့်ဗိုလ်ချုပ်အောင်ဆန်း၏ (၁၀၄)နှစ်မြောက် အမှတ်တရမွေးနေ့၌လည်းကောင်း၊ ပဲခူးမြို့ ရွှေမော်ဓော ဘုရားယာဉ် ရပ်နားကွင်း၌ စားသုံးသူရေးရာဦးစီးဌာန ပဲခူးတိုင်းဒေသကြီး ဦးစီးမှူးရုံးမှ စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာအသိပညာပေးရေးနှင့် ပြည်တွင်းထုတ်ကုန် ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာ အသိပညာပေးရေးပြခန်းအား ဖွင့်လှစ်ပြသပြီး လာရောက် လေ့လာသူများအား ရှင်းလင်းပြောကြားပြသ၍ စားသုံးသူ အကာအကွယ်ပေးရေး သိကောင်းစရာများ ပါဝင်သည့် လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သတင်းရရှိပါသည်။

**ကျော်ဆန်းဝင်း(ပဲခူး)**

### နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်

| | | | |
|---|---|---|---|
| (၁) | **မြန်မာကုန်သွယ်မှုဗဟိုဌာန** (Myanmar Trade Center) | **ဖုန်း**-၀၁ ၂၅၄၀၂၄ | **ဖက်စ်**- ၀၁ ၂၅၄၀၂၃ **အီးမေးလ်**-itpic.moc@gmail.com |
| (၂) | Myanmar-EU Trade Help Desk | **ဖုန်း**- ၀၉ ၄၃၀ ၄၁ ၈၄၇ | **အီးမေးလ်**- mmeu.tradehelpdesk@gmail.com |

### ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Information and Complaint Center (CICC) စားသုံးသူသတင်း ပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာများ၏ Contact Points များ

| | | |
|---|---|---|
| (၁) | ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) | ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) | ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) | မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) | ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) | မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) | ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) | ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) | ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) | ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) | တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) | ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) | ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-2221005,Ph:083-2221005 email : docakayah@gmail.com |
| (၁၅) | မွန်ပြည်နယ် | အမှတ်(၇)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။ Fax:057-2024809, Ph:057-2024318 |
| (၁၆) | စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနဖြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

## (၇) နေ့ သားသမီးများအတွက်

### စီးပွားရေး အကြံပေး ဟောကိန်း

### ၁၈-၂-၂၀၁၉ မှ ၂၄-၂-၂၀၁၉ ရက်နေ့ထိ


**ဒေါ်မြတ်မြတ်အေး**
**(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)**



**တနင်္ဂနွေသားသမီးများအတွက်** စွန့်စား၍ပင်ပန်းခံခြင်းဖြင့် အောင်မြင်ခြင်းကိုရယူတတ်မည်။ ကောက်ပဲသီးနှံနှင့်ပတ်သက်သော စီးပွားရေးလုပ်ငန်းမှ အကျိုးအမြတ်များရရှိနေလိမ့်မည်။ ပညာရေးအထူးကြိုးစားနေရမည်။ ငွေကြေးဂုဏ်ဒြပ်တို့ကိုကြည့်၍ ချစ်တတ်ခြင်း၊ အိမ်ထောင်ပြုလိုခြင်းများဖြစ်ပေါ်လာလိမ့်မည်။ ကျန်းမာရေးအနေဖြင့် မျက်စိအောင့်ခြင်း၊ မျက်စိနာခြင်း၊ ခေါင်းအုံ့ခေါင်းခဲစသောဝေဒနာများ ရတတ်ပါသည်။ **ယတြာ။ ။သံဃာတော်နှင့်သီလရှင်တို့ကို ထီးလှူပါ။**



**တနင်္လာသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းများတွင် ဒိုင်နမိုမော်တာနှင့်လျှပ်စစ်ပစ္စည်းများ၊ ကူးသန်းသွားလာရေးနှင့် ဆက်သွယ်ရေးလုပ်ငန်းများ အကျိုးပေးတတ်ပါသည်။ ပညာရေးတွင် ထူးချွန်မှုများရှိနိုင်ပါသည်။ အချစ်ရေးတွင် အသက်အရွယ်ကြီးရင့်ပြီး အရွယ်တင်နုပျိုသော ချစ်သူနှင့်ဆုံရတတ်သည်။ အိမ်ထောင်ရေးကံကောင်းမည်။ ကျန်းမာရေးအနေဖြင့် ရောဂါဆန်းများ မဖြစ် ပေါ်တတ်ပါ။ ခြေလက်တို့တွင် ထိခိုက်ဒဏ်ရာရတတ်သည်။ **ယတြာ။ ။ဘုရားတွင်စိန်ချယ်ပန်းလှူပါ။**



**အင်္ဂါသားသမီးများအတွက်** မည်သည့်လုပ်ငန်းမဆိုအောင်မြင်မှုကိုရရှိနေတတ်သည်။ ချည်ထည်နှင့်ချုပ်ပြီးသားအဝတ်အထည်လိုက်ကာတို့ ထုတ်လုပ်ရောင်းချခြင်းဖြင့် အကျိုးစီးပွားပိုမိုဖြစ်ထွန်းမှုရှိလိမ့်မည်။ ပညာရေးအနေဖြင့် မှတ်ဉာဏ်အတွေးအခေါ်နှင့် ရည်မှန်းချက်ကောင်းသည့်အတွက် အောင်မြင်မည်။ အချစ်ရေး၊ အိမ်ထောင်ရေး အဆင်ပြေနေမည်။ ကျန်းမာရေးအတွက် အသက်ရှူလမ်းကြောင်းအနာရောဂါ ရတတ်သည်။ အဆုတ်ရောင်ခြင်းဖြစ်တတ်သည်။

**ယတြာ။ ။ မေတ္တာသုတ် ရွတ်ဖတ်ပူဇော်ပြီး မေတ္တာပို့ဆုတောင်းပါ။**




**ဗုဒ္ဓဟူးသားသမီးများအတွက်** ဓာတုဗေဒပစ္စည်းများ၊ ဆိုးဆေး၊ မှုတ်ဆေး၊ သုတ်ဆေးများနှင့်အမွှေးနံ့သာလုပ်ငန်းများ မှကံကောင်း၍ စီးပွားဖြစ်ထွန်းလိမ့်မည်။ ပညာရေးအားကောင်းမည်။ အချစ်ရေးကံနှင့်အိမ်ထောင်ရေးကံကောင်းနေတတ်ပါသည်။ တိုင်းရင်းသားများ၊ လူမျိုးခြားများနှင့်ပေါင်းသင်းဆက်ဆံမှုပြုရတတ်သည်။ ကျန်းမာရေးအနေဖြင့် ဆီးပူခြင်း၊ ဆီးဝါခြင်း၊ ဆီးနည်းခြင်း၊ ဆီးအိမ်တွင်ကျောက်တည်ခြင်းတို့ကို သတိပြုပါ။ **ယတြာ။ ။ ဘုရားတွင်ကြီး ၉ ကြီးအဓိဋ္ဌာန်ဝင်ပါ။**



**ကြာသပတေးသားသမီးများအတွက်** အပြိုင်အဆိုင်အတိုက်အခံများကြောင့် အချို့သောစီးပွားရေးလုပ်ငန်းများတွင် အရှုံးပေါ်တတ်သလို အချို့သောလုပ်ငန်းများဖျက်သိမ်းရန် အသင့်ရှိနေတတ်သည်။ ရေနှင့်ရေထွက်ပစ္စည်းများ၊ အကျိုးဆောင်လုပ်ငန်းများ အကျိုးပေးတတ်ပါသည်။ ပညာသင်ကြားရာတွင် အဆင်ပြေလွယ်တတ်ပါသည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် အတိုက်အခံပြုနေရတတ်ပါသည်။ ကျန်းမာရေးအနေဖြင့် ဦးနှောက်နှင့် အာရုံကြောရောဂါသတိပြုသင့်ပါသည်။

**ယတြာ။ ။မိတ်ဆွေအပေါင်းအသင်းတို့အား ဘယာကြော်ဝယ်ကျွေးပါ။**



**သောကြာသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းများတွင် လက်ဝတ်တန်ဆာလုပ်ငန်း၊ သတ္တုတွင်းများ၊ ရတနာတွင်းများမှ အကျိုးစီးပွားဖြစ်ထွန်းမှုခံစားရလိမ့်မည်။ အရောင်းအဝယ်ကောင်းမွန်လိမ့်မည်။ ပညာရေးထူးချွန်မှုရှိလိမ့်မည်။ အချစ်ရေးတွင် စိတ်တိုင်းကျမှုအားနည်းလိမ့်မည်။ အိမ်ထောင်ရေးပဋိပက္ခများရှိနေတတ်သည်။ ကျန်းမာရေးအနေဖြင့်ခန္ဓာကိုယ်ပင်ပန်းနွမ်းနယ်ခြင်း၊ သွေးပေါင်ကျခြင်းဝေဒနာများ ခံစားရတတ်သည်။ **ယတြာ။ ။လက်ဖက်ထမင်းကျွေးပြီး လက်ဖက်ရည်တိုက်ပါ။**



**စနေသားသမီးများအတွက်** သစ်၊ ဝါး၊ ထင်း၊ မီးသွေးလုပ်ငန်းများနှင့်ပတ်သက်သော စီးပွားရေးလုပ်ငန်းပိုမိုဖြစ်ထွန်း မည့်ကာလဖြစ်သည်။ ဝင်ငွေများစွာရရှိပြီး စုဆောင်းမိတတ်ပါသည်။ ဉာဏ်ရည်ထက်မြက်သည်နှင့်အမျှ ပညာရေးတွင် အောင်မြင်မည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် စိတ်တူကိုယ်တူ လက်တွဲညီညီလုပ်ကိုင်နေရတတ်သည်။ ကျန်းမာရေးအနေဖြင့် သွေးလေတို့နှင့်ပတ်သက်သောဝေဒနာခံစားရတတ်သည်ကို သတိရှိသင့်ပါသည်။ **ယတြာ။ ။ဇီဝိတဒါနငွေလှူပါ။**



# အရာတော် သနပ်ခါးပွဲတော်နှင့် ဈေးကွက်ချဲ့ထွင်ခြင်း

မြန်မာမိန်းကလေးမှန်လျှင် သနပ်ခါးနှင့် ကင်းသူမရှိဟု ပြောစမှတ်ပြုကြသလို မြန်မာနိုင်ငံတွင် သနပ်ခါးကို အလေ့ကျပေါက်ပင်မှ ယနေ့အချိန်တွင် စီးပွားဖြစ်ဧကလိုက် တိုးချဲ့စိုက်ပျိုးလာကြပါတယ်။ သနပ်ခါးဆိုလျှင် ရွှေဘိုသနပ်ခါး၊ ရှင်မတောင်သနပ်ခါး၊ မြိုင် သနပ် ခါးတို့မှ သနပ်ခါးစစ်တယ်။ မွှေးတယ်။ နွေအခါမှာ သနပ်ခါးလူးထားရင် အေးပြီးမွှေးနေတာပဲဟု ပြောကြသလို ယနေ့စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ အရာတော်မြို့နယ်က စိန်မင်းမျိုးသနပ်ခါးမှာလည်း မြန်မာနိုင်ငံအနှံ့အပြားမှာ ဈေးကွက်ထိုးဖောက်နေရာယူလျက်ရှိနေပါတယ်။ အနယ်နယ်အရပ်ရပ်မှာစိုက်ပျိုးထွက်ရှိတဲ့ သနပ်ခါးများထက် အရာတော်သနပ်ခါးက ပိုပြီးနာမည်ကြီးပါတယ်။ အရာတော်သနပ်ခါးစိုက်ပျိုးသူ များပြားလာသဖြင့် အရာတော်မြို့နယ် သနပ်ခါးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၁၄ ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့ရာ အသင်းသား ၂၇၇၅ ဦးဖြစ်ပြီး စိုက်ဧကမှာ ၃၀၀၀၀ ကျော်ရှိပါတယ်။ မြို့နယ် အသင်းဥက္ကဋ္ဌမှာ ဦးကျော်မိုးဖြစ်ပါတယ်။ ယနေ့အချိန်တွင် အရာတော်မြို့နယ် သနပ်ခါးစိုက်ဧက တစ်သိန်းကျော် အသင်းသား ၃၅၀၀ ရှိပြီး အသင်းသား ၄၅၀ ကျော်မှာ အသင်းဝင် စမတ်ကတ် ရရှိပြီးသူများဖြစ်ပါတယ်။ သနပ်ခါးစိုက်ဧကပေါင်း တစ်သိန်းကျော်ထိ တိုးချဲ့စိုက်ပျိုးလျက်ရှိပြီး အသင်းဥက္ကဋ္ဌသည် သနပ်ခါးကုန်ကြမ်းမှ ကုန်ချောအဖြစ် အကိုက်အခဲပျောက်လူးဆေး၊ လိမ်းဆေး၊ မျက်နှာသစ်ဆပ်ပြာ၊ သနပ်ခါးပုတီး၊ ဆွမ်းအုပ်လက်ဆောင်ပစ္စည်းများအဖြစ် သော့ချိတ်၊ ရုပ်တုတို့ကို သနပ်ခါးသားဖြင့် ထုတ်လုပ် ရောင်းချလျက်ရှိပြီး ဆက်လက်၍ သနပ်ခါးအသီးမှ နှလုံးအားတိုးဆေး ထုတ်လုပ်နိုင်ရန် ကြိုးစားလျက်ရှိပါတယ်။ အရာတော်မြို့နယ် သနပ်ခါးစိုက်ပျိုးထုတ်လုပ်ရောင်းချသူများအသင်း လှုပ်ရှားမှုအနေနဲ့ လစဉ်အသင်းသားများနှင့် အစည်းအဝေးပြုလုပ်ခြင်း၊ သနပ်ခါး (GI) ရရှိရေး ကြိုးစားဆောင်ရွက်ခြင်း၊ အိန္ဒိယနိုင်ငံသို့ လေ့လာရေးခရီးစဉ် သွားရောက်ခြင်း၊ မြန်မာနိုင်ငံမှ ဇီဝထုတ်ကုန်များပို့ကုန်ဈေးကွက် အလားအလာဆန်းစစ်အတည်ပြုခြင်း၊ စကားဝိုင်းဆွေးနွေးပွဲတက် ရောက်ခြင်း၊ အမေရိကန်နိုင်ငံမှ ပညာရှင်များ လာရောက်သင်တန်းပို့ချရာ သင်တန်းသားများတက်ရောက်နိုင်ခြင်း၊ HELVETAS အဖွဲ့အစည်းမှလည်း မြန်မာနိုင်ငံ ဇီဝထုတ်ကုန်များဖြစ်သော အရာတော် သနပ်ခါးနှင့် စလေရှေ့ဆောင်ဇီးဖျော်ရည်တို့ကို စီမံကိန်း ရွေးချယ်ပြီး သင်တန်းပို့ချခံရခြင်း ကုန်စည်ပြပွဲများ၊ ဈေးရောင်းပွဲတော်များတွင် အရာတော်သနပ်ခါးကို ပြခန်းများဖြင့် ရောင်းချလျက်ရှိပါတယ်။ ယခုအခါ အရာတော်မြို့နယ် မြို့နယ်သနပ်ခါးအသင်း၊ တိုင်းအသင်း၊ မြန်မာ့သနပ်ခါးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ သနပ်ခါးဈေးကွက်ထိုးဖောက်နိုင်ရေး ပူးပေါင်းဆောင်ရွက်လျက် ရှိပါတယ်။

တပို့တွဲလပြည့်နေ့ဟာမြန်မာတို့ရဲ့နေ့ထူးနေ့မြတ်ဖြစ်ပါတယ်။ ရှေးမြန်မာမင်းများ လက်ထက်ကပင် တပို့တွဲလပြည့်နေ့မှာ အအေးဓာတ်လွန်ကဲလို့ မြတ်စွာဘုရားရှင်တော်ကို သနပ်ခါးထင်းဖြင့် မီးပူဇော်ပွဲများ ပြုလုပ်ပူဇော်ကြပါတယ်။ တဆက်တည်းမှာပဲ မြန်မာတို့ရဲ့ စည်းလုံးညီညွတ်မှုကို ဖော်ဆောင်သော ထမနဲ့ထိုးပွဲကို ပြုလုပ်လေ့ရှိကြပါတယ်။ ယနေ့အချိန်မှာ ထမနဲ့ထိုးပြိုင်ပွဲများ ကျင်းပလျက်ရှိပါတယ်။ တပို့တွဲလပြည့်နေ့ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၁၉ ရက်၌ မြန်မာ့ သနပ်ခါးပွဲတော်ကို ရေစကြိုမြို့နယ်၊ မြိုင်မြို့နယ်၊ အရာတော်မြို့နယ်၊ ရွှေဘိုမြို့နယ်တို့တွင် သနပ်ခါးယဉ်ကျေးမှု ထိန်းသိမ်းမြှင့်တင်ရေးအတွက် သနပ်ခါးမီးပူဇော်ပွဲများ၊ စာပေဟောပြောပွဲများကို ဒေသခံ စာရေးဆရာများ၊ ဖိတ်ကြားထားသည့် စာရေးဆရာများဟောပြောပွဲများ ပြုလုပ်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ သနပ်ခါးစိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်းမှ ၂၀၁၉ ခုနှစ် မတ်လ ၂၉၊ ၃၀၊ ၃၁ ရက်များတွင် သုံးရက်တိုင် မန္တလေးမြို့ကျောက်တော်ကြီးဘုရား ပွဲတော်တွင် သနပ်ခါးပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း၊ အနယ်နယ်အရပ်ရပ်ရှိ သနပ်ခါးချစ်သူများ သနပ်ခါးပွဲတော်ကိုပါဝင်ဆင်နွှဲနိုင်ကြောင်း အရာတော်မြို့နယ် သနပ်ခါးအသင်းဥက္ကဋ္ဌထံမှ သိရှိရပါတယ်။

**ဒေလီ (အရာတော်)**

# ထိုင်းနိုင်ငံမှ တရားမဝင်တင်သွင်းလာသော အေးခဲအသားများ ဖမ်းဆီး၊ မီးရှို့၊ မြေမြှုပ်ဖျက်ဆီးခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၌ ဖေဖော်ဝါရီ ၇ ရက်တွင် ဒေါင်းငူတံငါ ရပ်ကွက်အတွင်း ထိုင်းနိုင်ငံမှ တရားမဝင်တင်သွင်းလာသော အေးခဲအသားများ ရောင်းချနေကြောင်း သတင်းရရှိသဖြင့် စားသုံးသူရေးရာ ဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့ဖြင့်ဝင်ရောက် စစ်ဆေးရာ အေးခဲဘဲသား ၁၃၃ ဒသမ ၅ ကီလို၊ ကာလတန်ဖိုး ကျပ် ၅၃၄၀၀၀၊ အေးခဲဝက်သား ၃၉ ဒသမ ၆ ကီလို၊ ကာလတန်ဖိုး ကျပ် ၁၇၈၂၀၀၊ အေးခဲဝက်ကလီစာ ၈၃ ဒသမ ၅ ကီလို၊ ကာလတန်ဖိုး ကျပ် ၂၅၀၅၀၀၊ အေးခဲကြက်သား ၅ ကီလို၊ ကာလတန်ဖိုး ကျပ် ၁၅၀၀၀၊ စုစုပေါင်း ၂၆၁ ဒသမ ၆ ကီလို၊ ကာလတန်ဖိုး ကျပ် ၉၇၇၇၀၀ သိမ်းဆည်းရမိခဲ့သည်။ အဆိုပါ တရားမဝင် တင်သွင်းလာသော အေးခဲအသားများရောင်းချလျက်ရှိသည့် ပိုင်ရှင်ဖြစ်သူအားအဖွဲ့၏ ရှေ့မှောက်တွင် နောက်နောင် တရားမဝင် အေးခဲအသားများအား သယ်ယူရောင်းချခြင်းမပြုရန်နှင့် ရောင်းချခြင်းကို စစ်ဆေးတွေ့ရှိပါက တရားဥပဒေအတိုင်း ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း ခံဝန်ကတိပြု လက်မှတ်ရေးထိုးစေပြီး သိမ်းဆည်းရမိသော အေးခဲအသားများကို အဖွဲ့၏ဆုံးဖြတ်ချက်ဖြင့် ထားဝယ်မြို့၊ ဝဲကျွန်းအမှိုက်ပုံတွင် မီးရှို့၊ မြေမြှုပ် ဖျက်ဆီးခြင်းများ ပြုလုပ်ခဲ့ကြောင်း သတင်းရရှိပါသည်။

**ရွှေဝယ်သား**

# မြန်မာ့ဆန် ကမ္ဘာ့ဈေးကွက်မှ

# [illegible]



◆ အောင်ဆန်း (စိုက်ပျိုးရေး) ◆

မြန်မာ့ဆန် ကမ္ဘာ့ဈေးကွက်မှာ မျက်နှာပန်းလှ ရင်ပေါင်တန်းနိုင်ဖို့ဆိုလျှင် အရည်အသွေးကောင်းဖို့ လိုအပ်ပါသည်။ သို့သော် မြန်မာ့ဆန် အရည်အသွေးမကောင်းသည့်အတွက် ကမ္ဘာ့ဈေးကွက်မှာ နောက်တန်းရောက်ခဲ့သည်မှာ ကြာခဲ့ပါပြီ။ ဆန်အရည်အသွေး ညံ့တဲ့အတွက် အာဖရိကလိုနိုင်ငံတွေကိုပဲ အားကိုးနေရသည်။ အခြားဆန်ကောင်းစားတဲ့ နိုင်ငံကြီးတွေကို ဝင်တိုးလို့မရဘူးဖြစ်နေသည်။ ဆန်အရည်အသွေးညံ့တော့ ဈေးကောင်းလည်း မရနိုင်ဖြစ်ခဲ့ရသည်။

ဆန်အရည်အသွေးကောင်းခြင်းတွင် ဆန်၏ အတွင်းဆန်သားနှင့် အပြင်အရောင်အသွေးကြည်လင်တောက်ပမှု၊ သန့်စင်မှုရှိခြင်းတို့သည် အရေးပါသော အချက်များဖြစ်သည်။ ဆန် အရည်အသွေးကောင်းဖို့ဆိုလျှင် စပါးစိုက်ပျိုးပြုစု ထိန်းသိမ်းချိန်၊ ရိတ်သိမ်းသယ်ယူ၊ ခြွေလှေ့ချိန်၊ သိုလှောင်ချိန်၊ စပါးကြိတ်ခွဲသိုလှောင်ချိန် စသည့်အဆင့်ဆင့် (Supply Chain) တစ်ခုလုံးကိုကောင်းမွန်အောင် သတိပြုဆောင်ရွက်ဖို့လိုအပ်ပါသည်။

ဆန်အရည်အသွေးကောင်းရန် ကနဦးဒုက္ခပေးနေသည့် အချက်မှာ စပါးမျိုးပေါင်းများစွာရှိနေခြင်းဖြစ်ပါသည်။ ဧည့်မထ အုပ်စုဝင် စပါးမျိုးပေါင်း ၃၀၀ ကျော်ခန့်ရှိပါသည်။ ဧည့်မထအုပ်စု ဝင် စပါးများကို ရောဝယ်ပြီး ရောကြိတ်နေကြသည်ကို တွေ့ရသည်။ ကမ္ဘာ့ဈေးကွက်တွင် ဆန်၏ အရွယ်အစားကို ဆန်အရွယ်အစားခွဲ သည့် ကွန်ပျူတာကိရိယာနှင့် စစ်လိုက်လျှင် ဧည့်မထအုပ်စုဝင်ဆန်များ တူသလိုလိုနှင့် အရွယ်အစားအမျိုးမျိုး ထွက်လာသည်။ ဆန်အရည်အသွေး ညံ့သွားသည်။ ကမ္ဘာ့ဆန်ဈေးကွက်မှ လက်မခံတော့ပါ။ သို့အတွက် အရည်အသွေးကောင်း၊ အထွက်ကောင်း၊ ကမ္ဘာ့ဈေးကွက်တွင် ယှဉ်နိုင်သည့် စပါးတစ်မျိုး နှစ်မျိုးလောက်သာ တစ်ကွက်တစ်စပ်တည်း စိုက်ပျိုးစေရန် စီမံသင့်သည်။

ကမ္ဘာ့ဈေးကွက်တန်းဝင် အရည်အသွေးကောင်းဆန်ဆိုသည်မှာ ဆန်လုံးရှည် (Long Grain)ဖြစ်ပြီး အလျား ၆ ဒသမ ၈ မှ ၇ မီလီမီတာရှိရန် လိုအပ်သည်။ ဆန်၏အရှည်နှင့် လုံးပတ်အချိုးသည် (၃ : ၁) ရှိရန်လိုအပ်သည်။ နူးညံ့ပျော့ပြောင်းမှုအတွက် အမိုင်းလို့(စ်)ပါဝင်မှု (၂၀-၂၂) ခန့် ရှိဖို့လိုသည်။ ဆန်၏မာကြောမှု (Hardness) သည် (၅-၆) ထိရှိရမည်ဖြစ်သည်။ မြန်မာ့ဆန်သည်စနစ်တကျမထိန်းသဖြင့် မာကြောမှု (၃-၄) ခန့်သာ ရှိသည်။ သို့အတွက် အကျိုးအကြေများသည် ဆန်သား ကြည်လင်ပြီး ဖယောင်းသားကဲ့သို့ တောက်ပနေရန်လိုအပ်သည်။ ထမင်းချက်လျှင် ထမင်းလုံး၏ ရှည်ထွက်မှုမှာ (၂) ဆ ကျော်ခန့်ရှိရမည်ဖြစ်သည်။

စပါးဂုတ်ဆစ်တက်ချိန်တွင် အောင်စေ့ရာခိုင်နှုန်းကို အဆုံးအဖြတ်ပြုသည်။ မျိုးပွားအင်္ဂါကွဲပြားခြင်းအဆင့်၊ အနှံထွက် ပန်းပွင့်ချိန်အဆင့်၊ အနှံစေ့များစတင်ရင့်မှည့်ချိန်အဆင့်များတွင် အောင်စေ့ရာခိုင်နှုန်းကို ကျဆင်းစေနိုင်သော အကြောင်းအရာများဖြစ်ပေါ် စေပါသည်။ လုံးပိန်လုံးညှပ်နှင့် အဖျင်းအစေ့များသာ ဖြစ်ပေါ် စေသည်။ ၎င်းအနက် အဖျင်းအစေ့များသည် ခြွေလှေ့စဉ် ဖယ်ရှားပစ် နိုင်သဖြင့် ဆန်အရည်အသွေးကို မထိခိုက်နိုင်ပါ။ လုံးပိန်လုံးညှပ်များသည် စပါးကြိတ်ခွဲရာတွင် အရွယ်အစားမမီသော ဆန်စေ့များဖြစ်သဖြင့် ဆန်အရည်အသွေးကို ထိခိုက်စေပါသည်။ သို့အတွက် ကနဦးကတည်းက ပြည့်ဖြိုးနေသော ဆန်စေ့ရအောင် ဂရုစိုက်ထိန်းသိမ်းခဲ့ရန် လိုပါသည်။

စပါးမျိုးအလိုက် စပါးစေ့အလေးချိန်သတ်မှတ်ချက်ရှိပါသည်။ သတ်မှတ်အလေးချိန်ပြည့်မှသာ စပါးအရည်အသွေးစံချိန်မီပါသည်။ စပါးစေ့အလေးချိန်သည် အနှံခက် စတင်ဖြစ်ပေါ် ချိန်မှ ရင့်မှည့်စပြုချိန်အတွင်း ဖြစ်တည်ကြီးထွားပါသည်။ စပါးစေ့အလေးချိန် စံချိန်မီစေရန် နေရောင်ခြည်စွမ်းအား အရွက်အတွင်း နိုက်ထရိုဂျင်ဓါတ်ပါဝင်မှုပမာဏ၊ စပါးစေ့သို့ ကစီဓါတ်ကောင်းစွာ ပို့ဆောင်မှုတို့၏ ပြည့်စုံမှုသည် အရေးပါသည်။ အပူချိန် (၂၅) ဒီဂရီစင်တီဂရိတ်ထက်မြင့်ပါက အရွက်မှအစေ့သို့ ကစီဓါတ်ပို့ဆောင်နိုင်မှု စွမ်းအားကျစေသည်။ စပါးစေ့အလေးချိန်လည်း လျော့သွားစေသည်။ စပါးကြိတ်ခွဲရာတွင် ဆန်အရွယ်အစားအဆင့်မမီသဖြင့် အရည်အသွေးကို ထိခိုက်စေသည်။

စပါးစေ့များ နို့ရည်တည်ချိန်တွင် ရေလိုအပ်ပါသည်။ စပါးစေ့နို့ရည်တည်ချိန်တွင် လိုအပ်သောအစာကို အလံရွက်မှ ၆၀-၆၅ ရာခိုင်နှုန်း ပို့ပေးပါသည်။ ကျန်အရွက် (၅) ရွက်မှ (၃၅-၄၀) ရာခိုင်နှုန်း ပို့ပေးပါသည်။ အစာချက်လုပ်အားကောင်းရန်နှင့် အစာပို့ အားကောင်းရန်အတွက် အလံရွက်အပါအဝင် အရွက် (၅-၆) ရွက် သည် ဤအချိန်တွင် ကျန်းမာသန်စွမ်းပြီး စိမ်းစိုနေရန်လိုအပ်သည်။ နေရောင်ခြည်စွမ်းအား အပြည့်အဝရရှိမှု အာဟာရဓာတ်လုံလောက်မှု၊ ရေလုံလောက်မှုတို့သည် စပါးအောင်စေ့များပြီး ပြည့်ဖြိုးရန်အတွက် အဓိကသော့ချက်ဖြစ်သည်။ ဤအချိန်တွင် လယ်ကွင်းအတွင်း ရေပြတ်ပါက ဆန်သား ဗိုက်ဖြူဖြစ်ပြီး အက်ကြောင်းပေါ် စေပါသည်။ ဆန်သားအရောင်ညံ့၍ ဆန်အကျိုးအကြေများစေပြီး အရည်အသွေးကို ကျဆင်းသွားစေပါသည်။ သို့အတွက် လယ်ကွင်းအတွင်း အာဟာရနှင့် ရေမပြတ်စေရန် အထူးသတိပြုရမည့် အချက်ဖြစ်သည်။

စပါးပင်ယိုင်လဲမှုသည် စပါးလေလွင့်ဆုံးရှုံးမှုသာမက စပါးစေ့များ ရွှံ့ကပ်ခြင်းကြောင့် စပါးစေ့အရောင်ပျက်ပြီး ဆန်အရည်အသွေးကိုပါ ကျစေပါသည်။ စပါးပင်ယိုင်လဲခြင်းသည် အပင်မြင့်လွန်းခြင်း၊ ကောက်ကွက်စိပ်လွန်းခြင်း၊ နေရောင်ခြည်ရရှိမှုနည်းပါးခြင်း၊ ပင်စည်တွင် ပိုးမွှားရောဂါဒဏ်ခံရခြင်းတို့ကြောင့် ဖြစ်ရသည်။ ဤအချက်များ မဖြစ်ပေါ် အောင် သတိပြု စောင့်ရှောက်ထိန်းသိမ်းခြင်းဖြင့် ဆန်အရည်အသွေးကောင်းကို ရရှိနိုင်ပါသည်။

စပါးနှံတွင်ကျရောက်သော နှံစုပ်ဂျပိုးသည် စပါးစေ့ အစေ့တွင်း စာကို ထိုးဖောက်စုပ်စားပြီး ၎င်းမှ အနံဆိုးသည့် စွန့်ထုတ်ရည် စွန့်ထုတ်သဖြင့် စပါးစေ့များ အရောင်အစွန်းအထင်းများ ဖြစ်စေပြီး အတွင်းသား စပါးစေ့ပါ အရောင်အသွေးကို ထိခိုက်စေသည်။ အရည်အသွေး ညံ့သွားစေပါသည်။ သို့အတွက် ထိထိရောက်ရောက် ကြိုတင်ကာကွယ်နှိမ်နင်းရန် လိုပါသည်။ စပါးရိတ်သိမ်းချိန် မှန်ကန်ခြင်းသည် စပါး အရည်အသွေးကောင်းစေမှုကို အကျိုးပြုပါသည်။ စပါးရိတ်သိမ်းရန် အကောင်းဆုံးအချိန်ကို မောင်းညိုချိန်ဟု သတ်မှတ်ပါသည်။ စပါး အနှံထွက်ပြီး (၂၅-၃၀) ရက်သည် မောင်းညိုချိန်၊ ရိတ်သိမ်းရန် အသင့်ဆုံးအချိန်ဖြစ်သည်။ ရိတ်ချိန်မှန် ရိတ်သိမ်းပါက ဆန်ထွက် ၆၅ ရာခိုင်နှုန်းရရှိပြီး အဆင့်မြင့် အရည်အသွေးကောင်းဆန် ၅၅ ရာခိုင်နှုန်းရရှိသည်။ (DAR- Research Report 2000 YAEZIN) စပါးကို စောရိတ်သိမ်းပါက အစိုဓာတ်များနေ၍ မှိုတက်တတ်ပါသည်။ နောက်ကျရိတ်သိမ်းပါက စပါးစေ့ကျွမ်းပြီး ဆန်သားအက်ကြောင်းပေါ်၍ အရည်အသွေး ညံ့သွားစေပါသည်။

ဆန်အရည်အသွေးကောင်းရရှိစေရန် ရိတ်သိမ်းချိန်လွန် နည်းပညာ ( Post Harvest Technology) ကို အပြည့်အဝ အသုံးချရန်လိုပါသည်။

လယ်သမားများသည် လယ်တစ်ဧကကိုရိတ်သား (၄-၅) ယောက်ဖြင့် တအိအိရိတ်သိမ်းနေကြသည်။ သတ်မှတ်ရက်အတွင်း မပြီး၊ တဖြည်းဖြည်း နောက်ဆွဲသွားသည်။ ရိတ်သင့်သည့် အချိန်ထက်ကျော်လွန်သွားသဖြင့် စပါးစေ့နေလောင်ကျွမ်းသွားသည်။ ကြွေလွင့်မှုများ၍ လေလွင့်ဆုံးရှုံးရသည့်အပြင် ဆန်သားအက်ကြောင်းဖြစ်၊ ဆန်သားနောက်သွားသဖြင့် ဆန်အရည်အသွေးနိမ့်သွား စေသည်။ ရိတ်သိမ်းခြွေလှေ့စက်ကြီးများနှင့် ရိတ်သိမ်းပါက ဆန်သားကောင်း၍ အရည်အသွေးမြင့်ဆန်ကို ရရှိနိုင်သည်။

အချို့လယ်သမားများသည် စပါးရိတ်သိမ်းပြီးပါက ကောက်လှိုင်းများကို ဘွဲ့မစည်းဘဲ လယ်ကွက်ထဲတွင် နှစ်ပတ်၊ သုံးပတ်၊ တစ်လ ခန့်ထားကြသည်။ စပါးစေ့များသည် နေ့အချိန် နေပူလိုက်၊ ညအချိန် အေးလိုက်နှင့် နေ့ညအပူချိန်ကွာခြားမှုကြောင့် စပါးစေ့နေလောင်ကျွမ်းစေသည်။ စပါးစေ့များ အောက်စေသည်၊ မှိုတက်စေသည်၊ ဆန်အရောင်ပြောင်း၍ ဆန်သားညစ်သွားစေသည်။ ဆန်အရည်အသွေးကျဆင်းစေသည်။ အချို့သီးထပ်စိုက်မည့်ဒေသများတွင် စပါးရိတ်အပြီး ကောက်လှိုင်းများကို ကန်သင်းပေါ် တွင် ကောက်ဆိုင်းထိုးထား၍ရက်ရှည်လများထားကြသည်။ နေ့ည အပူချိန် ကွာခြားမှု၊ မြေကြီးအောက်မှ တက်လာသော ရေငွေ့တို့ကြောင့် မှိုတက် ၊ ဆန်ရောင်ပျက်၊ ဆန်သားအက်ဖြစ်ပေါ် စေပါသည်။ ကောက်လှိုင်းများကို အချိန်တန်၍ ရွှေ့သည့်အခါတွင်လည်း အောက်တွင် စပါးစေ့များ ဖွေးနေအောင် ကြွေကျကျန်ရစ်ခဲ့သည်။ လေလွင့်ဆုံးရှုံးမှုများပင်ဖြစ်သည်။

အချို့လယ်သမားများသည် တလင်းကို သေချာမခေါက်သဖြင့် စပါးစေ့တွင် ဖုန်၊ ခဲ၊ သလဲ အမှိုက်သရိုက်ရောနှောပါလာပေသည်။ တလင်းတွင် ကောက်ပြန့်ကို ကြာရှည်ထားသဖြင့် နေ့အပူချိန် ညအအေးချိန်နှင့် စပါးပုံ အစိုပြန်သည်။ မှိုတက်၊ ဆန်ရောင်ပျက်၊ ဆန်သားအက်ကွဲသည်။ အထူးသဖြင့် ဆန်အနံ့သည် မှိုနံ့စွဲနေသည်ကို တွေ့ရှိရသည်။ (Rice Cultivation in Japan 1967)

စပါးရိတ်သိမ်းခြွေလှေ့ပြီးလျှင် စပါးကို အခြောက်လှန်းရပါသည်။ စပါးအခြောက်လှန်သည့် စနစ်သည် စပါးအရည်အသွေးကို လွှမ်းမိုးနေပါသည်။ စပါးရိတ်သိမ်းချိန်တွင် စပါးစေ့အတွင်း အစိုဓါတ် သည် (၂၀-၂၅) ရာခိုင်နှုန်းပါလာပါသည်။ ၎င်းအစိုဓါတ် သည် တစ်နေ့လျှင် (၁. ၅-၂) ရာခိုင်နှုန်းထိ သဘာဝအလျောက် ကျဆင်းနေပါသည်။ စပါးစေ့ခြွေလှေ့ပြီး (၂၄) နာရီအတွင်း အစိုဓါတ် (၁၈) ရာခိုင်နှုန်းထိ ချပေးရန်နှင့် (၂) ရက်အတွင်း အစိုဓါတ် (၁၄) ရာခိုင်နှုန်းထိ ချပေးနိုင်မှသာ ဆန်အရည်အသွေးကောင်းကို ရရှိ နိုင်သည်။ ရိတ်သိမ်းပြီး မခြွေဘဲ ကန်သင်းပေါ်၊ တလင်းပေါ် တွင် ကြာရှည်စွာ ကောက်လှိုင်းပုံထားခြင်းသည် အရည်အသွေးကောင်းဆန် မည်သို့မျှမရရှိနိုင်ပေ။

လယ်သမား အများစုသည် စပါးစေ့ကို မိရိုးဖလာနည်းအတိုင်း နေအပူချိန်ဖြင့် အခြောက်လှန်းကြပါသည်။ စပါးစေ့တွင် ရေဓါတ်သုံးမျိုးပါဝင်နေပါသည်။ (၁) ဖွဲ့စည်းထားသော ရေ (Bound Water) ၎င်းရေသည် ဒြပ်စင်များပါဝင်ဖွဲ့စည်းထားသဖြင့် ထုတ်ပယ်ပစ်ရန် ခက်ခဲသည်။ (၂) စုပ်ယူထားသော ရေ (Absorbed Water ) ၎င်းရေသည် ဖွဲ့စည်းရေ၏ အပေါ် ယံလွှာတွင် ရှိသည်။ ဟိုက်ဒရောဆိုဒ်၊ အေဖိုဒ်များပါဝင်နေသဖြင့် အပူချိန်မြင့်မြင့် ဖယ်ထုတ်ပစ်နိုင်သည်။

**စာမျက်နှာ (၃၁)သို့**

# ပြည်တွင်း ပုဂ္ဂလိကဘဏ်များတွင် ပြည်ပဘဏ်များနှင့် ငွေကြေးအဖွဲ့အစည်းများ အကျိုးတူရင်းနှီးမြှုပ်နှံရန် ၃၅ ရာခိုင်နှုန်းအထိ ခွင့်ပြု

ပြည်တွင်းရှိ ပုဂ္ဂလိကဘဏ်များ အနေဖြင့် နိုင်ငံခြားဘဏ်များသို့ မဟုတ် ငွေကြေးအဖွဲ့အစည်းများထံမှ အကျိုးတူ ရင်းနှီးမြှုပ်နှံမှုကို ၃၅ ရာခိုင်နှုန်းအထိ လက်ခံနိုင်ကြောင်း မြန်မာနိုင်ငံတော် ဗဟိုဘဏ်၏ ထုတ်ပြန်ချက်အရ သိရသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် အဆိုပါထုတ်ပြန်ချက်ကို မဗဘ/ဘဏ်စိစစ်/၁(၁/၂၀၁၉)ဖြင့် ပုဂ္ဂလိကဘဏ်များသို့ ညွှန်ကြားခဲ့ပြီး အများပြည်သူ သိရှိစေရန်အတွက် ဇန်နဝါရီ ၃၁ ရက်တွင် သတင်းထုတ်ပြန်ခဲ့ကြောင်း သိရသည်။

"နိုင်ငံခြားဘဏ်တွေက Compliance နဲ့ NPL(Non Performance Loan)ကို အဓိကထားကြည့်ပြီးမှ အကျိုးတူရင်းနှီးမြှုပ်နှံမှုကို စဉ်းစားကြမှာ။ အခုလို ဖွင့်လှစ်ပေးလိုက်တဲ့အတွက် ဗဟိုဘဏ်ရဲ့လုပ်ဆောင်ချက်ကို ကြိုဆိုရမှာဖြစ်ပါတယ်"ဟု အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ထိုကဲ့သို့ အကျိုးတူပူးပေါင်းလိုသည့် ပြည်တွင်းပုဂ္ဂလိကဘဏ်များ အနေဖြင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်သို့ နှစ်ဦးနှစ်ဖက် သဘောတူထားသည့် အကျိုးတူ ရင်းနှီးမြှုပ်နှံမှု အချိုးအစား၊ စည်းမျဉ်းစည်းကမ်းများကို တင်ပြရမည်ဖြစ်ကြောင်း၊ ထို့အပြင် သဘောတူစာချုပ်၊ မိတ္တူနှင့် အခြားသော လိုအပ်သည့် စာရွက်စာတမ်း အထောက်အထားများကိုလည်း ပူးတွဲတင်ပြရမည်ဖြစ်ကြောင်း သိရသည်။

ထို့အတူ ဘဏ်လုပ်ငန်းလုပ်ကိုင်ခွင့် ရရှိထားသည့် နိုင်ငံခြားဘဏ်ခွဲများသို့မဟုတ် Subsidiary များနှင့် အကျိုးတူ ရင်းနှီးမြှုပ်နှံလိုသည့် ပြည်တွင်းပုဂ္ဂလိက ဘဏ်များအနေဖြင့် ငွေရေးကြေးရေး အဖွဲ့အစည်းများ၊ ဥပဒေပုဒ်မ ၆၁ ပါ ပြဋ္ဌာန်းချက်အတိုင်း လိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လက်ရှိတွင်လည်း ပြည်တွင်း၌ ဘဏ်လုပ်ငန်းလုပ်ကိုင်ခွင့်ရပုဂ္ဂလိကဘဏ် ၂၉ ခုနှင့် နိုင်ငံခြားဘဏ်ခွဲ ၁၃ ခုတို့ကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ခွင့်ပြုပေးထားကြောင်း သိရသည်။

**ချောစု**



# အောင်မင်္ဂလာ အဝေးပြေးဂိတ်ကို ဗဟိုပြု၍ ရန်ကုန်မြို့ပတ်ယာဉ်လိုင်းသစ် ပြေးဆွဲမည်

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အောင်မင်္ဂလာ အဝေးပြေးဂိတ်ကို ဗဟိုပြု၍ ရန်ကုန်မြို့ပတ် ယာဉ်လိုင်းသစ်ကို မကြာမီ စတင်ပြေးဆွဲပေးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါယာဉ်လိုင်းသစ်ကို Scania ကားအမျိုးအစားဖြင့် ပြေးဆွဲပေးမည်ဖြစ်ပြီး ခရီးသွားပြည်သူများ သွားလာရအဆင်ပြေစေရန် လုပ်ဆောင်ပေးခြင်းဖြစ်ကြောင်း သိရသည်။

"ခရီးစဉ်ကတော့ မြို့ပတ်ရထား ပြေးဆွဲသလိုပါပဲ။ ပုံမှန် YBS ပြေးဆွဲသလိုမဟုတ်ဘဲ မြို့တစ်ပတ် ပြေးဆွဲပေးမယ့် ဝန်ဆောင်မှုအသစ်ပါ။ မကြာခင် စတင်နိုင်အောင် လုပ်ဆောင်နေပါတယ်။ ခရီးစဉ်အစကတော့ အောင်မင်္ဂလာ အဝေးပြေးဝင်းကနေစပြီး ရန်ကုန်မြို့ထဲကို တစ်ပတ်ပတ်မယ်။ ပြီးရင် အောင်မင်္ဂလာမှာပဲ ပြန်ဆုံးမှာပါ။ ပြေးဆွဲဖို့အတွက် ယာဉ်လမ်းကြောင်းရေးဆွဲထားတာတွေလည်း ရှိနေပါပြီ"ဟု ရန်ကုန်တိုင်းဒေသကြီး အများပြည်သူသယ်ယူ ပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါမြို့ပတ်ကားဝန်ဆောင်မှုကို ယာဉ်အစီးရေ ၃၉ စီးခန့်ဖြင့် စတင်ပြေးဆွဲပေးမည်ဖြစ်ပြီး စတင်ပြေးဆွဲမည့်ရက်ကို အသေးစိတ်ထုတ်ပြန်ပေးမည်ဖြစ်ကြောင်း၊ ခရီးစဉ်ဈေးနှုန်းများကိုလည်း ခရီးစဉ်တစ်ဝက်အတွက် ၅၀၀ ကျပ် သတ်မှတ်ထားကာ ခရီးစဉ်အစအဆုံးအတွက် ၁၀၀၀ ကျပ် သတ်မှတ်ထားကြောင်း သိရသည်။

မကြာမီပြေးဆွဲမည့် ယာဉ်လိုင်းသစ်၏ ခရီးစဉ်လမ်းကြောင်းမှာ အောင်မင်္ဂလာအဝေးပြေး- သုဓမ္မာလမ်း- ကမ္ဘာအေးဘုရားလမ်း- ပါရမီလမ်း- သံသုမာလမ်း- သွားဆေးတက္ကသိုလ်- သုဝဏ္ဏလမ်းဆုံ- အထက်ပုဇွန်တောင်လမ်း- ဗိုလ်တစ်ထောင်ဘုရားလမ်း- ကမ်းနားလမ်း- သခင်မြပန်းခြံ- ကြည့်မြင်တိုင်ကမ်းနားလမ်း- ဘုရင့်နောင်လမ်း- အောက်မင်္ဂလာဒုံလမ်း- ခရေပင်လမ်းခွဲ- အမှတ် ၃ လမ်းဆုံ- အောင်မင်္ဂလာအဝေးပြေးသို့ ပြေးဆွဲရန် စီစဉ်ထားပြီး City Transit ကုမ္ပဏီမှ တာဝန်ယူပြေးဆွဲပေးမည်ဖြစ်ကြောင်း သိရသည်။ **ချောစု**

# စက်သုံးဆီများကို ကာလပေါက် ဈေးနှုန်းဖြင့်သာ ရောင်းချသင့်




ပြည်တွင်းရှိစက်သုံးဆီအရောင်းဆိုင်များအနေဖြင့် စက်သုံးဆီများကို ကာလပေါက်ဈေးနှုန်းဖြင့်သာ ရောင်းချသင့်ကြောင်း မြတ်မေတ္တာမွန်ဆီဆိုင် ဥက္ကဋ္ဌ ဒေါက်တာဝင်းမြင့်က MCC ခန်းမတွင်ပြုလုပ်ခဲ့သည့် မြတ်မေတ္တာမွန် ဆီဆိုင်၏ ကံထူးရှင်များအား ဆုပေးအပ်ပွဲ အခမ်းအနားတွင် ပြောကြားခဲ့သည်။

ပြည်တွင်း၌ လက်ရှိကျင့်သုံးနေသည့် စနစ်မှာ ပေါ်လစီဈေးကွက်စနစ်ဖြင့် ကျင့်သုံးနေခြင်းဖြစ်ပြီး ဆိုရှယ်လစ်စီးပွားရေးစနစ် မအောင်မြင်သည့်အတွက် ယခုစနစ်ကို ကျင့်သုံးနေခြင်းဖြစ်ကြောင်း သိရသည်။

"ဈေးကွက်စီးပွားရေးစနစ်အရ နိုင်ငံသားတိုင်း ပြိုင်ဆိုင်ခွင့်ရှိတဲ့အတွက် တကယ်ဖြစ်သင့် ဖြစ်ထိုက်တဲ့ဈေးနဲ့ သွားနေတဲ့သူရှိသလို ဖောက်ထွက်တဲ့သူလည်းရှိပါတယ်။ စီးပွားရေးအရ အယူအဆတွေကတော့ တစ်ယောက်နဲ့ တစ်ယောက်မတူပါဘူး။ တချို့က သူတို့ဝယ်ရတဲ့ ဈေးနှုန်းနဲ့တွက်ပြီး ရောင်းတာရှိသလို တချို့ကလည်း ဝယ်တဲ့ဈေးကိုထည့်မတွက်ဘဲ လက်ရှိကာလ ပေါက်ဈေးနဲ့ ချိန်ညှိရောင်းတာရှိတယ်။ အဲဒါကြောင့် ဆီဈေးနှုန်းတွေက ကွဲလွဲချက်ရှိတာပါ"ဟု မြတ်မေတ္တာမွန် ဆီဆိုင် ဥက္ကဋ္ဌ ဒေါက်တာဝင်းမြင့်က ပြောသည်။

ပြည်တွင်းရှိစက်သုံးဆီဈေးကွက်တွင် ပုံမှန်နှုန်းထားဖြင့် ရောင်းချသည်များရှိသလို ဈေးနှုန်းလျှော့ချ၍ ရောင်းချမှုများလည်းရှိကြောင်း၊ ယင်းသို့ဖြစ်ရခြင်းမှာလည်း ဝယ်ယူရသည့်စက်သုံးဆီဈေးနှုန်းပေါ်မူတည်၍ ကွဲပြားသွားခြင်းဖြစ်ကြောင်း သိရသည်။

ဆီဆိုင်များအနေဖြင့်လည်း ဈေးကွက်ထိုးဖောက်မှုများအရ ကံစမ်းမဲဖောက်ပေးခြင်းများပြုလုပ်နေပြီး မြတ်မေတ္တာမွန်ဆီဆိုင်အနေဖြင့်လည်း ပထမအကြိမ် ကံစမ်းမဲဖွင့်ဖောက်၍ ကံထူးရှင်များအား ဆုပေးခြင်းအခမ်းအနားကို ရန်ကုန်မြို့ရှိ MCC ခန်းမတွင် ဖေဖော်ဝါရီ ၉ ရက်က ကျင်းပပေးခဲ့ကြောင်း သိရသည်။

မြတ်မေတ္တာမွန် ဆီဆိုင်အနေဖြင့် ထိုကဲ့သို့ ဆုချီးမြှင့်ခြင်းကို ပထမအကြိမ် ကျင်းပပေးခြင်းဖြစ်ပြီး ဒုတိယအကြိမ်နှင့် တတိယအကြိမ် ကံထူးရှင်ရွေးချယ်ပွဲများကိုလည်း ဆက်လက် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။ **ချောစု**

# ယခုနှစ် ဇန်နဝါရီလအတွင်း မှတ်ပုံတင်ခဲ့သော ကုမ္ပဏီ ၉၉ ရာခိုင်နှုန်းကျော်မှာ MyCO အသုံးပြုခဲ့

ယခုနှစ် ဇန်နဝါရီလအတွင်း မှတ်ပုံတင်ခဲ့သော ကုမ္ပဏီသစ်များအနက် ၉၉ ရာခိုင်နှုန်းကျော်မှာ အွန်လိုင်းမှတစ်ဆင့် ကုမ္ပဏီမှတ်ပုံတင်စနစ် (MyCO)အသုံးပြု၍ မှတ်ပုံတင်ခဲ့ကြောင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ သတင်းရရှိသည်။

ဇန်နဝါရီလအတွင်း ကုမ္ပဏီမှတ်ပုံတင်ခဲ့သော ကုမ္ပဏီသစ်အရေအတွက်မှာ ၁၇၃၃ ခုရှိပြီး အွန်လိုင်းမှတစ်ဆင့်ကုမ္ပဏီမှတ်ပုံတင်စနစ်(MyCO) အသုံးပြု ပြီး မှတ်ပုံတင်ခဲ့သောကုမ္ပဏီမှာ ၁၇၂၆ ခု (၉၉ ဒသမ ၆ရာခိုင်နှုန်း)နှင့် စာရွက်စာတမ်းအသုံးပြု၍မှတ်ပုံတင်ခဲ့သော ကုမ္ပဏီမှာ ၇ ခု (သုညဒသမ ၄ရာခိုင်နှုန်း) ရှိခဲ့ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

"ဒီလို အွန်လိုင်းမှတ်ပုံတင်စနစ်ကို အသုံးပြုမှုများလာတာဟာ နည်းပညာကို အသုံးပြုပြီး လုပ်ငန်းကို လျှင်လျှင်မြန်မြန် ဆောင်ရွက်ကြတဲ့ အလေ့အထတစ်ခု ဖြစ်တဲ့အတွက် နိုင်ငံရဲ့ ဒီဂျစ်တယ် အသွင်ကူးပြောင်းလဲရေး လှုပ်ရှားမှုအတွက်ရော၊ စီးပွားရေးဝန်းကျင်အတွက်ရော အလွန်ကောင်းတဲ့ လက္ခဏာတစ်ခုဖြစ်ပါတယ်။ကုမ္ပဏီမှတ်ပုံတင်လုပ်ငန်းစဉ်ရဲ့ ကုန်ကျစရိတ်ကို လျှော့ချနိုင်လိုက်တဲ့အတွက် အီလက်ထရောနစ် မှတ်ပုံတင်စနစ်က အသုံးပြုသူတွေကို အထောက်အပံ့ကောင်းကောင်းပေးမှာ ဖြစ်ပါတယ်"ဟု ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်တစ်ဦးက သုံးသပ်သည်။

အွန်လိုင်းမှတစ်ဆင့် ကုမ္ပဏီမှတ်ပုံတင်စနစ် (MyCO)ကို ၂၀၁၈ ဩဂုတ်လ ၁ ရက်တွင် စတင်ခဲ့ပြီး ဇန်နဝါရီ ၃၁ ရက်အထိ ကုမ္ပဏီပေါင်း ၄၇၀၀၀ ကျော် ပြန်လည်မှတ်ပုံတင်ခဲ့ကာ ကုမ္ပဏီသစ် တစ်သောင်းကျော် တည်ထောင်ခဲ့ကြောင်း သိရသည်။

**သန်းထိုက်အောင်**

## စာမျက်နှာ (၁၂) စိုက်ပျိုးရေးကဏ္ဍ၏ . . . မှအဆက်

ဝင်ငွေဖန်တီးပေးနိုင်ရန်၊ သီးနှံအမယ်စုံ တိုးချဲ့စိုက်ပျိုးမှု လိုအပ်ချက်နှင့် စိုက်ပျိုးရေးကဏ္ဍနှင့်အခြားကဏ္ဍများ ဟန်ချက်ညီ ဖွံ့ဖြိုးတိုးတက်ရန်၊ မြေအသုံးချပိုင်ခွင့်နှင့် ပိုင်ဆိုင်ခွင့်၊ ကျေးလက်ငွေကြေးဝန်ဆောင်မှု၊ သုတေသနနှင့် တိုးချဲ့ပညာပေးဝန်ဆောင်မှု၊ ကြီးကြပ်ကွပ်ကဲခြင်းနှင့် စိစစ်အကဲဖြတ်ခြင်းတို့ကိုဆောင်ရွက်ရန်၊ အခြေခံအဆောက်အဦ၊ လုပ်ငန်းဆောင်ရွက်မှုနှင့် ပြုပြင်ထိန်းသိမ်းခြင်းတို့ကို ဆောင်ရွက်ရန် တို့ဖြစ်ကြောင်းသိရှိရပေသည်။ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာ၏ အနာဂတ်လားရာ မျှော်မှန်းချက်အနေဖြင့် ၂၀၁၆ခုနှစ် လယ်ယာကဏ္ဍ မူဝါဒနှင့်အညီအားလုံးပါဝင်ပြီး နိုင်ငံတကာနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် ရေရှည်တည်တံ့သော လယ်ယာကုန်ထုတ်လုပ်မှုစနစ်ထွန်းကားစေခြင်းဖြင့် စားနပ်ရိက္ခာဖူလုံ၍ အာဟာရပြည့်ဝစေပြီး ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားလာစေရန်နှင့် နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေရန်ဖြစ်ပါသည်။ ထို့ပြင် မဟာဗျူဟာမူဘောင်များအဖြစ် စားနပ်ရိက္ခာနှင့် အာဟာရပြည့်ဝဖူလုံရေး၊ ကျေးလက်ဒေသ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ လုပ်ကွက်ငယ် တောင်သူလယ်သမားတို့၏ ဝင်ငွေတိုးတက်ရေး၊ လယ်ယာကုန်သွယ်ရေးယှဉ်ပြိုင်နိုင်စွမ်းရှိစေရေး၊ တောင်သူလယ်သမားတို့၏ ရပိုင်ခွင့်များရရှိစေခြင်းနှင့် ပိုမိုခိုင်မာစေခြင်းစသည့်မူဘောင်များကို ချမှတ်ထားလျက်ရှိပေသည်။ ထို့ကြောင့် အဆိုပါ မဟာဗျူဟာဦးတည်ချက်များကို စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် အနာဂတ်တွင် စိုက်ပျိုးရေးကဏ္ဍ၏ အောင်မြင်မှုများမှာ သိသာထင်ရှားလာမည်ဖြစ်ပေသည်။

### စီးပွားရေးဟုဆိုလျှင် ကုန်ထုတ်လုပ်မှုသည်အဓိက

စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့ဆိုလျှင် ပြည်တွင်းထုတ်လုပ်နိုင်မှုသည် အဓိကကျသောကဏ္ဍတစ်ခုပင်ဖြစ်ပါသည်။ ထုတ်ကုန်များ ထုတ်လုပ်ခြင်းသည် ပြည်တွင်းသုံးစွဲမှုနှင့် ပြည်ပတင်ပို့မှုများအတွက် အရေးကြီးသော လုပ်ငန်းဆောင်ရွက်မှုဖြစ်သကဲ့သို့ နိုင်ငံတော်ဖွံ့ဖြိုးရေးအတွက် အခြေခံကျသော အရင်းအမြစ်များပင်ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ အဓိကစီးပွားရေးအဖြစ် လုပ်ကိုင်ကြသည့် စီးပွားရေးလုပ်ငန်းတွင်လည်း ထုတ်လုပ်မှုကဏ္ဍကို စီမံခန့်ခွဲရာတွင် စိုက်ပျိုးရေး အမယ်သီးနှံများအလိုက် ခေတ်မီနည်းပညာများဖြင့် စိုက်ပျိုးထုတ်လုပ်ကြရန်လိုအပ်ပါသည်။ ကုန်ထုတ်လုပ်မှု (production) ဟုဆိုရာတွင် ပိုင်ဆိုင်သောမြေယာ (land) ၏ အခြေအနေ၊ ပမာဏ၊ ပထဝီအနေအထား စသဖြင့် ကုန်ထုတ်လုပ်မည့်မြေနေရာ၏ အနေအထားကို ထည့်သွင်းစဉ်းစားကြရပြီး ထိုသို့ထုတ်လုပ်ရာတွင်အဓိကကျသည့် လုပ်သား (labour) အခြေအနေ၊ လုပ်သားများ၏ကျွမ်းကျင်မှု၊ ကျားမအချိုးအစား၊ အလုပ်လုပ်နိုင်သည့် အသက်အရွယ်စသဖြင့် လုပ်သားများ၏အခြေအနေများကိုလည်း ထည့်သွင်းစဉ်းစားဆောင်ရွက်ကြရမည်ဖြစ်ပေသည်။ ထို့ပြင် ထုတ်လုပ်မှုအတွက် ငွေကြေးအရင်းအနှီး၊ လိုအပ်သော စက်ရုံအလုပ်ရုံများ၊ ကုန်ထုတ်လမ်းများအပါအဝင် အခြေခံအဆောက်အဦများ၊ စက်ပစ္စည်းကိရိယာများ စသည်တို့ကို စနစ်တကျ ဖြည့်ဆည်းဆောင်ရွက်ပါက စိုက်ပျိုးရေးကဏ္ဍ၌ ကုန်ထုတ်လုပ်ခြင်း လုပ်ငန်းများ အောင်မြင်တိုးတက်လာမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် စိုက်ပျိုးရေးကဏ္ဍမှ ထုတ်လုပ်မှုကို ဆောင်ရွက်ရာတွင် ပြည်တွင်းစားသုံးမှု၊ သုံးစွဲမှုများပြားသော သီးနှံများကို အဓိကစိုက်ပျိုးထုတ်လုပ်ကြပြီး ဈေးကွက်အလားအလာကောင်း၍ ဝင်ငွေအများအပြား ရရှိသည့် သီးနှံများကို ဦးစားပေးစိုက်ပျိုးထုတ်လုပ်လျက်ရှိကြပေသည်။ ထိုသို့ စိုက်ပျိုး ထုတ်လုပ်ရာတွင် ကန်ထရိုက်စနစ်ဖြင့် စိုက်ပျိုးခြင်းသည် ခေတ်မီတိုးတက်အောင်လုပ်ဆောင်မှုအတွက် မက်လုံးများဖြစ်ပေါ်စေပြီး၊ လယ်ယာလုပ်ငန်းငယ်များ လုပ်ကိုင်နေသူများအတွက် ကုန်ထုတ်စွမ်းအားနှင့်ဝင်ငွေများ တိုးတက်မှုရရှိစေရေးအတွက် အထောက်အကူဖြစ်စေကြောင်းလေ့လာသိရှိရပေသည်။ ထိုသို့လုပ်ဆောင်ခြင်းသည် စိုက်ပျိုးရေးလုပ်ငန်းငယ်များ လုပ်ကိုင်နေသည့်တောင်သူလယ်သမားများအား ဝယ်ယူသူများအတွက် အရည်အသွေး၊ အန္တရာယ်ကင်းမှုနှင့် ဝယ်ယူသူများ၏ လိုအပ်ချက်ကို ပုံမှန်ဖြည့်ဆည်းပေးနိုင်သည့် ယုံကြည်မှုများရရှိစေနိုင်ပါသည်။ ကန်ထရိုက်စနစ်ဖြင့် စိုက်ပျိုးခြင်းသည် အထောက်အကူလုပ်ငန်းများကို အကြွေးဖြင့် ဝယ်ယူနိုင်ခြင်း၊ နည်းပညာ အကူအညီရရှိခြင်းနှင့် သီးနှံရိတ်သိမ်းချိန်တွင် အာမခံပေးထားသည့် ဈေးနှုန်းရရှိခြင်းများကြောင့် ထိုနယ်ပယ်များတွင် သာမန်တောင်သူလယ်သမားများကြုံတွေ့နေရသည့်အကျပ်အတည်းများကို လျော့ပါးစေနိုင်မည်ဖြစ်ပါသည်။ မြန်မာနိုင်ငံသည် ကန်ထရိုက်စနစ်ဖြင့် လယ်ယာစိုက်ပျိုးခြင်းကို ဆန်စပါးအထူးပြုလုပ်ဆောင်သည့်ကုမ္ပဏီ (Rice Specialisation Companies - RSCs) ၅၈ ခုဖြင့် လုပ်ဆောင်နေပြီဖြစ်ကြောင်း သိရှိရပါသည်။ ထို့အတူ အခြားသော အလားအလာကောင်းများရှိနေသည့် သီးနှံများတွင်လည်း အဆိုပါစနစ်များဖြင့် စနစ်တကျ စိုက်ပျိုးထုတ်လုပ်မည်ဆိုပါက အောင်မြင်သော ထုတ်လုပ်မှုများဖြစ်ပေါ်လာမည်ဖြစ်ပေသည်။

စိုက်ပျိုးရေးလုပ်ငန်းမှ ကုန်ထုတ်လုပ်မှုများ ရေရှည်တွင် တိုးတက်အောင်မြင်နိုင်စေရန်မှာ မဟာဗျူဟာကျသော အစီအစဉ်များ ချမှတ်လုပ်ဆောင်ကြရန်လိုအပ်ပါသည်။ ထိုသို့ ချမှတ်ဆောင်ရွက်ရာတွင် ဘက်ပေါင်းစုံမှ အချက်အလက်များကို ထည့်သွင်းစဉ်းစား၍ စနစ်တကျဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ ခေတ်နှင့်အညီ တိုးတက်ပြောင်းလဲလာသည်နှင့်အမျှ နိုင်ငံ၏စီးပွားရေးပုံစံပြောင်းလဲလာကာ စီးပွားရေးတွင် စိုက်ပျိုးရေးကဏ္ဍ၏ပါဝင်မှု အချိုးအစားသည်လည်း ဖွံ့ဖြိုးတိုးတက်မှု၏အရှိန်ကြောင့် လျော့နည်းလာမည်မှာ မလွဲမရှောင်သာပင်ဖြစ်ပေသည်။ တိုးတက်လာသည့် ခေတ်စနစ်အရ လူနေမှုစနစ်များပြောင်းလဲလာကာ ကျေးလက်မှ မြို့ပြဆီသို့ ကူးပြောင်းနေထိုင်ကြမှုများရှိနေကြပြီး အသက်မွေးဝမ်းကျောင်းလုပ်ကိုင်မှုများတွင်လည်း လူငယ်အများအပြားသည် မိရိုးဖလာလယ်ယာလုပ်ငန်းများကိုစွန့်ခွာ၍ လွယ်ကူသက်သာသော စက်မှုကုန်ထုတ်လုပ်ငန်းများဆီသို့ ပြောင်းလဲလုပ်ကိုင်လျက်ရှိကြပေသည်။ ထို့ကြောင့် ရေရှည်တွင် နိုင်ငံ့စီးပွား ရေး၌ စိုက်ပျိုးရေးကဏ္ဍ၏ ပါဝင်မှုမှာ မေးမှိန်လာဖွယ်ရှိနေပေသည်။ သို့သော်လည်း ဖွံ့ဖြိုးတိုးတက်မှုအရ မည်သို့ပင် ပြောင်းလဲလာစေကာမူ လယ်ယာစိုက်ပျိုးရေးကဏ္ဍ၏ ဖွံ့ဖြိုးတိုးတက်ရေးကိုမူ ဆက်လက်ကြိုးပမ်း ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် လယ်ယာစိုက်ပျိုးရေးကဏ္ဍတစ်ခုလုံး၏ ထုတ်လုပ်မှုလုပ်ငန်းများ ရေရှည်အောင်မြင်တိုးတက်ရေးအတွက် အထောက်အပံ့ကောင်းတစ်ခုအဖြစ်ရရှိရန် သီးနှံဇုန်များ၊ စိုက်ပျိုးရေးဇုန်များကို ဖော်ဆောင်လုပ်ကိုင်ကြရန်လိုအပ်ပေသည်။ သီးနှံဇုန်များဖော်ဆောင်ရာတွင် မဟာဗျူဟာကျသော သီးနှံများကို ဦးစားပေးအလိုက် ပါဝင်သက်ဆိုင်သည့်သူများက ရေရှည်အစီအစဉ်များချမှတ်ကာ အကောင်အထည်ဖော်ဆောင်ရွက်ကြရန် လိုအပ်ပါသည်။ သီးနှံဇုန်များအကောင်အထည်ဖော်ခြင်းသည် ထုတ်လုပ်မှုကဏ္ဍအတွက် အရေးပါသည့်အစီအစဉ် တစ်ခုဖြစ်ကာ ဈေးကွက်၏ လိုအပ်ချက်ပမာဏကို လွယ်ကူစွာဖြည့်ဆည်းပေးနိုင်ခြင်း၊ လိုအပ်သော အရည်အသွေးကို စနစ်တကျဖြင့် လွယ်ကူအဆင်ပြေစွာ ကိုင်တွယ်ဆောင်ရွက်နိုင်ခြင်း၊ သီးနှံအရည်အသွေးအပေါ် နောက်ကြောင်း ခြေရာခံရာတွင် လွယ်ကူစေခြင်း၊ တူညီသော စံချိန်စံညွှန်းကို ထိန်းထားနိုင်မည်ဖြစ်ပြီးဈေးကွက်အသီးသီး၏ ဝယ်လိုအားလိုအပ်ချက်အလိုက် လွယ်ကူအဆင်ပြေစွာ ဖြည့်စွမ်းပေးနိုင်ခြင်း စသည့်အကျိုးကျေးဇူးများ၊ အားသာချက်များကို ရရှိစေနိုင်မည်ဖြစ်ပါသည်။ ထိုသို့ သီးနှံဇုန်များ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန်မှာ နိုင်ငံတော်၏ ပံ့ပိုးကူညီမှုသည် အရေးကြီးသကဲ့သို့ စိုက်ပျိုးထုတ်လုပ်သူ တောင်သူများ၊ ကုန်သည်လုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များ၏ ပူးပေါင်းပါဝင်မှုသည်လည်း အောင်မြင်မှု၏ သော့ချက်ပင်ဖြစ်ပေသည်။ ထုတ်လုပ်မှုမြှင့်တင်ရန်၊ သီးနှံဈေးနှုန်းများ တည်ငြိမ်စေရန်အတွက် သီးနှံဇုန်စီမံကိန်းများကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရန်လိုအပ်ပေသည်။ သို့မှသာ စိုက်ပျိုးရေးကဏ္ဍမှပြည်တွင်းထုတ်လုပ်မှုများ တိုးတက်လာမည်ဖြစ်ပေသည်။

**ဆက်လက်ဖော်ပြပါဦးမည်. . . . .။**

ကျမ်းကိုးစာရင်း

(၁) www.oecd.org/dev.အိုအီးစီဒီဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်းများ မြန်မာနိုင်ငံအပေါ်ဘက်ပေါင်းစုံမှ ပြန်လည်သုံးသပ်ချက်

(၂) Policies for shared prosperity in Myanmar/ မြန်မာနိုင်ငံ၌ ကျေးလက်ဒေသ ဆင်းရဲမွဲတေမှုလျှော့ချခြင်း

(၃) Strategic Directions For Myanmar Agriculture Sector 2018-2023

## စာမျက်နှာ (၁၁) ပြည်ပဈေးကွက်အလား . . . မှအဆက်

တက်ရောက်လာသော ထောပတ်စိုက်တောင်သူတစ်ဦးက ထောပတ်တစ်မျိုးထဲ စိုက်ပျိုးကြလို့ ပေါ်ချိန်တူညီပြီး အထွက်များရင်ဈေးကွက်မှာ အဆင်ပြေနိုင်ပါ့မလားဆိုသည့်မေးမြန်းမှု နှင့် ပတ်သက်၍ MFVPနှင့် SSFVPမှ အသင်းဝင်များ၊ တရုတ်ပြည်ခရီးစဉ်တစ်ခုတွင် မြန်မာနိုင်ငံမှ တစ်နှစ် ထောပတ်တင်သွင်းနိုင်မည့်တန်ချိန် ၅၀၀၀၀ ခန့်ရှိနိုင်တယ်လို့ကြွားကြွားဝါဝါပြောကြားခဲ့တဲ့အပေါ် တရုတ်နိုင်ငံမှ ပီရူးနိုင်ငံတစ်နိုင်ငံတည်းမှပင် တန်ချိန် ၁၅ သိန်းခန့် တင်သွင်းနေရကြောင်း ပြန်လည်ဆွေးနွေးခဲ့ကြပါတယ်။ တက်ရောက်လာသော ထောပတ်စိုက်တောင်သူတစ်ဦးက နိုင်ငံတကာတွင် ထောပတ်‘ဟတ်’မျိုးကို အစိုက်များနေကြရာ ပွင့်ချိန်သီးချိန်များကို မေးမြန်းမှုနှင့်ပတ်သက်၍ ‘ဟတ်’မျိုးကို အမေရိကန်နှင့် နယူးဇီလန်နိုင်ငံများတွင် အသီးထွက်ပေါ်ပြီးမှ မြန်မာနိုင်ငံတွင် အသီးထွက်ရှိပါကြောင်း၊ ထိုင်းနိုင်ငံနှင့်စာလျှင် မြန်မာနိုင်ငံ ရှမ်းပြည်နယ်(တောင်ပိုင်း)က အပူချိန်အနည်းငယ်လျော့သည်ဟု ခန့်မှန်းရကြောင်း၊ ပန်းပွင့်ချိန်တူပေမယ့်အသီးများ အပင်ပေါ်မှာ ကြာချိန်မတူညီကြပါကြောင်း၊ ပုံမှန်ရင့်မှည့်ချိန်သည် နိုဝင်ဘာလတွင် ဖြစ်သော်လည်းအချို့အပင်များသည် နှစ်ကုန်ပြီး ဇန်နဝါရီလမှ ရင့်မှည့်တတ်ပါကြောင်း၊ အချို့အပင်များမှာ အသီးမရင့်မှည့်မီ ပန်းပွင့်လာတာမျိုးရှိ၍ အပင်မှနှစ်မျိုးတာဝန်ယူရပါကြောင်း၊ ဒါကြောင့်နှစ်စဉ်ခူးချိန်၊ ရင့်မှဲ့ချိန်ရောက်က ခူးပေးပြီး အပင်ကိုပြုပြင်ပေးရမည်ဖြစ်ပါကြောင်း အချို့ကအသီးခူးချိန်မခူးတော့ အပင်ပေါ်မှာ ပန်းတွေ ပွင့်၍လာပါကြောင်း အပင်ရှင်တွေက ဈေးမကောင်း၍ အပင်ပေါ်မှာထားတယ်လို့ ဆိုပါကြောင်း၊ အပင်အတွက်နာပါကြောင်း ဆွေးနွေးခဲ့ကြပါတယ်။

တက်ရောက်လာသော ထောပတ်စိုက်တောင်သူတစ်ဦးက ရေသွင်းမှု၊ ဆေးဖျန်းမှု GAP လက်မှတ် ကိစ္စနှင့်ပတ်သက်၍မေးမြန်းမှုအပေါ် ရေကို ပုံမှန်သွင်းခြင်းအားဖြင့် ထောပတ်သီးထွက်နှုန်းအားကောင်းစေပါကြောင်း အချို့ရေပုံမှန်မသွင်းတော့ အသီးများမလှဘဲ ပိဿာဈေးနဲ့ရောင်းရလို့ တစ်ပိဿာမှ ၄၀၀ ကျပ်ခန့်ရသဖြင့် အစေ့ဈေးပဲရှိနေကြောင်း၊ ထောပတ်အစေ့တစ်စေ့တောင်မှ ၇၀ ကျပ်လောက် ပေးနေရကြောင်း၊ စိုက်ခင်းကိုရေပေးတဲ့အခါမှ ရေရှိတဲ့အပေါ်မှာ မူတည်ပြီးအမြင့်ပေ ၃၀၀အထိပေးနိုင်ကြောင်း စိုက်ခင်းအတွင်းရေကို အစက်ချစနစ်ဖြင့် အနိမ့်အမြင့်မရွေးအညီအမျှပေး၍ရပါကြောင်း (ဥပမာ- တစ်ပင်ကို တစ်နာရီ ၁ လီတာ(သို့) ၄လီတာ) ဆေးဖျန်းမှုနှင့် ပတ်သက်လို့ကတော့ ပန်းပွင့်ချိန်ဆေးမဖျန်းရပါကြောင်း၊ ပန်းပွင့်ချိန်မှာ ပျားကောင်ကလေးများလာ၍ဖြစ်ပါကြောင်း၊ အသီးကင်းများ တင်ပြီဆိုပါက ဆေးဖျန်းနိုင်ကြောင်း၊ ထောပတ်စိုက်တောင်သူများအနေဖြင့် GAP လက်မှတ်ရှိမှ အဆင်ပြေမည်ဖြစ်ပါကြောင်း။ ဒါကြောင့် မိမိတို့ရဲ့ ထောပတ်ခြံများမှာ မှတ်တမ်းများထားရှိရမှာ ဖြစ်ပါကြောင်း၊ စစ်ဆေးသောအဖွဲ့မှ တစ်နှစ်လျှင်နှစ်ကြိမ်စစ်ဆေးမှုများ ပြုလုပ်သွားမှာဖြစ်ပါကြောင်း၊ ဆေးဖျန်းတာ၊ ပေါင်းသင်တာ၊ မြေဩဇာကျွေးတာ၊ ရေဖျန်းတာကအစ မှတ်တမ်းထားရှိသွားရမှာဖြစ်ပါကြောင်း၊ လက်ရှိအခြေအနေမှာတော့ မည်သည့်နိုင်ငံမှ ထောပတ်သီးကို တရားဝင်တင်သွင်းခွင့်မရသေးပါကြောင်း၊ GAP လက်မှတ်မရှိသေး၍ဖြစ်ကြောင်း ဆွေးနွေးခဲ့ကြပါတယ်။

တက်ရောက်လာသော ထောပတ်စိုက်တောင်သူတစ်ဦးက အိမ်နီးချင်းတရုတ်နိုင်ငံနှင့်ထောပတ်သီး ရောင်းဝယ်မှုနှင့်ပတ်သက်၍ မေးမြန်းမှုအပေါ် ၂၀၂၂ခုနှစ်မှာ တရုတ်နိုင်ငံ ကုမ္ပဏီတစ်ခုနဲ့ ထောပတ်သီး အရောင်းအဝယ်ပြုလုပ်ရန် စာချုပ်ထားပါကြောင်း မိမိတို့ တစ်ဦးတစ်ယောက်တည်းဖြင့် ဈေးကွက်ကို သွား၍ရမည်မဟုတ်ပါကြောင်း၊ ထောပတ်မျိုးကောင်းမျိုးသန့် တစ်မျိုးမျိုးကို အဓိကထား၊ စိုက်ပျိုးမှုကို အစုအဖွဲ့အလိုက် ဆောင်ရွက်သွားမှသာ တစ်ချိန်တည်း၊ တစ်ပြိုင်တည်း ခူးဆွတ်ပြီးဈေးကွက်ကို တန်နဲ့ချီပြီး တင်ပို့နိုင်ကြမှာဖြစ်ပါကြောင်း ဆွေးနွေးခဲ့ကြပါတယ်။

အဆိုပါကျေးရွာများတွင် ထောပတ်အပင် ၂၀၀၀ခန့်စမ်းသပ်စိုက်ပျိုးနေပြီဖြစ်တယ်လို့ သိရပါတယ်။ ဆွေးနွေးပွဲက အတော်နဲ့အပြီးမသတ်နိုင်လို့ နေဝင်ချိန်ခါနီးမှာ ပြီးစီးသွားလို့ အပြန်ခရီးမှာတော့ လမ်းပန်းအဆင်ပြေမည့် သလဲဦး-ညောင်ရွှေ-အေးသာယာစက်မှုဇုန်ဘက်မှ ပြန်လာခဲ့ကြပါတယ်။ မည်သို့ပင်ဆိုစေ ပြည်ပပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေးနှင့် တောင်တန်းဒေသ တိုင်းရင်းသားတို့၏ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ခဲ့တဲ့ မမေ့နိုင်သောကွင်းဆင်းဆောင်ရွက်ခဲ့မှုတစ်ခုပင်ဖြစ်ပါတယ်။

# စားသုံးသူရေးရာဦးစီးဌာန၊ မြောက်ပိုင်းခရိုင်ဦးစီးမှူးရုံးမှ အင်းစိန်မြို့နယ်အတွင်းရှိ ဖော့ကန်ပဒေသာဈေးနှင့် (၁၀)မိုင်ကုန်းဈေးများသို့ ကွင်းဆင်းပညာပေး

စားသုံးသူရေးရာ ဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်ဦးစီးမှူးရုံးမှ ဒုတိယခရိုင်ဦးစီးမှူးဒေါ်ထားထားလှိုင်နှင့် တာဝန်ရှိသူဝန်ထမ်းများသည် အင်းစိန်မြို့နယ်ရှိ ဖော့ကန်ပဒေသာဈေးနှင့် (၁၀)မိုင်ကုန်းဈေးမှ ဈေးတာဝန်ခံများနှင့်အတူ ဈေးအတွင်း ဈေးသူ/ဈေးသားများအား စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေးဟောပြော ဆွေးနွေးပွဲနှင့်ထုတ်ကုန်လုံခြုံစိတ်ချရသည့် ကွင်းဆင်းပညာပေးခြင်း လုပ်ငန်းများကို ဖေဖော်ဝါရီလ ၈ ရက်တွင် ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ အင်းစိန်မြို့နယ်၊ ဖော့ကန်ပဒေသာဈေးတွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောဆွေးနွေးပွဲ ကျင်းပခဲ့ရာ ဈေးတာဝန်ခံ ဦးချစ်လွင်က အဖွင့်အမှာစကား ပြောကြားပြီး စားသုံးသူရေးရာဦးစီးဌာန၊ မြောက်ပိုင်းခရိုင်ဦးစီးမှူးရုံးမှ အကြီးတန်းစာရေး ဒေါ်နီလာဦး က စားသုံးသူ ရေးရာဦးစီးဌာန၏ မျှော်မှန်းချက်၊ ရည်မှန်းချက်များ၊ စားသုံးသူအကာအကွယ်ပေးရေး ဥပဒေ ပြဋ္ဌာန်းချက်တွင်ပါရှိသည့် စားသုံးသူ၏ အခွင့်အရေးနှင့်တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်၏ အခွင့်အရေး နှင့်တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်များသည် ကုန်စည်များထုတ်လုပ်ခြင်း၊ ကုန်သွယ်ခြင်း ပြုလုပ်ရာတွင် လိုက်နာ ရမည့်အချက်များကို အကျယ်တဝင့်ဟောပြောဆွေးနွေးပြီးနောက် ဒုတိယခရိုင်ဦးစီးမှူး ဒေါ်ထားထားလှိုင်က စီးပွားရေးလုပ်ငန်းရှင်များသည် ကုန်စည်များထုတ်လုပ်ခြင်း၊ ကုန်သွယ်ခြင်းတို့ပြုလုပ်ရာတွင် စားသုံးသူ ဘေးကင်းလုံခြုံရေးအတွက် ကုန်စည်များတွင် သုံးစွဲပုံနှင့် ပတ်သက်၍ သတင်းအချက်အလက် (သို့မဟုတ်) ညွှန်ကြားချက်များကို မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာနှင့် အခြားဘာသာတွဲလျက်ဖြစ်စေ ဖော်ပြရန်အတွက် စားသုံးသူအကာအကွယ်ပေးရေးဗဟိုကော်မတီမှ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာ ၆ ရက်တွင် အမိန့်ကြော်ငြာစာ ထုတ်ပြန်ခဲ့ပါကြောင်း၊ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် လိုက်နာဆောင်ရွက်ရာတွင် အခက်အခဲမရှိစေရန်အတွက် ကုန်အညွှန်းအမှတ်အသားများကို မြန်မာဘာသာဖြင့်ဖော်ပြရန် သတ်မှတ်ချက်များကိုလည်းစားသုံးသူအကာအကွယ်ပေးရေးဗဟိုကော်မတီမှ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီ ၁၇ ရက်တွင် (၁/၂၀၁၉) ညွှန်ကြားချက်ကို ထုတ်ပြန်ပြီးဖြစ်ကြောင်း၊ အမိန့်ကြော်ငြာစာ ထုတ်ပြန်ပြီး (၆)လ ပြည့်မြောက်သည့်နေ့တွင် စတင်အာဏာသက်ဝင်မည် ဖြစ်ပြီး လိုက်နာမှုမရှိပါက စားသုံးသူအကာအကွယ်ပေးရေး ဥပဒေပုဒ်မ (၁၉)အရ အရေးယူခံရမည်ဖြစ်ကြောင်း၊ (CICC)သို့ တိုင်ကြားလာသည်များကိုလည်း အချိန်နှင့်တစ်ပြေးညီ လက်ခံဆောင်ရွက်ပေးနေကြောင်း၊ စားသုံးသူများမှ ကုန်စည်နှင့်ဝန်ဆောင်မှုများနှင့်ပတ်သက်၍ နစ်နာဆုံးရှုံးမှုများအပေါ် ခရိုင်ဦးစီးမှူးရုံးရှိ (CICC)သို့ တိုင်ကြားလာသည်များကို ခရိုင်စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့မှ ဖြေရှင်း ဆောင်ရွက်ခဲ့မှုများကို အကျယ်တဝင့် ရှင်းလင်း ဆွေးနွေးခဲ့ပါသည်။

ဆက်လက်၍ (၁၀) မိုင်ကုန်းဈေးတွင်လည်း စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောဆွေးနွေးပွဲ ကျင်းပခဲ့ရာ ဈေးတာဝန်ခံ ဦးငွေဝင်းက အဖွင့်အမှာစကား ပြောကြားပြီး မြောက်ပိုင်း ခရိုင်ဦးစီးမှူးရုံးမှ ဒုတိယခရိုင်ဦးစီးမှူး ဒေါ်ထားထားလှိုင်နှင့် အကြီးတန်းစာရေး ဒေါ်နီလာဦးက ထုတ်ကုန် လုံခြုံစိတ်ချရသည့် စားသောက်ကုန်များ ရွေးချယ်ဝယ်ယူရောင်းချနိုင်ရေး အသိပညာပေးဟောပြော ဆွေးနွေးပွဲနှင့် ဈေးအတွင်း ကွင်းဆင်းပညာပေး လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**နီလာဦး (ရန်ကုန်)**

## ဝက်လက်မြို့နယ် ရှိမ္ဗကား အ.ထ.က ကျောင်းရှိ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောခြင်းနှင့် စည်ပင်ဈေးသို့ ကွင်းဆင်းစိစစ်ပညာပေး

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်ဦးစီးမှူးရုံး ဝက်လက်မြို့နယ်တာဝန်ခံ ဦးမျိုးအောင်နှင့် အဖွဲ့သည် ဖေဖော်ဝါရီ ၅ ရက်တွင် ဝက်လက်မြို့နယ် ရှိမ္ဗကားကျေးရွာရှိ အထကကျောင်းသို့ ကျောင်းသား/ကျောင်းသူ ၁၆၃ ဦးနှင့်ဆရာ/ဆရာမ ၁၀ ဦး၊ စုစုပေါင်း ၁၇၃ ဦးတို့အား စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောဆောင်ရွက်ခဲ့သည်။

ထို့နောက် ကျောင်းစားသုံးသူရေးရာ အဖွဲ့ငယ်အား အဖွဲ့ဝင်(၉)ဦးပါအဖွဲ့ဖြင့် ဖွဲ့စည်းဆောင်ရွက်ပေးကာ စာသင်ကျောင်းတွင် စားသုံးသူတိုင်ကြားမှု လက်ခံစာတိုက်ပုံးထားရှိ ဆောင်ရွက်နိုင်ရေးနှင့်စားသုံးသူဗဟိုကော်မတီမှ ထုတ်ပြန်ကြော်ငြာထားသော ကုန်စည်များပေါ်တွင် မြန်မာဘာသာနှင့်ဖြစ်စေ၊ မြန်မာဘာသာနှင့် အခြားဘာသာတွဲလျက် ရေးသားဖော်ပြရန် စာသုံးသူ အကာအကွယ်ပေးရေးဗဟိုကော်မတီ၏ အမိန့်ကြော်ငြာစာအမှတ်၊ (၁/၂၀၁၈) နှင့် ညွှန်ကြားချက်အမှတ်(၁/၂၀၁၉)တို့အား ရှင်းလင်းဟောပြောခဲ့ပါသည်။

ထို့နောက် ဝက်လက်မြို့နယ်တာဝန်ခံက ဟောပြောပွဲတွင် တက်ရောက်လာသူဆရာ/ဆရာမများနှင့် ကျောင်းသား/ ကျောင်းသူများအား စားသုံးသူ၏ အဓိပ္ပာယ်အား ရှင်းလင်းခြင်း၊ စားသုံးသူအကာအကွယ်ပေးရေး ဥပဒေပြဋ္ဌာန်းချက်များအား ရှင်းလင်း ဟောပြောခဲ့ပြီး အငယ်တန်းစာရေး ဒေါ်နီနီမြင့်က စားသုံးသူတို့ လိုက်နာဆောင်ရွက်ရမည့် တာဝန်ဝတ္တရားများနှင့် အခွင့်အရေးများအား ရှင်းလင်းဟောပြော အသိပညာပေးခဲ့ပါသည်၊

ဆက်လက်၍ ၎င်းကျေးရွာရှိ စည်ပင်ဈေးသို့ ဖွဲ့စည်းထားရှိသော ဈေးစားသုံးသူရေးရာအဖွဲ့ငယ် (ခေါင်းဆောင်) နှင့် အဖွဲ့ဝင် (၄)ဦးပါအဖွဲ့ဖြင့် ကုန်မျိုးစုံရောင်းဝယ်ရေးဆိုင် (၁၀)ဆိုင်နှင့် ဆေးဝါးနှင့် ဆေးပစ္စည်းအရောင်းဆိုင်(၂)ဆိုင်သို့ စားသုံးသူများ ဘေးဥပဒ်အန္တရာယ်ဖြစ်စေသည့် ကုန်စည်များနှင့် FDA မှ ထုတ်ပြန်ကြော်ငြာထားသော စားသုံးရန်မသင့်သည့် စားသောက်ကုန်များ ဈေးကွက်အတွင်း ရောင်းချမှု မရှိစေရေး စိစစ်ပညာပေးမှုများ ဆောင်ရွက်ခဲ့ပါသည်။

**မျိုးအောင် (ဝက်လက်)**

## ရွှေပြည်သာမြို့နယ်၊ အစိုးရစက်မှုလက်မှုသိပ္ပံကျောင်း၌ စားသုံးသူအကာအကွယ်ပေးရေး သိကောင်းစရာများ ဟောပြောဆွေးနွေးပွဲကျင်းပ

စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းသိန်းနှင့် တာဝန်ရှိဝန်ထမ်းများသည် ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်တွင် ရွှေပြည်သာမြို့နယ်၊ အစိုးရစက်မှု လက်မှုသိပ္ပံ၌ စားသုံးသူအကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများ ဟောပြောဆွေးနွေးပွဲကျင်းပပြုလုပ်ခဲ့ရာ အစိုးရစက်မှုလက်မှုသိပ္ပံကျောင်းမှ ကျောင်းအုပ်ဆရာကြီး၊ ဆရာ/ဆရာမများနှင့် ပထမနှစ်မှ ကျောင်းသား/ ကျောင်းသူများ စုစုပေါင်း (၁၁၀)ဦး တက်ရောက်ခဲ့ပါတယ်။

ဟောပြောဆွေးနွေးပွဲတွင် ရွှေပြည်သာမြို့နယ်၊ အစိုးရစက်မှုလက်မှုသိပ္ပံမှ ကျောင်းအုပ်ကြီး ဦးမျိုးမင်းသန့်က အဖွင့်အမှာစကားပြောကြားပြီး စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းသိန်းက စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းနှင့် ဥပဒေပေါ်ပေါက်လာပုံ၊ စားသုံးသူအကာအကွယ် ပေးရေးဥပဒေ၏ ရည်ရွယ်ချက်၊ ဥပဒေပါပြဋ္ဌာန်းချက်များ၊ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့နှင့် လုပ်ငန်း ကော်မတီ(၂)ရပ်ဖွဲ့စည်းထားရှိမှု၊ စားသုံးသူများ၏အခွင့်အရေးနှင့် လိုက်နာရမည့်တာဝန်များ၊ စီးပွားရေး လုပ်ငန်းရှင်များ၏ တာဝန်နှင့်တားမြစ်ချက်များ၊ ပြစ်မှုပြစ်ဒဏ်များ၊ အမျိုးသားစားသုံးသူအကာအကွယ်ပေးရေး အစီအစဉ်၏ ကဏ္ဍကြီး(၅)ရပ်၊ စားသုံးသူ အကာအကွယ်ပေးရေးဗဟိုကော်မတီ၏ အမိန့်ကြော်ငြာစာ ၁/၂၀၁၈ တွင် ပါဝင်သော ကုန်စည်များပေါ်တွင် မြန်မာဘာသာဖြစ်စေ၊ မြန်မာနှင့် အခြားဘာသာတွဲလျက်ဖြစ်စေ ဖော်ပြရမည့် အချက်များ၊ စားသုံးသူတိုင်ကြားမှုများအပေါ် ဖြေရှင်းဆောင်ရွက်ပေးနေမှုများနှင့်စပ်လျဉ်း၍ စားသောက်ကုန်၊ လူသုံးကုန်နှင့် ဝန်ဆောင်မှုများအပေါ် တိုင်ကြားမှုများထဲမှ တယ်လီဖုန်းဝယ်ယူသုံးစွဲမှု၊ မော်တော်ယာဉ်ဝယ်ယူသုံးစွဲမှု၊ TV ဝယ်ယူသုံးစွဲမှု၊ ATM စက်မှ ငွေထုတ်ယူမှု၊ ပြည်ပတွင် ပညာသင်သွားရန် ဝန်ဆောင်မှုအပ်နှံခြင်း၊ ပြည်တွင်း ခရီးသွားဝန်ဆောင်မှုစသည့် တိုင်ကြားမှုဖြစ်စဉ်များကို ရှင်းလင်းပြောကြားပြီး စားသုံးသူကာကွယ်ရေးလုပ်ငန်းများကို ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးရန် တိုက်တွန်းပြောကြားခဲ့ကြောင်း သိရှိရပါတယ်။

**မြတ်မွန် (စားသုံးသူ)ရန်ကုန်**

## မြစ်ကြီးနားခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ် (၁/၂၀၁၉) ကျင်းပ

မြစ်ကြီးနားခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ လုပ်ငန်း ညှိနှိုင်းအစည်းအဝေး အမှတ်စဉ် (၁/၂၀၁၉) ကို ဖေဖော်ဝါရီလ ၆ ရက်တွင် ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးခန်းမတွင် ကျင်းပပြုလုပ်ခဲ့ပြီး အစည်းအဝေးသို့ ခရိုင်စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေး အဖွဲ့ဝင်များ၊ ခရိုင်စားသုံးသူရေးရာဦးစီးမှူးရုံးမှ ဝန်ထမ်းများ စုစုပေါင်း ၁၃ ဦး တက်ရောက်ခဲ့ပါသည်။

အဆိုပါ အစည်းအဝေးတွင် ခရိုင်စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဥက္ကဌ (ခေတ္တအုပ်ချုပ်ရေးမှူး)ဦးမျိုးလွင်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး အတွင်းရေးမှူး ဦးကျော်မြင့်က ယခင်လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေ များ၊ ဇန်နဝါရီလ အတွင်းကျောင်း၊ ဈေး၊ ရပ်ကွက်များသို့ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲများ၊ ဈေးကွက်အတွင်း ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ ကွင်းဆင်းပညာပေး ဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် ဆက်လက် ဆောင်ရွက်မည့်အစီအမံများအား ရှင်းလင်းဆွေးနွေးခဲ့ပါသည်။

ဆက်လက်၍ ၂၀၁၉ ခုနှစ် ဇန်နဝါရီလအတွင်း စားသုံးသူ အကာအကွယ်ပေးရေး ဗဟိုကော်မတီ၏ website သို့ မြစ်ကြီးနားခရိုင် စားသုံးသူ(၅)ဦးက telenor wifi အသုံးပြုရာတွင် ဝန်ဆောင်မှု လိုင်းမကောင်းခြင်း၊ ပြတ်တောက်နေခြင်းနှင့်ပတ်သက်၍ တိုင်ကြားမှုအပေါ် ဖြေရှင်းဆောင်ရွက်နေမှု အခြေအနေ၊ စားသုံးသူများ ဘေးကင်းလုံခြုံရေးအတွက် စီးပွားရေး လုပ်ငန်းရှင်များသည် ကုန်စည်များတွင် မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာနှင့်အခြားဘာသာ တွဲလျက်ဖြစ်စေ ဖော်ပြရန် ဗဟိုကော်မတီ၏ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၈ ) နှင့် (၁/၂၀၁၉) အား ထုတ်ပြန်ထားရှိသည့် အခြေအနေတို့ကို အသေးစိတ် ရှင်းလင်းဆွေးနွေးခဲ့ပါသည်။ ထို့နောက် အစည်းအဝေး တက်ရောက်လာသူ စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ဝင်များမှလည်း တစ်ဦး ချင်း ဆွေးနွေးတင်ပြခဲ့ရာ ဥက္ကဌမှ ညှိနှိုင်းပေါင်းစပ်ပေးကြောင်း သတင်းရရှိပါသည်။ **ကိုကိုစိုး(ကချင်)**

# ပခုက္ကူခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၂/၂၀၁၉) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

ပခုက္ကူခရိုင်၊ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၂/၂၀၁၉)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၈ ရက်တွင် ပခုက္ကူခရိုင်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဒု-ခရိုင်အုပ်ချုပ်ရေးမှူး ရုံးခန်း၌ ခရိုင်စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဝင်များအားလုံးနှင့်အတူ ဖိတ်ကြားထားသော ဌာနဆိုင်ရာများ၊ စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများ စုစုပေါင်း ၁၂ ဦး တက်ရောက်ခဲ့ပါသည်။

အဆိုပါအစည်းအဝေးတွင် ပခုက္ကူခရိုင်၊ ခရိုင်စားသုံးသူအငြင်းပွားမှု ဖြေရှင်းအရေးအဖွဲ့ဥက္ကဋ္ဌ (ကိုယ်စား) ဒု-ခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်လွင်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး ခရိုင်စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ဦးသန်းဦး (ခရိုင်ဦးစီးမှူး)က စားသုံးသူ အကာအကွယ် ပေးရေးဆိုင်ရာ အသိပညာပေး ဆောင်ရွက်မှုနှင့်ထုတ်ကုန်လုံခြုံ စိတ်ချရမှုဆိုင်ရာ ကွင်းဆင်းစစ်ဆေးမှု၊ ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြခြင်း၊ ပုဂံမင်းသား မော်တော်ယာဉ်လိုင်းကိုလည်း သက်ဆိုင်ရာဌာနများနှင့်အတူ ကွင်းဆင်း၍ ဝန်ခံကတိ လက်မှတ်ထိုးစေခဲ့ပြီး စားသုံးသူအကာအကွယ်ပေးရေး ဥပဒေပါ အချက်အလက်များကို ချပြရှင်းလင်းခဲ့ပါကြောင်း၊ ဓာတ်မြေဩဇာနှင့်ပတ်သက်၍ ဥပဒေများ သိရှိလိုက်နာဆောင်ရွက်ရန်မှာလည်း ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးများသို့ တင်ပြဆောင်ရွက်ထားရှိပါကြောင်း၊ စိုက်ပျိုးရေးသုံး သွင်းအားစုဓာတ်မြေဩဇာနှင့်ပတ်သက်၍ ကွင်းဆင်း စစ်ဆေးရန် ညွှန်ကြားထားသောကြောင့် စိုက်ပျိုးရေးဦးစီးဌာနနှင့် ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ စားသုံးသူအကာအကွယ်ပေးရေး ဗဟိုကော်မတီမှ ထုတ်ပြန်ထားသော (၁/ ၂၀၁၉) အမိန့် ကြော်ငြာစာအရ စားသောက်ကုန်/လူသုံးကုန်ပစ္စည်း စသည့်ကုန်စည်များပေါ်တွင် သုံးစွဲမှုအညွှန်း၊ ထားသိုသိမ်းဆည်းပုံအညွှန်း၊ ဓာတ်မတည့်ကြောင်းဖော်ပြချက်/ ကြိုတင် သတိပေးချက်၊ ဘေးထွက်ဆိုးကျိုးများကို မြန်မာဘာသာဖြင့် ဖော်ပြရမည်ဖြစ်ပြီး သာမန်မျက်စိဖြင့် မြင်နိုင်သော စာလုံးအရွယ်အစားဖြစ်ရမည်ဟုပါရှိပါကြောင်း၊ ၎င်းအမိန့်ကြော်ငြာစာကို စားသုံးသူ အသိပညာပေးရေးနှင့် စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံသည့်အခါတွင် ထည့်သွင်းဟောပြောသွားမည်ဖြစ်ပါကြောင်း၊ စားသုံးသူရေးရာ လုပ်ငန်းများကို စိတ်ဝင်စားသော မြို့နယ်/ကျေးရွာရှိပရဟိတအသင်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ဆေးဝါးအတုများ၊ ထောက်ခံချက်/ ထုတ်လုပ်ခွင့်မရှိသော တိုင်းရင်းဆေးများကိုလည်း အဖွဲ့စုံဖြင့် ကွင်းဆင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့ပါသည်။ ထို့နောက် တက်ရောက်လာသော စားသုံးသူအငြင်းပွားမှုဖြေရှင်းရေး အဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသော ဌာနဆိုင်များမှ သက်ဆိုင်ရာကဏ္ဍအသီးသီးအလိုက် အကြံပြု ဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။

**သူဇာကျော် (ပခုက္ကူ)**

# မွန်ပြည်နယ်ရေသန့်လုပ်ငန်းရှင်များအသင်း (မော်လမြိုင်)နှင့် စားသုံးသူအကာအကွယ်ပေးရေးဗဟိုကော်မတီမှ ထုတ်ပြန်ထားသော ညွှန်ကြားချက်အမှတ် (၁/ ၂၀၁၉)နှင့် စပ်လျဉ်း၍ အသိပညာပေး ဆွေးနွေးပွဲကျင်းပ

မွန်ပြည်နယ်ရေသန့်လုပ်ငန်းရှင်များအသင်း(မော်လမြိုင်)နှင့်စားသုံးသူအကာအကွယ်ပေးရေး ဗဟိုကော်မတီမှ ထုတ်ပြန်ထားသော ညွှန်ကြားချက်အမှတ်(၁/ ၂၀၁၉)နှင့် စပ်လျဉ်း၍ အသိပညာပေး ဆွေး နွေးခြင်းအခမ်းအနားကို ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ ၆ ရက်နေ့တွင်စားသုံးသူရေးရာဦးစီးဌာန၊ မွန်ပြည်နယ်ဦးစီးမှူးရုံးအစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပြီး ဆွေးနွေးပွဲသို့ မွန်ပြည်နယ် ရေသန့်လုပ်ငန်းရှင်များအသင်း (မော်လမြိုင်)မှ အဖွဲ့ဝင် ၁၇ ဦး၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ တာဝန်ခံအရာရှိနှင့် စားသုံးသူရေးရာဦးစီးဌာနမှအရာရှိများ စုစုပေါင်း ၂၁ ဦး တက်ရောက်ခဲ့ပါသည်။

အဆိုပါဆွေးနွေးပွဲတွင် မွန်ပြည်နယ် စားသုံးသူရေးရာဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူး ဦးခင်အောင်သွင်မှ အဖွင့်အမှာစကားပြောကြားခဲ့ပြီး မွန်ပြည်နယ်စားသုံးသူရေးရာဦးစီးဌာန၊ ဦးစီးအရာရှိ ဒေါ်ဝါဝါမြိုင်မှ (၁/ ၂၀၁၉) ညွှန်ကြားချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့ပါသည်။ ၎င်းနောက် မွန်ပြည်နယ် ရေသန့်လုပ်ငန်းရှင်များ အသင်းအနေဖြင့် ထားသိုသိမ်းဆည်းပုံအညွှန်းနေရာတွင် 'နေရောင်ခြည်နှင့် တိုက်ရိုက်ထိတွေ့သော နေရာတွင်မထားရ' ဟူသောစာသားကို မြန်မာဘာသာဖြင့် ရေးသွင်းဖော်ပြမှုအား မွန်ပြည်နယ်အတွင်းရှိ ရေသန့် လုပ်ငန်းရှင်များအားလုံးသို့ ဆက်လက် အသိပေးလိုက်နာဆောင်ရွက်နိုင်ရေးညှိနှိုင်း ဆွေးနွေးခဲ့ကြပါသည်။

ထို့နောက် အဆိုပါညွှန်ကြားချက်အမှတ်(၁/ ၂၀၁၉) နှင့်ပတ်သက်၍ မွန်ပြည်နယ်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမျိုးမင်းဦးမှလည်း FDA ရုံးချုပ်၏ မြန်မာဘာသာအညွှန်း အမှတ်အသားဖော်ပြခြင်းနှင့်ပတ်သက်၍ ပူးပေါင်းဆောင်ရွက်ပေးမည့် အခြေအနေများကိုလည်း ရှင်းလင်း ဆွေးနွေးပေးခဲ့ကြောင်း သတင်းရရှိပါသည်။

**ဝါဝါမြိုင် (မွန်-DOCA)**



# ရွှေဘိုခရိုင်၊ ရေဦးမြို့နယ်တွင် စားသုံးသူရေးရာအဖွဲ့ ဖွဲ့စည်း၊ ဈေးဆိုင်နှင့် ကျောင်းမုန့်ဈေးတန်းများ စစ်ဆေးပြီး အသိပညာပေးဟောပြောပွဲကျင်းပ

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ရေဦးမြို့နယ်စားသုံးသူရေးရာဦးစီးဌာန မြို့နယ်တာဝန်ခံသည် ဖေဖော် ဝါရီ ၈ ရက်တွင်ရေဦးမြို့နယ်၊ အင်ပင်ကျေးရွာအုပ်စု၊ ဆီဆုံကျေးရွာ၊ အုပ်စုအုပ်ချုပ်ရေးမှူး ဦးအောင်ကျော်မိုး၏ နေအိမ်၌အင်ပင်ကျေးရွာအုပ်စု စားသုံးသူရေးရာအဖွဲ့ငယ်ကို အင်အားခုနစ်ဦးဖြင့် ဖွဲ့စည်းခဲ့ပါသည်။ ယင်းနောက် အင်အားငါးဦးပါအဖွဲ့ဖြင့် ဆီဆုံကျေးရွာရှိ ကုန်မျိုးစုံဆိုင် ၁ ဆိုင်၊ မုန့်မျိုးစုံဆိုင် ၂ ဆိုင်၊ ပေါင်း ၃ ဆိုင်သို့ ကွင်းဆင်းကာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ စားသုံးရန်မသင့်ကြောင်း ကြေညာထားသည့် စားသောက်ကုန်များ ရောင်းချမှုရှိ/မရှိစစ်ဆေးပြီးနောက်စားသုံးသူအကာအကွယ်ပေးရေး ဗဟိုကော်မတီမှ ထုတ်ပြန်ထားသည့် အမိန့် ကြော်ငြာစာ ၁/ ၂၀၁၈ နှင့် ၁/ ၂၀၁၉ တို့ကို ဈေးဆိုင်ရှင် ၃ ဦးနှင့် အဖွဲ့ဝင် ၄ ဦးထံသို့ ၇ စုံ ပေးအပ် ပညာပေးခဲ့ပါသည်။

အလားတူပင် ဖေဖော်ဝါရီ ၅ ရက်ကလည်း ရေဦးမြို့၊ မြို့နယ်မီးသတ်စခန်းတာဝန်ခံ အပါအဝင် အောင်မင်္ဂလာရပ်ကွက် စားသုံးသူရေးရာ အဖွဲ့ငယ်နှင့် အ. မ. က (၁) မူလွှန်ကျောင်းစားသုံးသူရေးရာအဖွဲ့ငယ်တို့ ပူးပေါင်းကာ အင်အား ၇ ဦးပါအဖွဲ့ဖြင့် အ. မ. က(၁)မူလွှန် ကျောင်းမုန့်ဈေးတန်းရှိ ဒေါ်ညို၏ မုန့်ဆိုင်သို့ ကွင်းဆင်းစစ်ဆေးရာ မြန်မာ့ရိုးရာမုန့်များနှင့် အခြားမုန့်မျိုးစုံကို စနစ်တကျ သန့်ရှင်းစွာ ဖုံးအုပ်ရောင်းချသည်ကို တွေ့ရှိထားကြောင်း သိရသည်။ ဖေဖော်ဝါရီ ၁ ရက်တွင် မြို့နယ်မီးသတ်စခန်းတာဝန်ခံ၊ မြို့နယ်ပြန်/ဆက် ဦးစီးမှူးတို့နှင့်ပူးပေါင်းကာ ရေဦးမြို့အောင်ချမ်းသာရပ်ကွက်ရှိ 'မြပန်းသဇင်' ကိုယ်ပိုင်အထက်တန်းကျောင်းမှ ဆရာ/ ဆရာမ ၅၀ ဦး၊ ကျောင်းသား/သူ ၄၀၂ ဦးတို့အား စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲ ဆောင်ရွက်ခဲ့ရာ စားသုံးသူရေးရာဦးစီးဌာန မြို့နယ်တာဝန်ခံမှ 'စားသုံးသူဘေးကင်းလုံခြုံရေး' ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ပြန်ဆက်ဦးစီးမှူးမှ 'စာဖတ်ခြင်း၏ ကောင်းကျိုးများ' ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြို့နယ်မီးသတ် စခန်းတာဝန်ခံမှ 'သဘာဝဘေး ကာကွယ်ရေး' ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီး ပညာပေး ဟောပြောပြီးနောက် စားသုံးသူရေးရာဦးစီးဌာနပညာပေး လက်ကမ်းစာစောင် ၅၀ စောင် ဖြန့်ဝေပေးခဲ့ကြောင်း သတင်းရရှိပါသည်။

**အောင်ညွှန့် (ရေဦး)**

# ပုသိမ်မြို့စားသုံးသူရေးရာဦးစီးဌာန အစည်းအဝေးခန်းမတွင် ကုန်စည်များဆိုင်ရာ ကြော်ငြာစာအမှတ် ၁/ ၂၀၁၈ ရှင်းလင်းခြင်း အခမ်းအနားကျင်းပ

ပုသိမ်မြို့စားသုံးသူရေးရာဦးစီးဌာန အစည်းအဝေးခန်းမတွင် စားသုံးသူအကာအကွယ်ပေးရေး ဗဟိုကော်မတီ၏ အမိန့်ကြော်ငြာစာအမှတ် (၁/ ၂၀၁၈)အရ အစားအသောက်၊ ကုန်စည်များတွင် မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာနှင့် အခြားဘာသာတွဲလျက် ဖြစ်စေ ဖော်ပြရန် ညွှန်ကြားချက်နှင့် ပတ်သက်၍ စီးပွားရေးလုပ်ငန်းရှင်များ သိရှိလိုက်နာ ဆောင်ရွက်နိုင်စေရေး ရှင်းလင်း ဆွေးနွေးခြင်း အခမ်းအနားကို ဖေဖော်ဝါရီ ၁၁ ရက်တွင် ကျင်းပပြုလုပ်ရာပုသိမ်မြို့ပေါ်ရှိ စီးပွားရေးလုပ်ငန်းရှင် ၅၀ ဦးခန့် တက်ရောက်ခဲ့ပါသည်။

အခမ်းအနားတွင် စားသုံးသူရေးရာဦးစီးဌာန တိုင်းဦးစီးမှူး ဦးကျော်ကျော်လွင်က လုပ်ငန်းရှင်များအနေဖြင့် အမိန့်ကြော်ငြာစာအား မသိရှိ၊ မလိုက်နာ၊ မဆောင်ရွက်နိုင်၍ နစ်နာဆုံးရှုံးမှုများ မရှိစေရေးအတွက် ယခုလိုရှင်းလင်း ဟောပြောပွဲကျင်းပရခြင်းဖြစ်ပြီး၊ တိုင်းနှင့် ပြည်နယ်အသီးသီးတွင်လည်း ကုန်စည်များဆိုင်ရာ ကြော်ငြာစာအမှတ်စဉ်၁/ ၂၀၁၈ကိုရှင်းလင်းဆွေးနွေးလျက်ရှိကြောင်း၊ အမိန့်ကြော်ငြာစာ ထုတ်ပြန်သည့်နေ့မှ (၆)လပြည့်မြောက်သည့်နေ့မှစ၍ စတင်အာဏာသက်ရောက်မည်ဖြစ်၍ ယခုကတည်းက ကြိုတင်ပြင်ဆင်မှုကို အမြန် ဆောင်ရွက်စေလိုကြောင်း၊ အခက်အခဲရှိပါကလည်း တင်ပြပေးစေလိုကြောင်း၊ စားသုံးသူ ပြည်သူများ ကောင်းကျိုးအတွက် ဆောင်ရွက်ရခြင်းဖြစ်၍ အားလုံးပူးပေါင်း ပါဝင်ဆောင်ရွက်ပေးစေလိုကြောင်း အသေးစိတ် ရှင်းလင်းဆွေးနွေးခဲ့ပါသည်။

**စောမိုက်ကယ်(ပုသိမ်)**

## ဟင်္သာတခရိုင် ဇလွန်မြို့နယ်တွင် သိမ်းဆည်းဆေးဝါးများ မီးရှို့ဖျက်ဆီး

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ ဇလွန်မြို့နယ်တွင် ဖေဖော်ဝါရီလ ၈ ရက်တွင် မြို့နယ် အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီသည် သိမ်းဆည်းထားသော ဆေးဝါးများအား မီးရှို့ဖျက်ဆီးခြင်းကို ဆောင်ရွက်ခဲ့ပါသည်။ အဆိုပါ ဆေးဝါးများကို ဇန်နဝါရီလ ၂၃ ရက်က ဟင်္သာတခရိုင် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး၊ စားသုံးသူရေးရာဦးစီးဌာနမှ ဇလွန်မြို့နယ်တာဝန်ခံနှင့် မြို့နယ်အစားအသောက်နှင့် ဆေးဝါး ကြီးကြပ်ကွပ်ကဲရေး ကော်မတီဝင်များ ပါဝင်သော အဖွဲ့ဖြင့် ဇလွန်မြို့ပေါ်ရှိ ဆေးဆိုင် (၅) ဆိုင်အား ရှောင်တခင်ဝင်ရောက် စစ်ဆေးရာမှ သိမ်းဆည်းရမိသော ဆေးဝါးများဖြစ်ပြီး၊ ကာလတန်ဖိုး ကျပ် ၁၃၀၃၉၆၀ ဖြစ်ကြောင်း သိရှိရပါသည်။

**မောင်မောင်မြတ်ခိုင်**



## ၂၀၃၀ ကမ္ဘာ့ဖလား ကျင်းပခွင့်ရရှိရေးအတွက် အာဂျင်တီးနား၊ ချီလီ၊ ပါရာဂွေးနှင့် ဥရုဂွေးတို့ကြိုးပမ်း

၂၀၃၀ ကမ္ဘာ့ဖလားပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရှိရေးအတွက် တောင်အမေရိက နိုင်ငံများဖြစ်သည့် အာဂျင်တီးနား၊ ချီလီ၊ ပါရာဂွေးနှင့် ဥရုဂွေး နိုင်ငံတို့က ပူးတွဲကျင်းပခွင့်ရရှိရေး ကြိုးပမ်းကြမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါနိုင်ငံများသည် ၂၀၃၀ ကမ္ဘာ့ဖလားပြိုင်ပွဲကို တစ်နိုင်ငံတည်းမဟုတ်ဘဲ ပူးတွဲကျင်းပခွင့်အတွက် ကြိုးပမ်းကြခြင်းဖြစ်သည်။ လာမည့် ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲကို ကာတာနိုင်ငံတွင်ကျင်းပမည်ဖြစ်ရာ အသင်းပါဝင်မှု အပြောင်းအလဲမရှိသေးဘဲ အသင်းပေါင်း ၃၂ သင်း ပါဝင်မည်ဖြစ်သည်။

သို့သော် ကနေဒါ၊ မက္ကဆီကိုနှင့် အမေရိကန်နိုင်ငံတို့ ပူးတွဲကျင်းပမည့် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင်မူ အသင်းပေါင်း ၄၈ သင်း ပါဝင်မည်ဖြစ်သည်။ ထို့အတူ ၂၀၃၀ ကမ္ဘာ့ဖလားပြိုင်ပွဲတွင်လည်း အသင်းပေါင်း ၄၈ သင်း ပါဝင်မည်ဖြစ်သည်။

၂၀၃၀ ကမ္ဘာ့ဖလားပြိုင်ပွဲကို ပူးတွဲအိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့် ရရှိရေးအတွက် ကြိုးပမ်းသည့်နိုင်ငံများ၏ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အမြင့်ဆုံးအောင်မြင်မှုကို ကြည့်မည်ဆိုလျှင် အာဂျင်တီးနားနှင့် ဥရုဂွေးမှာ ကမ္ဘာ့ဖလားချန်ပီယံ နှစ်ကြိမ်စီ၊ ချီလီမှာ တတိယ တစ်ကြိမ်နှင့် ပါရာဂွေးမှာမူ ကွာတားဖိုင်နယ်အဆင့်အထိသာ တက်ရောက်ဖူးသည်။

၁၉၃၀ ပြည့်နှစ်က စတင်ကျင်းပခဲ့သည့် ကမ္ဘာ့ဖလားပြိုင်ပွဲကို အိမ်ရှင်အဖြစ် ဥရုဂွေးနိုင်ငံက ပထမဦးဆုံးလက်ခံကျင်းပခဲ့သည်။ အာဂျင်တီးနားမှာ ကမ္ဘာ့ဖလားပြိုင်ပွဲကို ၁၉၇၈ ခုနှစ်နှင့် ချီလီက ၁၉၆၂ ခုနှစ်တို့တွင် လက်ခံကျင်းပခဲ့ပြီး ပါရာဂွေးအသင်းမှာမူ ကမ္ဘာ့ဖလားပြိုင်ပွဲကို လက်ခံကျင်းပခွင့်မရရှိသေးပေ။

## မော်ရင်ဟိုနှင့် နည်းပြအဖွဲ့ထုတ်ပယ်မှု မန်ယူ ပေါင် ၁၉ ဒသမ ၆ သန်းပေးခဲ့ရ လေးကြိမ်ထုတ်ပယ်ခံရမှုတွင် မော်ရင်ဟို ပေါင် ၆၂ ဒသမ ၅ သန်းရရှိခဲ့




မန်ယူအသင်းသည် ပြီးခဲ့သည့် ဒီဇင်ဘာလက မော်ရင်ဟိုနှင့် နည်းပြအဖွဲ့ကို ထုတ်ပယ်လိုက်ခြင်းကြောင့် လျော်ကြေးငွေ ပေါင် ၁၉ ဒသမ ၆ သန်းပေးခဲ့ရသည်။ မန်ယူအသင်းသည် ၂၀၁၈ ခုနှစ်၏ နောက်ဆုံး လေးလပတ် ဘဏ္ဍာရေးရှင်းတမ်း ထုတ်ပြန်ရာတွင် နည်းပြဟောင်း မော်ရင်ဟိုနှင့်အဖွဲ့ကို ပေးလျော်ရသည့် လျော်ကြေးငွေများလည်း ပါဝင်ခဲ့သည်။ မန်ယူအသင်းက မော်ရင်ဟိုနှင့် နည်းပြအဖွဲ့ကို ပေးလျော်ခဲ့ရသည့် ပေါင် ၁၆ ဒသမ ၆ သန်းတွင် မော်ရင်ဟိုက ပေါင် ၁၅ သန်း ရရှိခဲ့သည်။

မန်ယူအသင်းက ထိုကဲ့သို့ ၂၀၁၈ ခုနှစ်၏ နောက်ဆုံးလေးလပတ် ဘဏ္ဍာရေးရှင်းတမ်း ထုတ်ပြန်ခဲ့ရာတွင် ရုပ်သံဝင်ငွေမှာ ၃၈ ရာခိုင်နှုန်းအထိ တိုးလာပြီး ပေါင် ၁၀၃ ဒသမ ၇ သန်း ရရှိခဲ့သည်။ အသင်း၏ ကွင်းဝင်ကြေးမှာ ယမန်နှစ်ကထက် ပေါင် ၂ ဒသမ ၁ သန်းပိုမိုရရှိခဲ့သလို စပွန်ဆာများကလည်း ဝင်ငွေပိုတိုးလာခဲ့သည်။ ထို့ပြင် မန်ယူအသင်းသည် Remington လက်နက်ထုတ်လုပ်ရေး ကုမ္ပဏီနှင့် စပွန်ဆာစာချုပ် ထပ်မံချုပ်ဆိုနိုင်ခဲ့ခြင်းကြောင့် ပေါင် ၆၅ ဒသမ ၅ သန်း ထပ်မံရရှိထားသည်။ မန်ယူအသင်းသည် ထိုကဲ့သို့ အဘက်ဘက်မှ ဝင်ငွေများ တိုးလာခဲ့သော်လည်း အသင်း၏ အမှတ်တရပစ္စည်း ရောင်းချမှုမှာမူ ကျဆင်းခဲ့ရသည်။

အခြားတစ်ဖက်တွင် မော်ရင်ဟိုသည် ၂၀၀၇ ခုနှစ်က ချယ်လ်ဆီးအသင်းမှ ထုတ်ပယ်ခံရချိန်တွင် လျော်ကြေးငွေ ပေါင် ၁၈ သန်း၊ ၂၀၁၃ ခုနှစ်က ရီးရဲလ်မက်ဒရစ်အသင်းမှ ထုတ်ပယ်ခံရချိန်တွင် လျော်ကြေးငွေ ပေါင် ၁၇ သန်း၊ ၂၀၁၅ ခုနှစ်က ချယ်လ်ဆီးအသင်းမှ ထုတ်ပယ်ခံရချိန်တွင် လျော်ကြေးငွေ ပေါင် ၁၂ ဒသမ ၅ သန်း၊ ၂၀၁၈ ခုနှစ် မန်ယူအသင်းမှ ထုတ်ပယ်ခံရချိန်တွင် လျော်ကြေးငွေ ပေါင် ၁၅ သန်း စသည်ဖြင့် အသီးသီးရရှိခဲ့ရာ လေးကြိမ်ပေါင်းဆိုလျှင် မော်ရင်ဟိုသည် လျော်ကြေးငွေ ပေါင် ၆၂ ဒသမ ၅ သန်း ရရှိခဲ့ခြင်းဖြစ်သည်။

## ဆာလက်ချ်ကို ဒိုင်ဘလားအား အလိုက်ပေး၍ ပေါင် ၄၄ သန်းဖြင့် ဂျူဗင်တပ်ကမ်းလှမ်း




အီတလီစီးရီးအေကလပ် ဂျူဗင်တပ်အသင်းသည် လီဗာပူးအသင်းမှ တိုက်စစ်မှူး ဆာလက်ချ်ကို ခေါ်ယူရန်အတွက် ပေါင် ၄၄ သန်းဖြင့် ကမ်းလှမ်းလိုက်သည်။ ဂျူဗင်တပ်အသင်းသည် ဆာလက်ချ်အတွက် ပေါင် ၄၄ သန်းအပြင် အသင်းရှိ အာဂျင်တီးနားတိုက်စစ်မှူး ဒိုင်ဘလာကိုပါ အလိုက်ပေး၍ ကမ်းလှမ်းလိုက်ခြင်းဖြစ်သည်။

အသက်(၂၆)နှစ်ရှိ အီဂျစ်တိုက်စစ်မှူး ဆာလက်ချ်သည် ၂၀၁၇ ခုနှစ်က လီဗာပူးအသင်းနှင့် ငါးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ် ချုပ်ဆိုထားခြင်းဖြစ်သည်။ ဂျူဗင်တပ်အသင်းသည် လာမည့်ရာသီတွင် တိုက်စစ်ပိုင်း ပိုမိုကောင်းမွန်လာစေရန်အတွက် ဆာလက်ချ်ကို အဓိကပစ်မှတ်ထားလာခြင်းဖြစ်သည်။ လက်ရှိအချိန်တွင် ဂျူဗင်တပ်အသင်း တိုက်စစ်မှူး စီရိုနယ်ဒိုသည် စီးရီးအေတွင် ထိပ်တန်းဂိုးသွင်းရှင်ဖြစ်နေသော်လည်း ၎င်းကစားသမားမှာ အသက်အရွယ်အရ အကျပိုင်းသို့ ရောက်ရှိနေပြီဖြစ်ခြင်းကြောင့် လာမည့်ရာသီများအတွက် ဂျူဗင်တပ်အသင်းအနေဖြင့် ကြိုတင်ပြင်ဆင်လာခဲ့ခြင်းလည်းဖြစ်သည်။

ဆာလက်ချ်ကို ခေါ်ယူနိုင်ရေးအတွက် ဂျူဗင်တပ်အသင်း၏ကမ်းလှမ်းမှုကိုမူ လီဗာပူးအသင်းက မည်သို့မျှ ပြန်လည်တုံ့ပြန်ပြောကြားလာခြင်း မရှိသေးကြောင်း သိရသည်။

## လူကာဂျိုဗစ်ကို ပေါင်သန်း ၄၀ဖြင့် ချယ်လ်ဆီးအသင်း ကမ်းလှမ်း

ချယ်လ်ဆီးအသင်းသည် ဖရန့်ဖတ်အသင်းမှ ဆားဘီးယား တိုက်စစ်မှူး လူကာဂျိုဗစ်ကို ခေါ်ယူရန်အတွက် ပေါင်သန်း ၄၀ ဖြင့် ကမ်းလှမ်းလိုက်ကြောင်း သိရသည်။



အသက်(၂၁)နှစ်ရှိ လူကာဂျိုဗစ်သည် ဘင်ဖီကာ အသင်းပိုင် ကစားသမားတစ်ဦးဖြစ်ပြီး ဖရန့်ဖတ်အသင်းသို့ အငှားချထားခြင်း ခံရသူဖြစ်သည်။

ဆားဘီးယား လက်ရွေးစင် ကစားသမားဖြစ်သည့် လူကာဂျိုဗစ်သည် ၂၀၁၇ ခုနှစ်က ဘင်ဖီကာ အသင်းမှ ဂျာမန် ဘွန်ဒက်စ်လီဂါကလပ် ဖရန့်ဖတ်အသင်းသို့ အငှားချထားခဲ့ရာ ၎င်းကစားသမားသည် ဖရန့်ဖတ်အသင်းတွင် ၄၁ ပွဲ ပါဝင်ကစားထားရာတွင် ၂၂ ဂိုး သွင်းပေးထားနိုင်ခဲ့သည်။

ချယ်လ်ဆီးအသင်းသည် တိုက်စစ်ပိုင်း အားနည်းနေမှုနှင့်အတူ ရလဒ်ပိုင်း ကောင်းမွန်မှုမရှိခြင်းကြောင့် ရာသီကုန်တွင် ချန်ပီယံလိဂ်ဝင်ခွင့် တစ်နေရာအတွက်ပင် ခက်ခဲနေပြီဖြစ်သည်။ ထို့ပြင် နည်းပြ ဆာရီမှာလည်း ဖိအားများဖြင့် ရင်ဆိုင်နေရပြီး အသင်းမှထုတ်ပယ်ခံရရန် နီးစပ်နေကြောင်း သိရသည်။

ဟန်နေသစ် စုစည်းသည်

## ဂါရက်ဘေးလ် ၁၂ ပွဲပယ် ပြစ်ဒဏ်ကျခံရဖွယ်ရှိနေ

စပိန်လာလီဂါကလပ် ရီးရဲလ်မက်ဒရစ်အသင်း၏ တောင်ပံကစားသမား ဂါရက်ဘေးလ်သည် အက်သလက်တီကိုအသင်းနှင့်ပွဲတွင် ဂိုးသွင်းပြီးနောက် ပြုလုပ်ခဲ့သည့် အပြုအမူကြောင့် ၁၂ ပွဲအထိ ပွဲပယ်ပြစ်ဒဏ်ကို ကျခံရနိုင်ဖွယ်ရှိနေသည်။ ရီးရဲလ်မက်ဒရစ်အသင်းသည် စပိန်လာလီဂါပွဲစဉ်(၂၃)အဖြစ် အက်သလက်တီကိုအသင်းနှင့် အဝေးကွင်း သွားရောက်ကစားခဲ့ရာတွင် ၃-၁ ဂိုးဖြင့် အနိုင်ရခဲ့သည်။ ယင်းပွဲစဉ်တွင် ရီးရဲလ်မက်ဒရစ်အသင်း တောင်ပံကစားသမား ဂါရက်ဘေးလ်သည် ပွဲချိန် ၇၄မိနစ်တွင် ကွင်းလယ်ကစားသမား လူကာမိုဒရစ်၏ ဖန်တီးပေးမှုမှတစ်ဆင့် ရီးရဲလ်မက်ဒရစ်အသင်းအတွက် တတိယဂိုးကို သွင်းပေးနိုင်ခဲ့သည်။



ဂါရက်ဘေးလ်သည် အဆိုပါဂိုးသွင်းပြီးနောက်တွင် အိမ်ရှင် အက်သလက်တီကိုအသင်း ပရိသတ်ရှေ့သို့သွားရောက်ကာ လက်ကို ၎င်း၏ ဦးခေါင်းနားအထိ မြှောက်ပြီး အောင်ပွဲခံခဲ့သည်။ အက်သလက်တီကိုအသင်းပရိသတ်များကမူ ယင်းအပြုအမူကို ဆဲရေးသည့် အပြုအမူဟု သတ်မှတ်ထားကြသည်။ ထို့ပြင် ဂါရက်ဘေးလ်သည် လက်နှစ်ဖက်ကိုလည်း ခေါက်ချိုးပြီး တစ်ဖက်နှင့်တစ်ဖက် ရန်ဖြစ်တိုက်ခိုက်သည့်ပုံစံ ပြုလုပ်ခဲ့သေးသည်။

ဂါရက်ဘေးလ်၏ အဆိုပါအပြုအမူများကို စပိန်ဘောလုံးအဖွဲ့ချုပ်က အသေးစိတ်ပြန်လည် လေ့လာသုံးသပ်ပြီး ဂါရက်ဘေးလ်တွင် အပြစ်ရှိ မရှိ ဆုံးဖြတ်သွားမည်ဖြစ်သည်။ ဂါရက်ဘေးလ်သည် စပိန်ဘောလုံးအဖွဲ့ချုပ်၏ စည်းမျဉ်းများအရ ပြစ်မှုထင်ရှားပါက ၁၂ ပွဲအထိ ပွဲပယ်ပြစ်ဒဏ်ကျခံရမည်ဖြစ်သည်။



## စာမျက်နှာ (၁၈) Trading Across Borders Indicator . . . မှအဆက်

ဒါကြောင့် Doing Business Ranking တိုးတက်ရေးလုပ်ငန်းအဖွဲ့ခေါင်းဆောင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက 2020 Ranking တိုးတက်စေဖို့အတွက် သက်ဆိုင်ရာ Indicators အလိုက် Case Study အပိုင်း၊ Reform Memo အပိုင်း၊ Action Plan အပိုင်း၊ Possible Reform အပိုင်းဆိုပြီး အပိုင်းလေးပိုင်း ခွဲခြားသုံးသပ်ဆောင်ရွက်ရန် အကြံပြုလမ်းညွှန်မှုအပေါ် Trading Across Borders အနေနှင့် နှစ်အလိုက် ဆောင်ရွက်ခဲ့မှု အခြေအနေများ ဒေသတွင်းအဆင့်တိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့သည့် နိုင်ငံများအား လေ့လာသုံးသပ်ခြင်း၊ Reform Memo များဆန်းစစ်ခြင်း၊ အကောင်အထည်ဖော်နိုင်မည့်လုပ်ငန်း Action Plan များနှင့် 2020 Report တွင်ပါဝင်နိုင်မည့် Possible Reform များ ထုတ်နုတ်ဆောင်ရွက်ခြင်းတို့ကို အဖွဲ့ဝင်ဌာနများ အားလုံးပူးပေါင်းဆောင်ရွက်ခဲ့ကြပါတယ်။

ဒီ Reform တွေကတော့ ကုန်သွယ်ရေးဦးစီးဌာနက ဆောင်ရွက်မယ့် ပို့ကုန်သွင်းကုန် ကုန်စည်များကို Negative List လျှော့ချ သတ်မှတ်ရေး၊ မူရင်းသက်သေခံလက်မှတ်နှင့် ပို့ကုန်သွင်းကုန်ကုမ္ပဏီမှတ် ပုံတင်ထုတ်ပေးမှုစနစ်များကို အွန်လိုင်းစနစ်နဲ့ ပြောင်းလဲထုတ်ပေးရေး၊ ကုန်သွယ်မှုဆိုင်ရာ ဖြေလျှော့ပေးမှုများ ဆောင်ရွက်ပေးခြင်း၊ လက်ရှိအွန်လိုင်းပို့ကုန်သွင်းကုန်လိုင်စင်စနစ်အားနည်းပညာပိုင်း အဆင့်မြှင့်တင်၍ ပင်လယ်ရေကြောင်းနှင့် နယ်စပ်လိုင်စင်များ အားလုံးကိုပါ အွန်လိုင်းပေါ်မှ ထုတ်ပေးနိုင်စေရေးနှင့် ကုန်သွယ်မှုဆိုင်ရာသတင်းအချက်အလက်များကို ရှာဖွေကြည့်ရှုနိုင်သည့် National Trade Portal အဆင့်မြှင့်တင်မှုလုပ်ငန်းများကို ဆောင်ရွက်နိုင်ဖို့ဖြစ်ပါတယ်။

အကောက်ခွန်ဦးစီးဌာနအနေဖြင့်လည်း MACCS စနစ် မြဝတီကုန်သွယ်ရေးစခန်းတွင်ပါ တိုးချဲ့ဆောင်ရွက်ခြင်း၊ Green Channel ရသောသွင်းကုန်များ ဆိပ်ကမ်းအကောက်ခွန်ထံ အကြောင်းကြားရန်မလိုဘဲ ပစ္စည်းထုတ်ယူနိုင်ခြင်း၊ စိုက်ပျိုးရေးထွက်ကုန်များ တင်ပို့ခြင်းအတွက် ထုတ်ကုန်ကြေညာလွှာတင်ရာမှာ စိုက်ပျိုးရေးမှ Phyto Sanitary Certificate တင်ပြရန်မလိုတော့ခြင်း စတဲ့ မူဝါဒပိုင်းဆိုင်ရာ ဖြေလျှော့မှုလုပ်ငန်းတွေ ပါဝင်တာဖြစ်ပါ တယ်။

Doing Business Report ၂၀၁၉ မှာ ဖွံ့ဖြိုးတိုးတက်မှုအမြန်ဆုံးနိုင်ငံတွေကို ပြန်လေ့လာကြည့်ရင် အဆိုပါနိုင်ငံတွေရဲ့မူလလုပ်ငန်းစဉ်တွေကနေ e-Government စနစ်နဲ့ပြောင်းလဲ အကောင်အထည် ဖော်ဆောင်ရွက်ခဲ့ကြတာ ဖြစ်တဲ့အတွက် လုပ်ငန်းပိုမိုမြန်ဆန်လာပြီး အချိန်နဲ့ ငွေကြေးကို လျှော့ချလာနိုင်ကြောင်း တွေ့ရှိရပါတယ်။

Trading Across Borders အနေနဲ့လည်း နယ်စပ်ဖြတ်ကျော် ကုန်သွယ်မှုလုပ်ငန်းစဉ်တွေကို အီလက်ထရောနစ်စနစ် ပြောင်းလဲပြီး Single Window စနစ်ပြောင်းလဲအသုံးပြုနိုင်ရေး Long Term Plan အနေနဲ့ ထည့်သွင်းဆောင်ရွက်ထားတာဖြစ်ပါတယ်။

Trading Across Borders အနေနဲ့ ကုန်သွယ်မှု လျင်မြန်ချောမွေ့စေရေးနဲ့ Ranking အဆင့်တိုးမြင့်စေရေးဆောင်ရွက်ပေးရာမှာ အစိုးရဌာနဆိုင်ရာ အဖွဲ့အစည်းများရဲ့ တစ်နှစ်တာကာလအတွင်း ပြုပြင်ပြောင်းလဲမှုတွေအပေါ် အကျိုးခံစားရမှု ရှိ/မရှိ ၊ ပုဂ္ဂလိကပိုင်းမှ Contributers တွေရဲ့ Questionnaries ဖြေဆိုမှုအခန်းကဏ္ဍဟာ အရေးပါတဲ့ကိစ္စတစ်ခုဖြစ်ပါတယ်။ ဒါကြောင့် သက်ဆိုင်ရာဌာန အဖွဲ့အစည်းအသီးသီးက ဖြေလျှော့ထားတဲ့ လုပ်ထုံးလုပ်နည်းမူဝါဒ (SOP)များကို လုပ်ငန်းရှင်များသိရှိရန်လိုအပ်သလို လက်တွေ့ဆောင်ရွက်ရာမှာ တွေ့ကြုံရတဲ့အခက်အခဲများကို ဖြေလျှော့နိုင်စေ ရန်ရည်ရွယ်ပြီး Trading Across Borders လုပ်ငန်းအဖွဲ့ Publish Private Dialogue ဆွေးနွေးပွဲကို ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်မှာ ရန်ကုန်မြို့ ကမ်းနားလမ်းရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှာ ကျင်းပပြုလုပ်ခဲ့ပါတယ်။

အဆိုပါ Dialogue ဆွေးနွေးပွဲကို ကုန်သွယ်ရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးမင်းမင်းက ဦးဆောင်ပြီး ဆက်စပ်ဌာနများမှ တာဝန်ရှိသူများ၊ UMFCCI မှတာဝန်ရှိသူများ ပို့ကုန်သွင်းကုန် ကုမ္ပဏီလုပ်ငန်းရှင်များ၊ အကောက်ခွန် ရှင်းလင်းရေး အသင်းမှ တာဝန်ရှိသူများ အင်အား ၁၀၀ ကျော်တက်ရောက် ဆွေးနွေးခဲ့ကြပါတယ်။ ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေးအတွက် လိုအပ်တဲ့ Reform များ ဆောင်ရွက်ရန်လိုအပ်သလို Ranking တိုးတက် ရေးအတွက် Focus ထားဆောင်ရွက်ရမည့် ကုန်ပစ္စည်းအမယ်အချို့၏တင်ပို့တင်သွင်းခြင်းလုပ်ငန်းစဉ်များမှာ ဌာနဆိုင်ရာများမှ ဖြေလျှော့ဆောင်ရွက်ပေးထားမှု အခြေအနေ၊ လုပ်ငန်းရှင်များမှ တွေ့ကြုံနေရသည့် အခက်အခဲပေါ်တွင် လုပ်ငန်းပိုမိုအဆင်ပြေစေအောင် ဌာနများမှ ဖြေလျှော့ဆောင်ရွက်ပေးသွားမည့် လုပ်ငန်းရပ်များ၊ လုပ်ငန်း ဆောင်ရွက်ရန် ကြာချိန်နှင့် ငွေကြေး ကုန်ကျမှုတို့ လျှော့ချနိုင်မည့် နည်းလမ်းတို့အား အပြန်အလှန် ဆွေးနွေးညှိနှိုင်း ဆောင်ရွက်ခြင်းနှင့် 2020 Report အတွက် Questionnaries ဖြေဆိုမည့် လုပ်ငန်းရှင် Voluntineers များ ရွေးချယ်ခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည်။

နိုင်ငံတော်အဆင့်အနေဖြင့်လည်း Ease of Doing Business Ranking တိုးတက်ရေးအတွက် တွန်းအားပေးဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကလည်း "ဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ မူဝါဒများကို ခေတ်လိုအပ်ချက်များနှင့်အညီ ပြုပြင်ပြောင်းလဲရန်၊ ခေတ်ပေါ်နည်းပညာများကို အသုံးပြု၍ လုပ်ထုံးလုပ်နည်းများ ပြုပြင်ပြောင်းလဲရန်၊ နိုင်ငံတော်၏ ဆုံးဖြတ်ချက်၊ ဆောင်ရွက်ချက်များကို ဌာနဆိုင်ရာနှင့် အများပြည်သူကျယ်ပြန့်စွာ သိရှိရေး ဆောင်ရွက်ရန်၊ ဆောင်ရွက်ရန် ဆုံးဖြတ်ပြီးကိစ္စများ လျင်မြန်စွာ အကောင်အထည်ဖော် ဆောင်ရွက်ရန်"ဆိုပြီး လမ်းညွှန်ထားချက်များအပေါ် မိမိတို့ Trading Across Borders အဖွဲ့ ဌာနဆိုင်ရာများအနေဖြင့် ဖြေလျှော့မှုများ ဆောင်ရွက်ရာတွင် ပြည်သူ ဗဟိုပြု ပြုပြင်ပြောင်းလဲမှုများ ဖြစ်စေရေးအတွက် ပြည်သူအသံကို ပိုမိုကြားသိအောင် ဆောင်ရွက်သွားမှာဖြစ်သလို၊ 2020 Ease of Doing Business Ranking တိုးတက်ရေး အဖွဲ့ဝင်ဌာနများ၊ သက်ဆိုင်ရာ ဆက်စပ်ဌာန/ အဖွဲ့အစည်းများ လုပ်ငန်းရှင် ပြည်သူလူထုနှင့် တက်ကြွစွာပူးပေါင်းဆောင်ရွက်ရင်း မြန်မာစီးပွားရေးတိုးတက်စေဖို့ ကိုလည်း တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုဆောင်ရွက်လျက်ရှိကြောင်း ပြည်သူလူထုအား အသိပေးတင်ပြအပ်ပါတယ်။

## စာမျက်နှာ (၂၅) မြန်မာ့ဆန် ကမ္ဘာ့ဈေးကွက်မှာ. . . . မှအဆက်

(၃) ကင်းလွတ်ရေ (Free Water) ၎င်းရေသည် တစ်သျှူးများအတွင်း လွတ်လွတ်လပ်လပ်တည်ရှိနေသည်။ အပူချိန်နည်းနည်းနှင့် လွယ်လွယ်ဖြင့် ဖယ်ထုတ်ပစ်နိုင်သော ရေဖြစ်သည်။

ဤအခြေခံသဘောတရားကို အခြေခံသိရှိ၍ စပါးအား အခြောက်ခံခြင်းသည် အရည်အသွေးကောင်းဆန်ရရှိရန် အထောက်အကူပြုသည်။ စပါးနေလှန်းရာတွင် အပူချိန် (၄၃) ဒီဂရီစင်တီဂရိတ် (သို့) (၁၀၀) ဒီဂရီဖာရင်ဟိုက်ထက် ကျော်လွန်နေလျှင် နေမလှန်းသင့်ပါ။ ဆန်ရောင်ပျက်၍ ဆန်သားအက်စေပါသည်။

လယ်သမားများ စပါးနေလှန်းရာတွင် မနက် (၈:၀၀) နာရီမှ ညနေ (၅:၃၀) နာရီထိ တစ်နေကုန်တောက်လျှောက် တစ်ဆက်တည်း နေလှန်းကြပါသည်။ နေ့လည် (၁၂:၀၀) နာရီမှ (၂:၀၀) နာရီအတွင်း နေပြင်းပြင်းပူချိန်တွင် စပါးစေ့ပေါ်သို့ တိုက်ရိုက်ကျရောက်သော အပူချိန်သည် ၅၅ ဒီဂရီစင်တီဂရိတ်မှ ၆၅ ဒီဂရီစင်တီဂရိတ်ထိ ရှိပါသည်။ ၎င်း အပူချိန်သည် ဆန်သားလောင်ကျွမ်းစေပြီး ဆန်ရောင်ပျက်၊ ဆန်သားအက်၍ ဆန်ကြိတ်ခွဲပါက ဆန်အကျိုးအကြေများစေပါသည်။

စပါးကို နံနက် (၈:၀၀) နာရီမှ (၁၂:၀၀) နာရီထိ တစ်ကြိမ်၊ ညနေမွန်းလွဲ (၂:၀၀) နာရီမှ (၅:၃၀) နာရီအတွင်း တစ်ကြိမ်လှန်းသင့်ပါသည်။ ၎င်းအချိန်တွင် အပူချိန် (၄၃) ဒီဂရီစင်တီဂရိတ်ခန့်သာ ရှိပါသည်။ စပါးစေ့ထုကို ၄-၅ လက်မသာထား၍ တစ်ကြိမ်လှန်းလျှင် (၄-၅) ကြိမ်ခန့် အထက်အောက်လှန်မွှေပေးရန် လိုအပ်သည်။ နေ့လယ် နေပြင်းချိန် စပါးကို နေမလှန်းသင့်ပါ။ ဖြစ်နိုင်လျှင် စပါးအခြောက်ခံစက်ဖြင့်လှန်းလျှင် အရည်အသွေးကောင်းဆန် ရရှိရန် အခွင့်အလမ်းသာပါသည်။

အချို့လယ်သမားများသည် နိုင်လွန်ဆန်ကာပိုက်အပြာများ၊ တာလပတ်များခင်း၍ နေလှန်းကြသည်ကို တွေ့ရပါသည်။ နေ့အပူချိန်မြင့်လာသည်နှင့်အမျှ မြေကြီးထဲမှ အစိုဓါတ်သည် အငွေ့ပျံ၍ ဆန်ကာ ပိုက်နှင့် တာလပတ်ကိုဖြတ်ပြီး စပါးစေ့တွင် လာရောက်



ခိုအောင်းနေပါသည်။ စပါးခြောက်ပြီဟုဆိုပြီး စပါးသိမ်းသောအခါ ၎င်းအစိုဓါတ်များသည် စပါးစေ့တွင် ပါလာသည်။ သိုလှောင်သည့်အချိန်တွင် ၎င်းအစိုဓါတ်က မှိုတက်ခြင်း၊ စပါးအောက်စေခြင်းဖြင့် ဒုက္ခပေးပါတော့သည်။ နိုင်လွန်ဆန်ကာပိုက်အပြာဖြင့် စပါးလှန်းခြင်း မပြုလုပ်သင့်ပါ။ အချို့လယ်သမားများက ကတ္တရာလမ်းပေါ်တွင် စပါးလှန်းကြပါသည်။ နေ့လယ် နေပြင်းပြင်းပူချိန်တွင် အပေါ်မှ နေပူရှိန်နှင့် အောက်က ကတ္တရာလမ်း၏ အပူချိန်တို့ အထက်မီးအောက်မီးပေးထားသလို အလွန်ပူပြင်းလှပါသည်။ ဤစပါးစေ့များသည် အရည်အသွေးကောင်းနိုင်စရာ အကြောင်းမရှိ တော့ပါ။ ကတ္တရာလမ်းပေါ်တွင် နေပြင်းပြင်းပူချိန် စပါးမလှန်းသင့်ပါ။

စပါးစေ့၏ အရည်အသွေးကို ကျဆင်းစေသည်မှာ ပေါင်းစေ့၊ ဖုံ၊ ခဲ၊ သလဲ၊ ကျောက်ခဲ၊ အမှိုက်သရိုက်တို့ဖြစ်ပါသည်။ စပါးကို သန့်စင်စက်တွင် စနစ်တကျသန့်စင်ပြီးမှ ဆန်ကြိတ်သင့်ပါသည်။ စပါးကို မသန့်စင်ဘဲ သိုလှောင်ပါက စပါးကို မည်ကဲ့သို့ စိတ်တိုင်းကျ အခြောက်ခံစေခဲ့ကာမူ ရောနှောပါလာသော ပေါင်းစေ့၊ အမှိုက်၊ ဖုံ၊ ခဲ၊ သလဲများတွင် ရှိနေသည့် အစိုဓါတ်ကြောင့် စပါးစေ့ကို အစိုပြန်မှိုတက်ပျက်စီးပြီး စပါးအရည်အသွေးကျဆင်းသွားစေနိုင်ပါသည်။

ဆန်အရည်အသွေးကောင်းရရှိရန် ကြိတ်ခွဲရေးအပိုင်း၊ သိုလှောင်ရေးအပိုင်းတို့သည် အလွန်အရေးပါလှပါသည်။ ဆန်စက်အဆင့်မမီခြင်း၊ သန့်ရှင်းမှုမရှိခြင်း၊ သိုလှောင်မှုစနစ်မရှိခြင်းတို့ သည် စပါးအရည်အသွေး မည်သို့ကောင်းစေကာမူ ဆန်အရည်အသွေးကို ဆွဲချသွားစေပါသည်။

ယနေ့အဆင့်မြင့် ဆန်စက်ကြီးများနှင့် ကြိတ်ခွဲရာတွင် ဆန်သားလုံးပြည့်ပါဝင်မှု (Whole Kernal) ပို၍မြင့်မားလာသည်ကို တွေ့ရသည်။ ဤအချက်သည် ဆန်အရည်အသွေးမြင့်မားခြင်း၏ သော့ချက်ဖြစ်သည်။ ဆန်လုံးရှည်လျှင် ဈေးကောင်းရရှိ၍ ဆန်လုံးတိုလျှင် ဈေးကောင်းမရနိုင်ပါ။ ဆန်စက်အဆင့်မြင့်လာပါက စားသုံးရန်အသင့်ဆန် (Ready To Eat=RTE) ပိုမိုရရှိလာသည်။ အဆင့်မြင့်ဆန်စက်ကြီးများတွင် အကောင်းစားဆန်ဖြူကျောက်ကို အသုံးပြုသည်။ ဆန်ဖြူကျောက်ပူလျှင် ဆန်အကျိုးအကြေများစေသည်။ ဆန်ပွတ်ရော်ဘာလုံးကြားသို့ စပါးလုံးသည် ဒေါင်လိုက်ကျဖို့လိုသည်။ ဒေါင်လိုက်မကျလျှင် ဆန်လုံးကွဲစေသည်။

ဆန်အက်ကြောင်းပါလျှင် ထမင်းချက်ပါက ထမင်းလုံး ထိပ်ဖွာမှုဖြစ်စေပါသည်။ဆန်အရည်အသွေးကောင်းမွန်မှုသည် ဆန်အိတ်များကို သိုလှောင်ရုံအတွင်း စနစ်တကျ စီထပ်သိုလှောင်ပြီး၊ လုံခြုံမှုရှိအောင် စီမံထားခြင်းအပေါ်တွင် မူတည်နေသည်။ ကြွက်၊ ငှက်၊ ပိုးဟပ်မဖျက်ဆီးရန်လိုသည်။ ဆန်ကို ကြာရှည်သိုလှောင်ထားပါက ဖွဲနုတက်ပြီး ဆန်သားအတွင်း ဓါတ်ပြောင်းလဲမှုဖြစ်စေသည်။ ဆန်အရောင်ပျက်၊ ဆန်အနံ့ဆိုးထွက်၊ ဆန်သား အက်စေပါသည်။ သို့အတွက် ဆန်အရည်အသွေးကောင်းစေရန် အဆင့်မြင့်ဆန်စက်ကြီးများ စနစ်ကျသည့် ဆန်သိုလှောင်ရုံကြီးများ များစွာ ထူထောင်ရန် လိုအပ်နေပြီဖြစ်သည်။ သို့ပါ၍ မြန်မာ့ဆန် ကမ္ဘာ့ဈေးကွက်တွင် ရင်ပေါင်တန်း ယှဉ်ပြိုင်နိုင်အောင် အားလုံးဝိုင်းဝန်းကြိုးပမ်းကြဖို့ တိုက်တွန်းလိုက်ရပါသည်။

# ၂၀၁၈ ခုနှစ်တွင် ဗီယက်နမ် မော်တော်ကားဈေးကွက်ကို အားကောင်းစွာဖြင့် တိုးချဲ့နိုင်ခဲ့

ဗီယက်နမ်နိုင်ငံသည် ၂၀၁၈ ခုနှစ် ပထမလဝက်အတွင်း အခက်အခဲများရှိသော်လည်း နှစ်စဉ် ၅ ဒသမ ၈ ရာခိုင်နှုန်း တိုးတက်မှုဖြင့် တစ်နှစ်အတွင်း မော်တော်ယာဉ်စီးရေ ၂၉၀၀၀၀ စီးနီးပါး ရောင်းချခဲ့ရသဖြင့် ၂၀၁၇ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ဂုဏ်ယူစရာ တိုးတက်မှုကိုပြည်တွင်း မော်တော်ကားဈေးကွက်က တွေ့မြင်ခဲ့ရကြောင်း သိရှိရပါတယ်။

ရောင်းဝယ်ရေးဆိုင်ရာ မော်တော်ယာဉ်နှင့် သီးသန့်ရည်ရွယ်ချက်ဖြင့် အသုံးပြုသော မော်တော်ယာဉ်များ၏ ရောင်းချရမှုမှာ ၁၉ ဒသမ ၂ ရာခိုင်နှုန်းနှင့် ၄၈ ဒသမ ၅ ရာခိုင်နှုန်းတို့ အသီးသီး လျော့ကျခဲ့သည့် အတောအတွင်း ခရီးသည်တင် မော်တော်ကားများ ရောင်းချရမှုမှာ ၂၇ ဒသမ ၇ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း ဗီယက်နမ် မော်တော်ကား ထုတ်လုပ်သူများအသင်း (VAMA) ၏ ပြောပြချက်အရ သိရှိရပါတယ်။

၂၀၁၈ ခုနှစ် နောက်ဆုံးလေးလအတွင်း မော်တော်ကားရောင်းချရမှုများကို အားကောင်းစွာ တိုးချဲ့နိုင်ခဲ့ပါကြောင်း၊ စက်တင်ဘာလတွင် မော်တော်ယာဉ်စီးရေ ၂၅၀၀၀ စီးကျော်ကို ရောင်းချခဲ့ရပြီး အောက်တိုဘာလတွင် စီးရေ ၂၉၀၄၀ စီး၊ နိုဝင်ဘာလတွင် စီးရေ ၃၀၉၀၂ စီးနှင့် ဒီဇင်ဘာလတွင် အမြင့်ဆုံးအဆင့် ကိန်းဂဏန်းဖြင့် စီးရေ ၃၄၂၃၄ စီးတို့ကို ရောင်းချရခဲ့ပါကြောင်း သိရှိရပါတယ်။

ဈေးကွက်တိုးတက်မှုကို ကြိုးပမ်းရန် မော်တော်ကားများတပ်ဆင်ခြင်းနှင့် ပြည်တွင်းတွင် မော်တော်ကား ထုတ်လုပ်ခြင်းတို့ကို ခွင့်ပြုထားသော ဗီယက်နမ်နိုင်ငံသို့ တင်ပို့သော မော်တော်ကားများအပေါ် တင်းကျပ်သော စည်းမျဉ်းစည်းကမ်းများက ပြည်ပမှ တင်သွင်းမှုများကို ကြီးမားစွာထိရောက်သောအကျိုးသက်ရောက်မှုကို ဖြစ်စေခဲ့ပါကြောင်း သိရပါတယ်။

၂၀၁၈ခုနှစ် နှစ်ကုန်ပိုင်းတွင် ပြည်ပမှတင်သွင်းသော မော်တော်ကားများ၏ ရောင်းချမှုမှာနှစ်အလိုက် ၆ ဒသမ ၂ ရာခိုင်နှုန်း ကျဆင်းနေသော်လည်း ပြည်တွင်းတွင်တပ်ဆင်သော မော်တော်ယာဉ်များ၏ ရောင်းချရမှုသည် ၁၀ဒသမ၆ ရာခိုင်နှုန်း တိုးတက်နေကြောင်း၊ ဈေးကွက်အတွင်း ဦးဆောင်နေသော ကုမ္ပဏီများမှာ Thaco, Toyota Vietnam, Ford Vietnam နှင့် Honda Vietnam တို့ဖြစ်ပါကြောင်း၊ ဈေးကွက်ဝေစု၏ ၃၄ ဒသမ ၇ ရာခိုင်နှုန်းဖြင့် ၂၀၁၇ ခုနှစ်ထက် ၇ ရာခိုင်နှုန်း တိုးတက်ပြီး မော်တော်ယာဉ်စီးရေ၉၆၁၂၇ စီး ရောင်းချရသည့် Thaco ကုမ္ပဏီက ဦးဆောင်နေပြီး၊ ၎င်းနောက်မှ Toyota Vietnam က ဈေးကွက်၏ ၂၃ဒသမ၈ ရာခိုင်နှုန်း၊ Honda Vietnam က ဈေးကွက်၏ ၉ ဒသမ ၈ ရာခိုင်နှုန်းနှင့် Ford Vietnam က ဈေးကွက်၏ ၈ ဒသမ ၉ ရာခိုင်နှုန်းတို့ အသီးသီးရှိကြ ပါတယ်။

Lumar New Year အားလပ်ရက်ရှည်ထက်စော၍ ရောင်းချမှုကို တိုးမြှင့်ရန် ကြိုးပမ်းခဲ့ပြီး Nissan နှင့် Ford Vietnam တို့အပါအဝင် အချို့ကုမ္ပဏီများက အချို့အမျိုးအစားများ၏ ဈေးနှုန်းများကို တစ်စီးလျှင် VND ၁၀-၃၀သန်းသို့ သိသိသာသာ လျော့ချခဲ့ကြောင်း သိရှိရပါတယ်။

၂၀၁၉ ခုနှစ်နှင့် ၎င်းနှစ်ထက်ကျော်လွန်၍ ဗီယက်နမ်မော်တော်ကားလုပ်ငန်းသည် ဆက်လက်တိုးတက်လိမ့်မည်ဖြစ်ကြောင်းကို Ford Vietnam ၏ General Director က ကြိုတင်ခန့်မှန်းပြောကြားခဲ့ပြီး မော်တော်ကား တစ်စီးပိုင်ဆိုင်သည့် လူဦးရေအချိုးမှာ များစွာသော ဒေသတွင်းနိုင်ငံများနှင့် နှိုင်းယှဉ်ပါက နိမ့်ကျနေသေးပါကြောင်းကိုလည်း အဆိုပါ General Director က ရှင်းလင်းပြောကြားခဲ့ပါတယ်။

**Source;vietnamnet.vn**

**ချိုချိုမာ(ပို့ကုန်)**

# ၂၀၁၈ ခုနှစ်အတွင်း တောင်ကိုရီးယားနိုင်ငံ၏ ဆန်စားသုံးမှုနှုန်း အနိမ့်ဆုံးမှတ်တမ်းဝင်ခဲ့

တောင်ကိုရီးယားနိုင်ငံတွင် တစ်ဦးချင်းဆန်စားသုံးမှုနှုန်းသည် ၂၀၁၈ ခုနှစ်တွင် ပိုမိုကျဆင်းခဲ့ပြီး အနိမ့်ဆုံးမှတ်တမ်းဝင်ခဲ့သည်။ တောင်ကိုရီးယားစာရင်းအင်းအဖွဲ့မှ ထုတ်ပြန်သည့် စာရင်းများအရ တောင်ကိုရီးယားနိုင်ငံတွင် နှစ်စဉ်တစ်ဦးချင်းဆန်စားသုံးမှုများမှာ ၂၀၁၇ ခုနှစ်တွင် ၆၁ ဒသမ ၈ ကီလိုဂရမ်ရှိခဲ့ရာမှ ၂၀၁၈ ခုနှစ်တွင် ၆၁ ကီလိုဂရမ်သို့ ကျဆင်းခဲ့ကြောင်း သိရှိရသည်။ ၁၉၇၀ ပြည့်နှစ်ဝန်းကျင်တွင် တစ်ဦးလျှင် ၁၃၆ ဒသမ ၄ ကီလိုဂရမ်နှုန်း ဆန်စားသုံးမှုရှိခဲ့ရာ ယင်းကာလများနှင့်နှိုင်းယှဉ်ပါက စားသုံးမှုအလွန်လျော့နည်းလာသည်ဟု ဆိုနိုင်သည်။ ဆန်သည် တောင်ကိုရီးယားလူမျိုးများအတွက် အဓိကအစားအစာဖြစ်သော်လည်း ၁၉၈၀ ပြည့်နှစ်ဝန်းကျင်မှစတင်၍ စားသုံးမှုတဖြည်းဖြည်းလျော့ကျခဲ့သည်။ တောင်ကိုရီးယားစိုက်ပျိုးရေးဝန်ကြီးဌာနမှ ထုတ်ပြန်ချက်များအရ ၂၀၁၈ ခုနှစ်တစ်ဦးချင်းပျမ်းမျှ ဆန်စားသုံးမှုနှုန်းသည် ၂၀၁၇ ခုနှစ်နှင့်နှိုင်းယှဉ်ပါက ၁ ဒသမ ၃ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း၊ ကိုရီးယားလူမျိုးများအနေဖြင့် အသင့်စားသုံးနိုင်သည့် အစားအစာများ၊ စွပ်ပြုတ်၊ ဟင်းရည် စသည်တို့ကို စားသုံးမှုပိုမိုများပြားလာခြင်းကြောင့် ဆန်စားသုံးမှု ပိုမိုလျော့နည်းလာခြင်းဖြစ်ကြောင်း သိရှိရသည်။ ဝန်ကြီးဌာနအနေဖြင့်မူ ဈေးကွက်အလားအလာကို သိရှိနိုင်ရန်အတွက် ဆန်ဈေးကွက်ဖွံ့ဖြိုးတိုးတက်မှုကို နှစ်နှစ်မှသုံးနှစ်ခန့်စောင့်ကြည့်လေ့လာရန် လိုအပ်ကြောင်း၊ အစိုးရအနေဖြင့် ပြည်တွင်းလုပ်ငန်းများကိုလည်း ဆန်ကိုအခြေခံထုတ်လုပ်သည့် စားသောက်ကုန်ထုတ်လုပ်ခြင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် ကူညီထောက်ပံ့ခြင်း၊ ဆန်ကိုအခြေခံသည့်အစားအသောက်များ စားသုံးခြင်းဖြင့် အာဟာရပြည့်ဝမှုကိုလည်း ပြည်သူများအကြား ပိုမိုသိရှိလာအောင် ဆောင်ရွက်ခြင်းတို့ကို ပြုလုပ်သွားမည် ဖြစ်ကြောင်း သိရှိရသည်။

**ခင်မျိုးသော်၊ စီးပွားရေးသံမှူး၊**

**မြန်မာသံရုံး၊ ဆိုးလ်မြို့။**

# အာဆီယံဒေသတွင်း လျှင်မြန်စွာတိုးတက်နေသည့် ထိုင်းနိုင်ငံ၏ E-Commerce

ထိုင်းနိုင်ငံတွင် E-Commerce သည် လွန်ခဲ့သည့် နှစ်များမှစ၍ တဖြည်းဖြည်းတိုးတက်လာခဲ့ရာ ၂၀၁၈ ခုနှစ်တွင် ၁၄ ရာခိုင်နှုန်းထိ တိုးတက်ခဲ့ပြီး ဘတ် ၃ ဒသမ ၂ ထရီလီယံထိ ရရှိခဲ့ကြောင်း၊ ယခု ၂၀၁၉ ခုနှစ်တွင် ၂၀ရာခိုင်နှုန်း တိုးတက်ရန် မျှော်မှန်းထားကြောင်း Electronic Transactions Development Agency(ETDA) မှ ပြောကြားခဲ့ပါသည်။

ထိုင်းနိုင်ငံ၏ E-Commerce အသုံးပြုနှုန်းမှာ အာဆီယံဒေသတွင်း အမြင့်ဆုံးဖြစ်ခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် ဘတ် ၂ ဒသမ ၂၄ ထရီလီယံ၊ ၂၀၁၆ ခုနှစ်တွင် ဘတ် ၂ ဒသမ ၅ ထရီလီယံ၊ ၂၀၁၇ ခုနှစ်တွင် ဘတ် ၂ ဒသမ ၇ ထရီလီယံ ရရှိခဲ့ပြီး တစ်နှစ်ထက်တစ်နှစ် တိုးမြင့်လာခဲ့ပါသည်။

၂၀၁၄ ခုနှစ်ကတည်းက ကောက်ယူခဲ့သော စာရင်းများအရ ထိုင်းနိုင်ငံတွင် E-Commerce သည် တစ်နှစ်လျှင် ၈ ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းကြား တိုးတက်လျက်ရှိကြောင်း၊ Online Shoppers ယုံကြည်စိတ်ချရသော E-Payment၊ Logistics၊ Delivery Services များသည် တစ်ဟုန်ထိုး တိုးတက်လာခဲ့ကြောင်း ETDA ဥက္ကဋ္ဌ Surangkana Wayuparp က ပြောကြားခဲ့ပါသည်။

၂၀၀၈ ခုနှစ်တွင် အင်တာနက်အသုံးပြုသူ ၁၆ ဒသမ ၁ သန်းရှိရာမှ ၂၀၁၇ ခုနှစ်တွင် ၄၅ ဒသမ ၂ သန်းထိ တိုးတက်လာခဲ့ပါသည်။ ထုတ်ကုန်နှင့် ဝန်ဆောင်မှု အရည်အသွေးတိုးတက်စေရန် Artificial Intelligence (AI) ကို အသုံးပြုခဲ့သည့်အပြင် ဖောက်သည်များထံ သတင်းအချက်အလက်လျှင်မြန်စွာ ရောက်ရှိစေရန် Chatbots ၏ အသုံးပြုမှုအဖြစ်ဖြင့်လည်းကောင်း၊ စီးပွားရေးလုပ်ငန်းများအတွက် လည်းကောင်း အသုံးပြုကြောင်းသိရှိရပါသည်။

ထို့ပြင် ၃၆၀ ဒီဂရီ Steaming & Live Steaming၊ ပညာရေးအတွက် 3D Virtual Reality များ အရည်အသွေးကောင်းမွန်စေရန်အတွက် 5G အသုံးပြုရန် ဆောင်ရွက်လျက်ရှိကြောင်း၊ ဖုန်းအသုံးပြုသူ ၁၂၄ ဒသမ ၈ သန်း အနက် Messenger သုံးစွဲသူ ၄၄ သန်း၊ Facebook သုံးစွဲသူ ၅၂ သန်းရှိကြောင်း၊ e-commerce မှ ရရှိငွေသည် ဘတ် ၃ ဒသမ ၂ ထရီလီယံထိ ရရှိခဲ့ကြောင်း သိရှိပါ သည်။

ယခင်နှစ် စီးပွားရေးလုပ်ငန်းများမှ ရရှိငွေ ဘတ် ၁ ဒသမ ၄၄ ဘီလီယံတွင် တစ်ဦးချင်းထုတ်ကုန် ၁ ဒသမ ၇ သန်း ပါဝင်ခဲ့ပြီး၊ ကလေးအသုံးဆောင်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်း၊ စမတ်ဖုန်းများ၊ အလှအပရေးရာ ပစ္စည်းများနှင့် အရေပြားထိန်းသိမ်းခြင်းဆိုင်ရာ ပစ္စည်းများမှာ လူကြိုက်များသော ရောင်းကုန်များ ဖြစ်ကြောင်းသိရှိရပါသည်။ e-market places သည် ထိုင်းနိုင်ငံတွင် ဒုတိယအများဆုံး Platform ဖြစ်ပြီး ရောင်းဝယ်မှု လွယ်ကူခြင်း၊ အတားအဆီးများ လျှော့ချနိုင်ခြင်း၊ ဝယ်သူအတွက် အချိန်ကုန်သက်သာခြင်းနှင့် ရွေးချယ်ခွင့်ပိုမိုရရှိစေခြင်းတို့ကြောင့် ထိုင်းနိုင်ငံရှိ e-market Places သည် ဒုတိယလူကြိုက် အများဆုံး ဈေးကွက်ဖြစ်လာကြောင်း၊ ဗီယက်နမ်၊ အင်ဒိုနီးရှားနှင့် တရုတ်နိုင်ငံများမှ ထိုင်းထုတ်ကုန်များကို နှစ်သက်ကြသဖြင့် နိုင်ငံတကာဈေးကွက်သို့ပင် ထိုးဖောက်လာနိုင်ကြောင်း သိရှိရပါသည်။ **Sources: Bangkok Post**

**ခိုင်(တာချီလိတ်)**

# အိန္ဒိယ၌ ထပ်တိုးထုတ်လုပ်မှုပမာဏတိုးချဲ့ရန်အတွက် ရူပီးကုဋေ ၄၀၀၀ ခန့် Vivo ရင်းနှီးမြှုပ်နှံမည်

တရုတ်ဟန်းဆက်ကုမ္ပဏီကြီး ဖြစ်သည့် Vivo သည် အိန္ဒိယနိုင်ငံ၊ Uttar Pradesh ပြည်နယ်၌ ထုတ်လုပ် ရေးစက်ရုံသစ်တစ်ခုတည်ဆောက်မည်ဖြစ်ကာ အဆိုပါစက်ရုံ၌ လေးနှစ်အတွင်း ရူပီးကုဋေ ၄၀၀၀ ခန့်ရင်းနှီး မြှုပ်နှံမည်ဖြစ်ကြောင်း သိရှိရပါသည်။

Vivo ကုမ္ပဏီသည် အိန္ဒိယဈေး ကွက်၌ ဆမ်ဆောင်း၊ Xiaomi ကဲ့သို့ သော အမှတ်တံဆိပ်များနှင့်အပြိုင် ဈေးကွက်အသာစီးရနိုင်ရန် ကြိုးစားနေ ရာ အိန္ဒိယမြို့တော်ပြင်ပယမုံနာမြစ်ကမ်းဘေးတွင် ၁၆၉ ဧကကျယ်ဝန်း သည့် မြေနေရာကိုရရှိပြီးဖြစ်ကြောင်း၊ ယခုစက်ရုံသစ်နေရာသည် ဧက ၅၀ ကျယ်ဝန်းသည့် ယခင်စက်ရုံနေရာနှင့် အနီးတွင်ပင်ဖြစ်ကာ အိန္ဒိယတွင် ကုမ္ပဏီ၏ ထုတ်လုပ်မှုစွမ်းရည်ပမာဏကို တိုးချဲ့ရာ၌ အထောက်အကူများစွာ ပြုမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ချက်၌ ဆိုထားသည်။

Vivo ကုမ္ပဏီသည် ခေတ်မီဆန်း သစ်သည့် ထုတ်ကုန်များဆောင်ကျဉ်းလာရန်နှင့် သုံးစွဲသူများအား တန်ဖိုးထားရန် ကတိပြုလျက် အိန္ဒိယသို့ ၂၀၁၄ ခုနှစ်တွင် စတင်ဝင်ရောက်လာခဲ့ကြောင်း၊ ယခုအသစ်တည်ဆောက် မည့်စက်ရုံသည် အရည်အသွေးမြင့်မားသည့် အလုပ်အကိုင်များ ဖန်တီးပေးခြင်း၊ သင်တန်းများပေးခြင်းစသည့် အခွင့် အလမ်းတို့မှတစ်ဆင့် ပတ်ဝန်းကျင် ဒေသများကို အဓိကအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ အိန္ဒိယ၌ ရောင်းချနေသည့် Vivo စမတ်ဖုန်း အားလုံးသည် ဒေလီအနီးရှိ Greater Noida စက်ရုံထုတ်ပစ္စည်းများဖြစ်ကြောင်း၊ အဆိုပါ စက်ရုံသည် ကမ္ဘာ့နိုင်ငံများရှိ Vivo ထုတ်လုပ်မှုစက်ရုံလေးရုံအနက် တစ်ခုဖြစ်ကြောင်း၊ လက်ရှိစက်ရုံတွင် ရင်းနှီးမြှုပ်နှံမှုပေါင်း ရူပီးကုဋေ ၃၀၀ ရှိပြီး လုပ်သားဦးရေ ၅၀၀၀ ကျော်ဖြင့် လစဉ် ဖုန်းအလုံးရေ နှစ်သန်းကျော်ထုတ်လုပ် လည်ပတ်နေပြီဖြစ်ကြောင်း၊ စက်ရုံသစ် တည်ဆောက်ပြီး ပထမအဆင့် တိုးချဲ့ပါက အလုပ်အကိုင် ၅၀၀၀ ကျော် ထပ်မံဖန်တီးပေးနိုင်ရန် မျှော်မှန်းထား ပြီး ထုတ်လုပ်မှုစွမ်းရည်ကိုလည်း လက် ရှိထုတ်လုပ်မှု၏နှစ်ဆ၊ တစ်နှစ်လျှင် ဖုန်းအလုံးရေ သန်း ၅၀ အထိ တိုးတက်ထုတ်လုပ်ရန် စီစဉ်ထားကြောင်း Vivo India Director - Brand Strategy က ဆိုထားသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး**

**မြန်မာသံရုံး၊ နယူးဒေလီမြို့။**

# ဗီယက်နမ်ဖရဲသီးက တရုတ်နိုင်ငံမှာ စည်းကမ်းသတ်မှတ်ချက်များနှင့် ရင်ဆိုင်နေရ

တရုတ်နိုင်ငံသို့ ဖရဲသီးများကို တင်ပို့သောအခါ ဗီယက်နမ် စီးပွားရေး လုပ်ငန်းအမျိုးမျိုးအတွက် ဗီယက်နမ် စက်မှုနှင့် ကုန်သွယ်ရေး ဝန်ကြီးဌာန လက်အောက်ရှိ အာရှ-အာဖရိက ဈေးကွက်ဌာနသည် ထောက်ခံချက်အချို့ကို ဆောင်ရွက်ပေးနေရကြောင်း ဗီယက်နမ် နယူးစ်သတင်းမှာ ဖော်ပြပါတယ်။

တရုတ်နိုင်ငံရှိဖရဲသီးစိုက်ပျိုးသော ဧရိယာမှာ လောလောဆယ်တွင်ဟက်တာ နှစ်သန်းခန့်သာ ရှိသည့်အတွက် သစ်သီးနှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးသော ဧရိယာ၏ ၁၀ ရာခိုင်နှုန်းသာရှိကြောင်း စက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန၏ ကိန်းဂဏန်းများအရ သိရသည်။ ဖရဲသီး ပျမ်းမျှအထွက်မှာ နှစ်စဉ်တန်ချိန် ၇၃ မှ ၇၅တန် အကြားတွင် တည်ရှိသည်။

တရုတ်နိုင်ငံသည် ၂၀၁၄ ခုနှစ်မှ ၂၀၁၈ ခုနှစ်အတွင်း နှစ်စဉ်ပျမ်းမျှ ဖရဲသီးတန်ချိန် ၂၀၀၀၀၀ တင်သွင်းလျက်ရှိရာ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ သန်း ၃၀ ခန့်ရှိသော်လည်း ထိုပမာဏမှာ ကျဆင်းလျက်ရှိကြောင်း တရုတ်နိုင်ငံ အကောက်ခွန်စာရင်းများအရ သိရသည်။

၂၀၁၇ ခုနှစ်တွင် တရုတ်နိုင်ငံက ဖရဲသီးတန်ချိန် ၁၈၈၃၀၀ တန် တင်သွင်းခဲ့သည့်အတွက် တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၃၁ ဒသမ ၈သန်းရှိခဲ့သဖြင့် ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက ပမာဏအားဖြင့် ၇ ဒသမ ၇၈ ရာခိုင်နှုန်း၊ ဝင်ငွေအားဖြင့် ၂ ဒသမ ၈ ရာခိုင်နှုန်း ကျဆင်းခဲ့တာကို တွေ့ရသည်။ လောလောဆယ်တွင် တရုတ်နိုင်ငံက ဗီယက်နမ်အပြင် မလေးရှားနှင့် မြန်မာနိုင်ငံတို့မှ ဖရဲသီးများကို တင်သွင်းလျက်ရှိသည်။

အရည်အသွေးစံသတ်မှတ်ချက်အရတရုတ်နိုင်ငံသို့ လယ်ယာစိုက်ပျိုးရေးနှင့် သစ်သီးတင်ပို့မည်ဆိုပါကတင်ပို့သောနိုင်ငံ၏ အေဂျင်စီတစ်ခုက ထုတ်ပေးသော ရောဂါဘယကင်းရှင်းကြောင်း စစ်ဆေးချက်သက်သေခံ လက်မှတ် လိုအပ်သည်။



နန်နင်းနှင့် ကွမ်ရှီးရှိ ဗီယက်နမ်ကုန်သွယ်ရေးရုံးများမှရရှိသော သတင်းများအရ ဤနယ်မြေများရှိ အကောက်ခွန်ဌာနများ၏ သတင်းများအရ တရုတ်အကောက်ခွန်ဌာနများက ဖရဲသီးတင်သွင်းသောအခါ အခုအခံအဖြစ် အသုံးပြုသည့်ပစ္စည်းများ(ဗီယက်နမ်က ကောက်ရိုးကိုသုံးသည်)ကို ပြောင်းလဲရန် သွင်းကုန်လုပ်ငန်းများအား တောင်းဆိုထားကြောင်း သိရသည်။ သယ်ယူပို့ဆောင်ရာတွင် ၂၀၁၉ ခုနှစ် မေမှစ၍ ရောဂါပိုးကူးစက်နိုင်သော ပစ္စည်းများ မပါသော အခုအခံများဖြင့် တင်သွင်းကြရန် ညွှန်ကြားထားကြောင်း သိရသည်။

၂၀၁၈ ခုနှစ်မှစ၍ တရုတ်နိုင်ငံသည် အထူးသဖြင့် ဖရဲသီး သွင်းကုန်များအပေါ်တွင်စီမံခန့်ခွဲမှုနှင့် နောက်ပြန်ခြေရာခံနိုင်မည့် အစီအမံများကို တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ပြီး ပြည်ပမှ တင်သွင်းလာသော သစ်သီးများတွင် စတင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ ပို့ကုန်လုပ်ငန်းတွင် ပါဝင်နေသော ဥယျာဉ်များနှင့် ထုပ်ပိုးရေးလုပ်ငန်းများ၏ စာရင်းကိုလည်း တင်ပို့သောနိုင်ငံမှ အေဂျင်စီက တရုတ်နိုင်ငံဘက်သို့ အကြောင်းကြားရမည်ဟု သိရသည်။

**စံမီအောင်**



# ထောင်စုနှစ်ဖွားများ အလုပ်လုပ်ကိုင်ရန် အာရှပစိဖိတ်ဒေသတွင် စင်ကာပူနှင့် ဟောင်ကောင်တို့က ထိပ်တန်းမြို့များဖြစ်လာ

သုတေသနလုပ်ငန်း ValueChampion သည် အများပြည်သူဒေတာ အချက်အလက်များကိုစစ်တမ်းကောက် ယူပြီးနောက် အာရှပစိဖိတ်ဒေသရှိ မြို့ပေါင်း ၂၀ ကိုအလုပ်အကိုင်ရရှိနိုင်မှု၊ နေထိုင် စရိတ်နှင့် ဘဝနေထိုင်မှုအဆင့်အတန်းစသည်တို့ကို အခြေခံလျက် ထောင်စုနှစ်ဖွားများအတွက် အသင့်တော်ဆုံးမြို့များအဖြစ် အဆင့်သတ်မှတ်ချက်ကိုထုတ်ပြန်ခဲ့ကြောင်း scmp.com သတင်းတွင်ဖော်ပြသည်။

စင်ကာပူနိုင်ငံသည် စာရင်း၏ထိပ်ဆုံးတွင် တည်ရှိနေကာ တိုကျို၊ ဟောင်ကောင်၊ ကွေ့ချောင်းနှင့် မဲလ်ဘုန်းတို့က အသီးသီး လိုက်ပါလျက်ရှိသည်။

"ထောင်စုနှစ်ဖွားတွေအတွက် အသက်မွေးဝမ်းကျောင်းဖို့နဲ့ လူ့ဘဝ အရည်အသွေးပြည့်နေနိုင်ဖို့အတွက် စင်ကာပူက အကောင်းဆုံးမြို့ဖြစ်ပါတယ်။ စည်ပင်ဖွံ့ဖြိုးနေတဲ့ စင်ကာပူရဲ့စီးပွားရေးက လူငယ်တွေအတွက် အလုပ်အကိုင်အခွင့်အလမ်းတွေအများကြီး ပေးနိုင်ပါတယ်" ဟု ValueChampion သုတေသနလုပ်ငန်းမှ အစီရင်ခံစာတွင် ဖော်ပြထားသည်။

စင်ကာပူမှာ ကျားမလုပ်ခလစာ ကွာဟချက်အနည်းဆုံးဖြစ်ပြီး မြို့ပေါင်း ၂၀ အနက် အလုပ်လက်မဲ့နှုန်း ဒုတိယအနည်းဆုံးဖြစ်သည်။ အလုပ်လက်မဲ့နှုန်းမှာ စုစုပေါင်းလူဦးရေ၏ ၂ ဒသမ ၂ ရာခိုင်နှုန်းနှင့် လူငယ်ဦးရေ၏ ၃ ဒသမ ၉၆ရာခိုင်နှုန်းရှိသဖြင့် လစာကောင်းကောင်းရသည့် အလုပ်ကို ရရှိနိုင်သည့်သဘောဖြစ်သည်။

စင်ကာပူနိုင်ငံ ထူးထူးခြားခြားဖြစ်လာစေရန် ပံ့ပိုးပေးနေသော အကြောင်းတရားများအနက် ဘာသာစကားမျိုးစုံသုံးစွဲမှု၊ ကမ္ဘာ့ ဘဏ္ဍာရေးအချက်အချာအဖြစ် နာမည်ကောင်းရှိမှုနှင့် တည်ထောင်စလုပ်ငန်းများအတွက် နေရာကောင်းဖြစ်ခြင်းစသည့် အချက်များပါဝင်သည်။

ဟောင်ကောင်သည် စီးပွားရေးခိုင်မာတောင့်တင်းမှုနှင့် အလုပ်လက်မဲ့နှုန်းနိမ့်ကျမှုကြောင့် ရမှတ်ကောင်းရရှိထားခြင်း ဖြစ်သည်။ ဟောင်ကောင်၏ အလုပ်လက်မဲ့နှုန်းမှာ စုစုပေါင်းလူဦးရေ အရ ၂ ဒသမ ၈ ရာခိုင်နှုန်းရှိပြီး လူငယ်လူဦးရေအရ ၈ ဒသမ ၁၂ ရာခိုင်နှုန်းရှိသည်။ **စံမီအောင်**

# အမေရိကန်၊ တရုတ် ကုန်သွယ်မှုဆွေးနွေးပွဲကို လာမည့်သီတင်းပတ်၌ ဝါရှင်တန်တွင်ကျင်းပမည်

တရုတ်နှင့် အမေရိကန်နိုင်ငံတို့၏ကုန်သွယ်မှုစစ်ပွဲကို ဖြေရှင်းရန်ဆွေးနွေးပွဲကို ဝါရှင်တန်တွင်လာမည့် ရက်သတ္တပတ်၌ ပြန်လည်စတင်မည်ဖြစ်ကြောင်းနှင့် ယခုသီတင်းပတ်အတွင်း ပေကျင်း၌ ဆောင်ရွက်ခဲ့သော စေ့စပ်ညှိနှိုင်းမှုများမှာ တိုးတက်မှုရှိသည်ဟု နှစ်ဖက်စလုံးမှပြောကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။



အမေရိကန်သမ္မတဒေါ်နယ်ထရမ့်က သတ်မှတ်ရက်ကို ရွှေ့ပြောင်းပေးရန်ဆန္ဒရှိကြောင်း ပြောကြားလျက်ရှိသော်လည်း စေ့စပ်ဆွေးနွေးရေးကိစ္စကို ပြီးပြတ်အောင် ဆောင်ရွက်ရန် သို့မဟုတ် တရုတ်ကုန်ပစ္စည်းများအပေါ် အခွန် တိုးမြှင့်ကောက်ခံရေးကိစ္စကို အိမ်ဖြူတော်ကို မတ်လ ၁ ရက်နေ့ကို နောက်ဆုံးရက်အဖြစ် သတ်မှတ်ထားဆဲဖြစ်သည်။

နောက်ဆုံးသတ်မှတ်ရက်ဖြစ်သော ၂၀၁၉ ခုနှစ်မတ်လ ၁ ရက် မတိုင်မီ ကြိုတင်၍ကျန်ရှိနေသောပြဿနာများကို ဖြေရှင်းနိုင်အောင် နှစ်နိုင်ငံလုံးက ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ကြောင်း ဖေဖော်ဝါရီ ၁၅ ရက်က ထုတ်ပြန်သော ကြေညာချက်တွင် အိမ်ဖြူတော် ပြန်ကြားရေးအရာရှိ ဆာရာ ဆန်းဒါးက ပြောသည်။

"အသေးစိတ် နက်နက်ရှိုင်းရှိုင်း ဆွေးနွေးမှုတွေကြောင့် နှစ်ဖက်စလုံးမှာ တိုးတက်မှုတွေရှိလာနိုင်ပါတယ်။ ဒါပေမဲ့ ဆောင်ရွက်စရာတွေက အများကြီးကျန်နေဦးမှာပါ"ဟု ပေကျင်း ဆွေးနွေးပွဲများနှင့် ပတ်သက်၍ ဆန်းဒါးက ပြောသည်။

ဆွေးနွေးပွဲကာလအတွင်း အရေးပါသော ကိစ္စရပ်များနှင့်ပတ်သက်၍ တရုတ်နှင့် အမေရိကန်ပြည်ထောင်စုတို့သည် မူအားဖြင့် သဘောတူညီမှုများရရှိခဲ့ကြောင်း တရုတ်နိုင်ငံတော် သတင်းအေဂျင်စီ ရှင်ဟွာက ဖေဖော်ဝါရီ ၁၅ ရက်တွင် ဖော်ပြသည်။ ကုန်သွယ်ရေးနှင့် စီးပွားရေးကိစ္စများအတွက် နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးရန် အသေးစိတ် ဆွေးနွေးပြီးဖြစ်ကြောင်း ဖော်ပြခဲ့သော်လည်း အသေးစိတ် ရေးသားဖော်ပြခြင်းမရှိကြောင်း သိရသည်။

နှစ်နိုင်ငံဆွေးနွေးမှုများတွင် နည်းပညာ၊ ဉာဏပစ္စည်းပိုင်ဆိုင်မှု၊ လယ်ယာစိုက်ပျိုးရေး၊ ဝန်ဆောင်မှု၊ အကောက်ခွန်မဟုတ်သော အတားအဆီးများနှင့်ငွေကြေးကိစ္စများကို အလေးပေးဆောင်ရွက်ခဲ့သည့်အပြင် အချိန်ကြာမြင့်ပြီး ပမာဏကြီးမားစွာရှိနေသော နှစ်နိုင်ငံကုန်သွယ်ရေးကွာဟချက်ကို လျှော့ချနိုင်ရန်အတွက် အမေရိကန်ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများကို တရုတ်နိုင်ငံက ဝယ်ယူရေးကိစ္စများကို ဆွေးနွေးခဲ့ကြောင်း ဆန်းဒါးက ပြောသည်။ **စံမီအောင်**

## Diamond Construction Co.,Ltd

DMC



- Building Interior & Exterior Decoration Design
- Building Interior & Exterior Decoration
- Building Construction
- Steel Structure
- Plywood furniture processing production

No.A/56, Second Floor, U Wisara Road, Commercial Development Zone,
North Dagon Township, Yangon.
Ph : 09 404888888, 09 421000882, 09 421000996
Email : 2008qe@163.com

ကားအမျိုးအစားစုံလင်ရာ

1717 Car Sales Centre

သို့ ကြွလှမ်းခဲ့ပါ ::::::::::::::




- 1717 Car Sales Centre မှ Update ဖြစ်သော ကားဈေးနှုန်းများကို 1717 facebook page (www.facebook.com/1717 company) တွင်ဝင်ရောက်လေ့လာပြီး ဝယ်ယူအားပေးနိုင်ပါပြီ.....
- ကားအရောင်းပြခန်းအမှတ် (၅၃/က)၊ လေးထောင့်ကန်လမ်းမကြီး ၊ ဗိုလ်ကံညွှန့်ရပ်ကွက် ၊BOC နှင့် ဘုရားလမ်းမှတ်တိုင်ကြား (AKK SHOPPING MALL အနီး)သင်္ဃန်းကျွန်းမြို့နယ် ၊ ရန်ကုန်။

ဆက်သွယ်ရန်ဖုန်းနံပါတ် - ၀၉ ၂၅၆၀၀၁၇၁၇ ၊ ၀၉ ၃၆၂၃၁၇၁၇

## SHWE JOE KU

### COMPANY LIMITE

Car Rental Services

&

Auto Mobile Services Centre

24 Hours Services

Add : No. (17), Bo Min Yaung Road, 35-Quater, North Dagon Township, Yangon

PH : 095089000, 09765089000, 09785089000, 09695089000, 09950606080

T.W ကျော်ကြား

ကုမ္ပဏီလီမိတက်

KAA

Truck & Machinery Sales

Worthy for Reliability




လုပ်ငန်းသုံးယာဉ်ရောင်းဝယ်ရေး

ဆက်သွယ်ရန်

01 2305511, 09 49806777, 09 260008787, 09 5320712

တိုက် (၈)၊ အခန်း (၁၀၅)၊ ယုဇနဟိုက်ဝေးကွန်ဒို၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

TYW
Distribution Company

# Tin Ye Win Distribution Company Limited




No.69/70, Pyin Si Min Thar Gyi St., Zone(4), Hlaing Thar Yar Industrial City, Yangon.
Tel & Fex : +951-685310, 685337, 685708, 685709, 685346, 685697 Email : tyw.ahha@gmail.com

# NEW WORLD TRADING CO.,LTD.




Green Mung Beans

Black Matpe (S.Q)

Black Matpe (F.A.Q)

Toor Whole

ADD : No.504(GROUND FLOOR), STRAND ROAD, LANMADAW TOWNSHIP, YANGON, MYANMAR.
TEL : 951-226235, 951-226277, Fax : 951-227640
E-mil : newworld@newworld.com.mm

# COMMERCE INTERNATIONAL

# 2019 ckSwfcGurlyGSkf&D;,Gpk,if 41 'or 1 oef;0if&mufxd;ar)mfS

ထိုင်းနိုင်ငံ၏ ခရီးသွားလုပ်ငန်းသည် ၂၀၁၉ ခုနှစ်တွင်လည်း တိုင်းပြည်စီးပွားရေး တိုးတက်မှုအတွက် စွမ်းအားမြင့်မောင်းနှင်အားအဖြစ် ဆက်လက်ရှိနေဦးမည်ဖြစ်ပြီး ယခုနှစ်အတွင်း ကမ္ဘာလှည့်ခရီးသွား စုစုပေါင်း ၄၁ ဒသမ ၁ သန်း ဝင်ရောက်၍ ဝင်ငွေပမာဏ ဘတ် ၂ ဒသမ ၂၁ ထရီလီယံရရှိရန် မျှော်မှန်းထားကြောင်း သိရသည်။

၂၀၁၈ ခုနှစ်တွင် ထိုင်းနိုင်ငံသို့ ကမ္ဘာလှည့် ခရီးသွားစုစုပေါင်း ၃၈ ဒသမ ၃ သန်းဝင်ရောက်ခဲ့ရာ ၂၀၁၇ ခုနှစ်ထက် ၇ ဒသမ ၅ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ ယင်းကာလအတွင်း ခရီးသွားဝင်ငွေပမာဏဘတ် ၂ ဒသမ ၀၁ ထရီလီယံရရှိသဖြင့် ၁၀ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ ထိုင်းနိုင်ငံ၏ ခရီးသွားဝင်ငွေသည် ကမ္ဘာတွင်ထိပ်ဆုံး လေးနေရာ၌ရှိကြောင်း၊ ထိုင်းနိုင်ငံ၏ ခရီးသွားဝင်ငွေ တိုးတက်မှုနှုန်းသည် ခရီးသည်ဝင်ရောက်မှု တိုးတက်မှုနှုန်းထက် မြင့်မားသဖြင့် ထိုင်းခရီးသွားလုပ်ငန်းသည် အရည်အသွေးမြင့်ခရီးသွား လုပ်ငန်းတစ်ခုအဖြစ် ပြောင်းလဲလာခြင်းကို ညွှန်းဆိုကြောင်း ခရီးသွားလာရေးနှင့် အားကစားဝန်ကြီး Mr. Weerasak Kowsurat က ပြောကြားခဲ့ပါသည်။



UN World Tourism Organization မှ ထုတ်ပြန်သည့် စာရင်းအချက်အလက်များအရ ၂၀၁၈ ခုနှစ်တွင် ကမ္ဘာ့ခရီးသွားအရေအတွက်သည် ၁ ဒသမ ၄ ဘီလီယံရှိခဲ့ပြီး ခြောက်ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ ထိုင်းနိုင်ငံသို့ လာရောက်သော ကမ္ဘာလှည့်ခရီးသွား တိုးတက်မှုနှုန်းသည် ကမ္ဘာ့ခရီးသွားတိုးတက်မှုနှုန်းထက် သာလွန်ခဲ့ကြောင်း တွေ့ရှိရပါသည်။

၂၀၁၈ ခုနှစ်အတွင်း ထိုင်းနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသွားဝင်ရောက်မှု တိုးတက်လာခြင်းသည် ခရီးသွားဆေးပေးခန်းများ ဖွင့်လှစ်ပေးခြင်းနှင့်ခေတ်မီနည်းပညာ အသုံးပြုခြင်း စသည့် ကမ္ဘာလှည့် ခရီးသွားများအတွက် လုံခြုံရေးနှင့် အဆင်ပြေရေးကို မြှင့်တင်ဆောင်ရွက်ပေးခဲ့၍ ဖြစ်ပါသည်။

ဒုတိယအဆင့် ပြည်နယ်များအတွက် အစိုးရ၏ ခရီးသွားမြှင့်တင်ရေး အစီအစဉ်များ၊ လူကြိုက်များသော ထိုင်းသမိုင်းဆိုင်ရာ ရုပ်မြင်သံကြား ဇာတ်လမ်းတွဲ "Love Destiny" နှင့် "Un Al RakKhlaiKhwamNao" ပွဲတော်များသည် ပြည်နယ်များစွာ၏ ခရီးသွားလုပ်ငန်းကို မြှင့်တင်ပေးလျက်ရှိပါသည်။

ထိုင်းနိုင်ငံ၏ ပြည်တွင်းခရီးသွားလာမှု အခြေအနေမှာ ၂၀၁၈ ခုနှစ်အတွင်း ခရီးစဉ်စုစုပေါင်း ၂၂၆ သန်းရှိခဲ့ပြီး ဝင်ငွေအနေဖြင့် ဘတ် ၁ ဒသမ ၀၇ ထရီလီယံရရှိခဲ့ပါသည်။ ခရီးသွားလာစရိတ်နှင့် ခရီးသွားလာရေးဆိုင်ရာ ဆွေးနွေးပွဲများအပေါ် အစိုးရ၏ အခွန်အကောက် လျှော့ချပေးသည့် အစီအစဉ်အား ဒုတိယဦးစားပေး ခရီးသွား ပြည်နယ် ၅၅ ခုအတွက် ချမှတ်ပေးထားကြောင်း၊ တစ်နှစ်လျှင် ခရီးသွားဝင်ရောက်မှု အရေအတွက် ၄ သန်းထက်နည်းပြီး လူသိနည်းသော ဒေသများအတွက် ခရီးသွားဝင်ရောက်မှုကို မြှင့်တင်ပေးခြင်းနှင့် ဝင်ငွေလှည့်လည်စီးဆင်းမှု ကောင်းမွန်စေခြင်းသည် တိုင်းပြည်၏ ဝင်ငွေမညီမျှမှုကို လျှော့ချပေးမည်ဖြစ်ကြောင်း၊ အခွန်အကောက် လျှော့ချပေးသည့်အစီအစဉ်များကြောင့် ဒုတိယဦးစားပေး အဆင့် ပြည်နယ်များသို့ ခရီးသွားဝင်ရောက်မှုသည် ၂၀၁၁ ခုနှစ်တွင် သန်း ၅၀ ရှိခဲ့ရာမှ ၂၀၁၈ ခုနှစ်တွင် သန်း ၉၀ အထိ မြင့်တက်လာကြောင်း ဝန်ကြီး Mr. Weerasak က ပြောကြားခဲ့ပါသည်။ ■

# ဖွံ့ဖြိုးရေးစီမံကိန်းများအား ရည်မှန်းချက်များနှင့်အညီ ထိုင်း ဆက်လက်အကောင်အထည်ဖော်မည်




ဂျပန်ရင်းနှီးမြှုပ်နှံသူ ၅၀၀ ခန့်သည် လက်ရှိအစိုးရအကောင်အထည်ဖော်ခဲ့သော ဖွံ့ဖြိုးရေးစီမံကိန်းများ၌ ဆက်လက် ရင်းနှီးမြှုပ်နှံကြမည်ဖြစ်ကြောင်း၊ နိုင်ငံ၏ အနာဂတ်စီးပွားရေး တိုးတက်မှုအတွက် အလွန်အရေးကြီးသော စီမံကိန်းများအား မည်သည့်နိုင်ငံရေးပါတီကမျှ ရပ်တန့်ရန်မဖြစ်နိုင်ကြောင်း ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၃၁ ရက်တွင် ဂျပန်နိုင်ငံ၊ အိုဆာကာမြို့၌ ထိုင်းနိုင်ငံရင်းနှီးမြှုပ်နှံမှု ဘုတ်အဖွဲ့ (Board of Investment)မှ ဦးစီးကျင်းပသည့် ဆွေးနွေးပွဲ၌ ထိုင်းဒုတိယဝန်ကြီးချုပ် Mr. Somkid Jatusripitak က အခိုင်အမာ ပြောကြားခဲ့ပါသည်။

ဒစ်ဂျစ်တယ် စီးပွားရေးစနစ် Thailand 4.0၊ EEC စီးပွားရေးစင်္ကြံ (Eastern Economic Corridor) နှင့် SEC စီးပွားရေးစင်္ကြံ (Southern Economic Corridor) စသည့် လက်ရှိအစိုးရချမှတ်ခဲ့သော ဖွံ့ဖြိုးရေးစီမံကိန်းများအား ဆက်လက်အကောင်အထည်ဖော်မည်ဟုယုံကြည်ကြောင်း ဒုတိယဝန်ကြီးချုပ် Mr. Somkid က ထပ်လောင်းပြောကြားခဲ့ပါသည်။

ထိုင်းနိုင်ငံသည် ၂၀၁၇ ခုနှစ်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ပမာဏ ဘတ် ၂၉၀ ဘီလီယံ ရရှိခဲ့သော်လည်း EEC စီးပွားရေးစင်္ကြံ စီမံကိန်းကြောင့် ၂၀၁၈ ခုနှစ်တွင် ဘတ် ၆၈၀ ဘီလီယံအထိ မြင့်တက်လာပါသည်။ ၂၀၁၈ ခုနှစ်တွင် ထိုင်းနိုင်ငံသို့ဝင်ရောက်သော နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများအနက် ဂျပန်ရင်းနှီးမြှုပ်နှံမှုသည် ဘတ် ၄၄ ဘီလီယံ ပါဝင်ပါသည်။ ထိုင်းနိုင်ငံရှိ ဂျပန်ရင်းနှီးမြှုပ်နှံမှု ပမာဏသည် ၂၀၁၈ ခုနှစ်အထိ စုစုပေါင်းအမေရိကန်ဒေါ်လာ ၂ ဒသမ ၂ ဘီလီယံရှိသဖြင့် ထိုင်းနိုင်ငံ၌ ဂျပန်နိုင်ငံသည် အများဆုံးရင်းနှီးမြှုပ်နှံသူဖြစ်ပါသည်။ ထို့အပြင် ဂျပန်နိုင်ငံသည် ထိုင်းနိုင်ငံ၏ ဒုတိယအကြီးဆုံး ကုန်သွယ်ဖက်နိုင်ငံဖြစ်ပြီး နှစ်နိုင်ငံကုန်သွယ်မှု ပမာဏသည် စုစုပေါင်းဒေါ်လာ ၆၀ ဘီလီယံရှိပါသည်။ ထိုင်းနိုင်ငံသို့ လာရောက်သော ဂျပန်ခရီးသွားအရေအတွက်သည် ၂၀၁၈ ခုနှစ်တွင် ၁ ဒသမ ၆၆ သန်းရှိပြီး ဂျပန်သို့ သွားရောက်သော ထိုင်းခရီးသွား စုစုပေါင်း ၁ ဒသမ ၁၃ သန်း ရှိပါသည်။

မည်သည့်နိုင်ငံရေး ပါတီကမျှ ဖွံ့ဖြိုးရေးစီမံကိန်းများအပေါ် အနှောင့်အယှက်ပေးလိမ့်မည်မဟုတ်ကြောင်း၊ လက်ရှိအစိုးရသည် နှစ် ၂၀ အမျိုးသား ဖွံ့ဖြိုးရေး မဟာဗျူဟာစီမံကိန်းအောက်တွင် တိုင်းပြည်ဖွံ့ဖြိုးရေး အခြေခံများကို အတည်ပြုရေးဆွဲထားသည့်အပြင် ဥပဒေကိုလည်း ပြဋ္ဌာန်းထားပြီးဖြစ်၍ နောင်တက်လာမည့် အစိုးရသည် EEC စီးပွားရေး စင်္ကြံကို ဆက်လက်အကောင်အထည်ဖော်မည်ဖြစ်ကြောင်း၊ ထိုင်းနိုင်ငံသည် Mekong-Japan strategic partnership အတွက် ပူးပေါင်းဆောင်ရွက်ရေး မူဘောင်ချမှတ်ထားသကဲ့သို့ Ayeyawady-Chao Phraya-Mekong Economic Cooperation Strategy နှင့် Greater Mekong Subregion များအတွက် ပူးပေါင်းဆောင်ရွက်ရေး မူဘောင်ကိုလည်း ချမှတ်ထားပြီးဖြစ်ကြောင်း ဒုတိယဝန်ကြီးချုပ် Mr. Somkid က ဆက်လက်ပြောကြားခဲ့ပါသည်။

ထိုင်းနိုင်ငံသည် ဂျပန်နိုင်ငံ၏ ဦးဆောင်မှုဖြင့် ဆောင်ရွက်နေသော Japan-initiated Free and Open Indo-Pacific Strategy တွင်လည်း တက်ကြွစွာ ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါ ဂျပန်မဟာဗျူဟာအောက်တွင် ဗန်ကောက်-ချင်းမိုင်အမြန်ရထားလမ်းနှင့် EEC စီးပွားရေးစင်္ကြံ၌ အမြန်ရထားလမ်း စသည့် အခြေခံအဆောက်အဦနှင့် ချိတ်ဆက်မှုကွန်ရက် (connectivity)များဖွံ့ဖြိုးလာမည်ဖြစ်ပါသည်။

ထိုင်းနိုင်ငံ၏ အထွေထွေရွေးကောက်ပွဲသည် နိုင်ငံရေး၊ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုစသည့် တိုင်းပြည်၏ မျက်နှာစာအားလုံးတည်ငြိမ်ရေးအတွက် လမ်းကြောင်းတစ်ခုဖြစ်ပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအကြား ယုံကြည်မှုကိုပိုမိုတည်ဆောက်ပေးနိုင်မည်ဟု ဒုတိယဝန်ကြီးချုပ် Mr. Somkid က ဆက်လက်ပြောကြားခဲ့ပါသည်။ ■

**Beat Plastic Pollution**
**ပလတ်စတစ်ညစ်ညမ်းမှုကို တိုက်ဖျက်ကြစို့။**

ကျော်သူရ၊ စီးပွားရေးသံမှူး၊ စုစည်းတင်ပြသည်